
www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပဌမ ဂုဏ် အဟံ ဝန္ဒာမိ



မင်းစက္က—ဆင်ဂူတောနှင့် သဖေပွါမာယာ

အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၁၀၀၅၀၃
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၀၃၀၅၀၃
ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၀၅ ခုနှစ်၊
အုပ်ရေ - ၅၀၀
တန်ဖိုး - ၆၀၀ ကျပ်
အဖုံးနှင့်အတွင်းပုံနှိပ်သူ - ဒေါ်မြင့်မြင့်တင်
(မြင့်သီဂီပုံနှိပ်တိုက်)
အမှတ် (၂၀၈)၊ လမ်း -၃၀၊
ပန်းဘဲတန်း၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးလှနိုင် (မြိုတ်စာပေ)
အမှတ် ၆၆၊ ဗိုလ်ဥတ္တမလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်။
ဖြန့်ချိရေး - မြိုတ်စာပေ၊ (ဖုန်း-၇၀၄၄၉၀)
အမှတ်-၁၉၀၊ ၃၁ လမ်း၊ ရန်ကုန်
စီစဉ်သူ - ကိုလှနိုင် (မြိုတ်)
အထက်မြန်မာပြည် - နဝါးစာပေ၊ (မန္တလေး)
ဖြန့်ချိရေး ထွန်းဦးစာပေ (မန္တလေး)


ဂမ္ဘီရဆန်းကြယ်ဝတ္ထု

# မင်းစက္က

## ဆင်ဂူတောနှင့် သဖေပွါမာယာ




မြိုတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## ဆင်ဂူတောနှင့်သပေါ်မာယာ



မြတ်စာပေ

အမှတ် — ၁၉၀ ၊ ၃၁ လမ်း ၊ ရန်ကုန်

ဖုန်း — ၇၀၄၄၉၀







www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

တစ်တောလုံး၊တစ်တောင်လုံး တိတ်ဆိတ်နေပုံက ထူးခြား ကျက်ရှိသည်။ကျေးငှက်သံများကိုပင် မကြားရ။သစ်ပင်ပေါ်က ရွက်များပင် ငြိမ်သက်လျှက်ရှိသည်။

သစ်ကိုင်းသစ်ခက်တွေရဲ့နောက်မှာ၊ သစ်ရွက်တွေနောက် မျှော်ကြည့်သည်.. မျှော်က်တွေပုန်းခိုလျှက်ရှိကြသည်၊ အထိတ်တလန့်ရှိနေကြ သည်၊ မည်သည့်အကြောင်းကြောင့်လည်းတော့မသိ၊

ခါတိုင်းဆို. . .

သူ. . . တောထဲကိုရောက်လာခဲ့လျှင်၊ ကျေးငှက်သံတွေ တစ်မျိုး၊ မျောက်အော်သံတွေကတစ်ဖုံ၊ ချေဟောက်များတ ကြားကြိုကြားပင်. .. ထွက်ပေါ်နေကြစမြဲ. . ။

တစ်ခုတော့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သားနိုင်းသတ္တဝါများဖြစ်သော ကျားဆိုးကြီးတွေထဲက. . တစ်ကောင်ကောင်များ. . အနီးတစ်ဝိုက်မှာရောက်နေလို့ပဲလား. . ၊

ဆင်၊ပြောင်များကိုပင်မှကြောက်ပဲ. . အုပ်စုလိုက်တိုက်ခိုက်တတ်သော တောခွေးတွေပဲရောက်နေကြလို့လား. . ၊ တောခွေးများကို ကုန်းသတ္တဝါများထဲမှာ အကြီးဆုံးဖြစ်ကြသော ဆင်များပင်လျှင် ကြောက်ကြသည်။

မှုဆိုးငပိုး သည်၊ ဒူးလေးကိုထမ်းကာ ဟိုကြည့်သည်ကြည့်နှင့် လျှောက်လာရင်း သက်ာမကင်းစိတ်ဖြစ်ပေါ်လာသည်၊ မြည်သည်ကိုမသက်ာရမှန်းလည်းမသိ၊ သူ့စိတ်ထဲမှာအလိုလိုဖြစ်ပေါ်နေခြင်းသာ၊ . . ထူးတော့ထူးခြားတယ်၊ ခါတိုင်း. . သည်လိုမဟုတ်ပါဘူး၊ ဘာဖြစ်လို့ဒါလောက်တောင် တိတ်ဆိတ်နေရတာလဲ. . .

သူလည်းပဲ အလိုလိုနေရင်း ချောက်ခြားချင်လာသည် ရှေ့ဆက်မသွားတော့ပဲ နောက်ကြောင်းပြန်လှည့်ရင်ပင် ကောင်းလေမလားဟု စဉ်းစားမိလိုက်သေးသည်။

သူ့ကို သတ္တဝါကြီးတစ်ကောင်က ချောင်းမြောင်းနေသည်ဟုလည်း ခံစားမိလာသည်. . . ။ . . ဟာ. . ငါ့စိတ်ထဲက အလိုလိုထင်နေတာပဲဖြစ်မှာပါ၊ သည်လိုတောမျိုးဟာ တစ်ခါက်တစ်ခါမှာ သည်လိုပဲ တိတ်ဆိတ်တတ်တယ်၊ ဒါဟာသဘာဝပဲ. . .

ငပိုးသည် ခြေလှမ်းတွေကို နောက်သို့မဆုတ်ပဲ ရှေ့ကိုသာ





မြင်လိုက်သည်၊ စိတ်ကိုလည်းတင်းကာပဲ တောထဲကိုဆက်ပြီးဝင်သွားခဲ့လေသည်၊

ဒီကနေ့ အမဲကောင်တစ်ကောင်ကို သူရမှဖြစ်မည်၊ သူကြွယ်ကြီး ဦးမောက်တူ ရဲ့ အလှူအတွက်မှာထားသည်၊ ချေတစ်ကောင်ကောင်၊ သို့မဟုတ်၊ ဒရယ်တစ်ကောင်ကောင်ပဲဖြစ်ဖြစ် ဘာပဲရရပေ့ါလေ၊

ရွာကာလသားတွေ၊ အလှူအတွက် ဝိုင်းပြီးလုပ်ကိုင်ပေးကြသည့် လူတွေအတွက်၊ စားဖို့ သောက်ဖို့. . ၊

မိမိအလှူအတွက် သူများ အသက်တစ်ချောင်းကို လှူရမည့်အခြေအနေ ဘယ်လိုကြီးပါလိမ့်ဟု ငပိုးတွေးမိလိုက်သေးသည်၊ ကုသိုလ်ကတစ်ပဲ၊ ငရဲကတစ်ပိသာ. . များလား၊ သူကြွယ်ကြီးဦးမောက်တူ၏ အလှူသည် ဥဩမျှပါရဲ့လားဟုလည်း တွေးမိလိုက်သေးသည်။

ထိုစဉ်. .

ထူးခြားသောအသံကြီးတစ်ခုကို ကြားလိုက်ရသည်။

"ဝရော. . ဝရော. . ဖျော. . ဖျော"

မမျှော်လင့်ပဲထွက်ပေါ်လာသောအသံကြီးသည် ချုံဖုတ်များကိုတိုးကာ တော၏အနောက်ဖက်သို့ တစ်ဝေါဝေါဖြင့် တွက်သွားခဲ့သည်။

ခေါင်းမှာအမောက်လိုလို အရာကြီးတစ်ခုပါသော ရှည်ရှည်မျောမျော သတ္တဝါကြီးတစ်ကောင်သည် ငပိုးနှင့်မလှမ်း



www.burmeseclassic.com

www.burmeseclassic.com



တောမီးမှ ဖြတ်သွားခဲ့သည်။

"အလို့ . . ဘာပါလိမ့် . . ငါ့ကျောဘက်ကနေ ဖြတ်သွက်သွားတယ်"

ငပိုးထိတ်လန့်တကြားဖြင့် နောက်ကို လှည့်ကြည့်မိလိုက်သေးသည်။ ခပ်ဝေးဝေးဆီက ချုံပုတ်တစ်ခုလှုပ်ခတ်သွားခဲ့သည်မှတပါး သူဘာမှမမြင်လိုက်ရပါ ။

တစ်ကယ်တော့ ထိုသတ္တဝါကြီးကအနီးနားမှာရှိနေ၍ ၊တ်ဝန်းကျင်သည် ထူးခြားစွာဖြင့်ငြိမ်သက်နေခြင်းပင် ဖြစ်သည်။

ယင်းသတ္တဝါကြီးကား အခြားမဟုတ်၊ မြွေဟောက်ကြီးတစ်ကောင်ပင်ဖြစ်သည်။ ခေါင်းမှာ အမောက်ကြီးတစ်ခုပါသည်က တစ်ခြားမြွေများနှင့်မတူပဲ တစ်မူထူးနေခြင်းပဲဖြစ်သည်။

ထို့အပြင် မြွေဟောက်ကြီး၏အသွားနှုန်းသည် အခြားသောမြွေများ၏ အသွားနှုန်းထက် မနှိုင်းယှဉ်သာအောင် ပိုပြီးတော့မြန်ဆန်နေသည်။ မျက်တောင်တစ်ခတ်စာအတွင်းမှာ သျှင်မြန်စွာ ဖြတ်ပြေးသွားခြင်းပင်ဖြစ်သည်။

ထိုသတ္တဝါကြီးမရှိတော့မှ တောသည်ပြန်ပြီးတော့အသက်ဝင်လာခဲ့သည်။ ကျေးငှက်သံများက ထွက်ပေါ်လာသည်။သစ်ပင်ထက်မှာ ပုန်းခိုနေကြသော မျောက်များသည် လှုပ်လှုပ်ရွရွနှင့်ဖြစ်လာခဲ့ကြသည်။ မနီးမဝေးမှတောကောင်များ၏အသံများကလည်း ကြိုကြားကြိုကြားနှင့်ထွက်ပေါ်လာခဲ့လေသည်။

မုဆိုးငပိုးသည် မြန်ဆန်လှသောအပြောင်းအလဲတစ်ခု



BURMESE CLASSIC .com



ကြောင့်အံ့အားသင့်သွားခဲ့ရသည်။

စောစောကသူမမြင်တွေ့လိုက်ရသည့် မြွေကြီးနှင့်ဆက်စပ်တွေးတောဖို့ အချိန်မရလိုက်။

ထို့ကြောင့် . .

မုဆိုးငပိုးသည် သူ့အလုပ်ကိုသူဆက်လုပ်သည်။ ထိုနေ့က ချေတစ်ကောင်နှင့်ဒရယ်တစ်ကောင်ကိုသူရရှိလိုက်လေသည်။


သူကြွယ်ကြီးဦးမောက်တူ၏ အလှူအတွက် ဗိုင်းပြီးညီလုပ်ကိုင်ပေးကြသော ကာလသား၊ ကာလသမီးများသည်ညက ငပိုးပစ်ခတ်လာခဲ့သော တောကောင်သားများဖြင့် ပျော်ရွှင်စွာအားပါးတရ မြိန်မြိန်ယှက်ယှက်ကြီးကို လွေးကြရသတည်း . . ။

✱ ✱ ✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂)

နွားကျောင်းသားလေး မောင်တိုး သည် စားကျက်မှာ နွားများကို လှန်ရင်းက မနီးမဝေးရှိ သစ်ပင်တစ်ပင်ကိုမှီပြီး အိပ်ပျော်သွားခဲ့သည်။

မည်မျှကြာအောင် အိပ်ပျော်သွားခဲ့သလဲမသိ။အတန်ကြာမှ ရုတ်တရက်လန့်နိုးသွားခဲ့ရသည်။စားကျက်ထဲမှာ စားသောက်နေကြသော နွားများမှာ အစားအသောက်မပျက်ပဲ ရှိနေကြသည်။

သို့သော် . .

နွားတစ်ကောင် ပျောက်နေသည်။

နွားတစ်ကောင် ပျောက်နေတယ်. . .

မောင်တိုး ရင်ထဲထိတ်သွားခဲ့သည်။ပျောက်နေသော နွားသည် ကန့်ပလူရွာ မှ သူကြွယ်ကြီး ဦးမောက်တူ ၏နွားပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး . . ငါ အမြန်လိုက်ရှာမှ . ."

မောင်တိုးသည် မြက်ရိတ်သမား ပေါက်စ ဆီကို အလျှင်စလိုလျှောက်သွားခဲ့ပြီး . .

"ကိုပေါက်စ . . ကျွန်တော့်ကိုတစ်ခုလောက် ကူညီပါဗျာ"

"ဟေ . . ငါက မင်းကိုဘာကူညီရမှာလဲကွ . ."

"ဦးမောက်တူရဲ့ နွားတစ်ကောင် ဘယ်ထွက်သွားမှန်းမသိဘူး . . သွားရှာမလို့ . . အဲဒါ ကျွန်တော့်နွားတွေ ခဏလောက်ကြည့်ထားပေးစမ်းပါ . ."

"ဟကောင်လေး . . မင်းက ဘယ်မှာသွားရှာမှာလဲ . . နေနည်းနေပြီနော် . . မင်း အချိန်မီပြန်ရောက်မလာရင် ဒီနွားတွေနဲ့ ငါ ဘယ့်နှယ့်လုပ်ရပါ့မလဲ . ."

"မကြာပါဘူးဗျာ . . ပြန်လာခဲ့မှာပါ . . ဒီနွား ဟောဟိုတောစပ်နားမှာပဲ ရှိမယ် . . ကျွန်တော်သူ့ကို အဲသည်မှာ သွားရှာနေကျ . . ဦးမောက်တူက သူ့နွားတစ်ကောင် ပြန်ပါမလာရင် ကျွန်တော့်ကို ထောင်းတော့မှာ . . အဲ . . နေဝင်သွားလို့ ကျွန်တော် ပြန်ရောက်မလာသေးရင်လည်း ကိုပေါက်စပဲ နွားအုပ် ကို မောင်းပို့လိုက်စမ်းပါဗျာ . ."

မောင်တိုးသည် ပေါက်စ၏ အဖြေကိုမစောင့်တော့ပဲ ပြေးထွက်သွားခဲ့သည်။





မောင်ကိုးကား နောက်ကြောင်းကို လှည့်မကြည့်တော့။

"ခက်တော့တာပါပဲ . . ဒီကောင်လေး လုပ်ပုံကိုင်ပုံက မသေမသပ်နဲ့ . . ငါ့ကို တာဝန်ပေးခဲ့ပြန်ပါပြီ . ."

ပေါက်စမှာ ခေါင်းကို တဖြင်းဖြင်းနှင့်ကုတ်ရင်း ကျန်ရစ်ခဲ့လေသည်။

× × × × × × × ×

မောင်တိုးသည် တောထဲသို့ ချဉ်းကပ်ကာ ဝင်သွားခဲ့သည်။ ပျောက်သွားသောနွားသည် နွားသိုးဖြစ်သည်။ အုပ်စုထဲက မကြာခဏ ခွဲထွက်သွားခဲ့သည်။ တစ်ကောင်တည်း လွတ်လပ်စွာ ဖြင့် နေချင်သည်။ ဘာဉ်မကောင်း . .

နွား၏လည်ပင်းမှာ ဝါးခလောက်တစ်ခုကို ဆွဲထားသည်။ ခလောက်သံကိုပဲ သူက နားစွင့်နေမိသည်။ နွားက လှုပ်လှုပ်ရှားရှားလုပ်လျှင် ကြားရမည်ဖြစ်သည်။ နွားပျောက်ကို ရှာရင်း တော၏ အတွင်းပိုင်းဆီသို့ မသိမသာဝင်လာမိခဲ့သည်။

နွား၏အရိပ်အခြေကို ခုထက်ထိမမြင်ရသေး။ ခလောက်သံလည်းမကြားရ။ စိတ်ပျက်စပြုလာသည်။

"ဒီကောင် ဒီနားလောက်မှာပဲ ရှိနေမယ်လို့ထင်တာ . . တောက် . . ဘယ်အထိများ ခြေရှည်နေပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ. . .

"ဂလောက်. . ဂလောက် . . ဂလောက်"

"ဟော. ."

မောင်တိုး ပျော်သွားသည်။နွားခလောက်သံကို ကြားလိုက် ရပြီဖြစ်သည်။

"ဂလောက်. . ဂလောက် . . ဂလောက်"

အသံလာရာဆီသို့ မှန်းဆပြီး လိုက်သွားခဲ့သည်။ခလောက်သံက ပိုပြီးကျယ်လောင်လာသည်။နွားသိုးနှင့်သိပ်မဝေးတော့သည်ကို သိသွားခဲ့သည်။

ခပ်လှမ်းလှမ်းမှာ . . .

ချုံတစ်ခုက တစ်လှုပ်လှုပ်နှင့် . . .

မောင်တိုး ထိတ်ခနဲဖြစ်သွားသည်။ ဝမ်းသာသွားခဲ့သည်။ ပျောက်နေသော နွားသိုးကြီးကို တွေ့လိုက်ရသည်။ဘသားချော က ခေါင်းငုံ့ပြီး မြက်နုတွေကို ဟပ်ကာ ဟပ်ကာ အားပါးတရ စားနေသည်။လည်ပင်းအလှုပ်မှာ နွားခလောက်ကလည်း ဂလောက် ဂလောက်နှင့် အသံမြည်နေခြင်းပဲဖြစ်သည်။

"မင်းကတော်တော်ဒုက္ခပေးတဲ့ကောင်၊ ဟိုမှာလည်းမြက်တွေကစာစ်ပုံကြီး၊ ဘယ်လိုစိတ်ကူးပေါက်ပြီး ဒီကိုရောက်လာတာလဲ၊ ကဲ. . လာ. . လာ"

နဖားကြိုးမှနေ၍ဆွဲကာ ခေါ်သွားခဲ့သည်။

နွားသိုးကြီးကနောက်ဆံတတင်းတင်းနှင့် မလိုက်ချင်ပဲ





ထိုက်ပါလာခဲ့သည်။ ထိုစဉ် မောင်တိုး၏မျက်လုံးအစုံသည် တစ်နေရာသို့ ရောက်သွားခဲ့သည်။

ရှင်းသန့်နေသောမြေပြင်ပေါ်မှာ လှည်းဘီးတစ်ဘီးစာ ဆောက်ကျယ်ဝန်းသည့် အရာကြီးတစ်ခု မြေသားမွမွထဲမှာနစ် ပြီးတော့ ဝင်နေသည်။ထိုဝိုင်းဝိုင်းသဏ္ဌာန်ကြီးတွေက တစ်ရစ် ပြီးတစ်ရစ်၊ မောင်တိုးကစပ်စပ်စုစုဖြင့် ထိုအခွေအရစ်များကို ကြည့်နေမိသည်။ အားလုံးကိုးရစ်တိတိရှိနေသည်။

"ဟာ. . ရောမမြွေကြီးတစ်ကောင် ခွေသွားခဲ့တဲ့နေရာပါ လား. . ."

မောင်တိုးချက်ခြင်းသတောပေါက်သွားခဲ့သည်။ မြွေတွေ ခွေရစ်ပြီးနေခဲ့သောနေရာများကို တွေ့ဖူးခဲ့သည်။ယခုလောက် ကြီးမားသောအခွေရာကြီးကို မတွေ့ဘူးခဲ့ပါ။

ထိုစဉ်. .

မောင်တိုး၏စိတ်ထဲမှာ မသိုးမသန့်ဖြစ်လာခဲ့သည်။ကျော ထဲမှာ ချမ်းလာသလိုလို၊ ကြောက်စိတ်ဝင်လာသလိုလို ခံစားလာ ခဲ့သည်။နောက်ကျောမလုံသလို. . ခဏခဏလှည့်ကြည့်လာခဲ့ သည်။

"ရှူး. . ရှူး. . ဝေါ. ."

ရုတ်တရက်. . အသံကြီးတစ်ခုက အမှတ်မထင်ဆိုသလို ထွက်ပေါ်လာခဲ့သည်။ မောင်တိုးသည် တစ်ချက်တော့ခေါင်းကြီး သွားခဲ့သည်။ အသံထွက်ပေါ်လာရာဆီကို လျှင်မြန်စွာလှည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

နွားသည်လည်း ဂဏှာမငြိမ်ပဲ အလန့်တကြားဖြင့်ရုန်းကန်လာခဲ့သည်။မောင်တိုးသည် နွား၏နဖားကြိုးကို လက်တစ်ဘက်ဖြင့် မြဲမြဲစွာ ဆုပ်ကိုင်ထားရသည်။

"ရှူး . . ဝေါ . . ဝေါ . ."

နောက်တစ်ကြိမ်အသံကြီးက ထွက်ပေါ်လာခဲ့ပြီးသည့်နောက် . . .

"ဝေါ . ."

မလှမ်းမကမ်းမှ ရှည်ရှည်မျောမျောကောင်ကြီးတစ်ကောင်သည် ဝေါကနဲဆိုကျော်ဖြတ်သွားခဲ့သည်။

"ဟာ . . ."

မောင်တိုး မျက်လုံးပြူးသွားခဲ့ရသည်။မြွေကြီးတစ်ကောင်ဖြတ်ပြေးသွားခဲ့ခြင်းပင်ဖြစ်သည်။လုံးပတ်ကော၊ အရှည်ကောကြီးမားရှည်လျားလိုက်သည်မှာ နည်းနည်းနောနောကောင်ကြီးမဟုတ်။

ခေါင်းထက်မှာလည်း အမောက်လိုလိုအရာကြီးတစ်ခုကပါလိုက်သေးသည်။ သည်လိုမြွေကြီးမျိုးကို မောင်တိုး ခုတစ်ကြိမ်ပဲမြင်ဖူးသေးသည်။သူ့မျက်လုံးတွေပင် မှားခဲ့လေသလားဟု ယုံမှားသံသယဖြစ်သွားခဲ့ရသေးသည်။ တောခြောက်ခံရတာများဖြစ်လေမလားဟုတွေးပြီး ကြောက်ရွံ့လာပြန်ခဲ့သည်။

ထို့အပြင် မြေပြင်ထက်မှာလျှင်မြန်စွာဖြင့် ဖြတ်ပြေးသွား





သောမြွေကြီး၏ စွမ်းရည်ကြောင့်လည်းအံ့ဩမပြေသေးပြန်။ မောင်တိုးသည် အိပ်မက်လိုလိုဖြစ်နေပြီးမှ နွားကိုဆွဲကာ တောထဲ မှလျှင်မြန်စွာဖြင့်ထွက်လာခဲ့သည်။

× × × × × × × ×

ထူးခြားဆန်းကြယ်သော မြွေကြီးတစ်ကောင်တောထဲမှာရှိနေသည်ဆိုသည့် သတင်းသည် မုဆိုးပေါ့နှင့် နွားကျောင်းသားမောင်တိုးတို့၏ တဆင့်ဖောက်သည်ချမှုကြောင့် ပျံ့နှံ့သွားခဲ့ရသည်။

မြင်းလှကုန်းရွာ နှင့် အခြားသောရွာများအထိ သတင်းက ပျံ့နှံ့သွားခဲ့ရသည်။

"မြွေကြီးက အတောင်နှစ်ဆယ်လောက်ရှိမယ်တဲ့ . . ခေါင်းပေါ်မှာလည်း အမောက်လိုမျိုးကြီးတစ်ခုရှိနေတယ်ဆိုပဲ လုံးပတ်ကလည်း အကြီးကြီးပဲတဲ့ . . ငါ့အထင်တော့ အမောက်ပါတဲ့မြွေကြီးဆိုတာ မြွေနဂါးလို့ပဲ ထင်မိတယ် . ."

"မင်းက မြွေနဂါးကို မြင်ဖူးလို့လား . ."

"မြင်တော့ မမြင်ဖူးဘူးပေါ့ . . မှန်းပြီးတော့ပြောရတာ . . ခေါင်းဆိုတာ အမောက်ပါတာပဲ မဟုတ်လား . . ငါတော့ ရုပ်ပုံကားချပ်တွေထဲမှာ တွေ့ဖူးတာပဲ . ."

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက်နှင့် ပြောဆိုနေကြသည်။သည် မြွေကြီးက ဘယ်သူ့ကိုမှ ရန်မရှာဘူးတဲ့ . . သူ့လမ်းသူသွားတာ ပဲတဲ့ . . သည်တောထဲကို ထူးထူးဆန်းဆန်း ဘယ်လိုများ ရောက် လာခဲ့သလည်းမသိဘူးနော်. . "

"ရှိုးရှိုးမြွေကြီးမှ ဟုတ်ရဲ့လား . . တောစောင့်နတ်ကြီးက များ မြွေအသွင်ဖန်ဆင်းပြီး ကိုယ်ယောင်ပြနေတာများလား"

"တောစောင့်နတ်က မြွေနဲ့ပတ်သက်လာရပြန်ပြီ. . ဘာ ဆိုင်လို့လဲ. . "

"သိဘူးလေ. . ဆိုင်တယ်မှတ်လို့ပေါ့"

အမောက်နှင့် မြွေကြီးအကြောင်းကား ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်နေသည်။

✱ ✱ ✱ ✱ ✱





## အခန်း (၃)

အချိန်ကား ည ကိုးနာရီခန့်ရှိနေလေပြီ။ ကံရာဇာသည် အိပ်မပျော်နိုင်သေးပဲ အိပ်ခန်းထဲမှာ တစ်ဦးတည်းတကုပ်ကုပ် ဖြင့် အလုပ်ရှုပ်လျှက်ရှိသည်။

သူ၏ စားပွဲပေါ်မှာ လူသုံးယောက်၏ ဓာတ်ပုံ(အဖြူအ ည်း)ကို ချထားသည်။ သူတို့ကို မိုက်ခဲသုံးဦး ဟု အမည်ပေး ထားကြသည်။

မြို့ရော နယ်ပါ ကူးသန်းလှုပ်ရှားလျှက်ရှိပြီး ခိုးဆိုးတိုက် ခိုက်လုယက်နေကြသူများပဲဖြစ်ကြသည်။

မိုးမောင် ၊ ဖိုးတင်း နှင့် တေဇော တို့သည် ဥပဒေကို ချိုး ဖောက်ကာ ရာဇဝတ်မှုများကို ဆက်တိုက်ကျူးလွန်နေကြသူများ ဖြစ်ကြသည်။ သက်ဆိုင်ရာကလည်း သူတို့သုံးဦးကို အပူတပြင်း အလိုရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲမင်းကြီး သောင်းထိုက် ကလည်း အင်စပတ်တာ ကံရာဇာ ကို အထူးတာဝန်ပေးထားသည်။

"မောင်ကံရာဇာ သည်ရာဇဝင်လူဆိုးသုံးယောက်ကို ကြိုးစားပြီး မိအောင်ဖမ်းပါ . . မိရင် မောင်ရင့်ကို အထူးဆုချီး မြှင့်မယ် . ."

"ကျွန်တော် သူတို့ကိုမိဖို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ကြိုးစားပါ့မယ် . . ဒါပေမယ့် ဆုကို လိုချင်လို့တော့မဟုတ်ပါဘူး"

ကံရာဇာက တာဝန်ကို ဦးထိပ်ထားသူဖြစ်သည်။စကား ပြောပြတ်သော်လည်း အထက်အမိန့်ကို နာခံတတ်သည်။ သူ လိုက်သည့်အမှုတိုင်းပေါ်သည်။ ခဲရာခဲဆစ်လိုက်သည့် အမှု များသည် နှစ်နှင့်ချီပြီးကြာသည်။

အပြောအဆို ပြတ်သလို တာဝန်မှာလည်း ပြတ်သား၍ သူ့ကိုနားလည်ပေးရသည်။

"မောင်ကံရာဇာရဲ့ အရည်အချင်းကို သိပြီးသားပါ . . သည်ကနေ့ကစပြီး မောင်ကံရာဇာ ကြိုက်တဲ့ပုံစံမျိုးနဲ့ ရာဇဝင် လူဆိုးသုံးယောက်နောက်ကို လိုက်ပါ . . တခြားအလုပ်တွေ ရှိ ရင်လည်း သည့်ပြင် လူတွေကိုလွှဲပေးလိုက်မယ် . ."

ကံရာဇာသည် ရဲမင်းကြီးက သူ့အပေါ်မှာ တာဝန်ပေးခဲ့ သည်များကို ပြန်ပြီးတော့ တွေးနေသည်။

"အင်း . . မိုက်ခဲသုံးဦးကတော့ တရားလက်လွတ် သောင်းကျန်းချင်တိုင်း သောင်းကျန်းနေကြတော့တာပဲ . . သူတို့





ကို ဖမ်းရမှာ ငါးရှဉ့်သုံးကောင်ကို ဖမ်းရတာထက်တောင် ခက်ဦး မယ် . ."

သို့သော် . . .

ကံရာဇာက မိုက်ခဲသုံးဦး၏ အားနည်းချက်တွေကို သိရှိ ထားသည်။

မိုးမှောင် သည် မိုးမှောင်ကျလာလျှင် ခိုးဆိုးလုယက်တိုက် ခိုက်ချင်သည့်စိတ်များ ဖြစ်ပေါ်လာတတ်သည်။ ညအမှောင် ရောက်လာခဲ့လျှင်လည်း ရာဇဝတ်မှုကို ကျူးလွန်ချင်သည့်စိတ်က ထားမနိုင်ဆီးမရအောင် ဖြစ်ပေါ်လာသည်။ ပင်လယ်ဓားပြ တစ်ဦးဖြစ်ခဲ့ဖူးပြီး လူလည်း သတ်ဖူးသည်။

ဖိုးကင်း သည် အဆောင်လက်ဖွဲ့ကို ယုံကြည်သူတစ်ဦး။ အဆောင်အားကိုးဖြင့် ရာဇဝတ်မှုကျူးလွန်တတ်သူ။ ဓားပီး ၊ သုံ့ပီး ၊ တုတ်ပီးဆေးများကိုလည်း ယုံကြည်သူ။ မိမိရည်းစားကို သက်ထပ်သွားသောသူကို သတ်ကာ ဝရမ်းပြေးဘဝဖြင့် ထွက် ပြေးနေသူ ၊ အမှောင်လောကမှာ ကျင်လည်နေသူ။

တေဇော သည် စနေသား ၊ သူ့ကို မွေးပြီးသည်နှင့် မိခင် ဆုံးပါးသွားသည်။ ထို့နောက် ဖခင်ဆုံးသည်။ ဓားပြအတိုက်ခံရ သည်။ အိမ်မီးလောင်သည်။အစ်ကိုတွေ ၊ အစ်မတွေက သူ့ကို နိုက်သည်ဆိုကာ လက်မခံ ၊ သူတစ်ပါးကို ပေးပစ်သည်။ မကြာ ခင် မွေးစားမိဘများ ဥပဒ္ဒဝေဒါဖြင့် သေဘ်အနှစ်ကာ သေဆုံး သွားကြသည်။ တေဇောဓာတ်လို ပူလောင်သောသူဖြစ်၍

www.burmeseclassic.com



ကွယ်ရာမှာ တေဇောဟု အမည်ပြောင်ဖြင့် ခေါ်ကြသည်။ တေဇော ၁၄ နှစ်သားအရွယ်တွင် သူ့ကို မွေးစားသော ဆရာတော် ကျောင်းထက်မှ မတော်တဆလိမ့်ကျကာ ပျံလွန်တော်မူသွားသည်။ ထို့နောက် တေဇော ရွာမှပျောက်သွားသည်။ နှစ်အတန်ကြာသောအခါ တေဇော၏သတင်းကို ကြားလိုက်ကြရသည်။ ကောင်းသတင်းတော့မဟုတ်၊ တေဇောလူဆိုးလူမိုက်တစ်ဦးဖြစ်နေလေပြီ။ရေတက်၊ နေတက်မှာ မွေးသည့် စနေသားသူ့ကိုယ်သူ ဘယ်တော့မှပြုပြင်လို့မရတော့ဟု အယူသည်းကာ စွဲလန်းစိတ်ထားသူ . . .

ဤကား မိုက်ခဲသုံးဦး၏ အကြောင်းကို အကျဉ်းချုပ် မှတ်သားထားမှုများ. .

ကံရာဇာသည် ဤမျှအထိ ဇေ့စပ်သေချာသည်။

"ဆင်ထက်ကြီးတဲ့ အကောင်ပဲဖြစ်ပါစေကွာ. . နောက်ဆုံးမှာတော့ ကံရာဇာရဲ့လက်ထဲကို ရောက်သွားရင် ကြွက်စုတ်လေးတစ်ကောင်ဖြစ်သွားခဲ့တာပါပဲ. . "

ကံရာဇာကို လူတွေက ဤသို့ပြောစမှတ်ပြုခဲ့ကြရသည်။ ပြောကြသည့်အတိုင်းလည်း ကံရာဇာက စွမ်းဆောင်နိုင်သည်။ ရဲ ဆိုသည်မှာ လူဆိုးတို့ နိုင်ရစမြဲဟူသော ဝေါဟာရကို လက်ကိုင်ထားလေသည်။

ကံရာဇာကိုယ်တိုင် ဖမ်းပေးခဲ့သည့် ဒုစရိုက်သမားတွေ





ကလည်း မနည်းကြတော့။

တကယ့် ထိပ်သီး လူဆိုးကြီးတွေကိုမှ တက်ကိုင်တတ်သည်။ကံရာဇာ၏ နာမည်ကိုကြားကြလျှင် ဒုစရိုက်ကောင် ထပ်သီးကြီးတွေသော်မှ အမြီးက ကုပ်ချင်ချင်။ ဟန်လုပ်ပြီးတော့သာ ပြောကြသည်။ မကြောက်ဘူးဆိုတာ အလကား။ ကံရာဇာနှင့် ပက်ပင်းတိုးမှာကို မလိုလားကြ။ ကံရာဇာကိုယ်တိုင်ကပဲ အဟန့်ရှိနေ၍လား မပြောတတ်။

မည်သည့် ဒုစရိုက်သမား ၊ငမဆို မိမိ ကျူးလွန်ခဲ့သည့် အပြစ်ကို မကျူးလွန်ခဲ့ပါဟု ငြင်းဆိုခဲ့သည်ဖြစ်စေ၊ ဘူး ကွယ်ခဲ့သည်ဖြစ်စေ၊ ကံရာဇာက တစ်ချက်စူးစိုက်ပြီး ကြည့်လိုက်လျှင် ဒေါသဖြင့် ပါးပျဉ်းထောင်နေသည့် မြွေဟောက်ကြီးတစ်ကောင်က လည်စင်းကာ ဝပ်ဆင်းသွားသည့်ပမာ အစွယ်ကျိုးသွားရစမြဲ၊ မိမိအပြစ်ကို ဝန်ခံရစမြဲ . . ။

ကံရာဇာ မိုက်ခဲသုံးဦး၏နောက်ကို လိုက်မည့်ကိစ္စကို ရဲမင်းကြီးကအစ အထူးလျှို့ဝှက်ထားသည်။ ဒုစရိုက်သမားသုံးယောက်သည်လည်း သိလို့မဖြစ်ကြ။သိသွားခဲ့ကြလျှင် မြေလျှိုး မိုးပျံသွားကြသလို ပျောက်ကွယ်သွားကြပေလိမ့်မည်။

ကံရာဇာ ထောက်လှမ်းနေသည့် နောက်ဆုံးသတင်းအရ မိုက်ခဲသုံးဦးသည် မြစ်ဝကျွန်းပေါ် ဒေသဘက်တွင် ဒုစရိုက်မှုများကျူးလွန်နေကြသည်ဟူ၍ပင်။ သူတို့သုံးဦးသည် မခွဲမခွာကြပဲ



www.burmeseclassic.com

www.burmeseclassic.com



ဒုစရိုက်မှုများကို အတူတကွ ကျူးလွန်လျှက်ရှိကြလေသည်။

ကံရာဇာကို အလုပ်အကြွေးပြုနေသော တက်တူ အမည်ရှိ တပည့်တစ်ဦးရှိလေသည်။တက်တူသည် ကံရာဇာနှင့်ပဲ အတူတူနေသည်။

"တက်တူ . . ငါ ခရီးထွက်စရာရှိတယ်. . ဘယ်သူမေးမေး မသိဘူး . . သူက သွားချင်ရာကိုသွားနေတာပဲလို့ပြော ကြားလား . ."

"ဟုတ်ကဲ့ ဆရာ. . ဆရာပြောခိုင်းတဲ့အကိုင်း ပြောပါ့မယ်. ."

"မင်းကို ငါ ရိက္ခာတစ်လစာအပြည့် ဝယ်ထားပေးခဲ့မယ် အိမ်ထဲမှာပဲနေ . . မင်း အပြင်ကိုလုံးဝမထွက်နဲ့. . ငါ့ မိတ်ဆွေပဲဖြစ်နေပါစေ . . ဘယ်သူလာလို့မှ တံခါးမဖွင့်ပေးနဲ့. . ."

တက်တူက စိတ်ချရသည်။ကံရာဇာ၏ စကားကို တသဝေ မတိမ်း နားထောင်သည်။ ခိုင်းသည့်အတိုင်းလည်း လုပ်သည်။

နောက်တစ်ပတ်အကြာတွင် ကံရာဇာသည် ရန်ကုန်မြို့မှ လုံးဝပျောက်ကွယ်သွားခဲ့သည်။ ကံရာဇာ ခရီးထွက်သွားသည်ကို တက်တူမှလွဲ၍ မည်သူမှ မသိလိုက်ကြ။

* * * * *





အခန်း (၄)

မြွေကြီး၏သတင်းသည် ဘောမီးပမာ ပျံ့နှံ့လျှက်ရှိသည်။ မြွေနဂါးတဲ့၊ တချို့ကလည်း မြွေဘောက်ကြီးတဲ့၊ စပါးကြီးမြွေကြီးတဲ့၊ သူတို့ပြောသလောက် ကြီးမားသည့် မြွေကြီးသည် လူတိုင်းမြင်ဖူးကြသည်မဟုတ်။

မြင်ဖူးခဲ့ကြသည့် တစ်ယောက်နှစ်ယောက်ကလည်း မြွေကြီး ရိပ်ကနဲ ၊လှစ်ကနဲ ဖြတ်ပြေးသွားသည့် အခြေအနေလောက်သာ မြင်ဖူးလိုက်ကြသည်။သေသေချာချာ မြင်ဖူးခဲ့ကြသည်တော့မဟုတ်ကြ။

ရှောင်ခွေးကို တရာဇာသိချို့ကားပြီး ဟောသလောက်ကြီးကို ကြီးတယ်ဟု မစားရဝခမန်း ပြောနေကြသည်ပဲလား။ တချို့ကလည်း ယုံကြသည်။ မယုံကြသူတွေလည်းရှိကြသည်။ သို့သော် လူတိုင်းလိုလို ချောက်ချားနေကြရသည်တော့ အမှန်ပင်။

တစ်နေ့သောအခါ . . .



www.burmeseclassic.com

www.burmeseclassic.com



ထိုမြွေကြီးနှင့် ပက်ပင်းတိုးခဲ့ရသော လူတစ်ယောက်ရှိခဲ့သည်။ သူ့ကြောင့်ပင်လျှင် မြွေကြီး၏သတင်းနှင့်ပတ်သက်ပြီး ယုန်ထင်ကြောင်ထင် ထင်မြင်ခဲ့ကြသူများသည် အဖြစ်မှန်ကို သိရှိ ခဲ့ကြရလေတော့သည်။

× × × × × × × ×

တစ်နေ့တွင် **ပိန်ချင်းရွာသား ကိုလန်ဘား** သည် လေးမြားအစုံနှင့် တောပစ်ထွက်ခဲ့လေ၏။ သူ ဦးတည်ပြီးသွားခဲ့သော တောသည် မြွေကြီးရှိနေသည်ဆိုသော **"ဆင်ဂူတောကြီး"** ပင် ဖြစ်သည်။

ဆင်ဂူတောသည် မြစ်ဝကျွန်းပေါ်ဒေသ တစ်နေရာတွင် ယခင်က ရှိခဲ့ဖူးသည်။ တောနက်ထဲ ဂူကြီးတစ်ဂူထဲတွင် ကျောက် ဖြူသားရုပ် ဆင်ကြီးတစ်ကောင်ရှိသည်။

ထိုကျောက်ဆင်ကြီးသည် လပြည့်ညများတွင် တကယ့်သက်ရှိဆင်အသွင်ပြောင်း၍ ဂူထဲမှအပြင်ကိုထွက်လာခဲ့သည်ဟုဆိုကြသည်။တောထဲတွင်တညလုံး လျှောက်သွားနေတတ်ပြီး တောထဲရှိ ဆင်၊ ကျား၊ ကျားသစ်၊ ပြောင်၊ ဆတ် အစရှိကြသည့် တောရိုင်းသတ္တဝါများက ကျောက်ဆင်ကြီးကို ဦးညွှတ်ကြရသည်ဟုဆိုကြသည်။

ကျောက်ဆင်ကြီးသည် တောထဲရှိစေတီတော်တစ်ဆူကို





လပြည့်နေ့တိုင်း သွားရောက်ကာ ပန်းများဖြင့် ပူဇော်သည်။ ထို့နောက် မိုးလင်းကာနီးမှ မိမိနေထိုင်ရာ ကျောက်ဂူရှိရာသို့ ပြန်လာခဲ့လေသည်။

ဂူထဲသို့ ပြန်ရောက်သောအခါ ကျောက်ဖြူသား ဆင်ရုပ်ကြီးအသွင် ပြန်ပြီးပြောင်းသွားတတ်သည်ဟု လူကြီးသူမများက ပြောဆိုဖူးခဲ့ကြသည်။

ထို ဆင်ဂူတောကြီးထဲရှိ ကျောက်ဆင်ဂူကြီးကို မြင်ဖူးသူက ရှားသည်။ ကံကောင်းထောက်မမှသာ မြင်တွေ့နိုင်သည်။ ကျောက်ဖြူသား ဆင်ရုပ်ကြီးကိုလည်း ယခုကာလများ၊ မည်သူမျှ မမြင်ဖူးခဲ့၊ လွန်ခဲ့သော နှစ်ပေါင်းရာကျော်ကာလက တောထဲမှာ မျက်စိလည်ပြီး သွားလာနေသော အဖိုးအိုတစ်ဦးက ကျောက်ဆင်ကြီး ဂူထဲမှ ထွက်လာသည်ကို မမျှော်လင့်ပဲ တွေ့မြင်လိုက်ရလေသည်။

ထိုအချိန်မှစပြီး ကျောက်ဆင်ကြီးနှင့် ပတ်သက်သည့် သတင်းများက မကြာခဏ ကြားနေခဲ့ကြရခြင်းပင်ဖြစ်သည်။

ယခုအခါ ဆင်ဂူတောကြီးနှင့်တကွ ကျောက်ဂူကြီးကိုသော်လည်းကောင်း၊ **ကျောက်ဖြူဆင်ကြီး** ကိုသော်လည်းကောင်း၊ ယင်းတို့၏ အကြောင်းနှင့်ပတ်သက်ပြီး လူပြောနည်းသွားခဲ့သည်။

ဆင်ဂူတောကြီး မည်သည့်နေရာမှာရှိသည်ကိုပင် မသိကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဝိန်ချင်းရွာသား မုဆိုးကြီးကိုလန်ဘား—သည် သားကောင်များ ပေါသည်ဆိုသော ဆင်ဂူတောကြီး ဆီကို ခပ်သွက်သွက်ခြေလှမ်းများဖြင့် ထွက်လာခဲ့သည်။

ဆင်ဂူတောသည် မူလတောကြီးနှင့် တစ်ဆက်တည်းရှိနေသော သီးခြားတောကြီးတစ်ခုပင်ဖြစ်သည်။

ကျောက်သားဆင်ဖြူကြီးတစ်ကောင်ရှိသည်ကို အစွဲပြုပြီး ဆင်ဂူတော ဟူ၍ဖြစ်ပေါ်လာခဲ့သည်။မြွေကြီးနှင့်ပတ်သက်ပြီး သတင်းကြီးနေသောတောသည်ကား မူလတောကြီးပင်ဖြစ်သည်။

ကိုလန်ဘားသည် အမည်နှင့်လိုက်အောင် မြင့်မားသော အရပ်ကြီးကိုပိုင်ဆိုင်သည်။ လန်ဘားဟူသည်ကား နာမည်ပြောင်ဖြစ်၏။ မူလ အမည်မှာ **မောင်ကျောက်** ဖြစ်သည်။သို့သော် မောင်ကျောက်သည် နာမည်ပြောင်ဖြင့် လန်ဘား ဖြစ်လာခဲ့လေ၏။

မုဆိုးလန်ဘားသည် မူလတောကြီးထဲကို ရောက်လာခဲ့သည်။ဤတောကြီးသည် အများနှင့်ဆိုင်သော တောကြီးပင်ဖြစ်သည်။

မည်သူမဆို ထင်းခုတ်၊ ဝါးခုတ်၊ တောပစ်သည့် အလုပ်မျိုးကိုလုပ်နိုင်သည်။

လန်ဘားသည် ပတ်ဝန်းကျင်ကို အကဲခတ်ရင်း မျက်လုံးတွေနှင့် နားတွေကို အလုပ်ပေးကာ လျှောက်လာခဲ့သည်။



တောသည် နက်သထက်နက်လာခဲ့သည်။ သားကောင်တစ်ကောင်မှ မတွေ့ရသေးပေ။သားကောင်ကြီးတို့ ငြိမ်ချက်သားကောင်းနေကြခြင်းသည် **ထူးဆန်းသောမြွေကြီး** အနီးအနားမှာ ရှိနေသောကြောင့်ပင်။ထိုမြွေကြီးရှိနေလျှင် တောတွင်းရှိ သတ္တဝါကြီးငယ်တို့သည် အလိုလိုပင် ငြိမ်ချက်သားကောင်းသွားကြသည်။ ဤသို့ဖြစ်တတ်သည်ကို လန်ဘားမသိပါ။

ထိုစဉ် . . .

တစ်တောလုံး သိမ့်သိမ့်တုန်သွားရလောက်အောင် အသံကြီးတစ်ခုက ဖြစ်ပေါ်သွားခဲ့ရသည်။

"ဝေါ . . ဝေါ . . ဝေါ"

ထူးခြားလှသော အသံကြီးကြောင့် လန်ဘားသည်ပင် အလိုလိုနေရင်း ခေါင်းနားပန်းများပင် ကြီးသွားခဲ့ရသည်။ ပတ်ဝန်းကျင်ကိုလည်း အထိတ်တလန့်ဖြင့် လှည့်ကြည့်မိလိုက်သည်။ သူသည် ကြောက်စိတ်ကင်းမဲ့သူတစ်ဦးဖြစ်သည်။ သို့သော် ယခုအခါမှာတော့ ကြောက်စိတ်က အလိုလိုနေရင်း ချက်ချင်း ဖြစ်ပေါ်သွားခဲ့ရသည်။

တစ်ကယ်တော့ သူ့နောက်ကျောဘက် မလှမ်းမကမ်းဆီက မြွေကြီးတစ်ကောင် ရှုတ်တရက် ဖြတ်ပြေးသွားသည်ကို သူမသိလိုက်။

တခဏအကြာတွင် တောထဲမှာ ကျေးငှက်သံများ၊ မျောက်မြ—သံများက ပေါ်ထွက်လာခဲ့သည်။ ထိတ်သည်းနေ

www.burmeseclassic.com

www.burmeseclassic.com



သော တော၏အသံဗလံများကို ပြန်ပြုးကြားလာခဲ့ရသည်။ တောသည် အသက်ပြန်ဝင်လာခဲ့သည်။

ထိုစဉ် . . .

ဒရယ်တစ်ကောင်သည် မလှမ်းမကမ်းဆီမှ မှန်မှန်လျှောက်သွားလျှက်ရှိသည်။ ခြုံတစ်ခုထဲမှ ထွက်ပေါ်လာခဲ့ခြင်းပင်ဖြစ်သည်။

လန်ဘား ထိတ်ကနဲဆို ဝမ်းသာသွားသည်။သူသည် မုဆိုး အသေးစားတစ်ဦးဖြစ်သည်။ချေ ၊ ဒရယ် ၊သမင် နှင့် တောကြောင်လောက်ကိုပဲ သူ ပစ်ဖမ်းတတ်သည်။ ဒူးလေးကို ပခုံးမှဖြုတ်လိုက်ကာ ကျည်တောက်ထဲမှ မြားတစ်ချောင်းကို ယူပြီး လေးညှို့မှာတင်လိုက်သည်။

ဒရယ်သည် အပင်တစ်ပင်မှ ရွက်နုလေးတွေကို တည်ငြိမ်စွာဖြင့် စားသောက်လျှက်ရှိသည်။

လန်ဘားအတွက် ကောင်းမွန်သော ပစ်ကွင်းတစ်ခုပင်ဖြစ်သည်။ ထို့နောက် ဒရယ်ကို သေချာစွာချိန်ပြီး ပစ်ထဲ့လိုက်လေ၏။

"ဒေါင်. . ."

မြားသည် ညို့မှ ကန်အားဖြင့် ပြေးထွက်သွားခဲ့သည်။ စက္ကန့်ပိုင်းအတွင်းမှာပင် ဒရယ်၏လက်ပြင်ကိုသွားပြီး မှန်သည်။

ဒရယ်သည် နေရာမှာဒူးထောက်ပြီး လဲကျသွားခဲ့သည်။ ထို့နောက် ဘေးတိုက်လဲကျသွားသည်။ လန်ဘားသည် ဒရယ်ဆီ





ကို ပြေးသွားခဲ့သည်။ လန်ဘား ဒရယ်ကောင်နားကို ရောက်သည်နှင့် ထူးဆန်းသော အခြေအနေတစ်ခုကို မမျှော်လင့်ပဲ ကြုံတွေ့လိုက်ရသည်။

လန်ဘား အနားကိုရောက်ကာမှ သေနေပြီဟု ထင်ရသော ဒရယ်ကောင်သည် နေရာမှ ရုတ်တရက် ထကာ မြားတန်းလန်းနှင့် ထွက်ပြေးလေတော့သည်။

" ဟင်. . "

လန်ဘား အံ့အားသင့်သွားခဲ့ရသည်။ တောမှောက်တာလား ၊ တောချောက်တာလား ၊ အဲဒါတွေကို သူ မစဉ်းစားနိုင်တော့။

"တယ်. . သင်းက ပြေးမှတော့ ငါကလည်း မမိမိအောင် လိုက်တော့မပေါ့. ."

လန်ဘားသည် ထွက်ပြေးသွားသော ဒရယ်မနောက်မှ ပြေးလိုက်သွားလေတော့သည်။

ဒရယ်သည် တည့်တည့်မပြေးပဲ သစ်ပင်များ ၊ ခြုံများကို ကွေ့ရှောင်ကာ ပြေးသည်။ လန်ဘားလည်း ဒရယ်ပြေးသလို ပြေးပြီးလိုက်ရသည်။ မြားတန်းလန်းနှင့် ဒရယ်ကောင်သည် မြားဆိပ်သင့်ကာ တစ်နေရာရာတွင် လဲကျသွားခဲ့လိမ့်မည်ဟုထင်သည်။ သို့သော် ထင်သာထင်သည်။ ဒရယ်ကတော့ လဲကျမသွား ၊ ပြေး၍ကောင်းတုန်းရှိသေးသည်။ လန်ဘားလည်း ဖွဲ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလှသည်။သားကောင်ကို မျက်ခြည်အပြတ်မခံ၊ တောက်လျှောက်လိုက်ကောင်းနေတုန်း။

လန်ဘား၏ရှေ့မှာ ပြေးနေသော ဒရယ်သည် တစ်နေရာသို့ရောက်သောအခါ တစ်ချက်တည်းနှင့်ဆယ်ပေလောက်အကွာအဝေးကို ခုန်ကျော်ပြီးထွက်သွားသည်။ သည်ဒရယ်ကဘာကြောင့် မြန်မြန်ဆန်ဆန်ကြီး ခုန်ကျော်သွားပါလိမ့်ဟူသောအတွေးက မဝင်မိ။ ဒရယ်ပြေးရာနောက်ကို တောက်လျှောက်ကြီးပြေးလိုက်သွားရာ . . .

". . . ဝုံး . ."

"အား . . ."

လန်ဘား အလန့်တကြားဖြင့် အော်မိလိုက်သည်။ အသည်းထဲမှာလည်း အေးကနဲဆိုဖြစ်သွားခဲ့ရသည်။ သူ့ခြေလှမ်းတွေက မြေပြင်နှင့်မထိ၊ လေဟာနယ်ကို လျှောက်လှမ်းနေသလိုဖြစ်သွားပြီး အောက်ကို တရှိန်ထိုးပြုတ်ကျသွားခဲ့လေတော့သည်။

"အား . . ."

"ဘုံး . . ."

အောက်ခြေ တစ်နေရာကို ပစ်ကျသွားသောအခါ လန်ဘား သတိလစ်သွားခဲ့လေတော့သည်။

× × × × × × × ×





လန်ဘား၏ အသိအာရုံထဲမှာ အတန်ကြာသည်အထိ အမှောင်ဖုံးသွားခဲ့သည်။ အဲသည်နောက်မှာ သတိပြန်ရလာခဲ့သည်။

"ဟင် . . ငါ ဘယ်ကိုရောက်နေပါလိမ့် . ."

သူ့တစ်ကိုယ်လုံးလည်း ကိုင်ရိုက်ထားသလို နာကျင်လျက်ရှိသည်။ ခြေတွေ၊ လက်တွေ၊ ခါးတွေ လှုပ်ရှားနိုင်၍တော်ပေသေးသည်။မကျိုးမပဲ့ခဲ့၊ ပတ်ဝန်းကျင်ကို အမှတ်တမဲ့နှင့်ကြည့်လိုက်သောအခါ မြင့်မားမတ်စောက်သော တွင်းကြီးတစ်ခုထဲကို သူ ကျရောက်နေခဲ့မှန်း သိလိုက်ရလေတော့သည်။

တွင်းကြီးသည် အပေါ်သို့ ဝါးတစ်ပြန်မက မြင့်မားနေသည်။ တွင်းပေါ်ကနေ ကြည့်လျှင်လည်း လွန်စွာမှနက်ရှိုင်းနေပေလိမ့်မည်။

ပြီးတော့ မတ်စောက်လွန်းလှသည်။ တွင်းနံရံမြေသားသည် ပြောင်ချောနေသည်။ မည်သည့်သစ်ပင်ငယ်မှလည်း အားမှာ ကပ်ပြီးမပေါက်၍ တွယ်တက်ဖို့ အထောက်အကူမရှိ။

သို့သော် . . .

လန်ဘားသည် ရလိုရငြား တွင်းနံရံကို လက်နှစ်ဖက် နှင့်အုပ်တွင်ပြီး ခြေဖြင့်ကန်ကာ တက်ကြည့်သေးသည်။မရ၊ ခအာခဏ ပြုတ်ကျလေသည်။ကြာတော့ လက်ချောင်းလေးတွေ၊ ခြေချောင်းလေးတွေပင် နာလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တွင်းဝေါ်သို့ ဆက်တက်ရန် မကြိုးစားတော့ဲ နားလိုက်ရသည်။ လူလည်း ခြေပစ်လက်ပစ်ဖြစ်သွားခဲ့ရသည်။

သည်လိုနှင့် တစ်နေ့ကုန်လာသည်။ ညနေဘက်ကို ရောက်လာသည်။ညနေဘက်ကို ရောက်လာသည်။ တွင်းထဲက ဘယ်လိုမှ မတက်နိုင်။ သူ ကြောက်လာခဲ့သည်။

"ကယ်ကြပါဗျို့. . . ကယ်ကြပါ. . ကျွန်တော် တွင်းထဲကျနေလို့ဗျို့. . "

ပတ်ဝန်းကျင်မှာ ဖြတ်သသွားဖြတ်လာ တစ်ဦးတစ်လေများရှိလိုရှိငြား အော်ဟစ်ပြီး အကူအညီတောင်းမိလိုက်သေးသည်။တုန့်ပြန်မှု တစ်စုံတစ်ရာမရှိပါ။ အားငယ်လာမိသည်။ ဆာလည်းဆာလာသည်။ ရေငတ်တာက ပိုဆိုးသည်။ အာခေါင်တွေပင် ခြောက်လာခဲ့သည်။

မိုးက တဖြည်းဖြည်းနှင့် ချုပ်လာသည်။ သူ ပိုပြီး စိတ်အားငယ်လာသည်။ကယ်မည့်သူလည်းဝေးပြီ။ တွင်းနံရံကိုမှီပြီး စိတ်ကိုလျှော့ထားလိုက်သည်။ ရေငတ်ငွန်း၍ ကိုယ့်တံတွေးကိုပင် ပြန်မြိုချရသည်။ ပင်ပန်းနွမ်းနယ်လွန်း၍ အိပ်ပျော်သွားမိသည်။

လန်ဘားသည် အိပ်ပျော်နေရာမှ ဖျတ်ကနဲဆို လန့်နိုးသွားခဲ့ရသည်။ ပတ်ဝန်းကျင်တစ်ခုလုံးသည် မှောင်မည်းကာ တိတ်ဆိတ်လျှက်ရှိသည်။

"ဟင်. . ည မိုးချုပ်နေပါပကော. . ငါ ပင်ပင်ပန်းပန်း



ခဲ့ အိပ်ပျော်သွားခဲ့တာ တော်တော်ကြာသွားပြီပဲ. . ဆာလိုက်တာ . . ရေလည်းငတ်တယ်. . သည်တွင်းထဲကနေ ဘယ်လိုမှ တက်လို့မရဘူး . . ငါ ဘယ်လိုလုပ်ရပါ့မလဲ"

ဆာလောင်သည့်ဒဏ် ၊ ရေငတ်သည့်ဒဏ်ကို သူခံစားနေရသည်။လည်ချောင်းထဲမှာလည်း အက်ကွဲလျှက်ရှိသည်။ တွင်းပေါ်သို့ မော့ကြည့်လိုက်တော့ ဘယ်လိုမှ မျှော်လင့်ချက်မရှိ။ သူ တွင်းပေါ်ကိုရောက်ဖို့ အတန်တန် ကြိုးစားပြီးပြီမဟုတ်ပါလား။ စိတ်ပျက်အားငယ်သည့်ဒဏ်ကို သူ ခံစားလာခဲ့ရသည်။

'ဝေါ. . ဝေါ. . ဝေါ. . "

ထိုစဉ် တဝေါဝေါနှင့် ထွက်ပေါ်လာသော အသံကြီးတစ်ခုကို ကြားလိုက်ရသည်။မည်သည့် အကြောင်းကြောင့်လည်းမသိ။ကြက်သီးမွေးညင်းများပင် ထသွားခဲ့ရသည်။ တောထဲမှ ထွက်ပေါ်လာသော အသံကြီးပဲဖြစ်သည်။

အသံသည် ပျောက်သွားလိုက် ၊ ပေါ်လာလိုက်နှင့်ရှိနေရာမှ နားထဲမှာ တဖြည်းဖြည်းနှင့် နီးကပ်လာသည်။

"ဖြောင်း. . ဖြောင်း"

တွင်းဝနားမှာ ကပ်ပြီးထွက်ပေါ်လာသည့်အသံ။ သူ ချက်တရက် အပေါ်ကိုမော့ပြီးကြည့်လိုက်သည်။တစ်ခြမ်းပဲ့လရောင်လေးနှင့် မှုတ်မှိုင်းမှုန်များကြယ်ရောင်အောက်မှာ တွင်းဝ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ လှုပ်ရှားမှုတစ်ခုကို မြင်တွေ့လိုက်ရသည်။

သဏ္ဍာန်တစ်ခု ယိမ်းထိုးကာ လှုပ်ရှားနေသည်။ သူ အံ့အားသင့်ပြီး ကြောင်တက်တက်နှင့် ကြည့်နေမိသည်။ သူ့ဘေးမှာ ကျနေသည့်ဒူးလေးကို ဆုပ်ကိုင်မိလိုက်သည်။ မြားတံတွေထည့်ထားသည့် ကျည်တောက်ကတော့ ပါမလာတော့။ ထို့ကြောင့် ဒူးလေးသည်လည်း ဘာမှအသုံးမဝင်တော့။

ယိမ်းထိုးနေသော သဏ္ဍာန်ကြီးသည် ဘာလဲဟု သူ သိချင်နေသည်။ နောက်တော့မှ သူ သိသွားခဲ့ရသည်။ သူ့ခေါင်းသည်လည်း နဂိုထက် သုံးဆလောက်ကြီးမားသွားသည်ဟု ထင်လိုက်သည်။ ထိုသဏ္ဍာန်ကြီးကား အခြားမဟုတ်၊ ကြီးမားသော မြွေကြီးတစ်ကောင်၏ ကိုယ်အထက်ပိုင်းပဲဖြစ်သည်။|မြွေကြီး၏ ခေါင်းထက်မှာ အမောက်သဏ္ဍာန်ဘုလေးဖြစ်နေသည်။ အမောက်နှင့်တော့ တူသည်။|

မြွေကြီးသည် ခေါင်းကြီးကိုထောင်ကာ ယိမ်းထိုးနေရာက တွင်းကြီးထဲကို တဖြည်းဖြည်းဆင်းလာနေသည်။ ရှည်မျောမျောနှင့် မည်းမည်းသဏ္ဍာန်ကြီးကို သူမြင်လိုက်ရသောအခါ. .

"အမလေး. . မြွေ . . မြွေကြီး. . ."

လန့်ပြီး အော်မိလိုက်သည်။ မြွေကြီးသည် တစ်ဝက် တစ်ပြက်အနေအထားမှာ ရပ်တံ့သွားပြီး တဖြည်းဖြည်းနှင့်တွင်းပေါ်ကို ပြန်လှည့်ပြီးတော့ တက်သွားခဲ့သည်။





လန်ဘားသည် မြွေကြီးတွင်းပေါ်ကို ပြန်လှည့်တက်သွားသည်ကို မြင်လိုက်ရသည်။

သူ အကြောက်လွန်ကဲ သတိလစ်သွားခဲ့လေသည်။

× × × × × × × ×

လန်ဘား သတိပြန်ရလာသောအခါ မိုးစင်စင်လင်းလျက်ရှိနေလေပြီ။ ညက အဖြစ်အပျက်ကို ချက်ချင်းလိုလို ပြန်ပြီး သတိရသွားခဲ့သည်။

ဧရာမ မြွေကြီးတစ်ကောင်သည် သူရှိနေသော တွင်းကြီးထဲကို ဆင်းလာတော့မည်ပြုစဉ် အော်ဟစ်မိလိုက်၍ တွင်းပေါ်ကို ပြန်ပြီးတက်ပြေးသွားခဲ့သည်။ သူ ကောင်းကောင်းမှတ်မိသည်။မိုးလင်းလာ၍သာ အကြောက်ပြေသွားသည်။ တွင်းပေါ်ကို မြန်မြန်ရောက်အောင် တက်ချင်လှပါပြီ။ သူသည် တွင်းကြီးထဲကျနေသည်ကို မည်သူကမှ သိကြလိမ့်မည်မဟုတ်ကြ။

ဆာလောင်မွတ်သိပ်သည့်ဒဏ် ၊ ရေငတ်သည့်ဒဏ်ကို အတော်ကလေးပင် ခံစားနေရသည်။ တွင်းပေါ်ကို ရောက်အောင် ကုပ်ပြီးကန်ပြီးတက်ရန် အင်အားကလည်းမရှိတော့ပါ။

ထို့ကြောင့် တွင်းနံရံကိုမှီကာ မျက်လုံးတွေကို မှိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



မှိတ်လိုက်သည်။

ထိုစဉ် . . .

တွင်းဝမှာ မြွေကြီး၏သဏ္ဌာန်က ရုတ်တရက်ပေါ်လာခဲ့သည်။တွင်းထဲကို ငုံ့ကာကြည့်သည်။ သူ၏ကြီးမားလှသည့် ခေါင်းကြီးကို ဟိုယမ်းသည်ယမ်းနှင့် ယမ်းနေပြီးမှ အောက်သို့ တဖြည်းဖြည်းဖြင့် ဆင်းလာခဲ့လေသည်။မြွေဟောက်ကြီးသည် အမှီအတွယ်မရှိပဲ ပြောင်ချောနေသော တွင်းနံရံကို လျှောတိုက်ကျဆင်းလာခဲ့ခြင်းပင်ဖြစ်သည်။

လန်ဘား အလိုလိုပင် လန့်နိုးသွားခဲ့ရသည်။သူ့ရှေ့မှာ အမှတ်မထင် မြင်တွေ့လိုက်ရသော မြွေကြီးကြောင့် နေရာမှ ခုန်မိမတတ်ပင်ဖြစ်သွားခဲ့ရသည်။ မျက်လုံးကြီးတွေ အပြူးသား၊ ပါးစပ်အဟောင်းသားနှင့် အော်မိလိုက်သော်လည်း အသံကထွက်မလာ။

သူ့ရှေ့မှာ ခေါင်းထောင်နေသော မြွေဟောက်ကြီးသည် ခေါင်းထက်မှာ အမောက်လိုလို အရာတစ်ခုကို ထူးဆန်းစွာ မြင်တွေ့လိုက်ရသည်။

မြွေဟောက်ကြီးက လုံးပတ်လည်းကြီးသည်။ အလျားလည်းရှည်သည်။သေးငယ်သော မျက်လုံးတစ်စုံနှင့် သူ့ကိုငြိမ်သက်စွာစိုက်ကြည့်နေသည်။ လျှာကလည်း တစ်လစ်တစ်လစ်နှင့် ပါးစပ်ထဲမှ ဝင်လိုက်ထွက်လိုက်ဖြစ်နေသည်။မြွေဟောက်ကြီး





သည် သူ့ကို ရန်မမူပဲ ငြိမ်သက်စွာဖြင့်ရှိနေရသနည်း။

မြွေဟောက်ကြီးသည် တခဏအကြာ ငြိမ်သက်နေပြီးမှ ခေါင်းကိုလှည့်ကာ တွင်းကြီး၏နံရံတစ်ဖက်ဆီသို့ ရွေ့လျောကာ ထွက်သွားခဲ့သည်။ လန်ဘားက မြွေကြီးထွက်သွားရာဆီသို့ ခေါင်းလှည့်ကာရှုလိုက်ပြီးကြည့်နေမိသည်။မြွေဟောက်ကြီးသည် မြေသားနံရံကို သူ၏လျှာဖြင့် လျက်ပြနေသည်။လန်ဘားကို လည်း လှည့်ကြည့်သည်။ပြီးကော လျက်ပြသည်။ထို့နောက် တွင်းကြီးပေါ်သို့ တဖြည်းဖြည်းနှင့် ပြန်တက်သွားခဲ့လေသည်။ တွင်းပေါ်ကို ရောက်သော် တစ်နေရာကို ထွက်သွားခဲ့လေ၏။

လန်ဘားသည် မြွေကြီး၏ထူးခြားသော အပြုအမူကို အံ့အားသင့်နေမိသည်။ တွင်းနံရံကို လျှာဖြင့်လျက်နေသည့် အကြောင်းက ဘယ်လိုအဓိပ္ပါယ်ပါလဲ။ သိချင်စိတ်နှင့် နေရာမှ လေးဘက်ထောက်ပြီးသွားသည်။ ထိုနေရာသို့ ရောက်သောအခါ မြေသားနံရံကို လက်ဖြင့်ပွတ်မိလိုက်သည်။

မြေမှုန့်များကွာကျသွားပြီး အဖြူရောင် ကျောက်ကြည်ကြည်လေးက ပေါ်လာခဲ့သည်။ ထပ်မံပြီး ခွာကြည့်သောအခါ ကျယ်ပြန့်သော ကျောက်သားမျက်နှာပြင်တစ်ခုကို တွေ့လိုက်ရသည်။

သူ လျှာဖြင့်လျက်ကြည့်ရာ ခပ်ချဉ်ချဉ်အရသာကိုရသည်။ ကြာကြာလေး လျက်ကြည့်ရာ တခဏအတွင်းမှာပင် ရေငတ်



www.burmeseclassic.com

www.burmeseclassic.com



ပြေသွားသည်။ထူးခြားသော ကျောက်ချဉ်တစ်မျိုးပင်ဖြစ်ကြောင်း သူ သိလိုက်ရသည်။

မြွေဟောက်ကြီးသည် ထိုကျောက်သားကို လျက်စေလို၍ သူ့ကိုတမင် လျက်ပြနေခဲ့ခြင်းပဲမဟုတ်ပါလား။ ကျောက်ချဉ်ကို သူ ဆက်တိုက်လျက်လိုက်ရာ ရေငတ်ပြေသွားသည့်အပြင် အားအင်တွေလည်း တခဏအတွင်းမှာ ပြည့်ဖြိုးလာသည်ဟု ထင်လိုက်ရသည်။

မြွေဟောက်ကြီး၏ အသိဉာဏ်ကို သူ အံ့ဩမိသည်။ မိမိကို ရန်မရှာသည့်အပြင် အကူအညီပင်ပေးလိုက်သေးသည်။ မြွေလိမ္မာကြီးပင်လား။

လန်ဘားသည် ရေငတ်တိုင်းမှာ ထူးခြားသော ကျောက်ချဉ်ကို သူ လျက်သည်။ ရေငတ်ပြေသွားရုံသာမက ခွန်အားတွေပင် ပြည့်လာသည်ဟု ထင်မိသည်။ နေ့လည်ဘက်တွင် သူ တွင်းပေါ်ကို ရောက်ချင်စိတ်က တားမနိုင်ဆီးမရ ဖြစ်လာခဲ့သည်။

တွင်းကတော့ ကျယ်ဝန်းလှပါသည်။တစ်နေရာတွင် ဂူလိုဏ်သဘောမျိုးပင် ဖြစ်နေသည်။လေးဘက်ထောက်ပြီး ဝင်သွားလို့တော့ရသည်။ သို့သော် မဝင်ရဲပါ။ မကောင်းသည့် အကျိုးဆက်တစ်ခုခု ဖြစ်သွားမှာကို အလိုလိုတွေးပြီးကြောက်နေမိသည်။

လန်ဘားသည် စိတ်ရှုပေါက်သွားသည်။ ချက်ချင်း ရှူ





သွပ်သွားသလိုဖြစ်သွားပြီး . . .

"မြွေကြီးရေ . . ကျုပ်ကို တွင်းပေါ်ရောက်အောင် ကယ်တင်ပါဗျို့ . . "

ဟု အော်ဟစ်လိုက်လေတော့သည်။ အားမရသေးပဲ နောက်တစ်ခါ ထပ်ပြီးအော်ဟစ်လိုက်ပြန်သည်။

"မြွေကြီးရေ . . ကျုပ်ရဲ့အသက်ကို ကယ်ပါဗျာ . . အိမ်ကို ပြန်ချင်လှပါပြီ . . အကူအညီပေးပါဗျာ . . ဟီး . . "

အော်ပြောရင်း ရင်ထဲမှာ လှိုက်ကနဲဖြစ်သွားကာ စိတ်ကို ထိန်းမနိုင်တော့ ၊ ဟီး ချကာ အော်ဟစ်ပြီးငိုမိလိုက်လေတော့သည်။

တဟင်းဟင်းဖြင့် အတန်ကြာရှိုက်ငိုနေသည်မှာ ခလေးတစ်ယောက်လိုပင်။ သူသည် ဒူးနှစ်ဖက်ကို ထောင်ထားပြီး လက်နှစ်ဖက်ကို ကွေးယှက်၍တင်ထားသည်။ လက်ဖျံပေါ် မျက်နှာကို ငုံ့၍အပ်ထားကာ ငြိမ်သက်သွားပြန်သည်။

အချိန်မည်မျှ ကြာသွားခဲ့သည်မသိ။ သူလည်း မိန်းမောသလိုဖြစ်သွားခဲ့ရသည်။

"ဖျတ် . . ဖျတ် . . ဖျတ် . . "

အသံတစ်သံက နားထဲကို ဝင်လာခဲ့သည်။ သူ ဖျတ်ကနဲ သန့်နိုးသွားခဲ့သည်။

မျက်နှာကို မော့ကြည့်လိုက်ရာ အံ့အားတသင့်ဖြစ်သွားရသည်။ အကြောင်းမှာ တွင်းပေါ်မှ အောက်ကို ထန်းလန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျနေသော မြွေကိုယ်ထည်ကြီးတစ်ခုကို မြင်လိုက်ရသောကြောင့်ပင်။

နွယ်ကြိုးကြီးတစ်ချောင်း ကျနေသည့်ပမာ။ နွယ်ကြိုးတော့မဟုတ်၊ မြွေကိုယ်ထည်ကြီးဆိုတာကတော့ သူ့အမြင်မှာ သေချာသည်။မလွဲပါ။ မြွေဟောက်ကြီး၏ ခေါင်းပိုင်းကို မမြင်ရပေမင့် သူ့ကို အကူအညီပေးလို၍ နွယ်ကြိုးသဖွယ် အသုံးပြုစေလိုခြင်းဖြစ်ကြောင်း သိသာလှသည်။

"ငါ အော်လိုက်လို့ သည်မြွေကြီးက ကူညီဖို့ရောက်လာတာများလား . . "

လန်ဘားသည် ချီတုံ ချတုံ ဖြစ်နေသေးသည်။ မြွေကိုယ်ထည်ကြီးကို ဆွဲပြီးတက်ရန်မှာ မဝံ့မရဲနှင့်ဖြစ်နေသေးသည်။ အတန်ကြာမှ စိတ်ကိုဒုံးဒုံးချလိုက်ပြီး . .

"ဟယ် . . သည်လိုမှ မစွန့်စားရင်မဖြစ်တော့ဘူး . . . ဖြစ်ချင်ရာဖြစ် . . "

လန်ဘားသည် နေရာမှ ရုတ်တရက်ထလိုက်ကာ တွင်းနံရံဆီကို လျှောက်သွားသည်။

မြွေကြီး၏ အမြီးက တွင်းကြီး၏အောက်ခြေအထိ မရောက်ပါ။ ထို့ကြောင့် လန်ဘားက မရဲတရဲနှင့် လှမ်းဆွဲလိုက်ပြီး နွယ်ကြိုးလိုသဘောထားကာ လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်သည်။ ထို့နောက် တွင်းနံရံကို ခြေအစုံဖြင့်ကန်ကာ တဖြည်းဖြည်းဆွဲတက်သွားခဲ့လေတော့သည်။ အတော်ကလေးကို တက်ယူရသည်။





မကြာမီ တွင်းနှုတ်ခမ်းဝပေါ်ကို ရောက်သွားခဲ့သည်။ လန်ဘားသည် တွင်းပေါ်ကို ရောက်သောအခါ မြွေကြီးကို ကြည့်မိလိုက်သည်။

မြွေဟောက်ကြီးသည် တွင်းကြီး၏အနီးမှာ သစ်ပင်တစ်ပင်ကို ရစ်ပတ်ကာ ကိုယ်လုံးကြီးကို တွင်းထဲသို့ချထားခဲ့ခြင်းပင်ဖြစ်သည်။

မြွေကြီး၏ ဦးခေါင်းပိုင်းက လုံးပတ်တစ်ပေပတ်လည်သာသာရှိသော သစ်ပင်တစ်ပင်ကို ရစ်ပတ်ကာ လန်ဘားကို ခေါင်းထောင်ပြီးတော့ ကြည့်နေသည်။

"ကျေးဇူးပါပဲ မြွေကြီးရယ် . . ကျွန်တော့်အသက်ကို ကယ်တင်ခဲ့တဲ့ ကျေးဇူးကို တစ်သက်မမေ့ပါဘူးဗျာ . . "

လန်ဘားက မြွေဟောက်ကြီးကို လူလူချင်းပြောသလို ပြောလိုက်ပြီး ထိုနေရာမှ ချက်ချင်းပင် ထွက်လာခဲ့လေသည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၆)

လူတစ်ယောက် . . .

တည်းခိုခန်းနှင့်တွဲထားသော စားသောက်ဆိုင်တစ်ခုထဲသို့ ဝင်လာခဲ့သည်။ ထိုသူသည် သကလပ်ဦးထုပ်ကို ဆောင်းထားသည်။အပေရေခံသော ကာကီရောင်အကျႌနှင့် ဘောင်းဘီရှည်ကို ဝတ်ဆင်ထားသည်။ ကျောပိုးအိတ်တစ်လုံးပါသည်။ကင်းဘတ်ဖိနပ်ကိုစီးထားသည်။

နဂိုက ဖြူသယောင်ရှိသော်လည်း နေလောင်ထားသော မျက်နှာသည် ခရီးအဆင့်ဆင့်ကို ဖြတ်ကျော်လာမှန်းသိသာလှသည်။ ပါးပြင်ပေါ်မှာ ပါးမြိုင်းမွေး ရေးရေးထင်သောကြောင့် သူ၏မျက်နှာသည် တစ်မျိုးခန့်ညားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်. . ထိုင်ပါ ဆရာကြီး . . ဘာများသုံးဆောင်ချင်ပါသလည်းခင်ဗျာ. . သည်မှာ ဘာညာ ဘည်းခိုလို့လည်း ရပါတယ်. . "

ပုပုဝဝနှင့် ဆိုင်ရှင်တရုပ်ကြီးက သူ့ကို ဖော်ရွေစွာဖြင့် ကောင်တာမှနေ၍ လှမ်းပြီးနှုတ်ဆက်လိုက်သည်။

"လောလောဆယ် အရက်ကောင်းကောင်းတစ်လုံးနဲ့ ကြက်သားကြော်အမြီး၊ မြေပဲဆံကြော်ချပေးပါ. . အဲဒါတွေမရှိရင်လည်း တခြား ကောင်းနိုးရာရာပေါ့ ထောင်ကဲကြီး. . "

"ရမယ် ဆရာကြီး. . ရမယ်. . ကျုပ်ဆိုင်မှာ ဘာမဆို ရတယ်. . ဖြုတ်ဦးနှောက် . . . ပုတ်သင်ဥကအစ ဆင်ကောင်လုံးကြော်ကအစ လိုချင်ရင်လည်း ချက်ချင်းစီစဉ်ပေးတယ်. . "

ထောင်ကဲကြီးက ပျော်ပျော်နေတတ်ဟန်တူသည်။ မျက်နှာကလည်း ရွှင်နေသည်။ သူ့ကိုကြည့်ရတာ ပျော်ပျော်နေသေခဲ ဟူသည့် သဘောမျိုးကို ပိုက်ထားဟန်တူသည်။

"ကဲ . . ဟောသည်က ဧည့်သည်လေးကို နေရာကောင်းပေးလိုက်ပါကွာ. . ခု မနက်ခင်းမှာ ဈေးဦးပေါက် ရောက်လာတဲ့အတွက် ငါတို့က သူ စိတ်ကျေနပ်အောင် ပြုစုရလိမ့်မယ်ကွယ့်"

တစ်နေရာမှာ အလုပ်လုပ်နေသော စားပွဲထိုးလေးတစ်ယောက်က ပြေးလာသည်။

"ဟိုဘက်စားပွဲကို လိုက်ခဲ့ပါ အစ်ကို. . ပြူတင်းပေါက်နဲ့နီးတော့ လင်းလင်းရှင်းရှင်းလည်းရှိတယ်. . လေကောင်း





လေသန့်လည်းရတယ်. . "

စားပွဲထိုးလေးကလည်း ဖော်ရွေသည်။ ဟန်မလုပ်ပဲ တကယ့်စိတ်ရင်းဖြင့်ပြောပြီး ရှေ့မှ ဦးဆောင်ကာ ထွက်ခွာသွား၏။

ထိုသူသည် တစ်ချက်ခေါင်းဆတ်လိုက်ပြီး နောက်မှလိုက်သွားခဲ့လေ၏။

"သည်မှာထိုင် အစ်ကို. . "

စားပွဲထိုးလေး ညွှန်ပြသော စားပွဲမှာ ထိုင်လိုက်သည်။ ပြူတင်းပေါက်နှင့် နီး၍ အပြင်ကို တန်းပြီးမြင်နေရသည်။ ချောင်တျက်ကျနေရာမှာ ဖွင့်ထားသော ထမင်းဆိုင်ဖြစ်၍ တိတ်ဆိတ်ငြိမ်သက်သည်။

လူသွားလူလာလည်း ပြတ်သည်။ ခရီးသွားတွေ တစ်ဆောင့်ဝင်နားတတ်သော ဆိုင်မျိုးပဲဖြစ်သည်။

ချက်ချင်းလိုလိုပင် သူ မှာလိုက်သော အစားအစာများနှင့် ယမကာပုလင်း၊ ဖန်ခွက် စသည်တို့ ရောက်လာခဲ့သည်။

"သုံးဆောင်ပါ အစ်ကို. . လိုတာရှိရင်လည်း ပြောပါ"

စားပွဲထိုးလေး၏ မျက်နှာကိုမကြည့်ပဲ သူက ခေါင်းညိတ်လိုက်သည်။ ခေါင်းထက်က ဦးထုပ်ကိုပင် မချွတ်ပဲ နဖူးအုပ်သည်အထိ ဆောင်းထားသော သူ့ကို စားပွဲထိုးလေးက အထူးအဆန်းသဖွယ်ကြည့်ပြီး နေရာမှ ထွက်သွားခဲ့သည်။

ထိုသူသည် ယမကာကို ဟန်ဆောင်ကာ သောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အစားကိုသာ များများစားသည်။

သူ ဆိုင်ထဲသို့ ရောက်နေတာ ဆယ်မိနစ်လောက်တော့ ရှိသွားပြီ။ ခုထက်ထိ နောက်ထပ် ဘယ်သူမှ ရောက်မလာသေး။ ဆိုင်ရှင် ထောင်ကဲကြီးကလည်း သူ့အလုပ် သူလုပ်နေသည်။ တစ်ဦးတည်းသော စားပွဲထိုးလေးကလည်း အလုပ်မရှိ အလုပ် ရှာဆိုသလို ဘယ်တော့မှ ပြောင်လက်မလာနိုင်သည့် စားပွဲတွေ ကို အဝတ်စုတ်ဖြင့် လိုက်ပြီးပွတ်နေသည်။

ထိုသူသည် ကြက်သားကြော်တစ်ဖတ်ကို ညင်သာစွာဖြ ဝါးနေရင်း ဆတ်ခနဲဆိုဖြစ်သွားခဲ့သည်။ ထိုအခါ မျက်လုံးတွေ လည်း ပိုပြီးတော့ စူးလက်တောက်ပြောင်လာလေ၏ အကြောင်း တစ်ခုခုရှိလာတော့မည်ဆိုလျှင်၊ ထူးခြားချက်တစ် ဖြစ်လာ တော့မည်ဆိုလျှင် သူ သည်လိုပဲဖြစ်တတ်သည်။

သိပ်မကြာလိုက်ပါ။ လမ်းအတိုင်းလျှောက်လာသော တစ်ယောက်ကို ပြူတင်းပေါက်မှနေ၍ တွေ့လိုက်ရသည် ဆံပင်ကကုတ်ကိုထောက်နေသည်။ထူထဲသော ပါးမြိုင်းမွေးများ ပါးနှစ်ဖက်မှာ စိမ်းညို့နေသည်။ ဘောင်းဘီပွပွနှင့် ရှပ်အ ပွပွကို ဝတ်ဆင်ထားသည်။

ကျယ်သော ၊ ပွသော အဝတ်အစားများ၏နောက်တွ လက်နက်ပုန်းတစ်ခုခု ရှိနိုင်သည်ဟု သူ အလိုလိုပင် ထင် မိသည်။

ထိုသူသည် ဆိုင်ထဲကို ဝင်လာခဲ့သည်။ ကင်းဗတ် ဖိ



ကိုစီးထား၍ ခြေလှမ်းများက ရှတ်တရက်ရပ်တံ့သွားသည်။ ထိုသူ က ဆိုင်ထောင့်ရှိ စားပွဲမှာထိုင်နေသည့် ဧာစောက လူကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ထိုင်နေသူက ဘေးတိုက်အ နေအထားမှာရှိနေပြီး သူ့ကို ယောင်လို့မှပင် လှည့်မကြည့်။

ထောင်ကဲကြီးသည် ထိုသူဝင်လာသည်နှင့် မျက်နှာ တစ် ချက်ပျက်သွားသည်။အမြဲလို ရွှင်ပျနေသော မျက်နှာသည် ဒုံးအုပ်သလို အုံ့မှိုင်းသွားလေ၏။ စားပွဲထိုးလေးလည်း ကြောင် ပြီးတော့ ကြည့်နေသည်။

"ထောင်ကဲကြီး . . ကျုပ်ကို အရက်တစ်ပုလင်းနဲ့ အစား အစာတွေပေးစမ်း . . ငွေငါးရာလည်း ထုတ်ပေး . . ဘာ ကြောင်ကြည့်နေတာလဲ . . မြန်မြန်ပေးလေ . . အချိန်မရှိဘူး"

"ဒိုး . ."

သူက မာဆတ်ဆတ်လေသံဖြင့် ပြောလိုက်သည်။ 'ဒိုး' ဆိုသည်က ကောင်တာမျက်နှာပြင်ကို လက်သီးဆုပ်ဖြင့် ထုလိုက် သံ။

"ဆရာကြီး . . ဆိုင်ကို ဧည့်သည် သိပ်မလာလို့ ဝင်ငွေ လည်း သိပ်မရှိဘူး . . ပြီးတော့ ခဏခဏရောက်လာပြီး ဒီလိုပဲ တောင်းနေတော့ အရင်းပြုတ်တော့မယ် . ."

"မလိုချင်ဘူး . . အရင်းပြုတ်တာတွေ ဘာတွေ နားမ လည်ဘူး . . ကျုပ်လိုချင်တာသာ မြန်မြန်ပေး . ."



www.burmeseclassic.com

www.burmeseclassic.com



“သည်လို မတရားမလုပ်ပါနဲ့ဗျာ.. တောင်းပန်ပါတယ်”

ထိုသူက ထောင်ကဲကြီး၏ ခွပ်ကျယ်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ဆွဲယူလိုက်သည်။ သူ့ဆီကို မျက်နှာက ငိုက်ပြီး ပါလာခဲ့လေ၏။

“ကျုပ်အလုပ်က မတရားတာကိုမှ လုပ်တယ်.. သဘော ပေါက်လား.. ပေးမှာသာပေး.. မပေးရင် သည်ညနေနေဝင် တာကိုတောင် မြင်လိုက်ရမှာမဟုတ်ဘူး မှတ်..”

“ပေး.. ပေးပါ့မယ်ဗျာ.. အသက်ကိုတော့ ရန်မရှာ နဲ့...”

ထောင်ကဲကြီးက တုန်ယင်သောလေသံဖြင့် ပြောလိုက် လေရာ..

“မပေးနဲ့...”

ထိုစဉ် အသံတစ်သံက အမှတ်မထင် ထွက်ပေါ်လာ သည်။ ထိုသူလည်း အသံထွက်ပေါ်လာရာဆီသို့ ဆတ်ကနဲ လှည့်ကြည့်လိုက်သည်။

ဆိုင်ထဲမှာ စောစောက ထိုင်နေသော လူတစ်ယောက် သာ တွေ့လိုက်ရသည်။ မည်သူ့ကိုမှ လှည့်မကြည့်ပဲ မျက်နှာ ကို ရှေ့တည့်တည့်လှည့်ကာ ပြောလိုက်ခြင်းပင်ဖြစ်သည်။ သည်လူက လွဲပြီး တခြားဘယ်သူမှ မဖြစ်နိုင်။

“ဟေ့.. ဘယ်သူလည်းလို့ ပြောလိုက်တာ ဘယ်က ကွ.. မင်းလား..”





“ဟုတ်တယ်..”

“ဟား.. ဟား.. ဟား.. ဟား မိုးမှောင် ကို ဘယ်သူ သည်လိုကြောလို့မရဘူးကွ.. မင်းက ငါ့အကြောင်းမသိသေး ဘူးနဲ့တူတယ်..”

မိုးမှောင်က ပေါက်ဖော်ကြီးဆီက အာရုံပြောင်းသွား သည်။ စားပွဲမှာ ထိုင်နေသည့် လူဆီကို ခြေလှမ်းသွက်သွက်နှင့် လျှောက်သွားသည်။ သူ့လက်ကို တစ်ချက်လှုပ်ရှားလိုက်သည် နှင့် ဓားမြှောင်တစ်ချောင်းက လက်ဖဝါးပေါ်ကို ကျလာခဲ့သည်။ အင်္ကျီထဲမှာ ဝှက်ပြီးတော့ ယူလာခဲ့သည့် လက်နက်ပဲဖြစ်သည်။ ဓားမြှောင်ဖြင့် ထိုင်နေသူ၏ မေးဖျားကို ပင့်ကော်လိုက် သည်။ ထိုသူသည် ခေါင်းမော့လာရသည်။

“မင်းက အေးအေးမှ မနေချင်ပဲကိုးကွ.. ငါ့ အလုပ်မှာ ရှုပ်တယ်... သည်တော့ ဓားစာခံလုပ်ချင်တဲ့ မင်းဆီက ငါ ယူရမှာပဲ.. ကဲ.. မင်းဆီမှာ ပါတာတွေအားလုံး ပေး ..”

“ပါတာကိုမှ လိုချင်တယ်ဆိုရင် အိမ်သာထဲမှာ သွားယူ ကွ..”

“ဘာကွ.. မင်းက ငါ့ကို မထီမဲ့မြင်ပြုလိုက်တာလား.. .. မိုးမှောင်အကြောင်းကိုမသိသေးဘူးမှတ်တယ်.. ပော သည်လို မိုးလေးအုံ့လာပြီဆိုရင် ငါ့အကျင့်က မလုယက် ခိုက်ပဲ မနေနိုင်ဘူးကွ.. အေး.. ငါက အဲသလို ပြော



www.burmeseclassic.com

www.burmeseclassic.com



မြော်ပြီးမှ တိုက်တယ်. .

တဲ. . ကိုယ့်လူ အသားမနာချင်ရင် ငါ တောင်းတာ အသာတကြည်နဲ့ပေးပေတော့ . ."

"ငါက မပေးဘူးဆိုရင်ကောကွာ. ."

"ဟဲ. . ဟဲ. . မင်းက အသားလွတ်သတ္တိကောင်းနေပါလားကွ. . မင်း ကိုယ်ပေါ်က သွေးတစ်စက်မထွက်သေးလို့ပါ အသားနာသွားရင် မင်းရဲ့လေသံလည်း မာနိုင်တော့မှာ မဟုတ်တော့ပါဘူးလေ. ."

မိုးမှော်င်၏ လက်တစ်ဖက်က စားပွဲထောင့်မှာ တင်ထားသည့် ကျောပိုးအိတ်ဆီသို့ လှမ်းလိုက်သည်နှင့် . .

"ဖြောင်း . ."

"အား. ."

"ဝုန်း. ."

အသံမျိုးစုံက တပြိုင်တည်းလိုလို ထွက်ပေါ်လာခဲ့သည်။ မိုးမှော်င်၏လက်ထဲက ဓားမြှောင်သည် ထိုသူ့ဆီကို ရောက်သွားခဲ့သည်။ ကိုယ်တိုင်လည်း ရှုတ်တရက် ကိုင်ပေါက်ခံလိုက်ရသည် ဖြစ်သွားကာ နေရာမှ လွင့်ထွက်သွားခဲ့ရလေ၏။

မိုးမှော်င်သည် အခန်းထောင့်တစ်နေရာကို လွင့်ထွက်သွားပြီး ခြေလွတ်လက်လွတ် ပစ်ကျသွားခဲ့ရသည်။

ပေါက်ဖော်ကြီးနှင့် စားပွဲထိုးလေးသည် မျက်လုံးပြူးသွားခဲ့ရလေ၏။





"အားပါး . . မိုးမှော်င်က အပြတ်နှိပ်ကွပ်နိုင်လိမ့်မယ်လို့ ထင်ခဲ့တာ. . ခုတော့ ပြောင်းပြန်ဖြစ်သွားပြီ. . သူ့ထက် စွမ်းတဲ့သူပေါ်လာပြီ. ."

မိုးမှော်င်သည် နေရာမှ လူးလဲပြီးတော့ ထလိုက်သည်။ တော်တော်မာပုံရသည်။ လေထဲကအရှိန်ဖြင့် ပစ်ပြီးကျသွားခဲ့သည့်တိုင်ခြေမကျိုး၊ လက်မကျိုးပဲ ချက်ချင်းပြန်ထလာနိုင်သည်။

"မင်းက ငါ့ကို သည်လိုစမ်းသလား . . ခါချဉ်ကောင်မာန်ကြီးလို့ တောင်ကြီးကိုဖြိုမယ့်ကြံ၊ ခါးကမသန်ဆိုတာမျိုးလိုဖြစ်နေဦးမယ် ကိုယ့်လူ. .

မိုးမှော်င်ဆိုတဲ့ကောင်က ရေစိမ်ခံတဲ့ကျွဲကွ . . ဒါလောက်လေးနဲ့တော့ ဟေး. . ဟေး. . ဟေးနဲ့လို့တောင် ရယ်လိုက်ချင်သေးတယ်. . ကိုင်း. . သည်တစ်ခါတော့ ငါ့ အလှည့်"

မိုးမှော်င်၏ လက်ဖဝါးထဲကို ဓားမြှောင်တစ်ချောင်းက ရောက်လာပြန်သည်။လျှပ်ပြက်လိုက်သလိုပင်. . ထိုသူ့ဆီသို့ ပစ်ထည့်လိုက်သည်။

"ဝှစ်. ."

"ချွင်. ."

"ဒေါက်. ."

"ဒေါက်. ."

ဓားမြှောင်နှစ်ချောင်းသည် လေထဲမှာ အချင်းချင်း တိုက်မိပြီး ယက်မချောင်းပေါ်မှာ သွားပြီးစိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူ၏လက်ထဲမှ ဓားမြှောင်ကိုလည်း မိုးမှောင်၏လက်အလှူပ်မှာ ပစ်ထည့်လိုက်ခြင်းပင်ဖြစ်သည်။

"ဟင်. . မင်းက ငါ့စိတ်ကို ဆွပေးနေပြန်ပြီ. . မိုးမှောင်ဆိုတဲ့ကောင်က ဗိုလ်မထားဘူးကွ. . မင်း သေဖို့သာပြင်ပေတော့"

မိုးမှောင်သည် မဆင်မချင်ပြေးလာပြီး ထိုသူ့ကို ခုန်အုပ်လိုက်သည်။ထိုသူသည် အံ့အားသင့်စရာကောင်းလောက်အောင် လဲမှို့လေးရွေ့လျားကာလွင့်သွားသည့်ပမာ ခုန်ရှောင်ထွက်သွားသည်။

ရှိုးရှိုးရှောင်တိမ်းကာ ထွက်သွားခြင်းမဟုတ် ၊ ဒူး ၊ တံတောင်များပေးပြီး ခြေကန်ချက်များ ပစ်သွင်းတာ ထွက်သွားခြင်းပဲဖြစ်သည်။

"အင့်. ."

"ခွပ်. ."

"အား. ."

မိုးမှောင်ထံမှ မချိမဆန့် အော်လိုက်သံများက ဆက်တိုက်ထွက်ပေါ်လာပြီး စားပွဲပေါ်ကို ပစ်ကျသွားခဲ့သည်။

"ဘုံး . ."

စားပွဲပေါ်မှတစ်ဆင့် ကုလားထိုင်ပေါ်ကျကာ အောက်ကို လုံးထွေးပြီး ပစ်ကျသွားခဲ့လေ၏။

"ဘုံး. ."





မိုးမှောင်အဖွက် ဒုတိယမ္ပိ ပိုပြီးအကိနာသွားခြင်းပင်ဖြစ်သည်။ နေရာမှ တော်တော်နှင့်ကို မထနိုင်ပဲဖြစ်သွားခဲ့ရသည်။

ထိုသူသည် မိုးမှောင်နားကို လျှောက်လာပြီး . .

"မင်း . . နောက်တစ်ခါ အပြစ်မဲ့တဲ့ သူတွေကို ထပ်ပြီးအနှောင့်အယှက်ပေးနေဦးမယ်ဆိုရင် လောကကြီးထဲက ထွက်သွားရလိမ့်မယ်မှတ် . . ငရဲကြီးရှင်ဘပ် . . ကြိုက်တဲ့အထပ်ရွေးပို့ပေးလိုက်မယ်. ."

မိုးမှောင်သည် စကားတုန့်ပြန်ပြီး မပြောနိုင်။ အရှိက်ကိုသည်း ထိထားသဖြင့် မျက်နှာကြီးရှုံ့မဲ့ကာနေသည်။ ထို့နောက်ထိုသူကို မကြေနိုင်မချမ်းနိုင်သည့် အကြည့်မျိုးဖြင့် ကြည့်လိုက်ပြီး နေရာမှ ထလိုက်သည်။ ဆိုင်အပြင်ကို ထွက်သွားသည့် ခြေသံများတွေက အနိုင်နိုင်။ လာတုန်းကလို မဟုတ်တော့။

ထောင်ကဲကြီးက ထိုသူဆီကို ပြေးလာပြီး . .

"သည်လူဟာ ကျွန်တော့်ဆိုင်ကို မကြာခဏလာပြီး ဒိုလ်ကျနေတာကြာပြီ . . ဆရာကီး ရောက်လာတော့မှပဲရေကုန်အောင်ညစ်ထားတဲ့ အဝတ်စတစ်စလို တစ်ခါတည်းပျော့လဖတ်ဖြစ်သွားတော့တာပဲ. ."

"ကျုပ် သည်မှာ တည်းမယ်. . လူမိုက်ဆို ဘယ်နှစ်ယောက်လာလာ ချိုးနှစ်ချောင်းကဆွဲကိုင်ပြီး လှုပစ်မယ်. ."

ကံရာဇာသည် လေသံမာမာဖြင့် ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၇)

"နေစမ်းပါဦး . . မင်းက အပွဲပွဲနွဲလာပြီး သည်တစ်ပွဲကျမှ ခံလိုက်ရတယ်ဆိုတော့ ဇကန္တ . . မင်းထက်ပိုပြီး မိုက်တဲ့မိုက်ခဲတစ်ယောက် ပေါ်လာခဲ့ပြီလို့ ဆိုရမယ် . . "

"သည်မှာ ဖိုးကောင်း . . သည်ကောင်ဟာ ကိုယ်ခံပညာကောင်းကောင်းတတ်ထားပုံရတယ် . . ဒါပေမယ့် ငါ ဂရုမစိုက်ဘူး . . မိုးမှောင်လက်ထဲက ပြေးမလွတ်ပါဘူးကွာ . . "

"မင်းက သူခိုးပြေးမှ ထိုးကွင်းထနေပြန်ပါပြီ . . သည်နေရာမှာ အသလွတ်ကြိမ်းဝါးနေလို့ကတော့ အရာမရောက်ဘူးကွ မင်းက ငါ့လို အဆောင်ကောင်းမှ ဆောင်မထားပဲ . . . ပြီးတော့ ငါ့လိုလည်း တုတ်ပီး၊ ဓားပီးဆေး မထိုးထားတော့ ပိုပြီးခံရမှာ ပေါ့ . . "



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါ ဖိုးကင်းရာ . . တစ်ကယ်တမ်း အရေးကြုံလာရင် မင်းရဲ့တုတ်ပီး ၊ဓားပီးဆေးလည်း ကယ်နိုင်မှာမဟုတ်ပါဘူး. . "

ဖိုးကင်းက ပြုံးလိုက်ပြီး သူ၏လည်ပင်းမှာ ဆွဲထားသော ရုပ်တုလေးတစ်ခုကို ပြလိုက်သည်။(ဘီလူး သံလျက်ထမ်းဟာ **ဆောင့်ကြောင့်ထိုင်နေသည့် သစ်သားရုပ်တုလေးပဲဖြစ်သည်။)**

"ငါ . . ဟောသည်အဆောင်လေးကို ကိုယ်နဲ့မကွာထားတယ်. . အပွဲပွဲနွဲ့လာခဲ့တာကြာပြီ. . ငါ့ကိုယ်ပေါ်မှာ ဒဏ်ရာမပြောနဲ့. . . ဆူးခြစ်ရာလေးတစ်ခုတောင် မရှိခဲ့သေးဘူး . . သည်ဘီလူးရုပ်က ဖိုးကင်းကို အန္တရာယ်ကွင်းပေးတယ်ကွ. .

ငါ့ရည်းစားကို မတရားယူသွားတဲ့ နေ့ကို ငါ တစ်ခါတည်းအပြတ်ရှင်းပြီး ထွက်လာခဲ့တာ ဘယ်လိုမှ ဖမ်းမမိနိုင်ခဲ့ဘူး. . အဲဒါ ဟောသည်အဆောင်ကြောင့်ကွ. . "

ဖိုးကင်းသည် ဘီလူးရုပ်လေးကို ယုံကြည်စွာဖြင့် ကိုင်ပြီး ပြောလိုက်သည်။

ထိုအခါ သစ်ပင်တစ်ပင်ကို မှီပြီးထိုင်နေသော **တေဇော**က . .

"ကဲပါကွာ. . မင်းရဲ့အဆောင်ကြောင့်ဆိုတာ မင်းရဲ့အယူအဆကို ငါတို့က မဝေဖန်လိုပါဘူး . . အခု ငါတို့ရဲ့အခြေအနေက ဝရမ်းပြေးဘဝကို ရောက်နေကြပြီ . . ရဲတွေရဲ့လက်ထဲကို မရောက်အောင်ပြေးနေရတယ်. .





သည်မှာ မိုးမှောင် . . ငါတို့ဟာ တွေ့ရာလူစိမ်းတွေနဲ့လျှောက်ပြီး ရန်ဖြစ်ဖို့ ၊ မတ်သတ်ဖို့ မလိုဘူးကွ . . ငါတို့အထဲက တစ်ယောက်ယောက်ကို မှတ်မိသွားပြီး ရဲ လက်ထောက်ချလိုက်ရင် ခက်ကုန်မယ်. . မီးခိုးကြွက်လျှောက် လိုက်လာကြမှာ ပြေးရတဲ့နယ်မြေက ပိုပြီးကျဉ်းလာမယ်. . "

"သည်မှာ တေဇော. . ငါကလည်း မင်းထင်သလို မဆင်မချင်လုပ်နေတာ မဟုတ်ပါဘူးကွ. . ငါကိုယ်တိုင်က ဓားပြထွက်ပြီးတိုက်ရင်တိုက် ၊ အဲသလိုမှ မတိုက်ရရင် နည်းနည်းပါးပါးလေးတော့ လုယက်လိုက်မှ အာသာပြေတဲ့ကောင်ကွ . . . မင်းပြောတဲ့ အန္တရာယ်တွေကိုလည်း ငါ မသိတာမှမဟုတ်ပဲ. . မိုးမှောင်ဟာ မိုးမှောင်ကျလာပြီဆိုရင် ဘယ်လိုမှ နေလို့မရတော့ဘူးဆိုတာ မင်းလည်း သိသားနဲ့. . . "

"အေး . . ဘာပဲဖြစ်ဖြစ်ပေါ့ကွာ. . သတိထားတာ အကောင်းဆုံးပဲ . . . ငါက ဘဝမှာ လူလာဖြစ်တည်းက ကံမကောင်းခဲ့တဲ့သူ . . ငါ့ကိုမွေးပြီးမကြာဘူး အမေသေတယ်. . အိမ်ကို ဓားပြအတိုက်ခံရပြီး ငါ့ အဖေလည်း ဓားပြတွေရဲ့ လက်ချက်နဲ့သေတယ်. . မကြာဘူး . . အိမ်ပါ မီးလောင်သွားတယ်

ငါ့အစ်ကိုနဲ့ အစ်မတွေက ငါ့ကို ခိုက်တဲ့ စနေသားဆိုပြီး မမွေးကြဘူး . . သူများကို ပေးပစ်ကြတယ်တဲ့ . . ငါ့ဆွေစားမျိုးဘာတွေလည်း ဥပစ္ဆေဒကံနဲ့ သဘော်မှောက်ပြီး ကွယ်လွန်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြပြန်ရော..

တေဇောခတ်လို ပူလောင်တဲ့သူဆိုပြီး ငါ့ကို တေဇောရယ်လို့ လူတွေက အမည်ပေးခဲ့ကြတယ်..

ငါ ၁၄ နှစ်သားမှာ ငါ့ကိုမွေးစားတဲ့ ဆရာမှတ်ာလည်း ကျောင်းပေါ်က မတော်တဆလိမ့်ကျပြီး ပျံလွန်တော်မူသွားခဲ့တယ်..".

"မင်း အဲသည်နောက်ကြောင်းတွေကို ဘာဖြစ်လို့ ပြန်ပြီးပြောနေရတာလည်း တေဇော.."

"ဖိုးကင်း . . ငါ့လောက် ဘဝနာခဲ့တဲ့သူ ရှိမလားကွ. . ငါ့ကြောင့် လူတွေသေခဲ့ကြရ ၊ ပစ္စည်းဥစ္စာတွေဆုံးရှုံးကြရနဲ့ ဘယ်လောက် ဒုက္ခရောက်ကုန်ကြသလဲ .. ဘဝဒဏ်ဘယ်လောက်ပြင်းခဲ့တာကို မေ့ပစ်လို့ရမတဲ့လားကွ.."

"ငါက မင်း စိတ်သက်သာရအောင် ပြောတာပါကွာ.. မတော်တဆမှုတွေဖြစ်ခဲ့တိုင်းမှာ မင်းကြောင့်လို့ ထင်နေတာကိုး.. စနေသားမို့ ခိုက်တယ် ဘာညာဆိုတာ အစွဲအလမ်းကြီးပြီး ခပ်ကြောင်ကြောင်လူတွေရဲ့ အယူအဆပါကွာ... လောကမှာ စနေသားတွေ ထွန်းကားနေကြတာ တစ်ပုံကြီး.."

"အေး.. မထွန်းကားပဲ ဘဝရဲ့ ပေလျက် ပစ်ထားခြင်းခံရတဲ့သူ စနေသားတွေထဲမှာ ငါ ပါတယ်..ငါနဲ့ ပတ်သက်တဲ့ သူမှန်သမျှ ဆိုးကျိုးတွေကို ခံစားသွားခဲ့ရတာချည်းပဲ.. မင်းတို့





လည်း သတိထားပြီးနေကြ.."

"မဆိုင်လိုက်တာ တေဇောရာ.. မင်း အဲသလို အယူမသည်းစမ်းပါနဲ့ကွာ... မင်းနဲ့ငါတို့နှစ်ယောက်ပေါင်းလို့ ဘာမှမဖြစ်ဘူး ... အေး .. ငါတို့သုံးယောက်ဟာ ရှင်ဖော်ရှင်ဖက်တွေဖြစ်သလို သေဖော်သေဖက်တွေလည်း ဖြစ်ကြတယ်.. ငါပြောတာကို မင်းခေါင်းထဲမှာ ထည့်ထား..ကြားလား"

ဖိုးကင်းသည် တေဇော၏ခေါင်းမှ ဆံပင်ကို ဖွပစ်ကာ ပြောလိုက်သည်။တေဇော၏ အားနည်းချက်ကိုသိ၍ အမြဲတန်းသတိပေးနေရသည်။ သူ တေဇောကို သံယောဇဉ်ရှိသည်။

တစ်ကယ်တော့ သူတို့သုံးယောက်သည် ဝရမ်းပြေးများသာ ဖြစ်ကြသည်။ လက်မရွံ့သမား လူမိုက်များသာဖြစ်ကြသည်။ တရားဥပဒေကို ကျော်ခိုင်းကာ ဒုစရိုက်နွံထဲ တစ်စထက်တစ်စ တိုးပြီးနစ်မြုပ်နေကြသူများပင်။

တေဇောသည် သူ့ဘဝတောက်လျှောက် မကောင်းခဲ့သည်ကို မထူးဇာတ်ခင်းကာ ပေတေနေခဲ့ရာမှ ယခုလို လူဆိုးလူမိုက်ဘဝကို ရောက်လာခဲ့ရခြင်းပင်ဖြစ်သည်။

သူတို့သုံးယောက်စလုံး တောတွင်းတစ်နေရာမှာ ရှိနေကြသည်။ဆင်ဂူတောကြီးနှင့် တစ်ဆက်တည်း တစ်စပ်တည်းရှိနေသော တောပင်ဖြစ်သည်။

"မင်းနဲ့တွေ့ခဲ့တဲ့ သူက တော်တော့်ကို သတ္တိကောင်းတယ်လို့ ဆိုရမယ်.. ကိုယ်ခံပညာလည်း ကောင်းကောင်းတတ်



www.burmeseclassic.com

www.burmeseclassic.com



ပုံရတယ်. . ၊ဝင်းသည်ကို ပြန်ရောက်လာနိုင်တာ ကံကောင်းတယ်လို့ မှတ်ရမယ်. . ”

ဖိုးကင်းက ပြောလိုက်သည်။

“အေး . . ဟုတ်တယ်. . ငါ့ကို ဆော်ထည့်လိုက်တာ အသက်ရှူမှားမတတ် ခံလိုက်ရတယ်. . သတ္တိကတော့ ကောင်းတယ်ဟေ့. . ဘယ်သူ့ကိုမှလည်း မကြောက်ဘူး”

“အေး . . လောကမှာ ကိုယ့်ထက်သာတဲ့လူတွေလည်း ရှိကြသေးတယ်ဆိုတာ သိရတာပေါ့ကွာ. . ဒါပေမယ့် ခုချိန်ခါမှာ ဘယ်သူနဲ့မှ အချင်းမများစေနဲ့ . . . တစ်ယောက်စအစဆိုသလို ငါတို့ ဘယ်မှာရှိတယ်ဆိုတာ ခြေရာကောက်လို့ရသွားနိုင်တယ်ကွ. . ”

ဖိုးကင်းက ထပ်ပြီးသတိပေးလိုက်သည်။ သူ့လက်ကတော့ လည်ပင်းမှာဆွဲထားသည့် အဆောင်လက်ဖွဲ့လေးကို လက်ညှိုးလက်မဖြင့် ညှပ်ကာ ပွတ်နေသည်။

× × × × × × × ×

ကံရာဇာသည် ထောင်ကဲကြီး၏ဆိုင်မှာပင် တည်းခိုလျှက်ရှိသည်။ သူ့ကိုယ်သူ ကုန်သည်တစ်ဦးဟု ပြောထားသည်။

“ဟို. . မိုက်တိမိုက်ကန်းနဲ့လူက သည်ဆိုင်ကို လာနေ





ကျလား. . ”

“ဒါပါဆို သုံးခါရှိပါပြီ ဆရာကီး. . သည်နယ်မှာ တစ်ခါမှလည်း မမြင်ဖူးဘူး . . သူလာတိုင်း ခြိမ်းခြောက်ပြီး အရက်နဲ့အစားအစာတွေ တောင်းတော့တာပဲ. . ကျွန်တော်လည်း ကြောက်ကြောက်နဲ့ပေးနေရတာ. . ဆရာကီးရောက်လာမှပဲ ခွဲကပြတ်တော့တယ်. . ”

“သူတစ်ယောက်တည်းပဲ လာတတ်သလား”

“သူပဲ လာတယ်ဆရာကီး . . တစ်ယောက်တည်းပဲ ”

ကံရာဇာသည် ခေါင်းတညိတ်ညိတ်ဖြင့်ရှိနေသည်။ သူမေးလိုက်သည့် စကား၏အဓိပ္ပါယ်ကို သူတစ်ယောက်တည်းပဲ သိသည်။

ဤဆိုင်မှာ သူ့နာမည်ကို သီဟ ဟုနာမည်ပေးထားသည်။

မိုးမှောင်. . မိုးမှောင် . . တော်တော်မိုက်မဲတဲ့ကောင်ပဲ သည်နေရာဟာ တရားဥပဒေနဲ့ လက်လှမ်းဝေးနေပြီလို့ ထင်နေတယ်. . သူ့နာမည်ပြောပြီး ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ ပုံမျိုးနဲ့ ထင်ရာစိုင်းနေတယ်. .

ဖိုးကင်းနဲ့ တေဇောလည်း မိုးမှောင်နဲ့အတူတူ ရှိနေကြတာပဲ. . သင်းတို့နောက်ကို ခြေရာခံပြီး လိုက်ဖို့ပဲကြံတော့တယ် . . . ခဲသုံးယောက် ချုပေါက်ပြီး မြက်စားဖို့ပဲကြံတော့တယ်. . သင်းတို့ ကံရာဇာရဲ့ လက်ထဲက ပြေးမလွတ်ပါဘူးကွာ. .



www.burmeseclassic.com

www.burmeseclassic.com



တံရာဇာသည် လက်မရွံ့သားသုံးယောက်ကို အမိဖမ်းနိုင်ဖို့အတွက် အကွက်ချကာ စီစဉ်လျှက်ရှိသည်။

* * * * *





## အခန်း (၅)

လန်ဘားသည် သေဘေးက လွတ်မြောက်လာခဲ့ပြီး ဆင်ဂူတောကြီးမှ ပိန်ချင်းရွာကို အရောက်ပြန်လာခဲ့သည်။သူသည် တွင်းကြီးထဲမှာ တစ်နေ့နှင့်တစ်ညနေခဲ့ရ၍ ပင်ပန်းနွမ်းယ်ကာ အားအင်များ ကုန်ခမ်းသွားခဲ့ရသည်။

တောလိုက်ထွက်သွားသော မုဆိုးလန်ဘားတစ်ယောက် ပြန်ရောက်မလာခဲ့၍ မိသားစုက စိတ်ပူလျှက်ရှိကြသည်။ ရွာမှ လူစုပြီး လန်ဘားကိုတောနင်းရှာရန် စီစဉ်နေကြဆဲမှာပင် လန်ဘားသည် ပြန်ရောက်လာခဲ့သည်။

"ဟာ. . ဟိုမှာ လန်ဘားမဟုတ်လား. . "

ရွာသားတစ်ယောက်က တောစပ်မှ ဒယီးဒယိုင်ဖြင့် ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာသောလူတစ်ယောက်ကို လက်ညှိုးထိုးကာ ပြလိုက်သည်။

"ဟုတ်တယ်. . လန်ဘားမှ လန်ဘားအစစ်ပဲ. . ဒီလူ
လမ်းလျှောက်လာပုံက ချိနဲ့နဲ့. , နဲ့ တောထဲမှာ ဘယ်လိုများ
ဖြစ်လာခဲ့သလဲမသိဘူး . ."

ရွာသားများသည် လန်ဘားဆီကို ပြေးသွားခဲ့ကြသည်
ထို့နောက် လဲပြိုကျတော့မလိုဖြစ်နေသော လန်ဘားကို လက်နှ
ဖေးမထားလိုက်ကြသည်။ရွာလူကြီးက . .

"လန်ဘား . . မင်းကို ငါတို့က အခုပဲ တောထဲသွားရှ
တော့မလို့ကွ. . မင်းကိုကြည့်ရတာ တစ်ခုခုဖြစ်လာတယ်ထ
တယ်. . ဘယ်လို အန္တရာယ်များ ကြုံတွေ့လာခဲ့ရသလဲ. . င
တို့ကို ပြောပြစမ်းပါဦးကွ. ."

"ဟုတ် . . ဟုတ်တယ်. . ကျွန်တော် ဒုက္ခတွေ့လာခဲ့တ
တော့ အမှန်ပါပဲ . . အိမ် . . အိမ်ကျမှ ပြောပြပါ့မယ်. ."

"အေး. . အေး. . လာ. . လာ မင်းကိုကွာ ငါတို့က စိ
ပူလိုက်ကြရတာ. ."

လန်ဘားကို ဖေးမပြီးခေါ်သွားခဲ့ကြသည်။

× × × × × × × ×



လန်ဘားသည် စိတ်ဝင်တစားဖြင့်ရှိနေကြသော ရွာသူရွာ
သားများကို မြွေဟောက်ကြီးနှင့်ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်
များကို ပြောပြလိုက်သည်။လန်ဘားပြောပြနေစဉ်မှာပင် လူတွေ
အသက်မရှူနိုင်စတမ်း နားထောင်လျက်ရှိကြသည်။စိတ်ဝင်
စားနေကြသည်။ စကားဆုံးသောအခါ ဟင်းကနဲဆိုသက်ပြင်းချ
သံများက ထွက်ပေါ်လာခဲ့ကြသည်။

"သည်မြွေကြီးအကြောင်းကို ကန့်ပလူရွာနဲ့ မြင်းလှတုန်း
ရွာကလူတွေ ပြောပြောနေကြတာ မကြာခဏပြောနေခဲ့ကြတယ်
ငါတို့က ယုံတယ်လည်းမဟုတ်ဘူး. . မယုံဘူးလည်းမဟုတ်ဘူး
အမှုံ့အမှတ်မဲ့နေခဲ့ကြတာကွ. . လက်စသတ်တော့. . မင်းက
မြွေကြီးနဲ့မှ ပက်ပင်းတိုးခဲ့တာကိုးကွ. . ကျွတ်. . ကျွတ်. ."

ရွာလူကြီး ဦးတိုး ကစုပ်သပ်ပြီးပြောလိုက်လေ၏။

"မြွေကသူတော်ကောင်းမြွေကြီးပဲကွ. . မင်းရဲ့အသက်ကို
ချမ်းသာပေးတယ်လိုက်တာပဲ. . ဒီလိုမြွေမျိုးရှိတယ်ဆိုတာ ငါတို့တော့
တစ်ခါမှ မကြားဖူးသေးပါဘူးကွာ။"

တစ်ချို့ကလည်းလန်ဘား၏စကားကို မယုံကြည်ကြ. . မ
ဟုတ်မဟတ်စကားတွေဖြင့် လိမ်ညာပြီး ဇာတ်ကြောင်းပြန်သည်
ဟု ယူဆကြသည်။တောထဲရောက် တောမှောက်ကာ ထင်ရာမြင်
ရာတွေနှင့် လျှောက်ပြီးပြောနေသည်ဟုပင်. .

ယုံကြည်ကြသူတွေလည်းရှိကြသည်။ မည်သို့ပင်ဆိုစေ
လန်ဘားရွာကိုချောမောစွာ ပြန်ရောက်လာခဲ့သည့်အတွက် ဇနီး

www.burmeseclassic.com

www.burmeseclassic.com



သားသမီးများရော ရွာသူရွာသားများပါ စိတ်အေးသွားခဲ့ကြရသည်။

× × × × × × × ×

ကံရာဇာသည် . . . မိုက်ခဲစရမ်းပြေးသုံးယောက်၏နောက်ကို ခြေရာခံပြီးလိုက်ခဲ့သည်မှာ တစ်ယောက်ကိုတော့ ပက်ပင်းတိုးမိခဲ့လေပြီ။

ဖိုးကင်းနှင့်တေဇောတို့ ကျန်သေးသည်။မိုးမှောင်ကို ဖမ်းလိုက်လျှင် ကျန်နှစ်ယောက်ပါခြေရာပျောက်သွားနိုင်သည်။

သူတို့ဒီနားတစ်ဝိုက်မှာပဲ ရှိနေကြရမည်။ခြေရာတွေ့မှတော့ သုံးယောက်စလုံးကိုတွေ့နိုင်ဖို့အတွက်ကတော့ မခဲယဉ်းတော့ပြီ။

ယခုကံရာဇာသည် စားသောက်ဆိုင်ထဲမှာပဲရှိနေသေးသည်။ခရီးသွားတစ်ချို့က ဆိုင်ဘဲမှာစားသောက်နေကြသည်။သူတို့သည် လမ်းခရီးအတွေ့အကြုံ၊ ဒေသန္တရအတွေ့အကြုံများကို ပြောနေကြသည်။ ဘုရားဖူးတွေပဲဖြစ်လိမ့်မည်။

ပေါက်ဖော်ကြီးနှင့် တစ်ဦးတည်းသောစားပွဲထိုးလေးဖိုးခွေး တို့အလုပ်ရှုပ်နေကြစဉ် ကံရာဇာလစ်ထွက်လာခဲ့သည်။ပေါက်ဖော်ကြီးတို့မသိအောင် ထွက်လာခဲ့ရခြင်းမှာ အကြောင်းရှိ





သည်။သိလျှင်စပ်စုနေဦးမှာ စိုးသောကြောင့်ပင် . . ။

ကံရာဇာထွက်လာသော လမ်းကြောင်းသည် မိုးမှောင်ပေါက်ဖော်ကြီးဆီကို လာတတ်ပြန်တတ်သည့်လမ်းပဲဖြစ်သည်။ခြေလှမ်းသွက်သွက်နှင့် နာရီဝက်ခန့်လျှောက်လာသောအခါ ရေဆိပ်ကို ရောက်လာခဲ့သည်။

"ဆရာ . . မော်တော်ငှားချင်လို့လား . ."

မော်တော်တစ်စီးကို တွေ့လိုက်ရသည်။မော်တော်သမားက သူ့ကိုလှမ်းပြီးမေးလိုက်သည်။အသက်သုံးဆယ်ပတ်ဝန်းကျင်လောက်ပဲ ရှိဦးမည်။

"ဟုတ်တယ် . . ကျွန်ုပ်က တောသဘာဝကိုလေ့လာချင်တဲ့သူဆိုတော့ စိမ်းစိမ်းစိုစိုလေးတွေကို ဝါသနာပါတယ် . . ဘယ်နေရာကို သွားရင်ကောင်းမလဲ . ."

"ဆရာက အနုပညာသမားထင်တယ် . . ဒါဆိုရင်လည်း ဆင်ဂူတောဘက်ကို သွားပေါ့ဗျာ . . အဲဒီဘက်မှာ ရှုခင်းတွေလည်း သာယာတယ် . . ကျေးရွာတစ်ချို့လည်းရှိတယ် . ."

"ဆင်ဂူတောဟုတ်လား . ."

"ဟုတ်တယ်ဆရာ . . ထူးခြားမှုတွေရှိတဲ့တောပဲ . ."

"ဘယ်လိုထူးခြားမှုတွေရှိတာလဲဗျ . ."

"အဲဒီတောကြီးထဲမှာ ကျောက်ဂူကြီးတစ်ဂူရှိတယ်တဲ့ . . ကျောက်ဂူကြီးထဲမှာ ကျောက်ဖြူသားဆင်ရုပ်ကြီးတစ်ကောင်ရှိတယ်တဲ့ . . ကျောက်ဖြူသားဆင်ရုပ်ကြီးဟာ လပြည့်နေ့တိုင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ဂူထဲကထွက်လာပြီး သက်ရှိဆင်တစ်ကောင်အဖြစ် ပြောင်းလဲသွားခဲ့တယ်. . တောထဲလျှောက်သွားနေတဲ့ ဟိုးခေတ်အခါက ပြောလာခဲ့ကြတဲ့ ဒဏ္ဍာရီလိုလို၊ ပုံပြင်လိုလိုစကားတွေပေါ့ ဆရာရယ်. . ခုကာလမှာတော့ ဒီကျောက်ဆင်ဂူကြီးကို ဘယ်သူမှ မတွေ့ဘူး၊ မမြင်ဘူးသလောက်ပါပဲလေ. . ”

“ဩော်. . ဟုတ်လား. . တော်တော်ထူးဆန်းတာပဲနော် ဒါ ဗဟုသုတပဲဗျ. . ဒါနဲ့. . အဲဒီဆင်ဂူတောဟာ တော်တော်နက်သလားဗျ. . ”

ကံရာဇာက လှေပေါ်ကိုတက်ရင်းမေးလိုက်သည်။ ကူးတို့ သမားက တက်ကိုကိုင်ကာ ရေစပ်မှာထောက်ပြီး တွန်းလိုက သည်။လှေသည် ကမ်းစပ်မှခွာထွက်သွားသည်။ ထို့နောက် ခတ်တက်ဖြင့် စတင်ကာလှော်ခတ်လေတော့၏။

“တောကနက်တယ်ဗျ. . ။ဆင်ဂူတောနဲ့တစ်ဆက်တည်း တစ်စပ်တည်း တောအုပ်ကြီးတစ်ခုကလည်း ရှိသေးတယ်လေ. သစ်ဝါးကလည်းပေါများလှလေတော့. . ကန့်ပလူ၊ မြင်းလှစာန်း ပိန်ချင်းရွာ ကလူတွေအတွက် ပိုပြီးတော့အဆင်ပြေသွားတာပေါ့ဗျာ. . ”

တောနက်လျှင်မိုက်ခဲသုံးယောက်တို့ ပုန်းအောင်းကာနေထိုင်ကြလိမ့်မည်ဟု တွေးမိသောကြောင့် ရည်ရွယ်ချက်တစ်ခုဖြင့် မေးလိုက်ခြင်းပင်. . ။

“ကျွန်တော့်နာမည်လည်း မှတ်ထားပါ. . ပန်းမောင်တဲ့





နောင်ဆရာတို့လိုအပ်လို့ရှိရင်လည်း ခေါ်နိုင်ပါတယ်”

“ကောင်းပါပြီဗျာ. . အခုလိုသိကျွမ်းရတာ ဝမ်းသာပါတယ် ကိုပန်းမောင်. . ”

လှေသည် ရေလယ်ခေါင်ကိုရောက်လာခဲ့သည်။ပန်းမောင်ကတော့ လှေကိုဖြည်းဖြည်းနှင့်မှန်မှန် လှော်ခတ်နေသည်။

“ဒါနဲ့ကျွန်တော့်လိုပဲဒီဘက်ကိုလာပြီး လှေလာတတ်တဲ့လူတွေရှိကြသလား. . ကိုပန်းမောင်. . ”

“ဒီလိုဆရာတို့လို သက်သက်လှေလာကြတဲ့သူတွေတော့ မရှိကြပါဘူး. . အဲ. . အခုတလောမှာ လူတစ်ယောက်ကတော့ ဟိုဘက်ကမ်းကနေပြီး ဒီဘက်ကမ်းကိုမကြာခဏ လာတတ်တယ်ဗျ. . ”

ကံရာဇာကစိတ်ဝင်စားသည့်ဟန်ဖြင့် မေးမယ်ပြုပြီးမှ မေးဖြစ်တော့. . သူမမေးပေမယ့် ပန်းမောင်ကဆက်ပြောသည်

“ဒီလူက လူစိမ်းတစ်ယောက်ပဲဗျ. . ကျွန်တော်တို့နယ်ဘက်ကတော့ ဟုတ်ဟန်မတူဘူး. . ဘာကြောင့်လည်းမသိဘူး ဒီလူကိုသိပ်သဘောမကျချင်ဘူးဗျာ. . ”

“ဘာကြောင့်လည်းဗျာ. . ”

“သူ့မျက်နှာကိုကြည့်ရတာ ကြံစည်မှုတစ်ခုခုရှိနေသလိုပဲ ဆောင်းတဲ့ဘက်ကတော့မဟုတ်ဘူးထင်တယ်. . ကျွန်တော့်ကတို့ လှေကိုတစ်ခါတစ်လေစီးတယ်. . ကျွန်တော်နဲ့မကြုံရင် တခြား လှေသူကြုံနဲ့ပါလာတတ်တယ်ဗျ. . ”



www.burmeseclassic.com

www.burmeseclassic.com



မိုးမှောင်ကိုရည်ရွယ်ပြီး ပြောဟန်တူသည်။

"အေးဗျာ. . လူပေါင်းစုံကတော့ ရှိကြတာပဲလေ. . အာ လိုက်အထိုက်ကတော့ ဆက်ဆံရမှာပေါ့. . ဟုတ်ဖူးလား. ."

"ဟုတ်တော့ဟုတ်ပါတယ်. . ဒါပေမယ့်. . လူပေါင်း စုံထဲမှာ ဒီလူက မနှစ်သက်စရာကောင်းတဲ့ အပြုအမူမျိုးတွေရှိ တယ်လို့ ထင်မိလို့ပါ. ."

"ကိုပန်းမောင်ကို တစ်ခုတော့မှာချင်တယ်. ."

"ဘာများလဲဆရာ. ."

"ဩော်. . ဒီလိုပါလေ. . ကျွန်တော်က ဒေသန္တရ၊ ဘာသန္တရ ကိစ္စတွေအတွက် နယ်စုံကိုလိုက်ပြီးလေ့လာနေတဲ့သူ တွေဆိုတော့ လျှို့ဝှက်ချက်ကတော့ထားရတယ်လေ. . အနု ပညာကိစ္စပေါ့ဗျာ. . အဲဒီတော့ ကျွန်တော်ဒီဘက်မှာ သွားလာ တာကို ဘယ်သူမှမသိစေချင်လို့ပါ. ."

"ဟာ. . ဆရာ. . ဒါကတော့ လျှို့ဝှက်ထားရမှာပေါ့. . ဆရာက စာရေးဆရာမဟုတ်လား. . ကိုယ်ရေးမယ့်လျှို့ဝှက်စာ တွေ အကြောင်းအရာတွေကို သူများတွေသိသွားလို့ ဘယ်ဖြစ် မှာလဲ."

မကြာမီ လှေကတစ်ဖက်ကမ်းကို ရောက်သွားသည်။

"ကဲ. . ရောက်ပြီဆရာ. . ကျွန်တော်ညနေကျ ဆရာ့ကို လာစောင့်နေရဦးမှာလား. ."

ကံရာဇာက ကုတ်ချီခကို မှန်းထားတာထက် ပိုပေးလိုက်





သည်။

"ပြန်. . .မဲ့တော့ . . အဲ. . ညနေကျရင်လာစောင့်နေ ပေါ့ဗျာ. ."

"မကောင်းပါဘူး . . ခရီးသည်မှုပါလဲ ကျွန်တော်ဆရာ့ အကွက် . . .တကာလာခေ. . .မယ်. ."

တိုစဉ် မိန်းခလေးနှစ်ယော. .နှင့် ယောက်ျားနှစ်ယောက် တရောက်လာကြသည်။ကူကို့လှေ. . .ကြမည့်သူများပင် ဖြစ်ကြ သည်။ ပန်းမောင် ဝမ်းသာသွားသည်။ သူ့အတွက် အပြန်ခရီး ခလည်း ရဦးမည်မဟုတ်ပါလား။

"သွားမယ်ဆရာ. . ဩော်. . ဒီနေရာကို လေးနာရီထက် နောက်မကျပဲ လာစေချင်တယ် ဆရာ. ."

"ကျွန်တော် ကြိုးစားပြီးလာခဲ့ပါ့မယ်. ."

ပန်းမောင်သည် လှေကိုလှော်ကာ ပြန်ထွက်သွားခဲ့လေ ၏။ သူ့ခမျာ နားချိန်ပင်မရလိုက်။ ချက်ချင်းလိုလိုပင် ပြန်ထွက် သွားရသည်။

ကံရာဇာသည် ကမ်းစပ်မှနေ၍ တဖြည်းဖြည်းနှင့် လျှောက် လာခဲ့သည်။ ခပ်လှမ်းလှမ်းမှာ စိမ်းညို့နေသော ရွာတန်းကို မြင်တွေ့လိုက်ရသည်။သူသည် သက်ပြင်းတစ်ချက်ကို မသိမသာ ချမိလိုက်လေ၏။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ရွာထဲမှ သက်ကြီးရွယ်အိုတစ်ဦးက တောင်းတစ်တောင်းကို ထမ်းပြီးထွက်လာခဲ့သည်။ ခရီးသည်များ နားနေသော ဇရပ်ပေါ်မှာ ထိုင်နေသော ကံရာဇာက. . .

"သည်ရွာဟာ ဘာရွာလို့ခေါ်သလဲအဘ. ."

"ဟေ. . ကန့်ပလူရွာလေ. . ငါက သည်ရွာသားပဲ. . မင်းကဧည့်သည်လား. . ။"

အဖိုးအိုသည် ကံရာဇာကို မသက်သာသောမျက်လုံးဖြင့် ကြည့်ပြီးမေးလိုက်သည်။

"ဟုတ်ပါတယ်. . ကျွန်တော်ကဧည့်သည်ပါ။ သည်ဘက်ကိုမရောက်ဖူးလို့ လာလေ့လာတာပါ. ."





"ဒါဆို မင်းအသိမရှိဘူးပေါ့. ."

"မရှိပါဘူး . . ကျွန်တော် တောပစ်ချင်လို့ တောကောင်းကောင်း ဘယ်မှာရှိသလဲ. ."

"ဟောဟိုက. . စိမ်းညို့နေတဲ့ တောတန်းဟာ အမိကရိ တောကြီးပေါ့. . ဆင်နဲ့ကျားကလွဲလို့ တောတိရစ္ဆာန်တွေ တော်တော်များများရှိတယ်. . ဒါနဲ့မင်းက တောပစ်ဖို့လာတယ်ဆိုပြီး ဘာလက်နက်မှလည်းပါမလာပါလား. ."

"အခြေအနေလာကြည့်တာပါ. . တစ်ကယ်အလုပ်ဖြစ်တော့မှ လက်နက်ယူပြီးပြန်လာခဲ့မှာပေါ့. . ."

"အေးအေး. . တောထဲဝင်ရင်လည်း သတိဝီရိယနဲ့ဝင် ကျားသစ်ကလွဲပြီး အန္တရာယ်ပြုနိုင်လောက်တဲ့ သတ္တဝါကတော့ မရှိပါဘူး . . ဒါပေမယ့် တောကကြမ်းတယ် . . အမှားမခံဘူး"

အဖိုးအိုသည် ကံရာဇာကို တစ်ချက်အကဲခတ်လိုက်ပြန်ပြီး ထိုနေရာမှ ထွက်သွားခဲ့လေသည်။

ကံရာဇာသည် ဇရပ်ပေါ်မှဆင်းကာ တာလမ်းမကြီးပေါ်မှ ဖယ်ကျဉ်ပြီး တောတန်းရှိရာကို လျှောက်လာခဲ့သည်။ ခြေလှမ်းခပ်သွက်သွက်နှင့် လယ်ကွက်များပေါ်မှ လျှောက်လာခဲ့ရာ နံနက်ခင်းကာလမို့နေသိပ်မပူသေး၊ လမ်းလျှောက်ရသက်သာသည်၊ လေးဆယ့်ငါးမိနစ်ခန့်ပဲ လျှောက်လိုက်ရသည်၊ တောအုပ်ဆီကို ခြေချမိလေပြီ။

ပတ်ဝန်းကျင်တွင် မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့



www.burmeseclassic.com

www.burmeseclassic.com



ရုံချေ၊ ကံရာဇာသည် တောထဲကိုဝင်လာခဲ့သည်။

သစ်ရိပ်ဝါးရိပ်အောက်ကို ရောက်သွားခဲ့ရသည်။ စိမ့်ကာနဲ့ အေးသွားသည်။ အမောလည်းပြေသွားသည်။

သည်တောထဲမှာ မိုက်ခဲသုံးယောက်တို့ ခိုအောင်းနေမည်လားဆိုတာ် သူအသေအချာစုံစမ်းရပေမည်။ ကုတို့သမား ပန်းမောင်၏ပြောစကားအရဆိုလျှင် မိုးမှောင်သည် သည်ဘက်ကမ်းကနေ တစ်ဖက်ကမ်းကို ကူးသွားတတ်သည်ဟုဆို၏။

ထို့ကြောင့် မိုက်ခဲသုံးယော့က်သည် သည်တောထဲမှာ ရှိဖို့များသည်။သည်လူသုံးယောက်၏ အသွားအလာကို မည်သူတွေကမှ မမြင်ကြတော့ဘူးတဲ့လား။ပုန်းအောင်းနေကြသူတွေက ဘဲပိရိကြလို့လား မပြောတတ်။

မိုးမှောင်၊ဖိုးကင်းနှင့်ဖောဇော နာမည်ကြီးလူဆိုး၊ဝရမ်းပြေးသုံးယောက်ကို လက်ရဖမ်းဖို့အတွက် ကံရာဇာသတိထားရပေမည်။

ကံရာဇာသည် ဂျာကင်အပါးစားကို ဝတ်ထားပြီး ဂျာကင်အတွင်း ချိုင်းအောက်နား သေနတ်က အဆင်သင့်ရှိနေသည်။

သေနတ်အားကိုးကြောင့်မဟုတ် မိမိကိုယ်ကိုသာ ယုံကြည်မှုအပြည့်ရှိနေသည်။သူ့စိတ်ထဲမှာ မိုက်ခဲသုံးယောက်သည် ဤတောထဲမှာ ပုန်းအောင်းနေလိမ့်မည်ဟု အလိုလိုသိနေသည်။

"အူးကူး . . အူးကူး"





မျောက်အချို့က သစ်ပင်အမြင့်ကြီးတွေပေါ်မှာ အော်မြည်ပြီးပြေးလွှားနေကြသည်။လူစိမ်းတစ်ယောက် တောထဲကိုရောက်လာလျှင် ပင်ယံထက်မှာ ယောက်ယက်ခတ်သွားခဲ့ကြခြင်းပင်ဖြစ်သည်။

ထင်းခုတ်သူ၊ ထင်းခွေသူ၊ အခြားသောအကြောင်းများကြောင့်ဖြင့်သွားလာကြသူ တစ်ဦးတစ်လေကိုသော်မှ မတွေ့ရ

၊

|တောကြမ်းသည်ဆိုပေမင့် တချို့ထင်းခုတ်သမားများ၊ အမဲလိုက်မုဆိုးများက သူတို့ယုံကြည်ရာ ၊ တောစောင့်နတ် ၊ တောင်စောင့်နတ် ၊ ရုက္ခစိုး အစရှိသည့် ပုဂ္ဂိုလ်များကို ပူဇော်ပသပြီး တောထဲဝင်ရောက်တတ်ကြပါသည်။

သို့သော် ကြောက်တတ်ကြသူတွေကများ၍ တောကိုအသုံးပြုသော သူများနည်းပါးနေရခြင်းဖြစ်ပါသည်။ မျောက်များသည်လည်း ပစ်ခတ်ကြသူများမရှိကြသလောက် ဤမျှပေါများနေရခြင်းပင်ဖြစ်သည်။တောကြီးသည် လွန်စွာမှကျယ်ဝန်းပြီး တစ်ဖက်ခြမ်းနှင့် တစ်ဖက်ခြမ်းမတူညီကြပါ။ ယခု ကံရာဇာရောက်နေသောအခြမ်းသည် တောကြမ်းသည်။ နတ်ကြီးသည် ဟု အများက သတ်မှတ်ခြင်းခံရသော အခြမ်းပင်ဖြစ်သည်။

ထို့ပြင် ဆင်ဂူတောကြီးနှင့်လည်း တစ်ဆက်တည်း ရှိသည်။တစ်ကယ့်နေရာကိုမှ ကံရာဇာ ရောက်ရှိနေခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တောထဲကို စပြီးဝင်လာကတည်းက ဝင်လမ်းကို သစ်ပင်များမှာ ဓားဖြင့်ထစ်၍ အမှတ်အသားများပြုလုပ်လာခဲ့သည်။ လမ်းမမှားစေရန်ပင်။

မည်သို့သော အကြောင်းကြောင့်လည်းမသိ။ တစ်နေရာသို့ရောက်သောအခါ အာရုံဖမ်းစားခြင်းခံလိုက်ရသည်။ ခေါင်းထဲမှာ တွေဝေသွားသည်။ ကံရာဇာ သတိကြီးစွာထားမိလိုက်သည်။

သူ မြင်လိုက်ရသည်က ရှေးဟောင်းစေတီလေးတစ်ဆူပင်ဖြစ်သည်။ဉာဏ်တော် ၁၀ ပေခန့်ရှိကာ ထုံးသက်န်းများပင်ပျက်ပြယ်လျှက်ရှိနေလေပြီ။ သို့သော် ထီးတော်မှ ပျံ့လွင့်လာသော ဆည်းလည်းသံတချွင်ချွင်ကိုတော့ ကြားနေရသည်။

စေတီတော်သည် မုခ်လေးမုခ်ပါရှိပြီး မုခ်တိုင်းတွင် ခြသေ့ရုပ်တစ်ကောင်စီရှိလေသည်။ ခြသေ့ရုပ်ကြီးများသည် လွန်စွာမှ လက်ရာမြောက်ကာ အသက်ဝင်နေကြသလားဟုပင် ထင်ရသည်။

တစ်နေရာတွင် အံ့အားသင့်စရာတစ်ခုကို တွေ့လိုက်ရသည်။စေတီတော်ကို ဆွမ်း ၊ပန်း ၊ ဆီမီးနှင့် အမွှေးနံ့သာများ သောက်တော်ရေများ ကပ်လှူထားသည်။ လောလောဆယ် ကပ်လှူထားခြင်းဖြစ်ပြီး အလှူရှင်ကိုတော့ မတွေ့ရ။ ဤတောထဲမှာ စေတီတော်ကို ကျကျနန ကပ်လှူပူဇော်ထားသော အလှူရှင်သည် မည်သူလဲ . . ။





ကံရာဇာသည် ဟိုဟိုသည်သည် လိုက်လံရှာဖွေလျှက်ရှိသည်။ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တွင် မည်သူ့ကိုမှ မတွေ့ရ။

သို့သော် . . .

ကံရာဇာသည် အလိုလိုနေရင်း နောက်ကျောမလုံသလို ခံစားလိုက်ရသည်။ တစ်ဦးတစ်ယောက်က ကျောဘက်မှာ ရှိနေကာ သူ့ကိုအကဲခတ်နေသည်ဟု ထင်မိသည်။

ထို့ကြောင့် ရုတ်တရက်လှည့်ကြည့်လိုက်ရာ ထင်သည့်အတိုင်းပင် မိန်းခလေးတစ်ယောက်ကို မထင်မှတ်ပဲ တွေ့လိုက်သည်။အသက် ၁၈ နှစ်ခန့်သာရှိမည်ဖြစ်ပြီး နို့နှစ်လို ဖြူထွက်နေသော အသားအရည်မျိုးရှိသည်။ ခေါင်းမှာ စပယ်ပန်းကုံးကို ပန်ထားသည်။ဝတ်စားဆင်ယင်ပုံမှာ ခေတ်လည်းမဆန် ၊ ခေတ်နောက်လည်းမကျ။ မီးခိုးရောင် နောက်ခံတွင် အပြာနုရောင်ပန်းပွင့်လေးတွေပါသော အင်္ကျီလက်စကကို ဝတ်ဆင်ထားသည်။

အင်္ကျီက အနည်းငယ်ပါးလွှာသည်။အတွင်းမှ အတွင်းခံအင်္ကျီကိုပင် ရေးရေးမြင်နေရသည်။ ထဘီကတော့ အပြာရင့်ဆင်ပြောင်ထဘီကိုဝတ်ဆင်ထားသည်။ သူမ၏ အသားအရည်နှင့် လွန်စွာမှ လိုက်ဖက်သော အရောင်ကိုဝတ်ဆင်ထားသည်။ ကိုယ်ပဇ္ဇက အဆက်အပေါက်တို့မှာလည်း ကျော့ရှင်းပြေပြစ်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးခြားဆုံးမှာ ရှည်လျားနက်မှောင်သော ဆံကေသာ
များသည် ပခုံးထက်မှ ခါးအောက်ပိုင်းအထိ တင်သားများကို
ဖုံးလွှမ်းကာ ပြန့်ဝဲ၍ကျနေကြခြင်းပင်ဖြစ်သည်။ ဆံကေသာ နက်
များကြောင့် သူမ၏မျက်နှာကလေးသည် ပိုမိုဝင်းဝါ
ပေါ်လွင် လျှက်ရှိသည်။

သူမသည် ကံရာဇာကို စိုက်ကြည့်လျှက်ရှိသည်။ အကြည့်
သည် ညှို့ဓာတ်ပါသလို စူးစမ်းမှုလည်းရှိနေသည်။ ကံရာဇာသည်
သူမဆီကို လျှောက်သွားသည်။

“စေတီတော်ကို ဆွမ်း ၊ ပန်းတွေ ကပ်လှူထားတာ
သည်က ညီမလေးလား..”

ကံရာဇာ၏ သိမ်မွေ့သောစကားကြောင့် မိန်းခလေး
မျက်နှာလေးမှာ ပန်းနုရောင်သန်းသွားခဲ့ရပြီး ..

“ဟုတ်ပါတယ်.. ကျွန်မ ကပ်လှူထားတာပါ.. ဘာ
ဖြစ်လို့မေးတာလည်းဟင်..”

မိန်းခလေး၏ တုန့်ပြန်သံက လွင်သည် ၊ ဆွဲဆောင်
အပြည့်ရှိသည်။ ရင်းနှီးမှုရှိသည်။

“သြော်.. သည်လို နေရာမျိုးမှာ ဘုရားကို ဆွမ်း ၊ ပန်း
ကအစ ကျကျနန ကပ်လှူထားတဲ့ အလှူရှင်မျိုးရှိနေတာ
အံ့အားသင့်မိလို့ပါ .. သာဓုခေါ်ပါတယ်..”

မိန်းခလေးထံမှ နှစ်လိုဖွယ်ရာအပြုံးက ထွက်ပေါ်လာ
သည်။ပါးချိုင့်လေးနှစ်ခုက ထင်းကနဲဆိုဖြစ်သွားသည်။ထို ပါးချိုင့်





လေးများကြောင့် အလှသည်ပိုပြီးတော့ အသက်ဝင်သွားသည်။

“သြော်.. ကျွန်မက သည်စေတီတော်လေးဆီကို နေ့စဉ်
ခဲ့ဟုတ်တာတောင် သုံးရက်ခြားတစ်ခါလောက်တော့ ရောက်
တတ်ပါတယ်..

ရောက်တိုင်းလည်း ခုလိုပဲ ဆွမ်း ၊ ပန်းကအစ ကပ်လှူ
မြဲပါ..”

သူကလေး၏ကိုယ်မှ ကိုယ်သင်းနံ့သည် နှစ်သက်စဖွယ်
ကောင်းသည်။ လေနှင့်အတူ ကံရာဇာ၏နှာဝကို လာရောက်၍
တလူကျီစယ်လျှက်ရှိသည်။ ကိုယ့်သင်းနံ့မဟုတ်သည့်တိုင်
ထူးခြားသော အမွှေးရည်တစ်မျိုး ဆွတ်လိမ်းထားလေသလား
ခွဲခြား၍မရ။

“ဒါနဲ့ ညီမက ဘယ်မှာနေလို့လဲ..”

“ဒါနဲ့ အစ်ကိုက ဘယ်သူလဲ .. သည်တောထဲကို ဘာ
လာလုပ်တာလဲ..”

ကံရာဇာ၏ အမေးကိုမဖြေပဲ ၊ အမေးကို အမေးဖြင့်သာ
ပြန်မြန်သည်။

“သည်လိုပဲပေါ့ .. တောရဲ့သဘာဝကို နှစ်သက်သဘော
ကျလို့ ရောက်လာခဲ့တာပါ..”

“သြော်.. သည်နယ်ကို မရောက်ဖူးသေးတဲ့ လူစိမ်း
တစ်ယောက်မှတ်တယ်.. တစ်ခုတော့ မှာပါရစေ.. သည်
တောထဲမှာ အသွားအလာသိပ်ပြီး အတင့်မရဲပါနဲ့..”



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ညီမရယ်. . "

"တခြားတော့ မဟုတ်ပါဘူး. . တောက သိပ်ပြီးကျယ် ပြန့်တယ်လေ. . မျက်စိလည်ပြီး တောမှောက်မှာစိုးလို့ပါ. . "

"ကျွန်တော်လည်း သိပ်ဝေးဝေးမသွားပါဘူး . . ကိုယ် မကျွမ်းတဲ့နေရာမျိုးမှာ အတင့်ရဲလို့ဘယ်ဖြစ်မှာလဲ. . သည်က လှည့်ပြီး ပြန်မှာပါ. . "

"ပြန်ခိုင်းတာ မဟုတ်ဘူးနော်. . အခက်အခဲဖြစ်မှာစိုးလို့ ပြောတာ. . အခက်အခဲဖြစ်ရင် ဘယ်သူမှကူညီကြမှာမဟုတ် ဘူး . . ကူညီမယ့်သူလည်း မရှိဘူး . . "

"ခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်. . စိတ်မဆိုး ဘူးဆိုရင် နာမည်လေးသိပါရစေ. . "

"နာမည်မေးတာ စိတ်ဆိုးရမှာလား . . ရှင်စောငယ် လို့ မှတ်ထား. . "

"ရှင်စောငယ် ဟုတ်လား. . သိပ်ပြီးတော့ နန်းဆန်တဲ့ နာမည်ပဲ. . လူလည်းလှသလို နာမည်ကလည်း လှတယ်. . "

နှစ်လိုဘွယ်ရာအပြုံးကို ပါးချိုင့်လေးများနှင့်အတူ မြင် တွေ့လိုက်ရသည်။

ထိုစဉ် . . .

"အငယ် . . အငယ် ပြန်လာတော့လေ. . ဘယ်သူနဲ့ စကားပြောနေတာလဲ. . ဘာလုပ်နေတာလဲ. . "

မမျှော်လင့်ဘဲ ထွက်ပေါ်လာသော အသံတစ်သံ၊ အသံ





ကြသည်။ အထက်စီးဆန်သည်။ အသံလာရာဆီကိုသာ ...နိုင်းလို့ရသည်။ လူကိုတော့ မမြင်ရ။

"ဩော်. . ကျွန်မကို ဘိုးဘိုးက ခေါ်နေပြီ. . သွားတော့ မယ်နော်. . ယောင်လို့များ လိုက်မလာခဲ့နဲ့."

ရှင်စောငယ်သည် ကံရာဇာအနားမှ အလျင်စလို ပြေး ထွက်သွားခဲ့သည်။ရှည်လျားသော ဆံကေမြွှင်များသည် လေထဲ ... လွင့်မျောလူးပ်ခတ်ပြီး ပါသွားခဲ့ကြသည်။သူမသည် သစ်ပင် ကြီးငယ်တို့၏ အကြိုအကြားသို့ ပြေးဝင်ကာ ပျောက်ကွယ်သွား ခဲ့လေသည်။

ရှင်စောငယ် အနားမှာမရှိတော့သောအခါ တောသည် ...ခိပ်ပွါယ်မဲ့သွားသလို ရင်ထဲမှာလည်း ဟာပြီး ကျန်ရစ်ခဲ့ရသည်။


သူမက ယောင်လို့များ လိုက်မလာခဲ့နဲ့ဟု သတိပေးခဲ့ သော. . ဘာကြောင့်ပါလဲ . . ကံရာဇာ မနေနိုင်။ သူမ ပြေးထွက် သွားရာဆီကို လိုက်သွားမည်ပြုလိုက်သည်နှင့် ခြေလှမ်းတွေက ...သလိုလို ချုပ်နှောင်ထားခြင်းလိုက်ရသည်။ လှမ်း၍မရတော့။

ထို့ကြောင့် လက်လျှော့လိုက်ရသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁၀)

မိုးမောင် ၊ ဖိုးကာင်း နှင့် တေဇော မိုက်ခဲသုံးဦး။ သူတို့၏ နောက်ကြောင်းက အဖြစ်အပျက်များသည် ဤသို့ . . .

ဒုစရိုက်မှုခင်းများကို တစ်ယောက်စီ ၊ တစ်နေရာစီမှာ ကျူးလွန်ခဲ့ကြသူများသည် ခြေရာဖျောက်ကာ တစ်နေရာပြီး တစ်နေရာ ပြောင်းခဲ့ကြသည်။ ခြေရာဖျောက်ခဲ့ကြသည်။ နောက်ဆုံးမှာတော့ ယခုလို သုံးယောက်စုဆုံမိကြခြင်းပင် ဖြစ်သည်။

သုံးယောက်ပေါင်းမိကြသည်နှင့် ဒုစရိုက်လုပ်ငန်းများကို တစ်ခုပြီးတစ်ခု ဆက်တိုက်ကျူးလွန်ခဲ့ကြသည်။

သူတို့ ဤနေရာကို မရောက်ကြမီ အဖြစ်အပျက်တစ်ခုကတော့ ဤသို့ . . . .

× × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်အောက်ပိုင်း တစ်နေရာ. .

မိုးမှောင်ကြီးကျနေချိန် တောလမ်းအတိုင်း တဖြည်းဖြည်း လာနေကြသော လူဆယ့်သုံးယောက် ။မြင်းသုံးကောင်နက်မှာ ပတ္တမြားစိတ်ဖျင်များဖြင့် ထည့်ထားသောပစ္စည်းတွေက တစ်ထုတ်စီ။လူသုံးယောက်က မြင်းပေါ်မှာ လိုက်ပါလာခဲ့ကြသည်။

ကျန် ဆယ်ယောက်က ခြေလျင်လိုက်လာခဲ့ကြသည်။ သူတို့၏ ကိုယ်ပေါ်မှာ သေနတ်များကကိုယ်စီ။ အင်အား တောင့်တင်းကြသော ဓားပြအဖွဲ့များပင်။ မြင်းပေါ်မှ လူသုံးယောက်သည် **ဘမိုး ၊ သိန်းကြီး နှင့် ဇော်ပေါက်** အမည်ရှိ ဂိုဏ်းခေါင်းဆောင်များဖြစ်ကြသည်။

သူတို့သည် ခရီးသွားများကိုလည်း တိုက်ခိုက်ကြသည်။ နယ်ချဲ့ လက်ကိုင်တုတ်များ၏ အသိုင်းအဝိုင်းကိုလည်း တိုက်ခိုက်ကြသည်။ဓားပြအချင်းချင်းလည်း ပြန်ပြီးတိုက်ခိုက်တတ်ကြသည်။ ထို့ကြောင့် သူတို့ဂိုဏ်းကို **ယက္ခသုံးကောင်ဂိုဏ်း** ဟု အမည်ပေးထားကြသည်။

ယက္ခသုံးကောင်ဂိုဏ်းသည် မထင်လျှင် မထင်သလို လူလည်းသတ်ကြသည်။ရွာစဉ်လှည့်ပြီးတော့လည်း ဓားပြတိုက်ကြသည်မှာ သူတို့၏အလုပ်။

ယခုလည်း အခြားဓားပြအဖွဲ့က တိုက်ယူလာခဲ့သော ပစ္စည်းများကို ယက္ခသုံးကောင်အဖွဲ့က ပြန်ပြီးတော့ တိုက်ယူလာခဲ့ကြခြင်းပင်။





သို့သော် . . .

ယက္ခသုံးကောင်တို့ လာရာလမ်းကို ချောင်းမြောင်းနေကြသော လူသုံးယောက်ကရှိနေကြသည်။သူတို့ကတော့ မိုက်ခဲသုံးဦး။

မိုးမှောင် ၊ ဖိုးကင်းနှင့် တေဇော . .

ထိုသုံးယောက်သည် ယက္ခသုံးကောင်တို့ တိုက်ယူလာကြသော ပစ္စည်းများကို ပြန်ပြီးတိုက် ယူရန် ကြံစည်နေကြသည်။

တောင်ကုန်းတစ်ခုထက်မှ အောက်ကိုကြည့်နေကြသည်။ တောင်ကုန်းအောက်မှာတော့ ဓားပြအဖွဲ့သည် အေးဆေးစွာဖြင့် မှန်မှန်ပင်လာနေကြသည်။

မကြာမီ သူတို့အပေါ်ကို ကျရောက်လာတော့မည့် အန္တရာယ်ကိုမသိကြ။

မကြာမီ တောင်ကုန်း၏ တစ်နေရာသို့ ရောက်လာခဲ့သည်နှင့် မထင်မှတ်ခဲ့သော အခြေအနေတစ်ခုက ရောက်လာခဲ့လေတော့သည်။

"ဝုံး . . ဝုံး. . ဝုံး . . ဝုံး"

သစ်လုံးကြီးများနှင့် ကျောက်တုံးအချို့သည် တောင်ကုန်း၏ ဆင်ခြေလျှောတစ်လျှောက် အောက်ကို လိမ့်ဆင်းလာခဲ့ကြလေတော့သည်။

"ဟာ. . ဘယ်လိုဖြစ်တာလဲ . . ရှောင်ကြဟေ့. မြန်မြန်ရှောင်ကြ"



www.burmeseclassic.com

www.burmeseclassic.com



"ဟီး . . ဟီး . . ဟီး . . ဟီး"

ရုတ်တရက်မို့ မြင်းများသည်လည်း လန့်သွားကြကာ ခုန်ပေါက်နေကြသည်။ သို့သော် သူတို့မှာ ရှောင်ခိုနိုင်မရလိုက်ကြ။ အရှိန်ဖြင့်ကျလာခဲ့ကြသော သစ်လုံးကြီးများနှင့် ကျောက်တုံးကြီးများသည် လူများနှင့် မြင်းများကို ဝင်တိုက်မိကြလေတော့သည်။

"ဖြောင်း . . ဖြောင်း"

"အား"

"အား"

သစ်လုံးကြီးများဖြင့် ပစ်ရိုက်မိသွားခဲ့ကြသဖြင့် လူရော မြင်းပါလွင့်ထွက်သွားခဲ့ကြသည်။တချို့ကျောက်တုံးကြီးများသည် သူတို့ကိုယ်ပေါ်မှ ကျော်ဖြတ်သွားခဲ့ကြသည်။

"အား . ."

အားလုံး ဖရိုဖရဲနှင့် ဖြစ်ကုန်ကြသည်။ အခြေအနေ ပျက်ပြားသွားခဲ့ကြသည်။ ထိုအချိန်တွင် တောင်ကုန်းထက်မှ လူသုံးယောက်က ပြေးဆင်းလာခဲ့ကြသည်။ မိုးမှောင် ၊ ဖိုးကင်း နှင့် တေဇောတို့ဖြစ်ကြသည်။

"ဒိုင်း"

"ဒိုင်း"

"အား"

"အား"





တောင်ကုန်းထက်မှ ပြေးဆင်းလာကြရင်း ယက္ခသုံးတောင်အဖွဲ့ကို သေနတ်များဖြင့် ပစ်ခတ်ကြသည်။ ဘမိုးတို့ အဖွဲ့မှာ ခုခံချိန်မရလိုက် ၊ ပြင်ဆင်ချိန်မရလိုက်။ သေနတ်ဒဏ်ရာဖြင့် အတုံးအရုံးပင် လဲကျကုန်သည်။

ဆယ့်သုံးယောက်အဖွဲ့သည် ဖရိုဖရဲဖြစ်သွားခဲ့ကြသည်။ ဘမိုးသည် အခြေအနေကို ချက်ချင်းပင် သဘောပေါက်သွားခဲ့သည်။

"ဟေ့ . . ဟေ့ . . ရန်သူ . . ရန်သူ"

သတိပေးရင်းမှာပင် ကျည်တစ်တောင့်သည် သူ့နဖူးဘည့်တည့်ကို လာမှန်သည်။

"ဒိုင်း"

ဘမိုး မြင်းပေါ်မှ ထိုးကျသွားခဲ့ရသည်။ ဖိုးကင်းက ပစ်ဘည့်လိုက်ခြင်းပင်။ ဘမိုးကျသွားခဲ့သည်ကို သိန်းကြီးက မြင်လိုက်သည်နှင့် မြင်းပေါ်မှနေ၍ ဖိုးကင်းကို သေနတ်ဖြင့် ပစ်ဘည့်လိုက်သည်။

"ချောက် . . ချောက်"

ကျည်ကမထွက်။ နောက်ထပ် သုံးလေးချက် ခလုတ်ကို ဆွဲထည့်လိုက်သည်။

"ချောက် . . ချောက် . . ချောက်"

ကျည်က မထွက်ပြန်။ သိန်းကြီးသည် လန့်ဖျန့်ပြီး ခုန်ပေါက်နေသော မြင်းကိုလည်း ထိန်းနေရသေးသည်။ သူ့

www.burmeseclassic.com



သေနတ်က ကျည်မထွက်၍ ဒေါ်သဖြစ်သွားခဲ့ရသည်။

ဖိုးကင်းသည် ဘမိုးလဲကျသွားစဉ် မြင်းပေါ်မှ အထုတ်ကို ယူလိုက်သည်။အထုတ်ကို ချည်နှောင်ထားသောကြိုးအား ဓားဖြင့် ဖြတ်တောက်ပြီး ယူလိုက်သည်။

ဇော်ပေါက်သည် မြင်းနှင့်အတူ တေဇောဆီသို့ ပြေးဝင်လာခဲ့သည်။တေဇောသည် ဇော်ပေါက်ကိုသေနတ်ဖြင့် ပစ်ထည့်လိုက်သည်။

"ဒိုင်း"

ဇော်ပေါက် မြင်းပေါ်မှ ခုန်ချလိုက်ရသည်။တေဇောသည် ဇော်ပေါက်၏မြင်းပေါ်မှ အထုတ်ကို ဆွဲယူလိုက်မည်ပြုစဉ် မြင်းကလန့်ပြီး ထွက်ပြေးသွားခဲ့သည်။

"ဟီး. . ဟီး. . ဟီး. . ဟီး"

တေဇောသည် အထုတ်ကိုမရလိုက်။

"တောက်. ."

တေဇော မချင့်မရဲဖြစ်သွားခဲ့ရသည်။ လက်ထဲကို အထုတ်က ရောက်လာကာနီးမှ လွတ်သွားခဲ့သည့်အတွက် တေဇော ကျိန်ဆဲမိလိုက်သည်။

မိုးမှောင် ထိပ်တိုက်တွေ့သူက သိန်းကြီး။ သိန်းကြီး စီးလာသောမြင်းကို သစ်လုံးထိမှန်သွား၍ မြင်းလည်းသေဆုံးသွားခဲ့သည်။သိန်းကြီး မြင်းပေါ်ကစင်ကျသွားသည်။

မိုးမှောင်သည် သိန်းကြီးဆီကို ခုန်ဝင်သွားခဲ့သည်။ လဲကျ





နေသော သိန်းကြီးက ခါးကြားထဲမှ သေနတ်ကိုဆွဲထုတ်ပြီး မိုးမှောင်ကို ပစ်ထည့်လိုက်သည်။ မိုးမှောင်ကလည်း သေနတ်ကို ဆွဲထုတ်ပြီးပစ်သည်။ ပြိုင်တူ ပစ်လိုက်သော သေနတ်သံများက ဆူညံသွား၏။

"ဒိုင်း"

"ဒိုင်း"

မိုးမှောင်၏ ခန္ဓာကိုယ်တစ်နေရာတွင် ပူကနဲဖြစ်သွားခဲ့သည်။ မိုးမှောင်ကို ကြည့်ပြီး သိန်းကြီးက တဟားဟားဖြင့် ရယ်မောပစ်လိုက်သည်။

"ဟား. . ဟား. . ဟား. . ဟား"

ရုတ်တရက် သိန်းကြီးထံမှ အရယ်ရပ်သွားသည်။ ထိုင်နေလျက်က နောက်ကို ပက်လက်လန်လဲကျသွားသည်။ ထို့နောက် ငြိမ်သက်သွားခဲ့လေ၏။

မိုးမှောင်သည် ပခုံးကိုရှုပ်ပြီး ကျည်မှန်ခံလိုက်ရသည်။ ခါးကြားထဲက ဓားမြှောင်ကို ထုတ်ပြီး သေဆုံးနေသော မြင်းကြီး၏ ကိုယ်ပေါ်မှာ ချည်နှောင်ထားသည့် အထုတ်ပေါ်မှ ကြိုးကို ဖြတ်တောက်လိုက်သည်။ အထုတ်က သူ့လက်ထဲကို ပါလာသည်။

ယက္ခသုံးကောင်အဖွဲ့မှ တော်တော်များများသည် သေဆုံး ကုန်ကြပြီ။ ဒဏ်ရာရထားသူများရှိကြသော်လည်း မှတ်ခဲသုံးဦး ကို မခုခံနိုင်ကြတော့။

ဖိုးကင်းသည် မိုးမှောင်ဆီကို ပြေးလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာဖြစ်သွားသေးလဲ မိုးမှောင်. ."

"ပခုံးကို ကျည်ရှပ်မှန်သွားတယ်ကွ. . . ကိစ္စမရှိပါဘူး ကွာ. . ဒဏ်ရာက မပြောပလောက်ပါဘူး. . ဒါပေမယ့် ငါ့ လက်ချက်နဲ့ သိန်းကြီးတော့ ကိစ္စချောသွားပြီ. . ပစ္စည်းတော့ ရလိုက်တယ်ကွ. ."

"အေး. . ငါလည်း တစ်ထုပ်ရလိုက်တယ်ကွ. . ဟိုး ကောင် တေဇောကတော့ အခြေအနေဘယ်လိုရှိသလည်း မသိ ဘူး. ."

တေဇောကို သူတို့လိုက်ရှာကြသည်။ တစ်နေရာမှာ သင် ပင်ကြီးတစ်ပင်ကို မှီလျက်သားတွေ့လိုက်ကြရသည်။ စိတ်ပျက် လက်ပျက်ဖြစ်နေသော တေဇော၏အမူအရာ. .

"စနေသား ကံမကောင်းဘူးကွာ. . ရတနာထုပ်ပါ တဲ့ မြင်းက ထွက်ပြေးသွားတယ်. . ဇော်ပေါက်ဆိုတဲ့ကောင်လည်း ပြေးပြီ. ."

"ဟာကွာ. . မင်းကလည်း . . ငါတို့က သည်မှာနှစ်ထုပ် တောင်ရလိုက်တာပဲ . . တော်ရောပေါ့. . မင်းကလည်း တဆိတ်ရှိ စနေသားကံမကောင်းတာကိုပဲ ထဲ့ထဲ့ပြောနေတယ် သည် အစွဲအလမ်းကြီးကို ဖျောက်ပစ်လိုက်ပါလို့ ခဏခဏပြော နေလျက်သားနဲ့ကွာ. ."

အပွဲပွဲ နွှဲလာခဲ့ကြသော ယက္ခသုံးကောင်ဂိုဏ်းလည်း မိုက်ခဲသုံးကောင်ကြောင့် ဖြိုကွဲသွားခဲ့ကြသည်။





"သိန်းကြီးဆိုတဲ့ကောင်က ငါ့ကို သေနတ်နဲ့ပစ်တာ ကျည် မထွက်ဘူး . . ဟောသည် အဆောင်ကြောင့်ကွ. ."

ဖိုးကင်းက လည်ပင်းမှာဆွဲထားသည့် ဘီလူးရုပ်လေးကို တယုတယနှင့်ကိုင်ပြီး ပြောလိုက်သည်။

"သေနတ် ဂျမ်းဖြစ်နေလို့နေမှာပါကွာ. . မင်း . . အဲ ဒါလေးကို ကြပ်ကြပ်အားကိုး . . တစ်နေ့ ဒုက္ခတွေ့လိမ့်မယ်"

မိုးမှောင်က သတိပေးလိုက်သည်။

ထိုစဉ် တောထဲမှ တိတ်တဆိတ်ချဉ်းကပ်လာသော အသံ များကို နားပါးသော တေဇောက ကြားလိုက်ရသည်။ ထို့ကြောင့် လေသံဖြင့် . . .

"ဟေ့ . . ဘယ်သူတွေလည်းမသိဘူး . . ငါတို့ကို ဝိုင်းဖို့ ကြိုးစားနေကြတယ်. ."

တစ်ယောက်ကို တစ်ယောက် အချက်ပေးကာ တပြိုင် တည်း တောနက်ထဲကို ဝင်ပြေးကြလေတော့သည်။

"ပြေးပြီဟေ့ . . ပြေးပြီ"

"ဒိုင်း"

"ဒိုင်း"

အသံများနှင့်အတူ သေနတ်သံများသည်လည်း တစ်ပြိုင် တည်းထွက်ပေါ်လာခဲ့ကြသည်။ မိုးမှောင်သည် ပြေးရင်းက နောက်ကိုတစ်ချက် လှည့်ကြည့်လိုက်သေးသည်။

"ဟာ. . ရဲတွေကွ. . . ရဲတွေ"



www.burmeseclassic.com

www.burmeseclassic.com



အမှုန်ပင် ရဲများဖြစ်နေကြသည်။ သူတို့သည် ယက္ခသုံးကောင်ဂိုဏ်းကို သတင်းအရလာဖမ်းကြခြင်းပင်။ သို့သော် အခြေအနေကဘယ်လိုမှ မထင်မှတ်ခဲ့သည့်အတိုင်းဖြစ်နေသည်။

ဂိုဏ်းခေါင်းဆောင်များဖြစ်ကြသည့် ဘမိုးနှင့် သိန်းကြီးတို့၏အလောင်းများ ၊သေဆုံးနေကြသော ဂိုဏ်းသားတချို့နှင့် ဒဏ်ရာရနေကြသော ဂိုဏ်းသားများကို မြင်တွေ့လိုက်ကြရသည်။

“မင်းတို့အဖွဲ့ကို ဘယ်သူ ဝင်တိုက်သွားတာလဲကွ”

မေးလိုက်သူက စုံထောက်အင်စပက်တော် ကံရာဇာ. .

“လူသုံးယောက်ဆရာ. . တော်တော့်ကို ရဲတင်းကြတဲ့သူတွေ. .”

“မိုက်ခဲသုံးကောင်ပဲ ဖြစ်မှာပဲ. . သည်ကောင်တွေ သည်ဘက်ကို ရောက်နေကြပြီ”

“ယက္ခသုံးကောင်ဂိုဏ်းကို ဒုက္ခပေးနိုင်တဲ့ မိုက်ခဲသုံးကောင်ဟာ တော်တော့်အရည်အချင်း မဟုတ်ဘူးနော် ဆရာ”

“အေးပေါ့လေ. . လူမိုက်အချင်းချင်းတွေ ပိုပြီးမိုက်တဲ့ကောင်က အသာစီးကရသွားတာပေါ့. .”

ကံရာဇာက မှတ်ချက်ပေးလိုက်လေ၏။

✱ ✱ ✱ ✱ ✱







www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ထို့ကြောင့် . .

ကံရာဇာသည် ပိုပြီး လက်ရဲဇက်ရဲရှိလာကြသော ရာဇဝတ်မှုများကို ဆက်တိုက်ကျူးလွန်လာခဲ့ကြသော မိုက်ခဲသုံးယောက်၏နောက်ကို ခြေရာခံကာ လိုက်လာခဲ့ခြင်းပင်ဖြစ်သည်။

သည်ဘက်တောထဲမှာတော့ မိုက်ခဲသုံးယောက်၏သတင်းကို မကြားရသလောက်ပင်။ အပုန်းကောင်းနေကြသည်။

ကံရာဇာ မမျှော်လင့်ပဲ တွေ့ခဲ့ရသူက ရှင်စောငယ် ၊ လွန်စွာမှ ချောမောလှပသည့် မိန်းခလေးတစ်ယောက်။

ရှေးဟောင်းစေတီတော်တစ်ဆူကို လျှို့ဝှက်ပစ္စည်းများဖြင့် လာရောက်ပူဇော်နေသောသူ . .

ရွာထဲမှာလည်းမနေ ၊ တောထဲမှာပဲ နေဟန်တူသည်။





သူမကို လှမ်းခေါ်လိုက်သည့် ဘိုးဘိုးဆိုသည့် သူကလည်း ဘယ်သူလဲ. . ရှင်စောငယ်သည် ဘိုးဘိုး၏ အုပ်ထိန်းမှုအောက်မှာရှိနေပုံရသည်။ ဘိုးဘိုးက ခေါ်လိုက်သည်နှင့် တောနက်ထဲသို့ ပြေးဝင်ကာ ပျောက်ကွယ်သွားခဲ့သည်။ '

အချိန်လင့်သွားပြီဖြစ်၍ ကံရာဇာသည် တောထဲမှ ပြန်ထွက်လာခဲ့သည်။

ကုတို့သမား ပန်းမောင်သည် ကံရာဇာကို ရေဆိပ်မှာ အဆင်သင့်စောင့်နေသည်။

"တော်တော်ကလေးကို နှံ့စပ်ခဲ့ရဲ့လား ဆရာ. . "

"အင်း . . ရွာထဲကိုတော့ မရောက်ခဲ့ပါဘူးဗျာ. . တောထဲကို ရောက်သွားပြီး သစ်ပင်အောက်မှာ အိပ်ပျော်သွားခဲ့တယ်"

"ဟာ. . ဆရာ တောထဲကိုရောက်သွားခဲ့တယ် ဟုတ်လား ကြည့်လည်း လုပ်နော်. . သည်တောဟာ နတ်ကြီးတယ်လို့ ပြောတယ်. . သတ္တိကောင်းတဲ့ရွာသားတွေတောင် သည်တောထဲကို သိပ်မသွားကြဘူး. . ဆရာ့ကို သတိပေးလိုက်ဖို့ မေ့သွားသည်. . "

ပန်းမောင်သည် သူ၏လှေကို မှန်မှန်ပင် လှော်ခတ်လာသည်။ လှေဦးမှာထိုင်နေသော ကံရာဇာက နောက်ကိုလှည့်မကြည့်ပဲ မေးလိုက်သည်။

"ဘယ်လို နတ်ကြီးတာလဲဗျ. . ကျွန်တော်တော့ ဘာမှ မဖြစ်ခဲ့ပါလားဗျ. . အေးအေးဆေးဆေးပါပဲ"



www.burmeseclassic.com

"ဒါကလည်း လူဆိုတာ ကံနိမ့်ကံမြင့်ရှိကြသေးတာကိုး ဆရာရဲ့ . . ဆရာက တောထဲမှာတောင် အိပ်ခဲ့သေးတယ်ဆို တော့ ဥစ္စာစောင့်မလေးတွေက ရောက်လာပြီး လိပ်ပြာနှုတ်ပ မသွားကြတာ ကံကောင်း. . "

"ဟာဗျာ. . တောထဲမှာ ဘာမှမတွေ့ခဲ့ရပါဘူး. . အ မျောက်တွေပဲ တွေ့ခဲ့ရတယ်. . "

"ကျွန်တော်က သည်ဘက်ကမ်းမှာနေတဲ့သူဆိုတော့ အာ လုံးကိုမသိပါဘူး. . သည်တောထဲလည်း မရောက်ဖူးပါဘူး . . သူများပြောတာကို ကြားဖူးနားဝနဲ့ ပြန်ပြောမိတာပါ. . အမှ ကိုဆိုရရင် ကျွန်တော်လည်း မယုံတတ်ပါဘူး. . ကိုယ်မမြင်ဖူ မတွေ့ဖူးပဲနဲ့တော့ ကြံဖန်တွေးပြီးလည်း မကြောက်တတ်ဘူ ယုံလည်းမယုံတတ်ဘူး ဆရာ. . "

"သည်လိုပဲဖြစ်ရမှာပေါ့ဗျ. . သူများပြောတိုင်းယုံလို ဘယ် ဖြစ်ပါ့မလဲ. . အယုံလွယ်တဲ့သူဟာ သူများရဲ့အနိုင်ကျ ခံရတတ် တယ်ဗျ. . "

"ဆရာ့စကားက ကျွန်တော့်ကို ထပ်ပြီးသတိပေးလိုက် သလိုပါပဲ . . ကျေးဇူးတင်ပါတယ်ဆရာ. . "

"ဒါနဲ့ ခင်ဗျားရဲ့လှေကို မကြာခဏစီးပြီး တစ်ဖက်ကမ် ကို ကူးတတ်တယ်ဆိုတဲ့ ဟိုလူကော သည်မနက်မှာ ရောက် လာသေးသလား. . "





"မလာဘူးဆရာ. . ကျွန်တော့်အထင်တော့ တစ်နေရာ ကို ထွက်သွားပြီမှတ်တယ်. . "

မကြာမီ တစ်ဖက်ကမ်းကို ရောက်လာခဲ့သည်။ စကား သည်းပြတ်သွားခဲ့လေသည်။

× × × × × × × ×

ဆိုင်ရှင် ပေါက်ဖော်ကြီးသည် မိုးချုပ်ကာနီးမှ ပြန်ရောက် လာသော ကံရာဇာကို . .

"ဆရာကြီးက တစ်နေကုန်ပျောက်နေတာကိုး. . ဆရာကြီး ရှိတဲ့အချိန်မှာ ဟိုနေ့က နှောင့်ယှက်သွားတဲ့သူများ ပြန်ရောက် လာဦးမလားလို့ ကျွန်တော်ကတော့ စိတ်တထင့်နဲ့ပဲ ဆရာကြီး"

"ပေါက်ဖော်ကြီးရဲ့လူ မလာရဲတော့ပါဘူး . . စိတ်မပူပါ နဲ့ . . . သည်တစ်ခါ စိတ်မှတ်မရှိလို့ ရောက်လာခဲ့ရင်လည်း သူ့ ခြေလက်တွေကို ရိုက်ချိုးပစ်မယ်. . ကျွန်တော်ရှိပါတယ်. . မပူ ပါနဲ့"

"ဆရာကြီးရှိနေရင် သည်ကောင် ရောက်လာလည်း မပူပါဘူး ဟိုနေ့က သူ တော်တော်ခံသွားရတယ်. . ဆရာကြီးကို ကြောက် ပြီး သူ ပြန်လာရဲမှာတော့ မဟုတ်ပါဘူး"

"ရောက်လာရင်လည်း သည်လူထက်မိုက်တဲ့လူ ဘယ်

www.burmeseclassic.com



ရှိတော့မှာလည်း . . ကဲ . . ကျွန်တော် အနားယူလိုက်ဦးမယ်ဗျာ"

"ဆရာကြီး ပင်ပန်းလာတာပဲ . . ကျွန်တော် လေကြောရှည်နေမိတယ် . . ကဲ . . ကဲ သွားပြီးအနားယူပါတော့ . . ဆာတဲ့အချိန်ကို ဆင်းလာခဲ့ပါ . . ကျွန်တော် ဟင်းကောင်းကောင်းနဲ့ ဧည့်ခံပါ့မယ် . ."

ကံရာဇာလည်း စကားကိုဖြတ်ကာ အပေါ်ထပ်ရှိ သူ့အခန်းဆီကို တက်သွားခဲ့လေ၏။

× × × × × × × ×

ကျေးငှက်သံ စိုးစိုးစီစီနှင့် တောအလုံးသည် အရိပ်ဖုံးလျှက်ရှိသည်။ ကံရာဇာသည် တောထဲကို တစ်ခေါက်ရောက်လာခဲ့ရ ပြန်လေပြီ။

မိုက်ခဲသုံးဦးစလုံး ခြေရာပျောက်လျှက်ရှိသည်။ သူနှင့်တိုက်ခိုက်ခဲ့ဖူးသော မိုးမှောင်သည်ပင် ဘယ်ပျောက်နေမှန်းမသိ။ သူ တွေ့ခဲ့ရသည့် စေတီတော်လေးဆီကို မှန်းဆပြီးလျှောက်လာခဲ့သည်။ တော်တော်ကလေး ကြာလာသည်။

မှုခ်လေးမှုခ်မှာ ခြသေ့်လေးကောင်စောင့်သည့် စေတီတော်လေးကို မတွေ့။





စေတီတော်ကိုလည်း ရှာမတွေ့ပါလား . . မနေ့က သည်နေရာလောက်မှာ တွေ့ရတာပါ . . ဟော ဟိုက ပိန္နဲပင်ကြီးက စေတီတော်ရဲ့ ညာဘက်မှာ . . ဟုတ်ပါတယ် . . ငါ သေသေချာချာကို မှတ်ထားတာပါ . ."

ကံရာဇာ စဉ်းစား၍မရနိုင်အောင် ဖြစ်သွားခဲ့ရသည်။ တောင်ပိန္နဲပင်ကြီးတစ်ပိုက် ပတ်ချာလှည့်ပြီး ထပ်ရှာသော်လည်း သူ မနေ့က တွေ့ခဲ့ရသည့်စေတီတော်ကို မတွေ့ရတော့။

ကံရာဇာသည် သစ်ပင်တစ်ပင်၏ ခြေရင်းမှာ ထိုင်ချလိုက်ပြီး ကျောမှီလိုက်လေ၏။

သူ့ကိုယ်သူလည်း မကျေမနပ်ဖြစ်နေမိသည်။ သူလို အမှတ်သညာကောင်းလှသူတစ်ယောက်က စေတီတော်ကို ရှာတွေ့ခဲ့၍ ဘယ်လိုမှ စဉ်းစား၍မရနိုင်တော့။

ထိုစဉ် . . .

အလိုလိုနေရင်း အိပ်ချင်စိတ်က ဖြစ်ပေါ်လာ၍ မအိပ်မိအောင် ကြိုးစားသော်လည်း ဘယ်လိုမှမရတော့၍ အိပ်ပျော်သွားခဲ့လေသည်။

နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့သည်မှာ မည်မျှကြာသွားသည်မသိ။ ထူးခြားသော အနံ့အသက်တစ်ခုကို သူ ရှူရှိုက်မိလိုက်သည်။ သူ သည်အနံ့ကို ကောင်းကောင်းသိသည်။ မည်သည့်အနံ့နှင့်မှမတူသော ကိုယ်သင်းနံ့တစ်မျိုး၊ ကံရာဇာသည် မျက်ခွံတွေကို ပင့်ကာ မျက်လုံးတွေကို ဖွင့်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မရှ။ လေးလံနေသော မျက်ခွံတွေကို ဘယ်လိုမှ ဖွင့်လို့မရ။ဘာကြောင့် သည်လိုဖြစ်ရတာလဲ။ သို့သော် မနည်းကြိုးကြိုးစားမှ တဖြည်းဖြည်းနှင့် ပွင့်လာခဲ့လေသည်။အိပ်မွေ့အချခံထားရသည့်သူလို ဖြစ်နေလေသည်။ အာရုံကြောတွေက ထုံထိုင်းလေးလံနေသည်။

"ဟင်. . မင်း. . မင်း"

ကံရာဇာ အံ့အားသင့်သွားခဲ့သည်။ သူ့ရှေ့မှာ ရပ်နေသူ မိန်းခလေးတစ်ယောက်။ သူက ရှင်စောငယ်။

"ရှင် တော်တော်အိပ်ပုတ်တာပဲ. . ကျွန်မ အနားကို ရောက်နေတာကြာပြီ. ."

"ဟင်. . ဟုတ်လား. . အေးဗျာ. . ကျွန်တော်လည်း သည်တောထဲရောက်မှ ဘယ်လိုကြောင့်အိပ်ပျော်သွားသလည်း မသိဘူး . . အိပ်ချင်စိတ်ကို ဘယ်လိုမှ ထိန်းလို့မရဘူး"

"တစ်ခါတစ်လေ ဒီလိုပဲဖြစ်တတ်ပါတယ်. . တောရဲ့ သဘာဝကိုက အေးချမ်းသာယာမှုအပြည့်အဝရှိတော့ သက်ရှိတစ်ဦးဦးကို စိတ်အေးလက်အေးအနားယူဖို့ လှုံ့ဆော်ပေးနေသလိုဖြစ်နေတော့တာပေါ့ . ."

ရှင်စောငယ်က မနီးမဝေးမှာရှိသည့် သစ်ပင်၏ သစ်မြစ်ဆုံတစ်ခုမှ ထိုင်လိုက်သည်။သည်တစ်ခါတော့ ငုဝါရောင်ပြောင်ထဘီနှင့် ငုဝါရောင်လက်ပြတ်အင်္ကျီလေးကို ဝတ်ဆင်ထားသည်။ပြည့်တင်းသော လက်မောင်းသားအလှသည်



ဆင်စွယ်လို ပွတ်ထားသကဲ့သို့ ဝင်းမွတ်နေသည်။သည်တောသည်တောင် ကိုမှာ သူလို မိန်းမချောလေးတစ်ယောက်ကို တွေ့နေရသည်မှာ ထူးခြားလွန်းနေသည်။ ဘယ်လိုမှ ဆက်စပ်ပြီး တွေးသို့မရ။

"ဒါနဲ့ ညီမက သည်နေရာကို ဘယ်လို ရောက်လာတာလဲ. ."

"ဟင်. . ကျွန်မက ခါတိုင်းလိုပဲလေ. . စေတီတော်ကို သွားဖူးပြန်း ၊ သောက်တော်ရေခပ်ဖို့ လာပြီးကပ်လျှုနေကြပဲဟာ. ."

"စေတီတော်ဟုတ်လား. . စေတီတော်က ဘယ်မှာလဲ ရှိပါဘူး. ."

"ဟောဟိုမှာလေ. . မတွေ့ဘူးလား"

ရှင်စောငယ် လက်ညှိုးထိုးပြသည့် ညာဘက်ကို လှမ်းကြည့်လိုက်သောအခါ စေတီကို တွေ့လိုက်ရသည်။

"ဟင်. ."

ကံရာဇာ အံ့အားသင့်သွားခဲ့ရသည်။ သူ ဘယ်လိုမှ ရှာမတွေ့ခဲ့သည့် စေတီတော်လေးသည် သူနှင့်မနီးမဝေးမှာပဲ ရှိနေသည်။

လက်အုပ်ချီမိလိုက်လေသည်။

"စေတီတော်လေးကို လိုက်ရှာနေတာ ဘယ်လိုကြောင့် ခဲ့နေသလည်း မသိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် လမ်းမှားပြီး တစ်နေရာကို ရောက်သွားလို့ဖြစ်မှာပေါ့ စေတီတော်က သူ့နေရာမှာပဲ ရှိနေတာပဲလေ. . "

"မဟုတ်သေးပါဘူး . . ဟောဟိုက တောင်ပိန္နဲပင်ကြီးကို အမှတ်အသားထားခဲ့တာပါ. . သေချာပါတယ်. . မလွဲပါဘူး"

"ကဲပါလေ. . ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် အငြင်းပွားမနေပါနဲ့တော့ . . စိတ်ပင်ပန်းပါတယ်. . ပျောက်ဆုံးနေတဲ့စေတီတော်လေးကို ပြန်တွေ့ရတာ ကိုယ်ဖူးထိုက်လို့ပဲ မဟုတ်လား. . "

ရှင်စောငယ်သည် ကံရာဇာ၏လက်ကို ဆွဲကာ ထူလိုက်သည်။ကံရာဇာနေရာမှ အလိုလိုထရပ်ပြီးသားဖြစ်သွားခဲ့ရသည်။ မိန်းခလေးသည် နွဲ့လိမ့်မည်ဟု ထင်ရသော်လည်း သူ့ကို ဆွဲထူလိုက်နိုင်သည်။ အားအင်က မသေးလှ။ ကံရာဇာ အံ့အားသင့်သွားခဲ့ရသည်။

* * * * *



## အခန်း (၁၂)

စေတီတော်လေးဆီကို ခပ်သွက်သွက်ခြေလှမ်းများဖြင့် လျှောက်သွားခဲ့ကြသည်။

သို့သော် စေတီတော်လေးဆီကို မရောက်မီ ဝါးတစ်ရိုက်နှင့်အလိုမှာ ကံရာဇာ၏ခြေလှမ်းများသည် တုံ့သွားခဲ့ရသည်။ ထောက်တစ်ဦး၏ စူးစမ်းမှု ၊ အရာရာကို သတိထားမှုဉာဉ်က ဦးနှောက်ထဲမှာ ထာဝရရှိနေသည်။

ကံရာဇာတွေ့လိုက်သည်က ဆင်ခြေရာတွေ။ တစ်ကောင်တည်းသောဆင်၏ ခြေရာများ။

ဆင်ခြေရာများသည် စေတီတော်ဆီကို ဦးတည်ပြီးတော့ လျှောက်သွားနေလေသည်။

"ဘာ. . ဘာဖြစ်လို့လည်းဟင်"

www.burmeseclassic.com



ရှင်စောငယ်က လေသံတမျှ တိုးညှင်းစွာဖြင့် မေးလိုက်လေရာ..

"ဘာမှမဖြစ်ပါဘူး .. လာ"

သူ ဆင်ခြေရာတွေကို ကွေ့ကွင်းပြီး ဆက်လျှောက်သွားသည်။ တစ်ကောင်တည်းသော ဆင်ခြေရာများသည် စေတီတော်၏အောက်ခြေနားအထိ ရောက်နေခဲ့သည်ကို တွေ့လိုက်ရသည်။

စေတီတော်ပေါ်တွင် ဆွမ်း ၊ သောက်တော်ရေချမ်း ၊ ဆီမီး အမွှေးနံ့သာများကို ပူဇော်ထားသည်။

"ဒါ .. ညီမပူဇော်ထားတာပဲလား"

"ဟုတ်တယ်လေ.. ဟိုနေ့ကလည်း သည်လိုပဲ ပူဇော်ထားတာပဲ.. အစ်ကိုက အထူးအဆန်းလုပ်ပြီး မေးနေပြန်ပြီ"

"ညီမက ရတနာသုံးပါးကို တော်တော်ရှိသေကိုင်းရှိုင်းတာပဲနော်.. သည် အသက်အရွယ်နဲ့ ခုလို ကောင်းမှုကုသိုလ်တွေပြုလုပ်နေတာ အားရလို့ပါ .. သာဓု.. သာဓု.. သာဓု"

ရှင်စောငယ်က ကံရာဇာကို ပြုံးပြီးတော့ကြည့်နေသည်။ အသက်ဝင်လွန်းသော အပြုံးပင်ဖြစ်သည်။ အပြောအဆိုလည်း ပိုပြီးပွင့်လင်းရဲတင်းလာသည်။ ကံရာဇာကို အစ်ကိုဟု ပြောင်းပြီး ခေါ်လာခဲ့သည်။

"ညီမရဲ့ ဘိုးဘိုးက ခွင့်ပြုလို့လာတာလား.. ညီမသဘောနဲ့လာတာလား"



"ကောင်းမှုကုသိုလ်လုပ်တာပဲ.. ဘိုးဘိုးက ခွင့်ပြုပြီးသားပါ.. ဟိုတစ်ခါ အငယ် နောက်ကျနေလို့ ဘိုးဘိုးက လာခေါ်တာပါ.."

"အငယ်.. အငယ်တဲ့" ကံရာဇာ၏နှုတ်မှ တိုးတိုးလေး ရေရွတ်လိုက်သည်။ ကံရာဇာကို ယုံကြည်မှုရှိလာသည်။ပိုပြီးတော့ ရင်းနှီးမှုရှိလာသည့် လက္ခဏာများပင်ဖြစ်သည်။

"ဒါနဲ့ ညီမတို့က ဘယ်မှာနေကြတာလဲ.."

"အြော်.. ဘာဖြစ်လို့ မေးတာလဲ.. ဘိုးဘိုးက ကိုယ်နေ တဲ့နေရာကို မပြောရဘူးတဲ့.."

"ကျွန်တော့်ကို မယုံလို့လား"

"ယုံပါတယ်.. ဒါပေမယ့် ဘိုးဘိုးက တားမြစ်ထားလို့ပါ.."

"ကောင်းပါပြီလေ.. သည်လိုဆိုရင်လည်း မမေးတော့ပါဘူး"

"အစ်ကိုက သိပ်ပြီးအလိုက်သိတာပဲနော်.. လိမ်လည်းသိမှာတယ်.. သူများ မသိစေချင်တဲ့ကိစ္စကို ဇွတ်ကြီးမမေးဘူး"

"ဟုတ်တယ်.. အဲ့သလို ဇွတ်ကြီးမေးလိုက်ရင် အနှောင့်အယှက်ဖြစ်သွားမှာပေါ့.."

"ကဲပါ တခြားစကားပြောကြရအောင်.. အငယ် အရင်မေးမယ်.. မှန်မှန်ဖြေရမယ်နော်.."

"ဖြေမှာပေါ့ .. ကဲ .. မေးလေ"

www.burmeseclassic.com



"အစ်ကိုမှာ အိမ်ထောင်ရှိလား"

"မရှိပါဘူး . . အိမ်ထောင်လည်းမရှိဘူး . . ရည်းစားလည်းမထားဖူးသေးဘူး . . ဘာဖြစ်လို့ မေးတာလဲ"

"ဘာမှမဖြစ်ပါဘူး. . သည်လိုပဲ သိချင်လို့ပေါ့"

"ကောင်းပြီ . . ကိုယ်ကပြန်ပြီးမေးမယ်. . ညီမ မှန်မှန်ကန်ကန်ဖြေရမယ်နော်. ."

"အို. . ဖြေမှာပေါ့ . . အငယ်က လိမ်တတ်တာမှမဟုတ်တာ. ."

"ညီမကော ချစ်သူရည်းစားရှိသလား. ."

"အို. . မရှိပါဘူး . . ရည်းစားထားဖို့စိတ်ကူးထဲတောင် မထည့်သေးဘူး . . ဟွန်း. ."

ချစ်စဖွယ် မျက်စောင်းလေးခဲပြီးတော့ ပြောလိုက်သည်။ ကံရာဇာက ရယ်သည်။

"ဘာရယ်တာလဲ. . အငယ်ပြောတာကို မယုံလို့လား"

"ယုံပါတယ် ညီမက ကျွန်တော်မေးတာကို မကျေမနပ်နဲ့ ပြန်ပြီးဖြေလိုက်တာ သဘောကျသွားလို့ပါ. ."

"သည်တောထဲမှာ ဆင်တွေဘာတွေရှိသလား"

"ဆင်. . ဟုတ်လား. . မရှိပါဘူး . . ဘာဖြစ်လို့မေးတာလည်းဟင်"

ခင်စောယ်သည် အမေးကိုအမေးဖြင့်ပြန်ပြီး တုန့်ပြန်တတ်သည်ကို သတိထားမိသည်။





"ဆင်ခြေရာတွေ တွေ့လို့ပါ"

"ဆင်ခြေရာ . . ဟုတ်လား. . မဖြစ်နိုင်တာ. . ဘယ်မှာလဲ ဆင်ခြေရာ . . ပြစမ်းပါဦး"

"ဟောဟိုမှာလေ. . . ဟင်"

ကံရာဇာက လက်ညှိုးထိုးပြလိုက်သည်။ဆင်ခြေရာတွေကို မတွေ့ရတော့။

"ဘယ်မှာလဲ အစ်ကိုရဲ့ . . ဆင်ခြေရာတွေဆို . . မတွေ့ပါလား"

ကံရာဇာ အံ့အားသင့်သွားခဲ့ရသည်။စောစောက ထင်ထင်ရှားရှားတွေ့ခဲ့ရသည့် ဆင်ခြေရာတွေ အခုမရှိတော့။လေတိုက်၍မြေမှုန့်များဖုံးလွှမ်းသွားခဲ့လေသလားမသိ။

"ဩော်. . ဟုတ်သားပဲ. . စောစောကတွေ့မိလိုက်သလို မျက်စိမှားတာပဲ ထင်ပါရဲ့"

ကံရာဇာက သူပဲ မျက်စိမှားသလို စကားကို လျောချပစ်လိုက်သည်။သူ ပြန်ပြီးစဉ်းစားမိသည်။လေလည်း မတိုက်ခဲ့ပါ။ ဆင်ခြေရာတွေကို ချက်ချင်းဖုံးလွှမ်းသွားနိုင်သည့် မြေမှုန့်တွေလည်း မြေပြင်ထက်မှာ ထူသိပ်စွာရှိမနေခဲ့ပါ။

"အစ်ကိုရယ်. . သည်တောထဲမှာ ဆင်မပြောနဲ့ . . ယုန်တောင်မရှိဘူး . . အစ်ကို အိပ်ရေးမဝသေးဘူးထင်တယ် . . ဟင်. . ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



သူမတော ရယ်တော့ ကံရာဇာကလည်း ရောယောင်ပြီး တော့ ရယ်မိသည်။သို့သော် သူ့စိတ်ထဲမှာ တစ်ခုခုကိုတော့ သက်မကင်းဖြစ်နေမိသည်။ အထူးသဖြင့် သည်မိန်းခလေး ရှင်စောငယ်ဆိုသည့် ချစ်စဖွယ်ကောင်းသည့် မိန်းခလေးကိုပင် သူမသည် ကံရာဇာနှင့်မတော်တဆ လာလာတွေ့ရသည်မှာ နှစ်ခါရှိပြီ။ တိုက်ဆိုင်မှုသည် နှစ်ခါ။

"ဪ. . ညီမမှာ စားစရာတွေပါလာတယ်. . ခဏ စောင့်ဦးနော်. . "

ရှင်စောငယ်သည် ကံရာဇာ၏အနားမှ လှစ်ခနဲဆို ပြေး ထွက်သွားသည်။ ပေါ့ပါး သွက်လက်လွန်းလှသည်။ကိုယ်ဟန် လေးကလည်း ကျော့ရှင်းလှသည်။ ကံရာဇာသည် မိန်းခလေး ၏ သွက်လက်ချက်ချာမှုကို သဘောကျနေမိသည်။ သည့်ထက် မပို။

သစ်ပင်အကွယ်တစ်ခုဆီသို့ ဝင်သွားသော ရှင်စောငယ် ချက်ချင်းလိုလို ပြန်ထွက်လာသည်။လက်ထဲမှာ ပိုးပုဝါဖြင့် ထုတ် ထားသော အထုတ်တစ်ထုတ်။

သစ်မြစ်ဆုံတစ်ခုပေါ်မှာ တင်လိုက်သည်။ကံရာဇာသည် ရှင်စောငယ်လှုပ်ရှားသမျှကို စိတ်ဝင်စားစွာဖြင့် ကြည့်နေမိသည်။

သူမသည် ကျုံ့ကျုံ့ကလေး ထိုင်လိုက်ပြီး ပိုးပုဝါထုတ်လေး ကို သွယ်လျသောလက်ချောင်းကလေးများဖြင့် ဖြည်လိုက်လေ





၏။ပန်းသီးတစ်လုံး ၊ ငှက်ပျောဖက်သန့်သန့်နှင့် ထုတ်ထားသော ကောက်ညှင်းချိပ်ပေါင်း ၊ ဖီးကြမ်းငှက်ပျောသီးက နှစ်လုံး သည်တို့. .

"စားလေးအစ်ကို . . အစ်ကို့ကြည့်ရဟာ ဆာနေသလိုပဲ"

စေတနာ သဒ္ဓါတရားနှင့်လိုက်လျောလာပြန်တော့လည်း ကံရာဇာမှာ မနေသာတော့။ ယူစားမိသည်။

"ညီမလည်း စားလေ"

"ညီမ စားပြီးခဲ့ပါပြီ. . အစ်ကိုစားပါ. . "

"ဟင်. . ဒါဖြင့် သည်မုန့်တွေက ဘယ်သူ့အတွက်ယူလာ ခဲ့တာလဲ"

"ဘယ်သူ့အတွက်ရယ်မှ မဟုတ်ဘူး . . ကြုံတဲ့လူစားဖို့ အမ်ထည့်လာခဲ့တာပါ. . "

"ကြုံတဲ့လူဆိုတော့ သည်ကိုဘယ်သူတွေလာတတ်သေး သို့လဲ. . ညီမနဲ့ ဆုံဖူးတဲ့သူ ရှိလို့လား"

"အို. . မရှိပါဘူး . . သည်လိုသဘောမျိုးနဲ့ ပြောတာ ဟုတ်ပါဘူး . . ဘယ်သူပဲဖြစ်ဖြစ်ပါ . . ကြုံခဲ့ရင် ဒါနပြုချင် သို့ပါ အစ်ကိုရဲ့. . "

ရွှန်းလဲ့သော မျက်လုံးလေးတွေက သမင်ပျို့မ၏ မျက်လုံး လေးတွေကို ကြည်လင်လျက်ရှိသည်။

"သိပါဘူး . . ညီမမှာများ ရည်းစားရှိသလားလို့ . . သူ့ အတွက်ယူလာခဲ့တာဆိုရင် စားမိတာ မှားသွားပြီလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"သွား . . အစ်ကိုကလေ . . ကြံဖန်ပြီးတော့ ပြောတာ တယ် . . စိတ်ထဲရှိတာတွေကို လျှောက်ပြောမနေနဲ့"

မျက်စောင်းလေး ခဲ့ဝဲပြီး ပြောလိုက်သည်။ ချစ်စဖ မျက်စောင်းလေးတွေပဲဖြစ်သည်။ ရင်းနှီးမှုတွေ ပိုလာခဲ့သည် သို့သော် ကံရာဇာသည် သူမ၏လှုပ်ရှားမှု၊ ပြောဆိုမှုလေးတေ ကို သဘောကျသော်လည်း ဗဟာဝန်ကိုတော့ မမေ့။သူ မည်သ အကြောင်းကြောင့် ဤနေရာကို ရောက်နေသလည်းဆိုတာ လည်း မမေ့။

အထူးသဖြင့် ရှင်စောငယ်သည် တောထဲမှ တစ်ယောက် တည်းသွားလာနေတတ်သလား၊ အဖိုးအိုသ သူမနှင်ဘယ် လို ပတ်သက်နေသလဲ၊ ဘယ်မှာနေကြသလဲ ဒါတွေကို သိချင် နေသည်။

"အစ်ကိုက အငယ့်အကြောင်းကို စဉ်းစားနေတာလာ ဟင် . ."

"ဟင် . . မဟုတ်ပါဘူး"

ကံရာဇာ ကပျာကသီပင် ဖြေလိုက်သည်။ မလုံမလဲလည် ဖြစ်သွားမိသည်။ရှင်စောငယ်သည် သူ့စိတ်ကူးကို သိနေသ ပင်။

"ကဲပါ . . ဦးနှောက်အခြောက်ခံပြီးတော့ စဉ်းစားမ ပါနဲ့တော့ . . အငယ်က သည်လိုပဲ ပွင့်ပွင့်လင်းလင်းပြောတ နေတတ်တယ် . . ဒါပေမယ့် လူတိုင်းကိုတော့ မဟုတ်ဘူးနေ





တလွဲလျှောက်မတွေးနဲ့ဦး . ."

မတွေးပါဘူးတဲ့ဗျာ . . သည်က ငါ့ညီမကို မဟုတ်တာ မဟုတ်တာ မှန်သမျှ ဘာမှမတွေးပါဘူး"

"သိပါတယ် . . အစ်ကို သဘောရိုးမှန်း . . ဒါကြောင့်မို့ အငယ်က အစ်ကို့ကို စကားပြောဖြစ်တာပေါ့"

ထိုစဉ် ရှင်စောငယ် မျက်နှာအမူအယာ ချက်ချင်းလိုလို ပြောင်းသွားခဲ့သည်။ ကျောဘက်ကို ဆတ်ကနဲဆို လှည့်ကြည့် လိုက်လေ၏။

ခပ်လှမ်းလှမ်းရှိ ဝါးဘိုးဝါးရုံမင်ကြီး၏ အနားတွင် သဏ္ဍာန် တစ်ခုကို တွေ့လိုက်ရသည်။ဝတ်ဖြူစင်ကြယ်နှင့် အဖိုးအိုတစ် ယောက်ဟုထင်ရသည်။ အမှောင်ရိပ်အနည်းငယ် ကျနေ၍ မျက်နှာကို သဲကွဲစွာမမြင်ရ။ ဖြူဆွတ်၍ ရှည်လျားသော မုတ်ဆိတ်ရှည်ကြီးများက ရင်ညွန့်အောက်အထိကို ရောက်နေ ကြသည်။

"သွားမယ်နော် အစ်ကို . . လိုက်မလာခဲ့နဲ့"

အလျင်စလို နှုတ်ဆက်ပြီး ပြေးထွက်သွားခဲ့သည်။ အဖိုးအို အနားသို့ ရောက်သောအခါ တိုးတိုးစကားတွေ အပြန်အလှန် ပြောဆိုနေကြဟန်တူသည်။ စကားသံတွေကိုတော့ မကြားရ။ ခဏအကြာတွင် ထိုနေရာမှ ထွက်ခွာသွားခဲ့ကြလေသည်။

ကံရာဇာ သက်ပြင်းချမိလိုက်သည်။ နှားထဲမှာ "အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်မလာခဲ့နဲ့" ဟူသော စကားသံလေးကိုသာ ထပ်တလဲလဲ ကြားနေမိလေသည်။

* * * * *







www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ကံရာဇာသည် ရှင်စောငယ်နှင့် တွေ့ဆုံခဲ့သည်မှာ နှစ်ကြိမ် ရှိပြီဖြစ်သည်။ သုံးရက်ခြားတစ်ကြိမ် စေတီတော်ကို ရောက်လာ တတ်သည်ဆိုပြီး ယခုတော့ နှစ်ရက်ဆက်ပြီး တွေ့နေရသည်။ သူမ တစ်ဦးတည်းမဟုတ်၊ ဝတ်ဖြူစင်ကြယ်နှင့် အဖိုးအိုက လည်း သူမကို သတိပေးကာ အသံပြုတတ်သည်။ လာခေါ် တတ်သည်။

ကံရာဇာက သူမ၏နောက်ကို လိုက်လာမှာကိုလည်း စိုးရိမ်နေသည်။ သားအဖလား၊ မြေးအဖိုးလား၊ ဘာတော်စပ်သလည်းမသိရ။ တောထဲမှာပဲနေပြီး နှစ်ဦးအတူ တောနက်ကြီးထဲသို့ဝင်သွားကြကာ ပျောက်သွားတတ်သည်။



ရှင်စောငယ်က လိုက်မလာခဲ့နဲ့လို့ ဆိုပေမယ့် တောထဲဝင်ရမယ့်အကြောင်းက ရှိနေသေးတယ်. . မိုက်ခဲသုံးယောက်ကို ရှာရမယ့်တာဝန်က ရှိသေးတယ်. .

ကံရာဇာသည် သူ့ဂျာကင်အကျႌအောက်မှ ပခုံးသိုင်းကြိုးအိတ်ဖြင့် ထည့်ထားသော သေနတ်ကို စမ်းလိုက်သည်။ ပြီးနောက် တောထဲကို သတိဖြင့်ဝင်လာခဲ့လေသည်။

ယခုအချိန်အထိ လူတစ်ယောက်တစ်လေကိုသော်မှ မတွေ့ရ။ ဆန်းတော့ဆန်းသည်။ တောကနက်ကြီးသည်ဆိုပြီး ကြောက်လန့်မှုနှင့် မဝင်ရဲကြခြင်းပဲလား၊ မိမိကတော့ တာဝန်ကြီးများအရ မိုက်ခဲသုံးယောက်ကို ရှာရပေဦးမည်။ သူများကဲ့သို့ ကြောက်တိုင်းလည်း ကိုယ်ကြောက်၍မဖြစ်။

လာလမ်းပျောက်သွားမည်စိုး၍လည်း ပတ်ဝန်းကျင်ရှိနေအထားကို မှတ်လာသည်။ သစ်ပင်ကြီးတွေကို ဓားမြှောင်ဖြင့် ထစ်ပြီးမှတ်လာခဲ့သည်။

မိုးမှောင်သည် သည်ဘက်နယ်ထဲကို ရောက်နေတာကြာတော့ သေချာနေလေပြီ။ ဖိုးကောင်းနှင့် တေဇောတို့သည်လည်း အတူတူရှိနေရပေမည်။ သူတို့ သုံးယောက်သည် ဘယ်တော့မှ မကြာ။

× × × × × × × ×

www.burmeseclassic.com



"ဟော့ကောင် မိုးမှောင် . . ငါတို့ သည်လိုး ့ည်းပဲ နေသွား လို့ဖြစ်မလားကွ. . ရိက္ခာလည်းဖြတ်တော့မယ် . ထွက်ဝယ် ကြရင်ကောင်းမယ်ထင်တယ်. . "

"ဘာကွ ဖိုးကင်း . . ရိက္ခာထွက်ဝယ်ကြရင် ကောင်းမယ် ဟုတ်လား. . မင်းမို့လို့ ပြောထွက်တယ်ကွာ. . ငါတို့ကို ရဲတွေ က လိုက်နေကြတယ်ဆိုတာကိုကော ပြန်ပြီးစဉ်းစားမိရဲ့လား. . သုံးယောက်စလုံး တစ်ပြုံလုံးထွက်ကြရင် လူတွေ တွေ့ကုန်ကြမှာ ပေါ့ကွ. . ရဲကို သတင်းသွားပေးကြမှာပေါ့"

"အေးလေ. . မိုးမှောင် ပြောတာမှန်သားပဲ. . ငါတို့က လူလုံးထွက်ပြလို့ ကောင်းတဲ့ ပုဂ္ဂိုလ်တွေမဟုတ်ဘူးကွ. . မတော် တဆမိသွားကြရင်လည်း ငါတို့ကျူးလွန်ထား အပြစ်တွေက နည်းတာမဟုတ်တော့ ထောင် ဒဏ်တစ်သ ာစ်ကျွန်းက တော့ ကျိန်းသေတယ်. . "

တေဇောက မျက်နှာကြီးရှုံ့မဲ့ပြီး ပြောလိုက်သည်။

ကံရာဇာသည် မမျှော်လင့်ပဲ ကြားလိုက်ရသော အသံမှာ ကြောင့် သစ်ပင်ကြီးတစ်ပင်မှာ ပြေးကပ်လိုက်သည်။ သူရှာ သော မိုက်ခဲသုံးယောက်၏ အသံပင်ဖြစ်သည်။ ဂျာကင်အင် အောက်မှ ပစ္စတိုသေနတ်ကိုလည်း ဆွဲထုတ်လိုက်လေသည်။ ထို့နောက် သစ်ပင်တစ်ပင်ပြီးတစ်ပင် ပြေးကပ်လိုက်သည်။

ကညင်ပင်ကြီး၏ အကွယ်သို့ရောက်သောအခါ သူ သုံးယောက်ကို မြင်တွေ့လိုက်ရသည်။





"ငါ ထင်တဲ့အတိုင်းပါပဲလား . . သည်လူသုံးယောက်က ဘယ်တော့မှ မခွဲကြပဲ အမြဲတန်းအတူတူရှိနေကြတာပဲ"

ထို့စဉ် . .

ဖိုးကင်း၏ ခန္ဓာကိုယ်သည် အလိုလိုနေရင်း ဆတ်ခနဲဆို ဖြစ်သွားခဲ့သည်။

"ဟော့ကောင်တွေ ငါ ချက်ချင်း စိတ်လေးသွားတယ်ကွ အန္တရာယ်တစ်ခုခု ကျရောက်လိမ့်မယ်ထင်တယ်. . "

ဖိုးကင်းက လည်ပင်းမှာဆွဲထားသည့် အဆောင်ဘီလူး ရုပ်ကို ကိုင်ပြီးပြောလိုက်သည်။

"ဖိုးကင်း . . မင်းကွာ . . နေရင်းထိုင်ရင်း ဘယ်လိုဖြစ် တာလဲ. . ငါတို့သည်မှာ နေရာမှာ လျှို့ဝှက်ပြီးတော့ နေကြတာ ဘာအန္တရာယ်မှ မရှိဘူး . . "

တေဇောက ပြောလိုက်သည်။

"မဟုတ်သေးဘူးကွ. . ခါတိုင်းလည်း အန္တရာယ်တစ်ခုခု ကျရောက်လာတော့မယ်ဆိုရင် ငါက ကြိုပြီးတော့ သိတာပဲ မဟုတ်လား. . ဟောသည် ဘီလူးရုပ်လေးက အမြဲတမ်းသတိ ပေးတယ်လေ. . "

"ဖိုးကင်းရာ . . တိုက်ဆိုင်မှုတွေပါ. . သည်သက်မဲ့ ဘီလူးရုပ်က မင်းကို ဘယ်လိုလုပ်ပြီး သတိပေးနိုင်မှာလည်းကွ"

"မိုးမှောင် . . . မင်း တော်တော့ . . ဆက်မပြောနဲ့တော့ ငါပြောတာကို မင်းတို့နှစ်ယောက်စလုံးက ဘယ်တော့မှ လက်



www.burmeseclassic.com

www.burmeseclassic.com



ခံတယ်ဆိုတာ မရှိခဲ့ဖူးဘူး . . "

ဖိုးကင်း သူတို့နှစ်ယောက်ကို စိတ်ဆိုးသွားသည်။ မိုးမှောင်က စကားတစ်ခွန်းပြောတော့မည်ပြုစဉ် သစ်ပင်အကွယ်မှ ရုတ်တရက်ထွက်လာသော လူတစ်ယောက်ကြောင့် နှုတ်ပိတ်သွားခဲ့ရသည်။

ကံရာဇာက သူတို့သုံးယောက်စလုံးကို သေနတ်နှင့် ချိန်ထားသည်။

"မိုက်ခဲသုံးယောက် . . မင်းတို့ပြေးဖို့လမ်းဆိုတာ မရှိတော့ ပါဘူးကွ . . ငါကလည်း မင်းတို့ဘယ်မှာရှိနေတယ်ဆိုတာ သိ နေတော့ မဟာအဝီစိရောက်နေကြလည်း ငါက လိုက်လာမှာပဲ"

ကံရာဇာ၏ ပြတ်သားသောအသံကြောင့် သုံးဦးစလုံး အနိုက်အတုံ့တော့ မလှုပ်မယှက်ဖြစ်သွားခဲ့ကြရသည်။ လူရော စိတ်ပါ ကျောက်ရုပ်တွေလို ငြိမ်သက်သွားခဲ့ကြသည်။

"ဟင် . . ငါ . . ဟိုဆိုင်မှာ တွေ့ခဲ့တဲ့လူပါလား"

မိုးမှောင် အံ့အားသင့်သွားခဲ့ရသည်။ ပေါက်ဖော်ကြီး၏ ဆိုင်မှာ သူနှင့်တိုက်ခိုက်ခဲ့သောသူဖြစ်နေသောကြောင့်ပင်။

"ခဲတစ်လုံးတည်းနဲ့ ငှက်သုံးကောင်ကို တစ်ပြိုင်တည်း ပစ်ဖမ်းဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား မိတ်ဆွေ . . ခင်ဗျားက ဘယ်သူလဲ"

တေဇောက မေးလိုက်သည်။





"ငါ ဘယ်သူလည်းဆိုတာ မင်းတို့ မခန့်မှန်းမိကြဘူးသေးဘူးလား"

"အကြံ့ကူရင် ရန်သူဖြစ်စမြဲတဲ့ . . ကျုပ်တို့နဲ့ အကြံချင်းတူခင် ခင်ဗျားလည်း မြေအောက်ဘုံသားပဲဖြစ်ရမယ် . . ဒါပေမယ့် ကျုပ်တို့မှာ ခင်ဗျားမက်လောက်အောင် ဘာပစ္စည်းမှမရှိပါဘူးဗျာ . . သူနိုးလက်က တစ်ဝက်လုမယ့်အကြံကို လက်လျှော့လိုက်စမ်းပါ . . "

"ဖိုးကင်း သိပ်ပြီးဟန်ဆောင်ကောင်းမနေနဲ့ . . ငါ ဘယ်သူလည်းဆိုတာ မင်းတို့သိတယ် . . ကဲ . . မင်းတို့သုံးယောက်လုံး မြေပြင်မှာ ဝမ်းလျားမှောက်လိုက်ကြစမ်း"

ကံရာဇာက အမိန့်ပေးလိုက်သည်။ မိုက်ခဲသုံးဦးစလုံးက ကံရာဇာကို ပမာမခန့်မျက်နှာပေးများဖြင့် ကြည့်လိုက်ကြသည်။

"ကျုပ်တို့က သူများပေးတဲ့အမိန့်ကို နာခံတတ်တဲ့လူတွေမဟုတ်ဘူး . . တစ်ကယ်လို့ မနာခံရင် ခင်ဗျားက ဘယ်လိုတုန့်ပြန်မလဲ . . "

ဖိုးကင်းက မေးလိုက်သည်။

"စတိလေးတော့ ဆုံးမလိုက်ရမှာပေါ့ကွာ . . "

"ဒိုင်း"

ဖိုးကင်း၏ ညာဘက်နားရွက်သည် ပူကနဲဖြစ်သွားသည်။ ဆောင်ယမ်းပြီး လည်ပင်းမှာဆွဲထားသည့် ဘီလူးရုပ်လေးကို ဆုပ်ကိုင်မိလိုက်သည်။ သည်အဆောင်ကြောင့် ကျည်လွဲသည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော သူ၏လှေနံဓားထစ် ယုံကြည်ချက်သည့် ကပြောင်းကပြန်ဖြစ်သွားခဲ့ရသည်။

"ခင်ဗျားမှာ အဆောင်ကောင်းရှိသလား။ ကြည့်ခမ်း.. ခင်ဗျားရဲ့သေနတ်နဲ့ ကျုပ်ကိုပစ်တာ ကျည်ထွက်တယ်.."

ဖိုးကင်းသည် နားရွက်စလေးပြတ်ထွက်သွားပြီး နာကျင်မှုရသွားသည်ကိုပင် ဂရုမစိုက်နိုင် အံ့အားတသင့်ဖြင့် မေးလိုက်သည်။

"ဖိုးကင်း.. ဖိုးကင်း.. မင်းဟာ တကယ့်လူမိုက်သက်သက်ပါပဲလား.. ယတြာတို့၊အဆောင်တို့ဆိုတာ မင်းကိုအကာအကွယ်ပေးနိုင်မယ်၊ မင်းဘဝကိုပြောင်းလဲသွားစေနိုင်မယ်လို့ ထင်နေတာကိုး.. ကဲပါ.. ငါပြောတဲ့အတိုင်း မြေပြင်ပေါ်မှာ မှောက်လိုက်ကြစမ်း.. အချိန်မရှိဘူး.."

"မိုးမှောင်.. သည်လူဟာငါတို့ဆီကို တစ်ယောက်တည်းလာရဲတယ်၊ အနံခံလည်းကောင်းတယ်၊ လူဆိုးလူမိုက်တွေကို ထောင်နံ့ရုံတွေရဲ့နောက်၊ ကြိုးစင်ပေါ်လည်း မကြာခဏပို့ပေးနေတဲ့ ပွဲတိုင်းကျော်ကံရာဇာပဲကွ.. အပုန်းကောင်းတဲ့သူလည်း မလွတ်ဘူး.. အခုပဲကြည့်လေ ငါတို့နဲ့ပက်ပင်းတိုးပြီ.."

"ဟုတ်ပ တေဇောရ၊ငါနဲ့တွေ့ခဲ့တဲ့သူဟာ ကံရာဇာပဲဆိုတာ ငါဘာဖြစ်လို့မသိခဲ့တာလဲ၊ တစ်ကယ်တော့ ငါ့ကိုကညီခဲ့တာပါ.."

မိုးမှောင်က မထီလေးစားဖြင့် ပြောလိုက်သည်။





"မိုးမှောင် ငါတို့သူခိုင်းတဲ့အတိုင်းမလုပ်ခဲ့ရင် ဖိုးကင်းလို နားရွက်ပြတ်လေး ဖြစ်သွားကြလိမ့်မယ်ကွ.. သည်လူက နာမည် တစ်လုံးနဲ့ နေတဲ့ပုဂ္ဂိုလ်.. ကိုက်တစ်ရာလောက်က သင်ကောင် ကိုတောင် ပစ်မလွဲဘူး.. သည်တော့သူ့အမိန့်ကို နာခံလိုက်တာ က အကောင်းဆုံးဖြစ်လိမ့်မယ်လို့ထင်တယ်.."

တေဇောသည် သူကစပြီးမြေပြင်ပေါ်မှာဝပ်ချလိုက်တော့မသိုလိုနှင့် ကိုယ်ကိုတစ်ပတ်လှည့်ကာ ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်လိုက်သည်။ ထို့နောက် ကံရာဇာဆီကို ပစ်ထည့်လိုက်လေ၏။

"ဒိုင်း.."

"အား.."


တေဇော၏လက်ထဲမှသေနတ်သည် လွင့်ထွက်သွားခဲ့သည်။မျက်နှာကြီးလည်း ရှုံ့မဲ့သွားသည်။သူ့ထက်ပိုလျှင်သော ကံရာဇာက စက္ကန့်ဝက်မျှလက်ဦးသွားခဲ့သည်။တေဇောမပစ်လိုက်မီမှာ ကံရာဇာက လက်ကိုဆန့်တန်းကာ တစ်တောင့်တည်းသောကျည်ဆံကို ပေးလိုက်သည်။တေဇောသည် သွေးတွေယိုစီးထွက်လာသောညာလက်ဖဝါးကို ဘယ်လက်ဖြင့်ဆုပ်ကိုင်ထားလိုက်သည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁၄)

"မင်းအသက်ကို ငါမယူချင်ဘူးတေဇော. . ငါသာ တစ်ဘယ်ပစ်ထည့်လိုက်ရင် မင်းအခုလောက်ဆို မြေကြီးကိုလက်နှစ်ဘက်နှင့်ယက်ပြီး ငရဲပြည်အထိ ဆင်းသွားလောက်ပြီ. . ကဲ ကျန်တဲ့နှစ်ယောက်လည်း ဆက်မိုက်ဖို့မကြိုးစားကြနဲ့.. တစ်ယောက်ယောက်က ထပ်ပြီးဖောက်လာခဲ့ရင် ငါမညှာနိုင်တော့ဘူး ပြောထားပါရဲ့. ."

"ကျုပ်တို့အဖမ်းခံပါတော့မယ် မပစ်ပါနဲ့. ."

မိုးမှောင်က လက်နှစ်ဘက်ကိုမြှောက်ပြီး ဒူးထောက်ချလိုက်သည်။ ဖိုးကင်းလည်း သွေးစက်စက်ကျနေသော သူ့နားရွက်ကို လက်ဖြင့်ကိုင်ကာ မိုးမှောင်လို့ပဲလက်တွေမြှောက်၍ ဒူးထောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်. . .

"ဝုန်း. ."

ကျယ်လောင်သောအသံကြီးတစ်ခုသည် ကံရာဇာ၏ နောက်မှ ထွက်ပေါ်လာသည်။သစ်ကိုင်းကြီးတစ်ခု ရုတ်တရက် ကျိုးကျလာခြင်းပင်။ကံရာဇာသည် နောက်ကိုအမှတ်တမဲ့လှည့် ကြည့်မိလိုက်သည်။

"ဝေါ. . ဝေါ. . ဝေါ. ."

တစ်တောလုံးတုန်ခါသွားပြီး တစ်ဝေါဝေါအသံများက ထွက်ပေါ်လာခဲ့သည်။

"ဟိတ်ကောင်တွေ. . ဘာကြောင်ကြည့်နေကြတာလဲ ပြေးကြမယ်"

မိုးမှောင်က သတိပေးလိုက်သည်။ဖိုးကင်းနှင့် တေဇောတို့ သည်လည်း မှင်တက်မိနေကြရာက သတိရသွားကြကာ နေရာ မှထပြေးကြလေတော့သည်။

မည်သည့်သစ်ကိုင်းမှလည်း ကျိုးကျမလာ။တစ်ဝေါဝေါ နှင့်ထွက်ပေါ်လာကြသောအသံများကလည်း ဘယ်ကမှန်းမသိ အကောင်အထည်မမြင်ကြရ။ တောခြောက်ခံရခြင်းပေလား။

ထူးဆန်းသောအသံများက အဆက်မပြတ်ထွက်ပေါ်နေ ဆဲပင်ဖြစ်သည်။

"ဒူး. . ဒူး. . ဒူး"

မောင်းထုသံများကလည်း ထွက်ပေါ်လာသည်။ပတ်ဝန်း





င်တွင် လေနီကြမ်းတိုက်ခတ်သလို တဟူးဟူး၊တဟဲဟဲနှင့် အသံ မျိုးစုံတို့ကိုလည်း ရောနှောပြီးကြားလာခဲ့ရပြန်သည်။သို့သော် လဒဏ်ကြောင့် သစ်ရွက်များ၊သစ်ကိုင်းများက ယိမ်းထိုးမနေကြ ။သစ်ပင်ကြီးများသည်လည်း လှုပ်ခါမနေကြပါ။လေမတိုက် သော်လည်း လေတိုက်ခတ်သည့်အသံများကို ကြားနေရသည်။

တော၏ပရိယာယ်၊ တော၏မာယာများသည် အံ့သြ၍ တုန်နိုင်စရာပင်၊ ကံရာဇာသည် တခဏမှင်တက်မိသွားသည်။ တော၏မာယာထောင်ချောက်ထဲကို ရောက်သွားခဲ့သည်။ ချက်မိသွားခဲ့သည်။သတိပြန်ဝင်လာပြီး မိုက်ခဲသုံးယောက်ကို ကြည့်လိုက်သောအခါ မည်သူမှမရှိကြတော့။သူတို့သည် အခြေ နေကို အခွင့်ကောင်းယူပြီး ထွက်ပြေးကြလေပြီ။

ကံရာဇာပြုံးမိလိုက်သည်။ ဥပဒေဘက်တော်သားနှင့် ဒုစ ိတ်သမားဟူသည် ဆုတ်တက်လှုပ်ရှား၊ စစ်တုရင်ကစားသလို မဟုတ်ပါလား။

"မင်းတို့ တစ်သက်လုံးပြေးမနေနိုင်ပါဘူးကွာ၊ တစ်ချိန်ကျ ရင် ခြေကုန်တဲ့နွားကို ချောင်ပိတ်ခံကြရမှာပဲ. . ကံရာဇာကိုဘယ် ဒုစရိုက်သမားမျိုးမှ မကျော်နိုင်ကြဘူးကွ. . မင်းတို့ရဲ့ နက္ခတ် ဆိုးနေပြီ. ."

ကံရာဇာသည် စိတ်ထဲမှကြိမ်းဝါးလိုက်သည်။ထို့နောက် နေရာမှ အမြန်ဆုံးထွက်လာခဲ့လေသည်။တဝေါဝေါဖြင့် ဆူညံ သော အသံဗလံမျိုးစုံတို့ကိုမမှုပဲ လာရာလမ်းကို ပြန်လှည့်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း လမ်းပျောက်နေခဲ့လေပြီ။ . သစ်ပင်များကို ခါးထ
ကာ အမှတ်အသားပြုလုပ်ခဲ့သည်များကိုလည်း မတွေ့ရတော
မျက်စိလည်နေခဲ့လေပြီ။

x x x x x x x x

ကံရာဇာသည် လမ်းစကိုရှာရင်း ရောက်ချင်ရာကိုရော
နေလေတော့သည်။သူ့စိတ်ထဲမှာ ပတ်ဝန်းကျင်အသစ်တစ်ခု
ရောက်နေသလို ခံစားနေရသည်။လေပြင်းတိုက်ခတ်သံ၊ မော
ထုသံ၊ သစ်ကိုင်းကြီးများ ကျိုးကျသံတို့သည် တဖြည်းဖြည်းန
ဝေးသွားခဲ့ကြသည်။

တောသည်ပြန်ပြီးတော့ တိတ်ဆိတ်သွားခဲ့သည်။အ
ဇလံများ လုံးဝဆိတ်သုဉ်းသွားသောအခါ ချောက်ချားစ
ကောင်းလာခဲ့ပြန်သည်။ ဤကား တော၏မာယာပင်ဖြစ်သည
ကံရာဇာကတော့ အသက်နှင့်မလိုက်အောင် အတွေ့အကြုံမျ
ခဲ့ပြီဖြစ်သည်။တစ်ယောက်တည်းရှိလည်း အသည်းငယ်တတ်
မဟုတ်ပါ။

"အေးအေး . . တောထဲကိုဝင်ရင်လည်း သတိဝိရိယနဲ့
ကျားသစ်ကလွဲပြီး အန္တရာယ်ပြုနိုင်လောက်တဲ့ သတ္တဝါကတေ
မရှိပါဘူး . . ဒါပေမယ့် . . တောကကြမ်းတယ် အများမခံဘူး .

ကန့်ပလူရွာသားအဖိုးအို၏စကားကို ပြန်ပြီးကြားယောင





သာသည်။လူတွေ၏အယူသည်းတတ်မှုတွေရှိနေကြသောကြောင့်
တောထဲမှာအသွားအလာမရှိကြသလောက်ပင် တောကောင်
လေးတွေလည်း ဘယ်ရောက်လို့ဘယ်ဆီမှာ နေကြသလားမသိ
နက်မြည်သံ၊ မျောက်အော်သံများပင် ထွက်ပေါ်မလာကြ။

သူ လမ်းလျှောက်နေသည့် ခြေသံများကိုသာ ကြားနေရ
သည်။

ထိုစဉ် ကံရာဇာ၏မျက်လုံးတွေသည် ဟစ်နေရာကိုရောက်
သွားခဲ့သည်။

ဂူကြီးတစ်ခု . . .

ကြီးမားသောကျောက်ဂူကြီးတစ်ခုကို ဘွားခနဲဆိုမြင်တွေ့
လိုက်ရသည်။သည်လိုတောများမှာ ကျောက်ဂူတစ်လုံးကရှိနေ
သည့်အတွက် အံ့အားသင့်သွားခဲ့ရသည်။

ကံရာဇာသည် ကျောက်ဂူကြီး၏အနားကို တဖြည်းဖြည်း
နင့်တိုးကပ်သွားခဲ့သည်။အန္တရာယ်ရှိကကာကွယ်နိုင်ရန် သေနတ်
ကိုလည်း အဆင်သင့်ကိုင်ထားသည်။ဂူဝသည် ဆယ်ပေခန့်မြင့်
သည်။ ကျောက်ဂူပတ်ပတ်လည်မှာ ညမွှေးပန်းကန့်သို့ မွှေးကြိုင်
သောပန်းရနံ့များက ထွက်နေသည်။[တစ်ကယ်တော့ ညမွှေးပန်း
နံ့လည်း မဟုတ်ချေ။ ထူးခြား၍အမည်သတ်မှတ်ရခက်သော
န်းရနံ့မျိုးသာဖြစ်သည်။]

ဤဂူကြီးကို ကံရာဇာ စိတ်ဝင်စားနေမိသည်။ ထို့ကြောင့်
သတိထားပြီးတော့ ဝင်လာခဲ့သည်။

မြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဂူကြီးသည် အထဲမှာအတော်လေးကို ကျယ်ဝန်းသည်။ ထူးခြားသောအလင်းရောင်တစ်မျိုးက ဂူထဲမှာထွက်ပေါ်လျှက်ရှိ သည်။

တစ်နေရာသို့ရောက်သောအခါ ကံရာဇာ၏ မျက်လုံးတွေ သည် ဝိုင်းစက်သွားခဲ့ရသည်။

အဘယ်ကြောင့်ဆိုသော်. . .

ဆင်တစ်ကောင်ကို အမှတ်မထင် တွေ့လိုက်ရသော ကြောင့်ပင်တည်း။ သို့သော်. . ထိုဆင်ကြီးသည်တစ်ကယ့်သက်ရှိ ဆင်ရုပ်ကြီးမဟုတ်ပဲ. . ကျောက်ဖြူသားဖြင့် ပြုလုပ်ထားသည့် ဆင်ရုပ်ကြီးတစ်ခုသာလျှင်ဖြစ်သည်။

သို့သော် လက်ရာမြောက်လွန်းလှ၍တစ်ကယ့်သက်ရှိ ဆင်ကြီးတစ်ကောင်နှင့်မခြား ရှိနေသည်။ ဆင်ရုပ်ကြီး၏ ကိုယ် ထည်၊ ခြေထောက်များ၊ ဦးကင်း၊ နှာမောင်း၊ နားရွက်၊ မျက်လုံး တွေကအစ အသေးစိတ်ထုလုပ်ထားသည်။

ကံရာဇာသည် ဆင်ကြီး၏အနားကို တိုးကပ်သွားခဲ့သည်။ ကျောက်ဖြူသားဆင်ရုပ်ကြီး၏အမြင့်သည် ဆယ်ပေလောက်ရှိ သည်။

ဆင်ကိုယ်ထည်ကို လက်ဖြင့်ကိုင်ကြည့်သည်။ ကျောက် သားသည် အေးစက်မနေပဲ အံ့အားသင့်စရာကောင်းလောက် အောင် နွေးထွေးလျှက်ရှိသည်။ နှာမောင်းအဖျားရှိ အကွေးလေး ကအစ သဘာဝကျစွာ ထုလုပ်ထားခြင်းပင်ဖြစ်သည်။ ဝို၍ထူး





ခြားသည်က ဆင်မျက်လုံးတွေသည် အနက်နှင့်အဖြူရောင် ရော ယ်ထားသည်။ မျက်လုံးအစုံများပမာ ထင်ရသည်။ အသက်ဝင် ကာအရည်လဲ့နေသည်။

ကံရာဇာသည် ဂူကြီးထဲကို လှည့်ပတ်ပြီးကြည့်သည်။ ူသည် ပေလေးဆယ်လောက်ကို ရှည်လျားသည်။ အဆုံးတွင် ံနံရံက ပိတ်လျက်ရှိသည်။ အလင်းရောင်သည် ဂူအဆုံးအထိ တောင်းစွာမြင်နေရသည်။

ဂူထဲမှာ မည်သည့်အမှိုက်သရိုက်များမှမရှိပဲ ရှင်းလင်းနေ သည်က ထူးခြားချက်တစ်ခုပင်ဖြစ်သည်။

ကံရာဇာသည် အလင်းရောင်ဘယ်ကရောက်လာသလဲဟု ဆ်လှမ်းလှမ်းကနေလေ့လာကြည့်ရာ ကျောက်ဖြူသားဆင်ရုပ် ကြီး၏ ကိုယ်မှထွက်ပေါ်နေသည်ကို သတိထားမိလိုက်သည်။

"သည်ကျောက်ဟာ မီးစုန်းဓာတ်ရှိနေတယ်. . ထူးခြားတဲ့ ဓာတ်သတ္တိရှိတဲ့ကျောက်တစ်မျိုးပဲ. . "

သို့သော်. . .

ဤဆင်ရုပ်ကြီးကို မည်သည့်အကြောင်းကြောင့် လက်ရာ မြောက်စွာဖြင့် ထုလုပ်ထားသည်ကို စဉ်းစား၍မရနိုင်ခဲ့။ သည် အရပ်ဒေသက လူတွေပြောပြောနေကြတဲ့ ဆင်ဂူတောဆိုတာ သည်တောပဲဖြစ်ရမယ်။ ဒါပေမယ့် သည်နေရာမှာ သည်ဂူကြီး ကျောက်ဆင်ကြီးတစ်ကောင်ရှိနေတယ်ဆိုတာ သိကြမှာမပေါ် မြင်ဖူး[illegible]သူတွေလည်း ရှေးအလွတ်တောကာလကသာ ရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။ သည်ဘက်ကာလမှာ မြင်ဖူးကြတဲ့သူရယ်လို့ မကြားမိ
ဘူး။ ငါပဲမျက်စိလည်ပြီးရောက်လာလို့ သာတွေ့ရတာ။

ကံရာဇာ၏အတွေးသည် စေတီတော်ဆီကို ရောက်သွား
ခဲ့ပြန်သည်။ စေတီတော်နားမှာ မထင်မှတ်ပဲတွေ့ခဲ့ရသည့် ဆင်
ခြေရာများ. . ဆင်မနေသောတောမှာ ဆင်ခြေရာတွေက ရှိနေ
သည်မှာ စဉ်းစားစရာပဲဖြစ်သည်။

"သည်ဂူကြီးထဲက ကျောက်ဆင်ကြီးနဲ့ စေတီတော်မှာ
ဆက်စပ်မှုများ ရှိနေသလား. ."

တစ်ယောက်တည်းတွေးပြီး တစ်ယောက်တည်းအဖြေရှာ
နေမိသည်။ ထို့နောက်ဂူထဲမှနေ၍ အပြင်ကိုပြန်ထွက်လာခဲ့
သည်။

အလင်းရောင်သည် အတော်နည်းလျက်ရှိနေလေပြီ။ မှု
နေရာကိုပြန်ရန် လမ်းစကပျောက်နေသည်။ တစ်နေရာပြီးတစ်
နေရာ လျှောက်သွားကာ ထွက်ပေါက်ကိုရှာသည်။

နေရာတိုင်းသည် သစ်ပင်ကြီးများခပ်စိပ်စိပ်ပေါက်ကာ
ပိတ်ဆို့လျက်ရှိသည်။ ခြုံနွယ်တွေကလည်း ထူထပ်နေသည်။

အလင်းရောင်က တဖြည်းဖြည်း နည်းလာသည်။နဂိုက
မှောင်နေသောတောသည် ပိုပြီးတော့မှောင်သွားသည်။

"မိုးချုပ်တော့မယ်. . ငါဒီအတိုင်းလျှောက်သွားနေလို့
မဖြစ်ဘူး. . တစ်ညအတွက်ခိုနားစရာ နေရာရှာမှဖြစ်တော့
မယ်. ."





ကံရာဇာသည်ကျောက်ဂူကြီးဆီကို ပြန်ရောက်လာသည်။
အတွက် တစ်ညတာခိုလှုံရန် အကောင်းဆုံးနေရာသည်
ကျောက်ဂူကြီးမှလွဲ၍ အခြားမရှိ။ ဂူအထဲ ဆယ်ပေလောက်
ဝင်လာခဲ့ပြီး ထိုင်ချလိုက်ကာ ဂူနံရံကိုကျောမှီလိုက်သည်။

တစ်လမ်းလုံးပင်ပန်းလာခဲ့ပြီး သက်တောင့်သက်သာရှိ
ကာ စိတ်ကိုလျှော့ချလိုက်သည်နှင့် ချက်ချင်းလိုလိုပင်
ပျော်သွားခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

BURMESE CLASSIC .com

မည်မျှကြာအောင် အိပ်ပျော်သွားသလဲမသိ။ အကြောင်းတစ်ခုခုကြောင့် ခန္ဓာကိုယ်သည် ဆတ်ကနဲဆိုဖြစ်သွားခဲ့ရသည်။ကံရာဇာ၏ မျက်လုံးတွေလည်း ပွင့်သွားခဲ့ရသည်။

သူ မြင်လိုက်ရသည်က ဂူကြီးတစ်ခုလုံး လင်းထိန်နေသည့်အခြေအနေ။ အားလုံးကို ရှင်းရှင်းလင်းလင်း မြင်တွေ့နေရသည်။အပ်တစ်ချောင်းကျနေသည်ကိုပင် မြင်တွေ့နိုင်သည့်အခြေအနေ။ နေ့ခင်းတမျှ လင်းထိန်နေသည်။ သို့သော် အခိုက်အတန့်ကား အကာလသန်းခေါင်းယံဖြစ်သည်။

“ဟင်. . ”

ကံရာဇာ အံ့အားသင့်သွားသည်။ ကျွက်ဖြူရုပ်ဆင်ကြီး မရှိတော့။ သူပဲ မျက်စိမှားသလားဆိုပြီး နေရာမှထကာ ဂူ





အနှံ့လိုက်ပြီးရှာမိသည်။ ဂူထဲမှာ ပြတ်သားစွာမြင်နိုင်သော်လည်း ရှာနေမိသည်။

“နေ့လယ်က သည်ဆင်ရုပ်ကြီးရှိခဲ့တာ သေချာပါတယ် ငါ မျက်စိမမှားပါဘူး”

ကံရာဇာ မျက်လုံးအစုံသည် မြေပြင်ပေါ်ကို ရောက်သွားခဲ့သည်။ခြေရာများ ၊ ဆင်ခြေရာတွေ . . ဂူအပြင်ဘက်ကို ဦးတည် ပြီးသွားနေသည့် ဆင်ခြေရာတွေ။ ကံရာဇာ ဘယ်လိုမှ နားမ လည်နိုင်အောင်ဖြစ်သွားခဲ့ ရသည်။

ဆင်ခြေရာတွေက ဂူအပြင်ဘက်ကို ဦးတည်ပြီးထွက်သွားသည်။ ကံရာဇာက နောက်ယောင်ခံပြီး လိုက်သွားမိသည်။ သန်းကောင်ယံသို့ ရောက်နေပေမယ့်လည်း ထိန်ထိန်သာနေသော လမင်းကြီးကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးကို သိသာထင်ရှားစွာဖြင့် မြင်နေရသည်။

ရှေ့မှာ ဖြောင့်ဖြူးသော လမ်းကြောင်းလေးတစ်ခု။ လမ်းက ဖုံနေသည်။ ကံရာဇာတွေ့လိုက်ရသည်က တရွေ့ရွေ့ဖြင့်သွားနေသော သဏ္ဍာန်တစ်ခု။ ထိုသဏ္ဍာန်သည် ဆင်ကြီးတစ်ကောင်ပင်ဖြစ်သည်။

ကံရာဇာသည် ဆင်သွားသည့်လမ်းကြောင်းမှ မလိုက်ပဲ တောသို့ဆင်းကာ နောက်ယောင်ခံပြီးလိုက်သွားသည်။ ဆင်ကြီးသွားနေသည့်ဦးတည်ချက်သည် အကြောင်းမဲ့တောဟုတ်ဟု ကံရာဇာအလိုလို သိနေခဲ့သည်။ မနေ့တုန်းက ခံစားနားလည်

www.burmeseclassic.com



နေသည်။

ကံရာဇာသည် လမ်းဘေးမှပန်းပြီး မျက်မြင်သော ခြေလှမ်း များဖြင့် လိုက်သွားခဲ့သည်။ ဆင်ကြီး၏ နှာမောင်းဖျားမှာ ကြာပန်း ဖူးများကို ရစ်ပတ်ထားသည်။

မကြာမီ စေတီတော်တစ်ဆူဆီသို့ ရောက်လာခဲ့သည်။ ထိုစေတီသည် ကံရာဇာ နှစ်ကြိမ်နှစ်ခါရောက်ဖူးခဲ့သော မုခ် လေးမုခ်မှာ ခြင်္သေ့လေးကောင်စောင့်ကြပ်သော စေတီတော် ပင်ဖြစ်သည်။

ဆင်ကြီးသည် စေတီတော်၏ ရင်ပြင်ပေါ်သို့တက်သွား ကာ ကြာပန်းများကို ကြာအိုးထဲမှာထည့်၍ ကပ်လှူသည်။ ထို့ နောက် ခြေလက်များကိုထောက်ကာ ပဆစ်တုပ်မှောက်ချလိုက် ပြီး နှာမောင်းကို ဦးကင်းထက်သို့ မြှောက်လိုက်သည်။

"ဆင်လိမ္မာကြီးပဲ . . စေတီတော်ကို ကြာပန်းနဲ့ ပူဇော် ကန်တော့နေပါလား"

ဆင်လိမ္မာကြီး၏ ထူးခြားသော အပြုအမူကြောင့် ကံရာဇာ အံ့အားသင့်သွားခဲ့ရသည်။

ထို့နောက် ဆင်ကြီးသည် စေတီတော်၏ မြောက်ဖက် မုခ်ဆီကို လှည့်ကာထွက်သွားသည်။

ထိုစဉ် . . .

များပြားလှစွာသော အရိပ်သဏ္ဌာန်များသည် ဆင်ကြီးဆီ ကို တဖြည်းဖြည်းနှင့်လာနေကြသည်။ ထိုသဏ္ဌာန်များသည်





အနီးသို့ရောက်လာကြသောအခါ တောတွင်းတိရစ္ဆာန်များ ဖြစ် နေကြသည်ကို တွေ့လိုက်ရလေသည်။

ကျား၊ ကျားသစ်၊ သမင်၊ ဒရယ်၊ မျောက်၊ မြွေ၊ ငှက် ပေါင်းစုံ၊ ငသည်တို့သည် ဆင်ကြီးကိုဝိုင်းပြီး အရှိအသေပေး လျှက်ရှိနေကြသည်ကို လူးဆန်းအံ့ဩဘွယ်ရာ ကောင်းလောက် အောင် မြင်တွေ့နေရသည်။ ဆင်ကြီးသည် သတ္တဝါအပေါင်း တို့၏ တောတွင်းဘုရင်ပင်တည်း . . ။

တခဏအကြာတွင် ဆင်ကြီးသည် လာရာလမ်းအတိုင်း လှည့်ပြန်ပြီး ကျောက်ဂူကြီးဆီကို ဦးတည်ကာ သွားနေသည်။ ကံရာဇာလည်း ညို့ဓာတ်မိနေသည့်ပမာ နောက်မှပြန်လိုက် သွားခဲ့လေသည်။

ဆင်ကြီးသည် ကျောက်ဂူကြီးထဲသို့ ပြန်ဝင်သွားသည်။ ကံရာဇာလည်း လိုက်ပြီးဝင်သွားခဲ့လေသည်။

x x x x x x x x

ကံရာဇာသည် အိပ်ပျော်နေရာက ဖျတ်ကနဲဆို လန့်နိုး သွားခဲ့ရသည်။

"ဟင် . ."

မိုးစင်စင်လင်းခဲ့လေပြီ။ မြင်ပကာ အလင်းရောင်သည် ဂူ ထဲသို့ ကောင်းစွာဝင်လာခဲ့သည်။ ကံရာဇာ အရင်ဦးဆုံးကြည့်



www.burmeseclassic.com

www.burmeseclassic.com



မိလိုက်သည်က ကျောက်ဆင်ရုပ်ကြီးကိုပဲဖြစ်သည်။ ကျောက်ဆင်ရုပ်ကြီးသည် မူလနေရာမှာပဲ ရှိနေသည်။

ညက အဖြစ်အပျက်ကို သူ ကောင်းစွာမှတ်မိနေသည်။ ဆင်ကြီးနောက်က သူလိုက်သွားသည်မှာ အမှန်ပင်ဖြစ်သည်။

ကျောက်ဆင်ကြီးသည် အသက်ဝင်ပြီး ဂူထဲမှ ထွက်သွားခဲ့လေသလား..

သူလည်း တစ်ကယ်ပဲလိုက်သွားခဲ့တာလား .. သို့မဟုတ် အိပ်မက်ပဲလားဆိုတာ ခွဲခြားမရတော့။ ပြန်ပြီးတော့ စဉ်းစားကြည့်မိလိုက်လျှင် တစ်ကယ်ဖြစ်ပျက်ခဲ့သည်ဟုပဲထင်နေမိသည်။

"တော်တော့်ကို ထူးခြားဆန်းကြယ်တဲ့ တောပဲ .. မာယာလည်းများတယ်.. ဒါကြောင့် သည်အနီးအနားက လူတွေဟာသည် ဆင်ဂူတော ထဲကို တော်ရုံမဝင်ကြတာကိုး .. သည် ဆင်ဂူကြီး သည်မှာရှိနေတယ်ဆိုတာလည်း ရွာသူရွာသားတွေ သိမှသိကြရဲ့လား မပြောတတ်ပါဘူး.."

ကံရာဇာသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ရ၍ အင်အားတွေပြည့်ဝသွားသည်။ သူ ကျောက်ဆင်ရုပ်ကြီးကို တစ်ချက်ကြည့်ပြီး ဆင်ဂူထဲမှ အမြန်ဆုံး ထွက်လာမိသည်။

သူ ထင်သည့်လမ်းကို ဖြတ်လျှောက်သွားခဲ့လေရာ တံအားသင့်စရာတစ်ခုကို တွေ့လိုက်ရပြန်သည်။ညက ဖုံနေသော ဆင်သွားလမ်းကို အမှတ်မထင်တွေ့လိုက်ရသောကြောင့်ပင်။





ကံရာဇာ အားတက်သွားပြီး ဆက်လျှောက်သွားခဲ့သည်။ အတော်ကလေး လျှောက်မိသောအခါ ဆည်းလည်းသံ တချွင်ချွင်ကို အမှတ်မထင်ကြားလိုက်ရသည်။

မကြာမီ . . .

စေတီတော်ကို ဖူးတွေ့လိုက်ရလေသည်။ ဆင်ဂူနှင့်စေတီတော် တစ်ဆက်တည်းတစ်စပ်တည်း ရှိနေသည်ကို ယခုမှပဲ ကံရာဇာသိလိုက်ရသည်။ သို့သော် ကံရာဇာသည် စေတီတော်ကို ဦးချပြီး နောက်ကြောင်းကိုပြန်လှည့်ကြည့်လိုက်သောအခါ စောစောက ဖုံနေသော ဆင်သွားလမ်းကို မတွေ့ရတော့။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

ပိန်ချင်းရွာသား မောင်ကျောက် ခေါ် မုဆိုးလန်ဘားဆီကို လူတစ်စုက ရောက်လာခဲ့သည်။

"ဗျို့ . . ကိုလန်ဘားရှိသလား"

လန်ဘားသည် သူ့နာမည်ခေါ်သံကြောင့် အိမ်ထဲမှ ထွက်လာခဲ့သည်။ လူသုံးယောက်၊ သူတစ်ယောက်မှမသိ။ တစ်ဦးက အသက်လေးဆယ်အရွယ်ခန့်၊ ပန်းနုရောင်ခေါင်းပေါင်းကို အကျအနပေါင်းထားသည်။ ဥပမိရုပ်က တည်ကြည်ခန့်ညားသည်။ ကျန်နှစ်ယောက်က အသက် ၂၅ နှင့် ၃၀ကြား၊ ခပ်ကြမ်းကြမ်း ရုပ်ရည်မျိုးရှိသည်။

"ကျုပ် မောင်ကျောက်ပဲ . . အဲလေ . . လန်ဘားလို့လည်း ခေါ်နိုင်ပါတယ် . . ခင်ဗျားတို့က ဘယ်သူတွေလဲ . . ကိစ္စက





"ပြောပါ့မယ် . . ကျုပ်တို့ကို အရင်ထိုင်ခွင့်ပြုပါဦး"

"ဩော် . . ထိုင်ပါ . . ထိုင်ပါ"

သုံးယောက်စလုံး အိမ်ပေါ်ကို တက်လာခဲ့ကြသည်။ ပန်းနုရောင် ခေါင်းပေါင်းနှင့်လူကို အတူပါလာသူနှစ်ဦးက ဦးစားပေးကာ ခေါင်းရင်းမှာထိုင်စေသည်။ ထိုသူသည် စူးရှထက်မြသော မျက်လုံးအစုံဖြင့် လန်ဘားကို ကြည့်လိုက်သည်။ လန်ဘား အလိုလိုနေရင်း အနေရအထိုင်ရ ခက်သွားခဲ့ရသည်။

"ကဲ . . ခင်ဗျားတို့ လာရင်းကိစ္စကို ပြောပြကြပါဦး"

ပန်းနုရောင်ခေါင်းပေါင်းနှင့် သျှောင်တစောင်းထုံးထားသောသူသည် သူနှင့်အတူ ပါလာသူနှစ်ဦးကို တစ်ချက်ဝေ့ပြီး ကြည့်လိုက်သည်။ တစ်ယောက်က . .

"ဩော် . . ဟုတ်ကဲ့ ပြောပါ့မယ် . . သည်က ဆရာကြီးရဲ့ နာမည်က ဦးဗေဒ တဲ့ . . ခင်ဗျားနဲ့ တွေ့ချင်လို့ တမင်လာခဲ့တာပါ . ."

"ကိစ္စက . ."

ကိစ္စကတော့ ကိုလန်ဘား ဆင်ဂူတောကြီးထဲမှာ ကြုံတွေ့ခဲ့ရတဲ့ကိစ္စကို အကြောင်းပြုပြီးတော့ပေါ့ဗျာ . ."

"ကျုပ် ဆင်ဂူတောထဲမှာ ချောက်ထဲကျခဲ့ပြီး ဒုက္ခရောက်တာကို ပြောတာလား . . အဲ့ဒါ ခင်ဗျားတို့နဲ့ ဘယ်လိုများ ဆက်သက်နေလို့လဲ . ."

လန်ဘားက ကြမ်းတမ်းသော စရိုက်ရှိသည်။ တောလိုက်



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကလည်းဖြစ်နေပြန်သည်။ အပြောအဆို နည်းနည်းဆိုးသည်။

"သည်လိုပါ . . စကားတိုတို ပြောရရင်ဗျာ . . ခင်ဗျားတွေ့ခဲ့တဲ့ မြွေကြီးနဲ့ ပတ်သက်ပြီးတော့ပဲ . ."

"ဟုတ်တယ် . . ဒီမြွေကြီးက ကျုပ်ရဲ့အသက်ကို ကယ်ခဲ့တယ် . . ဒါဟာ ထူးခြားချက်တစ်ခုပဲ . . ကျုပ် တစ်သက်မှာ သည်လို ထူးဆန်းတဲ့အဖြစ်အပျက်မျိုး တစ်ခါမှ မကြုံဖူးဘူး . ."

"ဟုတ်ပါပြီ . . အဲသည်မြွေကြီးရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပြပါဦး"

ဦးဇေဒသည် စကားတစ်ခွန်းမှ မပြောသေးပဲ လန်ဘားပြောမည့်စကားကိုသာ နားစွင့်နေသည်။

"ကျုပ် စိတ်ထင် . . မြွေကြီးဟာ ပေနှစ်ဆယ်လောက်ရှိမယ် . . မြွေဟောက်ကြီးပဲ . . ဒါပေမယ့် ခန္ဓာကိုယ်က အနီရောင်နည်းနည်းသန်းတယ် . . ခေါင်းမှာ အမောက်လိုလို ဖုလေးထစ်ခု ရှိတယ် . ."

ဦးဇေဒက . . .

"မောင်ရင် ပြောတာ သေချာတယ်နော်"

"ကျုပ်ကိုယ်တိုင် တွင်းထဲမှာ တစ်နေ့နဲ့ တစ်ညကြာအောင် ကျနေခဲ့တာ . . သည်မြွေကြီးကို နှစ်ကြိမ်ထက်မနည်း အနီးကပ်မြင်ခဲ့ရတာ . . လွဲမှားစရာအကြောင်းမရှိဘူး"

"ကျုပ်က ပိုပြီးသေချာအောင် မေးရတာပါ . . ခင်ဗျား





သည်မြွေကြီးနဲ့ တွေ့ခဲ့ရတဲ့နေရာကို မှတ်မိတယ်ပေါ့"

ဦးဇေဒက မေးလိုက်သည်။

"သိပ်မှတ်မိတာပေါ့ဗျာ . . အဲ . . ဒါပေမယ့် နည်းနည်းတော့လှမ်းတယ်ဗျ . . ခုနေသာ မှတ်မိတာ . . ကြာရင်တော့ မေ့ချင်မေ့သွားနိုင်တယ် . ."

သူတို့က အကြောင်းတစ်ခုခုကြောင့် မေးလာခဲ့သည်ဟု လန်ဘား ရိပ်မိစပြုလာခဲ့သည်။

"ဒါဆိုရင် ကိုလန်ဘား ကျုပ်တို့ကို အဲသည်တွင်းကြီးဆီ ခေါ်သွားပေးနိုင်မလား"

"ဟာ . . ဘာကြောင့်လဲ . . အဲသည်နေရာဟာ အန္တရာယ်များတယ် . . ကျုပ် နောက်တစ်ခါမသွားရဲတော့ဘူး"

ဦးဇေဒက ပြုံးလိုက်သည်။

"မကြောက်ပါနဲ့လေ . . ကျုပ်တို့က သည်မြွေလောက်တော့ အကင်းပါ . . ကိုလန်ဘားကသာ ကူညီမယ်ဆိုရင်"

ဦးဇေဒသည် လွယ်အိတ်ထဲက ငွေစက္ကူတစ်ထပ်ကို ထုတ်လိုက်ကာ လန်ဘား၏ရှေ့မှာ ချပေးလိုက်သည်။ ငွေတွေက များပြားလွန်း၍ လန်ဘားမျက်လုံးပြူးသွားသည်။

"သည်ငွေတွေက . ."

"ခင်ဗျားသုံးဖို့ပါ . . အဲသည်တွင်းကြီးရှိတဲ့နေရာကို လိုက်ပေးရုံနဲ့ အပန်းမကြီးလောက်ဖူး ထင်ပါတယ် . ."

"ကျွန် . . ကျွန်တော်"



www.burmeseclassic.com

www.burmeseclassic.com



လန်ဘား စကားပြောမထွက်ပဲ ဆွံ့အသလိုဖြစ်နေဆဲမှာ ပင် ဇနီးဖြစ်သူ မလုံးတင် က အပြင်သွားနေရာက အိမ်ပေါ်တို့ တက်လာခဲ့သည်။

အိမ်ပေါ်မှာ ဧည့်သည်တချို့နှင့် ကြမ်းပြင်မှာချထားသော ငွေစက္ကူများကို မြင်လိုက်သောအခါ မျက်လုံးပြူးသွားခဲ့သည်။ စိတ်လည်းဝင်စားသွားသည်။ ဧည့်သည်သုံးယောက်စလုံးသည် မလုံးတင်ကို လှမ်းပြီးကြည့်လိုက်ကြသည်။

မလုံးတင်သည် မလှမ်းမကမ်းမှာ ဝင်ထိုင်လိုက်ပြီး . .

"ကိုလန်ဘား . . သည်ဧည့်သည်တွေက. . "

"မအေး . . နင်ရောက်လာတာနဲ့ အတော်ပဲ . . သူတို့ ငါ့ဆီကို ရောက်လာကြတာ အကြောင်းရှိတယ်. . "

လန်ဘားသည် စကားအစကို ပြန်ကောက်ကာ ဇနီးဖြစ် သူကို ပြောပြလိုက်သည်။ ထိုအခါ မလုံးတင်၏ မျက်လုံးတွေ သည် အရောင်တောက်သွားခဲ့ရသည်။

"အို. . ရှင်ကလည်း . . အဲသည်နေရာကို လိုက်ပြဖို့ အ တွက် ဝန်လေးနေလို့လား . . လိုက်ပြလိုက်ပေါ့"

မလုံးတင်သည် လောဘရမ္မက်တက်သွားလေခဲ့၏။သူ ၏ မျက်လုံးတွေသည် ငွေစက္ကူတွေဆီက မခွာတော့။

"မဟုတ်သေးဘူး မလုံးတင် . . ငါ ဒုက္ခရောက်နေစဉ်က သည်မြွေကြီးက ငါ့ကို တွင်းထဲက ကယ်တင်ခဲ့တာ. . အခု သူ





တ သည်မြွေကြီးကို ဘာလုပ်မယ်မှန်းမသိပဲ ငါက ခေါ်သွားခဲ့ ရင် . . "

ထိုအခါ ဦးဇေဒက . .

"ကျုပ်တို့က သည်မြွေကြီးကို ဘာမှမလုပ်ပါဘူးဗျာ. . နွာရိုက်စွနဲ့ပတ်သက်ပြီး သည်တွင်းကြီးကို အသုံးချချင်လို့ပါ"

"ကဲ . . ဧည့်သည်က ပြောနေပြီမဟုတ်လား. . ရှင်က ဘာဖြစ်လို့ နောက်ဆံတင်းနေရတာလဲ. . နေရာလိုက်ပြပြီး အကူအညီပေးရတာ ဘာခဲယဉ်းတာမှတ်လို့တော်. . ကျွန်မ ယောကျ်ား ကိုလန်ဘားက တစ်ခါတစ်လေ သည်လိုပဲရှင့်. . ဆုံးဖြတ်ချက်မချတတ်ဘူး . . ကျွန်မကပဲ သူ့အလုပ် ကိစ္စတွေကို ဝင်ပါပြီး ဆုံးဖြတ်ပေးနေရတာ. . ကဲ. . ကဲ သည် ငွေကိုလက်ခံပါတော့မယ်. . "

"ကျေးဇူးပဲ . . သည်က ငါ့ညီမကြီးဝင်လာတော့မှပဲ ကိစ္စက ပြတ်တော့တယ်. . ကျုပ်တို့ရဲ့ လုပ်ငန်းက ဘာသာရေး နဲ့ဆိုင်နေတယ်. . ပြောကောင်းတဲ့အလုပ်မဟုတ်လို့ပါ. . "

ဦးဇေဒသည် ငွေစက္ကူများကို မလုံးတင်၏လက်ထဲသို့ ထည့်လိုက်လေသည်။ မလုံးတင်သည် ငွေစက္ကူများကို တုန်တုန် ယင်ယင် လှမ်းပြီးယူလိုက်သည်။ စိတ်မပြတ်သားသော ကိုလန်ဘား သည် ယခုတော့ ပြတ်သားသွားခဲ့ရလေပြီ. . .။

× × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



လူတစ်စုသည် တောထဲမှာ ခပ်သွက်သွက် ခြေလှမ်းများဖြင့် ခရီးနှင်နေကြသည်။ ထိုသူများမှာ ပိန်ချုံးရှာသားလန်ဘား ဦးဗေဒ နှင့် အဖော်နှစ်ဦးတို့ဖြစ်ကြသည်။

သူတို့ ဦးတည်ပြီးသွားနေကြသည်ကား ဆင်ဂူတောဆီကို ဖြစ်သည်။

လန်ဘားက ဒူးလေးနှင့်မြားကျည်တောက်ကို လွယ်ထားသည်။ဦးဗေဒက လွယ်အိတ်တစ်လုံးကိုလွယ်ထားသည်။ လမ်းမှာမည်သူနှင့်ပဲတွေ့တွေ့၊ မေးမေး၊ အကြောင်းပြချက်တရားပါးဆေးမြစ်များကို ရှာဖို့ပင်။သည်အတိုင်းဖြေဖို့ ဦးဗေဒက အားလုံးကို သင်ကြားထားသည်။

လန်ဘားသည် မိမိကျခဲ့သည့် တွင်းကြီးဆီကို သွားရာ၌ တောက်လျှောက်ဖြောင့်တန်းစွာ ရောက်သွားသည်မဟုတ်။ လမ်း ၌ နှစ်ကြိမ်ခန့် လမ်းမှားခဲ့သေးသည်။

နောက်ကြောင်းကို ပြန်၍လျှောက်ရသည်။

"ကျွန်တော် မျက်စိလည်နေတယ်ဗျာ. . ခဏကလေး သည်းခံကြပါဦး. ."

"ဒါလောက်တော့ ရှိမှာပေါ့ဗျာ. . ကိစ္စမရှိပါဘူး . . လမ်း မှန်ကိုသာတွေ့အောင်ရှာပါ ကိုလန်ဘား"

ဦးဗေဒကလည်း စိတ်ရှည်သည်။ ငွေပေးထားရသည်နှင့် ပြီး လန်ဘားကို အပေါ်စီးက ဆက်ဆံခြင်းမရှိ၊ တောလမ်း တစ်နေရာမှာ ခေတ္တနားရင်း လမ်းစကို ရှာကြသည်။





"ဟောတွေ့ပြီ . . တွေ့ပြီ . . ဟောသည်လမ်းပဲ"

လန်ဘားက တစ်နေရာကိုလက်ညှိုးထိုးပြီး အားရဝမ်းသာဖြင့်ပြောလိုက်သည်။

"လာကြဗျို့"

ချက်ချင်းပင် နေရာမှ ထကာ သွားကြပြန်သည်။ ဦးဗေဒ ခေါ်လာသည့်နှစ်ဦးသည် လမ်းမမှားစေရန် သစ်ပင်များကို ဓားဖြင့် ခုတ်ကာ အမှတ်အသားပြုလုပ်လာကြသည်။ တစ်ယောက်က ခြေပုံဆွဲသည်။ လန်ဘားသည် တစ်နေရာကိုရောက်သောအခါ ခေတ္တရပ်လိုက်သည်။

စူးစမ်းသလို ဟိုသည်ကြည့်လိုက်ပြီးမှ မရမ်းပင်ကြီး တစ်ပင်ဆီကို ဦးတည်ပြီးလျှောက်သွားသည်။ ထိုသစ်ပင်ကြီးမှ ဆယ်လှမ်းခန့်သွားပြီးသောအခါ သူကျခဲ့သည့် တွင်းကြီးဆီကို ရောက်သွားပါတော့သည်။

"ကျုပ် ခြေမှန်ပြီးကျသွားခဲ့တာ ဟောသည်တွင်းကြီးပဲ"

တွင်းကြီးကို လက်ညှိုးထိုးကာ ပြောလိုက်သည်။ ဦးဗေဒသည် တွင်းအောက်သို့ ငုံ့ကြည့်လိုက်သည်။ ထို့နောက် လန်ဘား၏ပခုံးကိုပုတ်လိုက်ပြီး ကျေနပ်စွာပြောလိုက်သည် ။

"ကျေးဇူးပဲ ကိုလန်ဘား . ."

www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၁၇)

ဆင်ဂူတောကြီးထဲမှာ လူတစ်စုသည် အလုပ်ရှုပ်နေကြသည်။လူတစ်စုဆိုသည်မှာ ဦးဗေဒအပါအဝင် တပည့်သုံးဦး၊ သို့မဟုတ် အဖော်သုံးယောက်တို့ဖြစ်ကြသည်။ တစ်ဦးထပ်ပြီး ဦးလာခဲ့သည်။ လန်ဘား မပါတော့။

သူတို့သည် လန်ဘားကျခဲ့သည့် တွင်းကြီးနားမှာ ရှိနေခဲ့ကြသည်။ မြွေဟောက်ကြီး အသွားအလာကို စောင့်နေခဲ့သည်မှာ သုံးရက်ရှိခဲ့လေပြီ။

"ဆရာကြီး . . ကိုလန်ဘားပြောတဲ့ မြွေလည်းရောက်မလာခဲ့ပါလားဗျ. . "

"သည်နေရာကို သူ မလာပဲမနေပါဘူး . . သည်တွင်းကြီးမှာ ဘုမ္မိယသိုက်ရှိတယ်. . အဲဒါကို မြွေကြီးက စောင့်ရှောက်နေတယ်. .

www.burmeseclassic.com



ပြီးတော့ သည်မြွေဟောက်ကြီးဟာ သာမာန်မြွေဟောက်ကြီးမဟုတ်ဘူးကွယ် . . ”

“သာမာန်မြွေဟောက်ကြီး မဟုတ်ဘူးဆိုတော့ ဘယ်လိုမြွေမျိုးမို့လည်း ဆရာကြီး”

တစ်ယောက်က စိတ်ပါဝင်စားစွာဖြင့် မေးလိုက်သည်။

“ဦးခေါင်းမှာ အမောက်လိုလို ပါတယ်ဆိုတော့ အမတေ ရှိတယ်. . ”

“အဲသည် အမတေက ဘာစွမ်းသလဲ ဆရာကြီး”

“ဘာစွမ်းသလဲဆိုတော့ ကာယသိဒ္ဓိ ၊ ဝိယသိဒ္ဓိပြီးတယ်. . ဆန္ဒရှိတဲ့အတိုင်း ပြီးမြောက်စေတယ်. . သည်အမတေ ကို ဆောင်ထားတဲ့သူဟာ ရန်သူ့အန္တရာယ်ကို လျင်မြန်စွာ ရှောင်တိမ်းပြီးထွက်သွားနိုင်တယ်. . တခြားအစွမ်းသတ္တိတွေလည်း အများကြီးပေါ့ကွယ်. . သည်လို အမတေမျိုးရှိတဲ့ မြွေမျိုးဟာ တစ်နေရာက တစ်နေရာ လျင်မြန်စွာနဲ့သွားလာနိုင်တယ်. .

ဒီနားအနားမှာ သူရှိနေရင် သားကောင်တွေလည်း ဘယ်ကိုမှမသွားမလာရဲကြပဲ ငြိမ်နေတတ်ကြတယ်ကွယ်”

“ဗြော်. . ဟုတ်လား. . သည်လိုမြွေကြီးမျိုးကို သာ တွေ့လိုက်ရင် တန်ဖိုးမဖြတ်နိုင်ဖူးပေါ့နော် ဆရာကြီး. . ”

“အေးပေါ့ကွယ်. . ဒါကြောင့် သည်မြွေကြီးရဲ့ သတင်းကို



ကြားကြားချင်း လိုက်လာခဲ့ရတာပေါ့ . . တောပြောင်းသွားရင် ရှာရခက်တယ်”

ထိုစဉ် ထူးခြားမှုတစ်ခုက ဖြစ်ပေါ်လာခဲ့သည်။

“ဝေါ. . ဝေါ. . ဝေါ”

ထူးခြားသော အသံကြီးတစ်ခုကို ကြားလိုက်ကြရသည်။ တစ်တောလုံး၊ တစ်တောင်လုံးသည် လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ရသည်။ဦးဗေဒ၏ ခန္ဓာကိုယ်သည် ဆတ်ခနဲဆိုဖြစ်သွားခဲ့ရသည်။အသံထွက်ပေါ်လာရာဆီ ကို နားစွင့်လိုက်သည်။

“ဘာသံတွေလည်းဆရာကြီး. . ”

“အသင့်ပြင်ထားကြ . . မြွေကြီးလာနေပြီ. . ”

ဦးဗေဒပြောလိုက်သည်နှင့် အားလုံး၏ရင်ထဲမှာ ထိတ်ခနဲဆိုဖြစ်သွားခဲ့ကြရသည်။

“ဝေါ. . ဝေါ. . ဝေါ”

တောတိုးသံဖြစ်သည်။ လျင်မြန်စွာဖြင့် ဖြတ်သန်းလာခဲ့သော မြွေဟောက်ကြီး၏ ရွေ့လျားသံပဲဖြစ်သည်။ အသံသည် တဖြည်းဖြည်းနှင့်နီးကပ်လာသည်။

မြွေကြီးဖြတ်သွားသော နေရာတိုင်းတွင် ထူးခြားသော အသံများဖြစ်ပေါ်ပြီး ကျန်ရစ်ခဲ့စမြဲပင်။ ဦးဗေဒ၏နှုတ်မှ တလှုပ်လှုပ်တရွရွဖြစ်လာသည်။ မန္တာန်ရွတ်နေခြင်းပင်ဖြစ်သည်။ မြွေကို နိုင်စေသော မန္တာန်ပဲဖြစ်သည်။ သူ၏မျက်လုံးအစုံသည် အသံ ထွက်ပေါ်လာရာဆီကိုသာ စူးစိုက်ပြီးတော့ ကြည့်နေသည်။

www.burmeseclassic.com



မျက်တောင်ပင်မခတ်။

ဦးဗေဒက အသင့်ပြင်ထားကြဆိုသည့်အပတိုင်း လူသုံးယောက်တို့သည် သစ်ပင်ပေါ်ကိုတက်သွားခဲ့ကြသည်။ယခု ကြီးမားသော သစ်ပင်ကြီးနှင့် ဆယ်ပေသာသာ အကွာအဝေးမှာ ဦးဗေဒတစ်ဦးတည်းသာ ရှိတော့သည်။

"ဝေါ. . ဝေါ. . ဝေါ"

အသံက ပိုပြီးတော့ကျယ်လောင်လာသည်။ ဦးဗေဒ၏ နှုတ်မှရွတ်ဆိုမှုများက ပိုပြီးတော့မြန်လာခဲ့သည်။ အသံတွေက လည်း နီးသထက်နီးလာခဲ့လေပြီ။

"ဖြောင်း. . ရှီး. ."

ပေါင်လုံးခန့်ရှိသစ်ကိုင်းတုတ်တုတ်ကြီးတစ်ခုသည် ရှုတ်တရက် လေထဲမှာလွင့်လာခဲ့သည်။

"ဘုန်း. ."

သစ်ကိုင်းကြီးသည် ဦးဗေဒ၏ရှေ့နားမှာလာပြီးကျသည်။ ဦးဗေဒသည်အနေအထားမပျက်၊ လုံးဝမတုန်လှုပ်ခဲ့။

မြွေကြီးကိုမမြင်ရသေး၊ သို့သော် မြွေဟောက်ကြီးသည် ရန်သူရောက်နေသည်ကို သိသွားခဲ့လေပြီ။ အဝေးမှနေ၍တိုက်ခိုက်လိုက်ခြင်းပင်ဖြစ်သည်။

"ဖြောင်း"

"ဝုန်း. ."

မြွေကြီး၏အမြီးသည်ခြုံတစ်ခုထဲမှ ငွေယမ်းကာထွက်ပေါ်





လာပြီး ဦးခေါင်းအရွယ်ရှိ ကျောက်တုံးတစ်တုံးကို ရိုက်ခတ်လိုက်သည်။ ကျောက်တုံးသည် လွင့်ထွက်သွားခဲ့သည်။ ဦးဗေဒ၏ ခေါင်းအထက် တစ်ပေသာသာလောက်မှ သစ်ပင်ကြီးကို သွားမှန်သည်။ ဦးဗေဒက မတုန်လှုပ်၊မန္တန်ကို အဆက်မပြတ်ရွတ်ဖတ်နေဆဲ။

သစ်ပင်ထက်မှ လူသုံးယောက်ကတော့ ဦးဗေဒအတွက် ငိုးရိမ်နေကြသည်။

တစ်ခဏငြိမ်သက်သွားသည်။ တစ်တောလုံးတိတ်ဆိတ်ငြိမ်သက်သွားသည်။ ခြောက်ခြားစရာ ကောင်းလောက်အောင် တိတ်ဆိတ် ငြိမ်သက်လျက်ရှိသည်။

တစ်ကယ်တော့ မြွေဟောက်ကြီးသည် သူ့တွင်းဆီကိုပြန်လာခဲ့ခြင်းပင်ဖြစ်သည်။ ရန်သူများက တွင်းနားမှာရောက်နေကြ၍ဒေါသကြီးကာ အဝေးမှ တိုက်ခိုက်နေခြင်းပင်တည်း။ မြွေဟောက်ကြီးဆီမှ တုန့်ပြန်မှုမရှိတော့၍ ဦးဗေဒသတိထားနေရလေပြီ။

သပွေါ်တည်းဟူသော မြွေသည် ပရိယာယ်မာယာများလှသည်။ မည်သည့်ဘက်ကနေ ဝင်လာမလည်းဟုသာ ဂရုစိုက်နေရသည်။ သို့သော် မန္တန်ကိုတော့ရွတ်နေဆဲပင်ဖြစ်သည်။

စက္ကန့်တော်တော်များများ ကြာသွားခဲ့သည်။ တော သည် အပ်ကျသံမကြားရလောက်အောင်ပင် တိတ်ဆိတ်လျက် ရှိနေစဉ်က ရုတ်တရက်. .



www.burmeseclassic.com

"ဖြောင်း. . ဖျောင်း. ."

တစ်ဖုံတစ်ရာသောအသံက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည်။

"ဟာ"

"ဟင်"

သစ်ပင်ပေါ်မှလူသုံးယောက်စလုံး ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားခဲ့ကြသည်။ ထိတ်လန့်မှုလွှမ်းကာ၍ သစ်ပင်ပေါ်မှလိမ့်ကျမတတ် ဖြစ်သွားခဲ့ကြရသည်။ မြွေဟောက်ကြီး၏ ကိုယ်ထည်ကနီစပ်စပ်၊ ခေါင်းထက်မှာလည်း အမောက်လိုလိုအရာတစ်ခုက ပါနေသည်။ လုံးပတ်က နှစ်ပေခန့်ရှိမည်ဖြစ်ပြီး ငွန်းခွက်(ပါးပျဉ်း)ကြီးကလည်း တစ်ပေအကျယ်လောက်ကို ရှိမည်။

ဒေါသတကြီးနှင့် ပြေးဝင်လာသော မြွေဟောက်ကြီးသည် ဗိဇယ်ရထားခေါင်းပိုင်းကြီး တရှိန်ထိုး ဖြတ်သန်းသွားသလိုမင်း။

"ပေါ. . ပေါ"

ပြေးလာသည်မှာ မြန်ဆန်လွန်း၍ ဦးဇေဒသည်ပင်လျှင် အထိတ်တလန့် ဖြစ်သွားခဲ့ရသည်။ မန္တန်ရွတ်ဆိုနေခြင်းသည်ပင် ရုတ်တရက်ရပ်တန့်သွားခဲ့ရပြီး. .

"ဟော့. . ဟော့ . . လုပ်ကြပါဦးဟ"

အော်ဟစ်သတိပေးလိုက်သံနှင့်အတူ သစ်ပင်ထက်မှ သံပိုက်ကွန်မှာ ခုနက ဖြန့်ချပြီးကျလာခဲ့သည်။ သံမဏိကွန်းချော့ ဖြစ်အောင်စွဲထားသော ပိုက်ကွန်ကြီးပင်ဖြစ်သည်။





သံမဏိပိုက်ကွန်ကြီးသည် လေထဲမှာခုန်ပျံပြီးဝင်လာသော မြွေဟောက်ကြီး၏ကိုယ်ပေါ်ကို အုပ်ကျသွားခဲ့လေသည်။

"ဘုန်း. ."

မြွေဟောက်ကြီးသည် ပိုက်ကြီးနှင့်လုံးထွေးသွားပြီး မြေပြင်ထက်သို့ ပစ်ကျသွားခဲ့လေတော့သည်။ ထို့နောက် ဒေါသတကြီးဖြင့် ရုန်းကန်ကာ **သံမဏိပိုက်ကွန်ခြာ** ထဲမှ လွတ်မြောက်ရန်ကြိုးစားနေလေတော့သည်။ သို့သော် မြွေကြီးမှာ ပိုက်ကွန်ထဲမှလွတ်မြောက်ရန်မလွယ်တော့ပါ။

"ဟား. . ဟား. . ဟား. . ဟား. . ဘာတတ်နိုင်သေးသလဲကွ. . မင်းအခု ငါ့လက်ထဲကိုရောက်လာရပြီ မဟုတ်လား. . ငါ လိုချင်တဲ့ **အမကေပါတဲ့ မြွေကြီး** ကိုရပြီကွ. ."

ဦးဇေဒသည် ထိုင်နေရာမှဟာလာကော ကြိမ်းဝါးလိုက်သည်။ သူတစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနစ်နေသည်။ မတ်တပ်ရပ်လိုက်စဉ်မှာ ခန္ဓာကိုယ်သည် ဟစ်ကျက်တော့ ယိမ်းယိုင်သွားခဲ့သည်။ ထိုင်ပြီးမန္တန်ရွတ်နေသည်မှာ ကြာသွား၍လား၊ ကြောက်စိတ်ကြောင့်လားမသိ။

သစ်ပင်ပေါ်မှလူသုံးယောက်သည် ဆင်းလာခဲ့ကြသည်။

"ဆရာကြီး၊ တော်တော်ကို ကြောက်စရာကောင်းတဲ့ သတ္တဝါကြီးပဲ. . ကျွန်တော်တို့တစ်သက်မှာ သည်လိုထူးခြားတဲ့ မြွေကြီးမျိုးကို ခုတစ်ခါပဲ မြင်ဖူးသေးတယ်ဗျာ. ."

တုန်လှုပ်အံ့သြသောအသံကြီးဖြင့် ပြောလိုက်ကြသည်။

www.burmeseclassic.com



ထိုအဖြစ်အပျက်ကို တစ်နေရာမှ ကြည့်နေသူတစ်ယောက်၊ ထိုသူသည် အခြားသူမဟုတ် လန်ဘားပင်ဖြစ်သည်။ လန်ဘားသည် ဦးဗေဒတို့၏ အကြံအစည်ကိုသိလို၍ လိုက်လံ၍ချောင်းမြောင်းနေခဲ့ခြင်းပင်ဖြစ်သည်။

လွန်ခဲ့သောနှစ်ရက်က စောစီးစွာရောက်လာခဲ့သော်လည်း ယနေ့တော့နောက်ကျခဲ့သည်။ စောစောကမြွေဟောက်ကြီးနှင့် ဖြစ်ပျက်ခဲ့သောအခြေအနေများကို လန်ဘားမသိလိုက်ရ။

ထိုစဉ်. .

လူတစ်စုသည် တောထဲမှထွက်လာခဲ့ကြသည်။ ရှေ့ဆုံးကလူသည်ဦးဗေဒဖြစ်သည်။ ရှေ့ဆုံးကလူသည် ဦးဗေဒဖြစ်သည်။ နောက်မှလူသုံးယောက်မှာ အကွက်စိပ်များရိုက်ထားသော သံပခြုပ်ကြီးတစ်ခုကို ဦးပုံထမ်းလာခဲ့ကြသည်။ နှစ်ယောက်ကထမ်း ကျန်တစ်ယောက်က အထမ်းသမားများပင်ပမ်းခဲ့လျှင် လူလဲပြီး တစ်လှည့်စီဝင်ထမ်းသွားခဲ့ကြလေသည်။

လံဘားသည် ဦးဗေဒတို့ကို မြင်တွေ့သွားခဲ့သည်။ သူရိပ်မိ သွားခဲ့လေပြီ။ သဘောပေါက်သွားခဲ့လေပြီ။

"ဟင်. . သံပခြုပ်ကြီးကိုထမ်းလာကြပါလား. . ကျေ မဟုတ်မှလွဲရော ဟိုမြွေကြီးကို သူတို့ဖမ်းလာခဲ့ကြပြီထင်တယ်. . ငါ့ကိုမေးတော့ ငါကျခဲ့တဲ့တွင်းကြီးကိုသာ အဓိကထားပြီးမေးတယ်. . ခုတော့သည်မြွေကြီးကို ဖမ်းချင်လို့နေရာကိုမေးခဲ့တာကိုး. . ဒုက္ခပဲ . ငါ့ကိုကယ်ခဲ့တဲ့မြွေကြီး ငါ့ကြောင့်ဒုက္ခရောက်ရ





ပြီ. . မသမာသူတွေရဲ့ လက်ထဲကို ငါ့ကြောင့် ကျရောက်သွားရပြီ. . ."

လန်ဘားယူကျုံးမရဖြစ်သွားခဲ့သည်။ ဦးဗေဒ၏တပည့်သုံးယောက်မှာ ဓားလွယ်တွေနှင့်မို့ သူဘယ်လိုမှမကူညီနိုင်။ သူ့ကို အန္တရာယ်ကောင်းကောင်းပေးနိုင်သည်။ မဖြစ်စလောက်ငွေလေးကို မက်မောမိပြီး ကိုယ့်အသက်သခင် ကျေးဇူးရှင်ကိုပစ်မှားမိခဲ့လေပြီ။

ဦးဗေဒတို့သည် ဂုဏ်ယူဝင့်ကြွားသောမျက်နှာများဖြင့် ရွှေ့ရွှေ့လျှောက်လာခဲ့ကြသည်။ သံပခြုပ်သည် တစ်လက်မခန့်ကျယ်သောအကွက်များကိုဖော်ထားသည့်အထဲမှ မြွေဟောက်ကြီးကိုကောင်းကောင်း မြင်နိုင်သည်။

မြွေဟောက်ကြီးသည် ရုန်းကန်လှုပ်ရှားခြင်း မပြုတော့ပဲ ငြိမ်ပြီးတော့ လိုက်ပါလာခဲ့သည်။ စိတ်လျှော့လိုက်ခြင်းကြောင့်ပဲလားမသိ၊ မာန်ကျလျက်ရှိသည်။ လန်ဘားသည် မြွေဟောက်ကြီးကိုအနီးကပ်မြင်နိုင်ရန်အတွက် ရှေ့ကိုတိုးပြီးကပ်လာခဲ့သည်။

လမ်းသည်ခြုံတစ်ခုပဲခြားတော့သည်။ ခြုံနှင့်ကပ်လျက် လန်ဘားကလည်း မြွေဟောက်ကြီးပါလာသည့် သံပခြုပ်ကြီးကိုစိတ်ဝင်စားစွာဖြင့်ကြည့်နေဆဲ။ မြွေဟောက်ကြီး၏ မျက်လုံးသေးသေးလေးတွေသည် စူးလက်တောက်ပြောင်နေပြီး သက်ဝင်ရွှေ့လျားလျက်ရှိသည်။

ထို့ကြောင့် သံပခြုပ်ကြီးထဲမှနေ၍ လန်ဘားကို တွေ့သွား




www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေသည်။ မြေကြီး၏ပဲ့စေပ်သည် ရှုတ်တရက်ပြိသွားပြီး အဆိပ်ငွေ့များကိုမှုတ်ထုတ်လိုက်သည်။ အဆိပ်ငွေ့များသည်လန်ဒန်တားဆီကို ရောက်သွားခဲ့လေရာ ရှူရှိုက်မိသွားခဲ့၍ သတိလစ်ကာလဲကျသွားခဲ့သည်။ မျက်လုံးများသည်လည်း ပျာဝေသွားခဲ့တာအမှောင်ထုကြီးတစ်ခုက ဖုံးလွှမ်းသွားခဲ့လေသည်။







www.burmeseclassic.com

www.burmeseclassic.com



၅

### အခန်း (၁၈)

လန်ဘားကို လူတင်စုက ပိန်ချင်းရွာကို လာပို့ကြသ
တောထဲမှာ မမြင်မကန်းနှင့်လျှောက်သွားနေသောကြောင့်
သည်။

"လန်ဘားတစ်ယောက် မျက်စိကွယ်သွားပြီတဲ့ . .

ထိုသတင်းသည် တစ်ရွာလုံး ပျံ့နှံ့သွားခဲ့သည်။အ
တကယ်ပင် လန်ဘား၏မျက်လုံးတွေက မိမွေး ၊ ဖမွေးအ
မဟုတ်ကြတော့။အကန်းဘဝကို ရောက်သွားခဲ့ရပြီဖြစ်သ

"ငါ့မျက်လုံးတွေ ဘာမှမမြင်ရတော့ဘူး . .
ကယ်ကြ ပါဦး. ."

ကြောင်တောင်ကန်း ဖြစ်နေသောလန်ဘားက ငို





တော့ ပြောသည်။ဇနီးဖြစ်သူ မလုံးတင်သည်လည်း ပျာယာခတ်
ခဲ့ရလေပြီ။

"တော် . . တောထဲမှာ ဘယ်လိုဖြစ်လာတာလဲ. . ပြော
ပြစမ်းပါဦး. ."

"ဟုတ်တယ်. . မင်း ဘာဖြစ်လာခဲ့သလဲ. . အမဲပစ်ထွက်
ရင်း တောပဲမှားခဲ့သလား . . ဟုတ်ပါပြီ. . မင်း တစ်ခုခုမှားခဲ့ပါ
ပြီ. ."

ရွာသူကြီးနှင့် လူကြီးသူမများက အရေးတယူဝိုင်းဝန်းပြီး
မေးကြသည်။

"ဟုတ်ပါတယ်. . ကျွန်တော် တောထဲမှာမှားခဲ့ပါတယ်
မှားခဲ့တာမှ အကြီးအကျယ်ကိုမှားခဲ့တာဗျ. . ကျွန်ုပ်တော့ကို ကယ်
ခဲ့တဲ့မြွေကြီးကို သူတို့ဖမ်းသွားခဲ့ကြပြီဗျ. . အဲဒါ ကျွန်တော့်အပြစ်
ကျွန်တော် ကျေးဇူးရှင်ကို ပစ်မှားလို့ ဖြစ်ရတာပါဗျာ. . ဟီး. ."

"ဘာ . . ဘယ်လို. . မြွေကြီးကို ဖမ်းသွားကြပြီဟုတ်လား
ငါတို့ နားလည်အောင် အကျိုးအကြောင်းပြောပြစမ်းပါဦးကွ"

"ပြောပြပါ့မယ်ဗျာ. . . ပြောပြပါ့မယ်. . ဒီလိုပါ . ."

လန်ဘားက ဦးဗေဒတို့လူစု၏ နောက်ကို နောက်ယောင်
ခံပြီး လိုက်သည်ကအစ ဖြစ်ကြောင်းရယ်ကုန်စင်ကို နတ်သံနှော
ပြီးပြောပြလိုက်လေသည်။

"ဟာ. . ဒီလူတွေက တော်တော့်ကို အကြံပက်စက်တာ
. . ထူးခြားဆန်းကြယ်တဲ့ မြွေကြီးကို မရ ရအောင်ယူသွားတာ

www.burmeseclassic.com



အကြောင်းတော့ရှိရမယ်ကွ. . မင်းကွာ. . ကိုယ့်အသက်ကို ကယ်ခဲ့တဲ့ မြွေကြီးကိုမှ ပြန်ပြီးဒုက္ခပေးရသလား. . မဖြစ်လောက်တဲ့ငွေလေးကို မက်ပြီးတော့ကွာ. . "

ရွာသူကြီးမှာ စိတ်တသပ်သပ်နှင့်ဖြစ်နေသည်။

"မြွေဟောက်ကြီးက လန်ဘားကိုမြင်တော့ သူလမ်းပြလို့သူ့ကြောင့် အဖမ်းခံရတာကိုသိသွားပြီး အဆိပ်ငွေ့တွေနဲ့ ပါးစပ်ထဲကမှုတ်ထုတ်လိုက်တာဖြစ်မှာပေါ့. . ထူးဆန်းတယ်. . နှာခေါင်းထဲက မမှုတ်ထုတ်ပဲ ပါးစပ်ထဲက ဘာဖြစ်လို့မှုတ်ထုတ်ရတာလဲ. . "

တစ်ယောက်တစ်ပေါက်နှင့် ဝေဖန်ချက်တွေပေးနေကြသည်။

"ကိုလန်ဘား သည်လိုဖြစ်ရတာ ကျွန်မအပြစ်ပါ. . သူ့ကို သွေးဆောင်ပြီးပေးတဲ့ငွေကို ကျွန်မကလက်ခံခိုင်းလိုက်တာပဲ အခုတော့ ကန်းပြီ. . အကန်းကြီးအဖတ်တင်ပြီး ကျန်ခဲ့ရပြီ. . ကျွန်မတို့မိသားစုကို ဘယ်သူက လုပ်ကျွေးပါ့မလဲတော့. . ဟင်း"

အားလုံးမှာ မလုံးတင်၏ ချုံးချပြီးငိုကြွေးလိုက်သံကြောင့် စိတ်မသက်မသာဖြစ်သွားခဲ့ကြရသည်။

× × × × × × × ×





ကံရာဇာသည် တောထဲမှ ပြန်ထွက်လာသောအခါ မမျှော်လင့်ပဲ တစ်ခါက ဆုံခဲ့ဖူးသော ကန့်ပလူရွာသား အဖိုးအိုနှင့် နောက်တစ်ကြိမ်ဆုံမိပြန်သည်။ တောထဲမှ ထွက်လာသော ကံရာဇာကို အဖိုးအိုတွေ့လိုက်ရသောအခါ အံ့အားသင့်သွားခဲ့ရလေသည်။

"မင်း သည်တောထဲက ထွက်လာခဲ့တယ် ဟုတ်လား တောထဲမှာ ဘာအနှောင့်အယှက်မှ မတွေ့ခဲ့ဖူးလား. . မင်းကို ကြည့်ရတာ အေးအေးဆေးဆေးပါလား"

"ကျွန်တော် တောထဲမှာဘာအနှောင့်အယှက်မှ မတွေ့ပါဘူး. . ဘာဖြစ်လို့ သည်လိုမေးရတာလဲ အဘ. . "

"သည်တောထဲကို ရောက်သွားကြတဲ့သူတွေဟာ တစ်နည်းမဟုတ်တစ်နည်း ဒုက္ခတစ်ခုခုကတော့ ကြုံတွေ့လာခဲ့ကြတာချည်းပဲကွယ့် . . တောမှောက်ပြီး လမ်းမှားလို့မှားကြ လူသံ ညည်းသံ၊ ကလေးသံ၊ ငိုသံ၊ သီချင်းဆိုသံ၊ ကြိမ်းမောင်းသံတွေ ကြားလို့ကြားရ . . နောက်တော့ အကောင်အထည်လည်း မမြင်ဘူး . . အမျိုးမျိုးပေါ့ကွယ်. . မင်းက အမဲပစ်ဖို့လာတာဆိုပြီး တောင်းမှု အကုသိုလ်ကံကျူးလွန်ဖို့ ကြိုတင်စိတ်ကူးရှိခဲ့တယ် ဟုတ်လား"

"ဟုတ်တယ်လေ. . အဲဒါနဲ့ ဘာဆိုင်သလည်းအဘ. . "

"ဆိုင်တာပေါ့ကွယ်. . သည်တောဟာ အဲသည်လို အကုသိုလ်အလုပ် လုပ်ဖို့ လာကြတဲ့သူတွေကိုလည်း အကျိုးမ

www.burmeseclassic.com

www.burmeseclassic.com



ပေးတတ်ဘူး . . လူတွေကို ဗုဏ္ဍပဲပြန်ပေးတတ်တယ် . . မင်းက သိပ်ကုသိုလ်ကံကောင်းနေလို့၊ ကံမြင့်နေလို့ ဘာမှမဖြစ်ခဲ့တာ"

"လာပါဦးအဘရယ် . . ခဏနားပါဦး . . အဘနဲ့ စကားပြောရတာ စိတ်ဝင်စားစရာကောင်းပါတယ် . ."

ကံရာဇာလည်း အဖိုးအိုကို သစ်ပင်ကြီးတစ်ပင်အောက်ကိုခေါ် သွားခဲ့သည်။သစ်ပင်ကြီး၏ အောက်ခြေကရှင်းလင်းသည်။ညီညာပြန့်ပြူးသော မြေပြင်ပေါ်မှာ နှစ်ယောက်စလုံး ထိုင်ချလိုက်လေ၏။

"မင်းက မြို့သားမှတ်တယ် . ."

အဖိုးအိုသည် ကံရာဇာကို အကဲခတ်သလိုကြည့်ပြီး မေးလိုက်သည်။

"ဟုတ်ပါတယ် အဘ"

"ခံတွင်းချဉ်တယ်ကွာ . . မင်းမှာ စီးကရက်တစ်လိပ်လောက်ပါသလား"

"တစ်လိပ်မဟုတ်ဘူး . . ဗူးလိုက်ပါတယ် . . ရော့ အဘသောက်ချင်ရင် ယူထားလိုက်"

"ဟာ ဗူးလိုက်တော့မယူပါဘူးကွာ . . တစ်လိပ်လောက်ပဲပေးပါ"

"ယူပါအဘရဲ့ ကျွန်တော်က ဆေးလိပ်သောက်တတ်တဲ့သူမဟုတ်ပါဘူး"

"ဟေ . . မင်းက ဆေးလိပ်မသောက်တတ်ဘူး ဟုတ်လား





အားသင့်စရာပဲ . . ဆေးလိပ်မသောက်တတ်တဲ့ သူက ရက်ကို ဗူးလိုက်ဆောင်ထားတယ် . . ဟား . . ဟား . . း"

အဖိုးအိုက သဘောကျစွာဖြင့် ရယ်သည်။

"သည်လိုပါ အဘရယ် . . ခုလိုပဲ သွားရင်းလာရင်း ဆွေဖြစ်သွားကြတဲ့သူတွေအတွက် တမင်ဆောင်ထားတာ

"အေး . . အေး ကောင်းတယ် . . ကောင်းတယ် . . အ း အသင်းဖြစ်လွယ်တဲ့ ကြားခံပစ္စည်းတစ်ခုပေါ့ကွာ . . ဆေးလိပ်အရက်ဆိုတာတယ်ပြီး မိတ်ဆွေဖြစ်လွယ်ကြတာလား"

အဖိုးအိုက စီးကရက်ဗူးကို ဖောက်လိုက်ပြီး တစ်လိပ်ကို းမှာ တပ်လိုက်သည်။ ကံရာဇာက အလိုက်သိစွာဖြင့် လိုက်တာ မီးခြစ်လေးဖြင့် မီးညှိပေးလိုက်သည်။

အဖိုးအိုက စီးကရက်ကြိုက်ဟန်တူသည်။နှစ်ချက်မျှ အငွေ့ ဖွာရှိုက်လိုက်လေ၏။

"ကောင်းတယ်ကွာ . . အရသာကိုရှိသွားတာပဲ"

"ကျွန်တော် သည်တောထဲကို သုံးရက်လောက်ဆက်တိုက် ခဲ့တယ်အဘ . . ထူးခြားတာက သားကောင်ဆိုလို့ တွေကလွဲပြီး ဘာကောင်မှ မတွေ့ခဲ့ရဘူး . . တစ်ခါတစ် ကောင်တွေလည်း သစ်ပင်ပေါ်မှာ တစ်ခါမှမတွေ့ခဲ့ဘူးတဲ့ တွေ့ခဲ့ရတယ် . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ . . ဟုတ်လား . . အေးကွာ . . ဒါကလည်း သိပ် မဆန်းပါဘူး . . မင်းတစ်ဦးတည်း သည်လိုကြုံခဲ့ဖူးတာမဟုတ် ဘူးကွယ့် . . တစ်ချို့ သည်တောထဲကိုရောက်သွားကြတဲ့သူတွေ အတော်များများ မကြာခဏ သည်လိုပဲ ကြုံတွေ့ကြရတတ်ပါ တယ် . ."

"အဘက သည်မှာ ရွာခံ ၊ ဒေသခံဆိုတော့ သည်တောနဲ့ ပတ်သက်ပြီး ဘယ်လိုအတွေ့အကြုံရှိဖူးထားသလည်းဆိုတာ ကျွန်တော် သိချင်ပါတယ်အဘ . ."

"အေး . . ရှိတော့ ရှိဖူးခဲ့တယ်ကွယ့် . . ပြောပြမယ် . . မပြောမီ ငါ့ နာမည်ကိုလည်း မှတ်ထားဦး . . **တံမောင်** တဲ့ . . ဒါကလည်း ငါ ခပ်ငယ်ငယ်လောက်တုန်းက အဖြစ်အပျက်ပေါ့ . . တောထဲကို ထင်းခုတ်သွားတာ ဆင်အလိုက်ခံရလို့ ခွေးပြေး ဝက်ပြေး ပြေးခဲ့ရဖူးတယ် . . အမှန်မှာ သည်တောထဲမှာ ဘယ် တုန်းကမှ ဆင်မရှိခဲ့ဖူးဘူး . . ဆင်နေတဲ့တောလည်းမဟုတ်ဘူး ကွယ့် . ."

သည်တစ်ခါတော့ **ဦးတံမောင်** က စီးကရက်ကို အေးဆေး စွာဖွာရှိုက်ပြီးပြောသည်။ ဖွာရှိုက်နေစဉ်မှာ မျက်လုံးတွေက မှေး စင်းသွားလိုက်သေးသည်။

"တခြားတောက နယ်ကျွံပြီးရောက်လာတဲ့ ဆင်ရိုင်းတစ် ကောင်ကောင်များ ဖြစ်နေမလား . . ဒါမှမဟုတ် သစ်ဆွဲဆင် တစ်ကောင်ကောင်ကများ လွတ်ပြီး တောထဲကို ရောက်နေတာ



များလား အဘရယ် . ."

"မဖြစ်နိုင်ဘူးကွ . . ဘာကြောင့်လည်းဆိုတော့ အဲ . . ဆင်က ရိုးရိုးအိမ်ဆင်လိုပဲကွ . . ဒါပေမယ့် သူ လိုက်လို့ ငါ ကပြေးတော့ ရိုးရိုးပြေးတာမဟုတ်ဘူး . . သစ်ပင်တွေကို ကွေ့ ပတ်ပြီးတော့ပြေးတာ . . ဆင်ဟာလည်း ငါ့ နောက်က မရပ်မနား လိုက်တာပဲ . . တစ်ကြိမ်မှာ ငါဟာ ညောင်ပင်ကြီးတစ်ပင်ကို ပတ်ပြီး အပြေးမှာ သူလည်း လိုက်လာတာပဲ . . ဒါပေမယ့် . ."

"ဒါပေမယ့် ဘာဖြစ်သွားသလည်းအဘ . ."

"ဘာဖြစ်ရမှာလည်းကွာ . . သူလည်း ညောင်ပင်ကြီးကို ပတ်ပြီး လိုက်တာပဲ . . ဆင်ဆိုတဲ့ သတ္တဝါဟာ ခန္ဓာကိုယ် အတ္တ ဘောကြီးကို ပိုင်ဆိုင်ပြီး အင်မတန်အချိန်စီးတဲ့ကောင် . . တော ထဲမှာ ဆင်အလိုက်ခံရလို့ ပြေးတဲ့သူဟာ တည့်တည့်မပြေးပဲ သစ်ပင်တွေ ၊ ဂမူတွေကို ကွေ့ရစ်ပြီးပြေးရတယ် . .

ဆင်က လူပြေးသလို ကွေ့ကောက်ပြီး ဘယ်ပြေးနိုင်မှာ သည်းကွယ့် . . ချက်ချင်းကွေ့ . . ချက်ချင်းဝိုက်လိုက်နဲ့ ဘယ် လုပ်နိုင်မှာလဲ . .

အေး . . ငါ့နောက်ကိုလိုက်တဲ့ ဆင်ကြီးကတော့ ဖျတ် သတ်လိုက်တာမှကွာ . . ပေါ့ပါးလိုက်တာမှ မျောက်ကလေးတစ် ကောင်လိုပဲ . . ငါ သစ်ပင်တွေကို ပတ်ကွေ့ပြီး မြွေလိမ်မြွေ ကောက်ပြေးလည်း သူက ငါ့လို လှစ်ကနဲ . . လှစ်ကနဲနဲ့ လိုက် ပြီး ပြေးတာပဲ . . ငါက ရှေ့က ဆင်ကြီးကနောက်ကပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . တယ်ထူးဆန်းပါလားအဘ"

"အေး. . ငါလည်း သဘောပေါက်သွားတယ်. . ဒါ သွေးရူးသားရူးတော့မဖြစ်နိုင်တော့ဘူး . . မတော်ခြောက်ခံရပြီလို့"

"ဆင်ကြီးက အဘကိုမီလာတော့ ဘာဆက်ဖြစ်သွားသ လည်း အဘ . ."

"ဘာဖြစ်ရမှာလည်းကွ . . ငါက ယောက်ျားငါးဖက်စာ လောက်ရှိတဲ့ ညောင်ပင်ကြီးကို နှစ်ပတ်လောက်ပတ်ပြီးပြေး တယ်. . ဆင်ကြီးကလည်း ပတ်ပြီးလိုက်တာပဲ. . ငါ ဆက်ပြေး တော့ ဆင်ကြီးလိုက်မလာတော့ဘူး . .

ငါလည်း မနေသာတော့ပဲ ကြောက်ကြောက်နဲ့ လှည့် အကြည့်မှာ၊ ညောင်ပင်ကိုအပတ်မှာ ဆင်ကြီးလည်း ပျောက် သွားပါလေရော. ."

"ဟောဗျာ. ."

"နောက်တော့ ငါလည်း ထင်းမခုတ်တော့ပဲ ရွာကို ပြန် ပြေးလာခဲ့တယ်. . လမ်းမမှားတာ ကံကောင်းတယ်လို့ဆိုရ မယ်. ."

"အဘ ကြုံခဲ့ရတဲ့ အဖြစ်အပျက်က တော်တော့်ကို ဆန်း ကြယ်တာပဲနော်. ."

"ငါလည်း သည့်ပြောင်ကို နောက်ထပ် မဝင်ရဲတော့ဘူး မှဆိုးကြီးယိပ် ဆိုပါတော့ . . တစ်ခုတော့ရှိတယ်. . သည်တော နဲ့ တစ်ဆက်တည်း တစ်စပ်တည်း ဆင်ဂူတောဆိုတာရှိတယ်. .





. . .ကဆိုစကားအရဆိုရင် ဆင်ဂူကြီးတစ်ခုရှိသတဲ့ . . အဲသည် . . .င်ဂူကြီးထဲမှာ ကျောက်သားရုပ်တုဆင်ကြီးတစ်ကောင် ရှိတယ် . . .ပြောကြတာပဲ. . အဲသည် ဆင်ဂူကို တွေ့ဖူးကြတဲ့လူတွေက . . .သလောက် ရှားပါးတယ်ကွာ. . ငါလည်း မတွေ့ဖူးပါဘူး

အဲသည် ဆင်ဂူထဲက ကျောက်ဆင်ကြီးက အသက်ဝင် . . .တ်သတဲ့ . . ဟောထဲလျှောက်သွားနေတတ်တယ်လို့ ပြော . . .ပဲ. . အဲသည် ဆင်ကြီးများဖြစ်နေမလား မသိပါဘူးကွာ"

ကံရာဇာသည် သူ တွေ့ခဲ့ရသည့် အတွေ့အကြုံနှင့် . . .တ်ဆိုင်နေသည်ကို သိရသည်။ သူ ရောက်ခဲ့သည့် ဆင်ဂူ . . .ည် ဦးကံမောင် ပြောသည့် ဆင်ဂူပဲဖြစ်နိုင်လေသည်။ ဒုက္ခရာရို . . .သူသည့်အတွက် ဦးကံမောင်ကို ပြန်ပြီးမပြောပြတော့ပါ။

ဦးကံမောင်သည် နောက်ထပ် ဖီးကရက်တစ်လိပ်ကို ထပ် . . .ာက်ပြန်သဖြင့် မီးညှိပေးလိုက်ရပြန်လေသည်။

"အဘပြောတာ စိတ်ဝင်စားဖို့ကောင်းပါတယ်. . . . .တော်က ဒါမျိုးတွေကို စိတ်ဝင်စားတယ်. ဗဟုသုတရတာ . . .လေ. ."

"အေး . . မင်းက စိတ်ဝင်စားတယ်ဆိုတော့လည်း ငါ . . .သလောက် ပြောပြရတာပေါ့ကွာ. . . တောထဲမှာ စေတီ . . .တစ်ဆူရှိတယ်ကွ. . အဲသည် စေတီတော်ဟာ ... . . .မှ ဖူးရတယ်. ."

"ဘာဖြစ်လို့လည်းအဘ. ."



www.burmeseclassic.com

www.burmeseclassic.com



"သည်လိုကွယ့် . . စေတီတော်ကို အမှတ်မထင် ဖူးတွေ့ခဲ့ရတဲ့သူက ရွာထဲပြန်ပြီး ပြောပြရင် ဖူးချင်တဲ့သူတွေက အောထဲလိုက်သွားကြည့် . . အဲသည်နေရာမှာ မတွေ့ရတော့ဘူး . . ဘယ်လိုပဲရှာရှာ မတွေ့ရဘူး . . အဲသည်နားလေးတင် ကပ်ပြီးပျောက်နေတတ်တယ် . . ဖူးထိုက်တဲ့သူအတွက် ပေါ်လာတဲ့အတွက် ပေါ်တော်မူ စေတီလို့လည်းခေါ်ကြတယ် . ."

"ကျွန်တော် အဲသည်စေတီတော်ကို . . ."

ကံရာဇာသည် လွှတ်ကနဲဆို ပြောလိုက်တော့မည်ပြုပြီးမှ မပြောတော့။

"စေတီတော်ကို ရှာမတွေ့တာ မျက်စိများမှောက်နေကြတာလား အဘရယ် . ."

"လူတွေကလည်း အဲသလိုပဲ ထင်ကြတာပေါ့ . . ဒါပေမယ့် မျက်စိမမှောက်ဘူး . . သေသေချာချာကို မှတ်ထားလျက်နဲ့ ပျောက်ကွယ်နေတာလို့ ပြောကြတာပဲကွယ့်"

"သည်တောထဲမှာ သည်စေတီတော်အပြင် နောက်ထပ်တစ်ဆူများရှိသေးသလား အဘ . ."

"မရှိပါဘူးကွယ် . . သည်စေတီတော်တစ်ဆူတည်းရယ်လို့ ပြောသံကြားဖူးပါတယ် . ."

ကံရာဇာသည် စဉ်းစား၍မရနိုင်အောင်ပင် ဖြစ်သွားခဲ့ရသည်။စေတီတော်ကို သူ သုံးကြိမ်တိုင်အောင် ဖူးမြင်ခဲ့ရသည်မှာ အမှန်ပင်ဖြစ်သည်။သူများတွေ တွေ့နိုင်ခဲ့သည့် ပေါ်တော်မူ



စေတီတော်ကို သူ သုံးကြိမ်တိုတိုတွေ့ခဲ့ရသည်က မည်သည့်ကြောင့်လဲ . .။တစ်နေရာရာမှာတော့ လွဲမှားချက်တစ်ခုခု ရှိနေပြီဖြစ်သည်။

"သည်တောထဲမှာ ဥစ္စာစောင့်တို့ . . နာနာဘာဝတို့ရှိကြတယ်လို့ ကြားဖူးသလားအဘ . ."

"မကြားမိပါဘူးကွယ် . . အဲ . . မကြားမိဘူးဆိုပေမယ့် လွန်ခဲ့တဲ့ တစ်နှစ်လောက်က တောထဲမှုရှာထွက်ရင်း ပိုးထိပြီး သေသွားတဲ့ မိန်းခလေးတစ်ယောက်ရှိခဲ့ဖူးတယ် . . အဲသည် မိန်းခလေးက မကျွတ်မလွတ်ပဲ တောထဲရောက်လာတဲ့ လူတွေကို မကြာခဏ ခြောက်လှန့်တတ်တယ်ဆိုပဲ . ."

"အဲသည် မိန်းခလေးနာမည်က ဘယ်သူတဲ့လည်း အဘ"

"မသိဘူးကွယ့် . . မေ့သွားပြီ . . ကိုယ့်ရွာကမိန်းခလေးဟုတ်တော့ နာမည်တွေဘာတွေလည်း ကောင်းကောင်းမမှတ်မိတော့ပါဘူးကွယ် . ."

"ဒါနဲ့ သည်တောထဲကို တခြားလူစိမ်းတွေများ လာတတ်ကြသေးသလားအဘ . ."

"တစ်ယောက်နှစ်ယောက်ကတော့ ရှိကြမှာပေါ့ကွယ် . . သည်လိုပဲ သွားနေလာနေကြတာပဲ . . ဘယ်[illegible]ဒါဆိုတာတော့ မမှတ်မိတော့ဘူးကွယ်"

"မမှတ်မိလည်း မစဉ်းစားပါနဲ့တော့ အဘရယ် . . ကျွန်တော် ပြန်လိုက်ဦးမယ် . . အဘနဲ့ ကျွန်တော် ဆုံဖြစ်ကြဦး



www.burmeseclassic.com

www.burmeseclassic.com



မှာပါ. ”

“အေး. အေး. . စီးကရက်ပေးတာ ကျေးဇူးပဲကွယ်”

ကံရာဇာသည် ဦးကံမောင်ကို နှုတ်ဆက်ကာ ထွက်လာ-

လေ၏။

* * * * *







www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ကံရာဇာသည် တည်းခိုခန်းသို့ပြန်လာသည်။ထိုညက ကောင်းကောင်းအိပ်လို့မပျော်။ တောထဲမှာ တွေ့ကြုံခဲ့ရသည်များကို မေ့ပျောက်၍မရ။ အဖန်ဖန်အလဲလဲ ပြန်ပြီးစဉ်းစားနေမိသည်။

ပေါ်တော်မူစေတီ၊ ဆင်ဂူကြီးထဲ ရောက်ခဲ့သည့်အခြေအနေ၊ ပေါ်တော်မူစေတီတော်ကို ဖူးမြင်နေသော ဆင်ကြီးတစ်ကောင်။[ယင်းသည် အိပ်မက်လား၊ တစ်ကယ်မြင်တွေ့ခဲ့ရတာလား၊ ဝေခွဲ၍မရခဲ့]

သည့်နောက် စေတီတော်ကို ဆွမ်း၊ ပန်း၊ ဆီမီးများ ကပ်သူ ရှင်စောငယ်၊ သူမသည် မည်သူနည်း။ မည်သည့်နေရာက ရောက်လာခဲ့သနည်း။ သူမနှင့်အတူတွေ့ရသော ပိတ်ဖြူ





င်ကြွယ်နှင့် အဖိုးအိုသည်လည်း စဉ်းစား၍မရ။ ရှင်စောငယ်နှင့် ဘယ်လိုပတ်သက်နေမှန်းမသိ။

မိုက်ခဲသုံးကောင် လွတ်မြောက်သွားခဲ့သည့်အတွက်လည်း သူ့မှာ တာဝန်ရှိသေးသည်။ အပွဲပွဲနွဲလာခဲ့ပြီး သည်တစ်ပွဲအမှ လက်လွှတ်မခံနိုင်။ သင်းတို့ကို ထပ်မံ၍ရှာဖွေရမည့်တာဝန်က ရှိသေးသည်။

ကံရာဇာသည် တလူးလူး တလှိမ့်လှိမ့်နှင့် ရှိနေပြီး ညဥ့်နက်ပိုင်းသို့ရောက်ကာမှ အိပ်ပျော်သွားခဲ့လေသည်။

× × × × × × × ×

ကံရာဇာ အိပ်ယာထက်မှာ အိပ်မောကျလျှက်ရှိသည်။ ည်မျှကြာသွားခဲ့သလည်းမသိ။ မျက်လုံးတွေထဲမှာ အလင်းတ်ကြီးတစ်ခုက ချက်ချင်းလိုလို ကျရောက်လာခဲ့သည်။

လွန်စွာမှ ချောမော၍ ယောကျ်ားပီသသော လူတစ်ယောက်သည် ကံရာဇာ၏ရှေ့မှာရပ်နေသည်။ အသက်အားဖြင့်သယ်ပတ်ဝန်းကျင်ခန့်ရှိမည်ဖြစ်ပြီး နက်မှောင်ရှည်လျားသော င်များကို သေသပ်စွာ စုစည်းပြီး သျှောင်ထုံးထားသည်။

အဝါရောင် ပိုးပျော့ပုဝါလေးကိုလည်း နဖူးမှာရစ်ပြီး ကျစ်ပေါင်းထားလေသည်။ အဝတ်အစားများကတော့ မင်းညီမင်း



www.burmeseclassic.com

www.burmeseclassic.com



သားများဝတ်သည့်အတိုင်းဖြစ်သည်။

သူ၏မျက်နှာသည် အစဉ်ချိုနေတတ်သူဖြစ်သော်လည်း ယခုတော့ ညှိုးနွမ်းနေသည်။

"ညီလေး . . လူတစ်စုက အစ်ကို့ကိုဖမ်းပြီး သံပန်းပြုထဲမှာ ထည့်ထားကြတယ်ကွာ. . သူတို့က အစ်ကို့ခေါင်းထဲ ပစ္စည်းတစ်ခုကို ယူကြမလို့ကွ. . သည်ပစ္စည်းကို ထုတ်ယူရင် အစ်ကိုလည်း သေသွားလိမ့်မယ်. . ပြီးတော့ အဲသည် ပစ္စည်းဟာလည်း သူတို့နဲ့ မပတ်သက်ပါဘူးကွာ. . ထိုက်လည်း မထိုက်တန်ပါဘူး. .

ငါ့ညီ အစ်ကို့ကို လာကယ်ပါကွာ. . ငါ့ညီသာ အချိန်မကယ်ရင် အစ်ကိုတော့ သေပွဲဝင်ရလိမ့်မယ်. . ခုမနက် သည်လူတွေဟာ အစ်ကို့ခေါင်းထဲက ပစ္စည်းတွေကို ထုတ်ယူ တော့မယ်ကွယ့် ညီလေးရဲ့ . . ဆင်ဂူတောကြီးထဲကို ညီလေး အမြန်ဆုံးလာခဲ့ပါ. . "

ကံရာဇာ ချက်ချင်းလန့်နိုးသွားခဲ့သည်။အိပ်မက်က လွန်းသည်။ အိပ်မက်ထဲကလူသည် လွန်ကဲစွာ အကူအညီ အပ်နေသည်။ သေရေးရှင်ရေးကိစ္စဖြစ်နေ၍ သူ့အသက် အချိန်မီကယ်တင်ပါရန် တောင်းတောင်းပန်ပန်နှင့် ပြောသွား သည်။

ကံရာဇာသည် ထိုသူ၏မျက်နှာကို တမြေ့မြေ့နှင့် ပြ မြင်ယောင်နေမိသည်။မိမိနှင့် နွယ်နေသလိုလို ၊ တစ်စုံတစ်





ပတ်သက်နေသလိုလိုလည်း ခံစားနေရသည်။

၃၁ ဘုံတွင် ကျင်လည်နေကြကုန်သော သတ္တဝါတို့သည် ဗုဒ္ဓတရားတော်အရဆိုလျှင် တစ်ဦးနှင့်တစ်ဦး ဆက်နွယ်မှုရှိနေကြ သည်။

ကုသိုလ်ကံ ၊ အကုသိုလ်ကံအကျိုးပေးအရ လူဖြစ်လိုက်၊ အပါယ်တိရစ္ဆာန်ဘဝရောက်လိုက် ၊ ရုက္ခစိုး ၊ ပြိတ္တာ ၊ နတ်သား နတ်သမီး ၊ လူ့ဘုံ ၊နတ်ဘုံ ၊ ဗြဟ္မာ့ဘုံ စသည်များတွင် တစ်လှည့် စီကျင်လည်နေကြသည်။

ဘဝဟောင်းကို စွန့်၍ ဘဝသစ်ကို ကူးပြောင်းသွားကြ သည်။ကောင်းသောဘဝ ၊ ချမ်းသာသော ဘဝကိုရောက်သွားကြ သလို ၊ ငရဲ ၊ တိရစ္ဆာန် ၊ ပြိတ္တာ ၊ အသူရကာယ်ဘုံများသို့လည်း ရောက်သွားကြသူများလည်း ရှိကြသည်။

ကျွတ်တန်း မဝင်နိုင်ကြသေးသမျှ သံသရာတွင် ဤသို့ပင် ကျင်လည်နေကြကုန်သည်။ နိဗ္ဗာန်သို့ မရောက်မီစပ်ကြား သုခ ဘုံ ၊ ဒုက္ခဘုံများတွင် ကျင်လည်နေကြရသည့် ဘဝပေါင်းများ စွာ. .

ဘဝအဆက်ဆက်က အမျိုးမျိုး ရင်းနှီးကျွမ်းဝင်တော်စပ် ခဲ့ကြသူများသည် ဆွေမျိုးများသာ။ ဘဝဟောင်းမှ ဘဝသစ်သို့ ကူးပြောင်းသွားကြ၍သာ နောက်ကြောင်းကို ပြန်ပြီးမမှတ်မိခြင်း သာဖြစ်သည်။

ယခု အိပ်မက်ထဲမှ ပုဂ္ဂိုလ်သည်လည်း ရှေးဘဝတစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



တွင် မိမိနှင့် သွေးသားတော်စပ်ခဲ့ဖူးလေသလားမသိ။ ညီအစ်ကို ဦးရီး စသည်တို့တော်စပ်ခဲ့ကောင်း တော်စပ်ခဲ့ပါလိမ့်မည်။

သဗ္ဗညုတ ညာဏ်တော်ရှင် မြတ်ဗုဒ္ဓမှတစ်ပါး မိမိနှင့် မည်သို့တော်စပ်ခဲ့သည် ၊ နွယ်ယှက်ခဲ့သည်ကို မသိနိုင်။

ကံရာဇာသည် ကံ ကံ၏အကျိုးကို ယုံကြည်သူဖြစ်သည်။ အတိတ် ၊ ပစ္စုပ္ပန် ၊ အနာဂါတ် ၊ သုံးပါးစလုံး ဆက်စပ်နေသည်ကို လက်ခံသည်။အတိတ်ဘဝသည် ပစ္စုပ္ပန်ဘဝနှင့် ဆက်စပ်နေကြောင်း ၊ ပစ္စုပ္ပန်ဘဝက အနေအထိုင် ၊ အပြုအမူ ၊ ကုသိုလ်စိတ် ၊ အကုသိုလ်စိတ်တို့သည် နောင်ဖြစ်လတ္တံ့သော အနာဂတ်ဘဝ၏ ဆိုးကျိုး ၊ ကောင်းကျိုးများကို ဖန်တီးနိုင်သည်။

တဘဝတည်းနှင့် မပြတ် ၊ သတ္တဝါမှန်သမျှ ဘဝပေါင်းများစွာ ကျင်လည်နေကြရသည်။

ကံရာဇာသည် ဆင်ဂူတောဆီကို ချက်ချင်းပင် အရောက်သွားလိုစိတ်ဖြစ်ပေါ်လာခဲ့သည်။သို့သော် သန်းကောင်ယံကာလမို့ မိုးလင်းရန်အချိန်က လိုသေးသည်။

× × × × × × × ×

မိုးလင်းရန်အချိန်က လိုသေးသည်။ သို့သော် ကံရာဇာသည် ရေဆိပ်သို့ ရောက်နေပြီ။ ညက သူ ကောင်းကောင်းအိပ်မပျော်။ တစ်ဖက်ကမ်းကိုကူးပြီး ဆင်ဂူတောဆီကို အရောက်





သွားရန်သာ စိတ်စောနေမိသည်။

စားသောက်ဆိုင်နှင့် တည်းခိုခန်းပိုင်ရှင် ပေါက်ဖော်ကြီး ကို နိုးပြီးထွက်လာခဲ့သည်။ ပေါက်ဖော်ကြီးက သူ့ကို ခင်မင်နေဖြစ်သည်။ စပ်စပ်စုစုလည်း မလုပ်ပါ။

ပေါက်ဖော်ကြီးသည် သူ့ဆိုင်ကို ရောက်လာသူ မည်သူ့ကိုမှ စပ်စုခြင်းမပြုတတ်။ ဧည့်ဝတ်ကျေပွန်တတ်သူဖြစ်သည်။

အပြင်ဘက်မှာ နည်းနည်းအေးနေသည်။ ဂျာကင်အကျႌထူထူကို ဝတ်ထားပြီး ဂျင်းအောက်ရှိ သေနတ်ထဲမှာတော့ ကျည်အပြည့်ရှိနေသည်။

လက်နှိပ်ဓာတ်မီးတစ်လက်ဖြင့် ရေဆိပ်ကို ဆင်းလာခဲ့သော်လည်း လမ်းမှာ လူသူလေးပါးအရိပ်အယောင်ကို မတွေ့ခဲ့။ သည်ဘက်ကမ်းရှိ လူများသည် အရောင်းအဝယ်သမား၊ ရိုးသားသမားများက များကြသည်။ မိုးလင်းအထိ အိပ်တတ်ကြသည် တူသည်။ လင်းလင်းချင်းချင်းရှိတော့မှ အလုပ်လုပ်တတ်ကြသည်။

သည်အချိန်ကြီးမှာ ကူးတို့သမား ပန်းမောင်လည်း ရေဆိပ်ရောက်ဦးမှာမဟုတ်။ ထွက်သာလာခဲ့ရသည်။ တစ်ဖက်ကမ်းကူးရန် အခက်အခဲကဖြစ်နေသည်။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်လွန်းနေသည်။

ရေတက်ပြီးသည်မှာကြာပြီ။ ဒီ အီနေပြီဖြစ်၍ ချောင်းထဲရေပြည့်လျှံနေသည်။ လှိုင်းဂယက်တို့ ပုတ်ခတ်နေသံ ၊ လှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှားနေသံများကို ကြားနေရသည်။

"မိတ်ဆွေ . . တစ်ဖက်ကမ်းကို ကူးမလို့လား"

မမျှော်လင့်ပဲ ထွက်ပေါ်လာသောအသံကြောင့် ကံရာဇာ ဆတ်ကနဲဆိုဖြစ်သွားခဲ့ရသည်။ကမ်းစပ်မှာ ဆိုက်ကပ်ထားသော လှေတစ်စီးကို မသဲမကွဲမြင်တွေ့လိုက်ရသည်။ လှေပေါ်မှ လူတစ်ယောက်၏ သဏ္ဌာန်သည်လည်း မသဲမကွဲ။

နီရဲရဲ မီးကျီးခဲလေးလိုလို အရာတစ်ခုက ရဲကနဲဖြစ်လာလိုက်၊ ပျောက်သွားလိုက်နှင့် မြင်တွေ့နေရသည်။နောက်တော့မှ ခန့်မှန်းမိသည်က ထိုသူသည် ဆေးပေါ့လိပ်ကို ရှိုက်ဖွာနေခြင်းပင်။

"ဟုတ်တယ် . . ခင်ဗျားက ကုတ္တိုသမားလား . ."

"ကုတ္တိုသမားတော့ မဟုတ်ပါဘူး . . ဟိုဘက်ကမ်းမှာ လူတစ်ယောက်ကိုသွားခေါ်မလို့ပါ . . လမ်းကြုံလို့ လိုက်ခဲ့ပါလားလို့"

"အေးဗျာ . . ကျွန်တော်လည်း သွားချင်နေတာ . . ခင်ဗျားနဲ့တွေ့ရတာ အတော်ပဲဖြစ်သွားတယ် . . ကျေးဇူးတင်လိုက်တာဗျာ . ."

"ကဲ . . ဒါဆို လှေပေါ်တက် . ."

ကံရာဇာသည် ကမ်းစပ်အနိမ့်ပိုင်းကလေးဆီသို့ ဆင်းချသွားသည်။သတိတော့ ထားရသည်။ခုလို အချိန်မျိုးမှာ ဘယ်သူ့ကိုမှ မယုံနိုင်။လူကောင်းလား၊ လူဆိုးလား ပရိယာယ်၊ မာယာ





ခုခုလည်းဖြစ်နိုင်သည်။

ကံရာဇာသည် လှေပေါ်ကိုတက်လိုက်သည်။လှေကြိုးကို းစပ်မှာ စိုက်ထားသည့်ထိုးဝါးမှ ဖြုတ်လိုက်သည်။ ထို့နောက် သမားက တက်နှစ်ချောင်းဖြင့် မတ်တပ်လှော်ခတ်လာသည်။

လှေမှာ လှေကြီးတစ်စင်းဖြစ်သည်။ ကံရာဇာတစ်ယောက် း ရှေ့မှာလွတ်လပ်စွာဖြင့် လိုက်ပါလာခဲ့သည်။ ကျောဘက် တော့ သတိမပြတ်ထားနေရသည်။လှေသမား၏ မျက်နှာ ကို ာင်းစွာမမြင်ဖူးခဲ့။ ဆံပင်ရှည်သည်။ မျက်နှာပေါ်မှာလည်း က်တစ်ဖျက် ဖုံးလွှမ်းနေသည်။ ထိုမျှလောက်သာ အကဲခတ် သည်။

ရှေ့မြင်ကွင်းသည် မည်းမှောင်နေသည်။ မနည်းကြီး အာရုံ ပြီးကြည့်မှ သုံးလေးပေလောက်အထိသာ မြင်နိုင်သည်။ ယ်လေးများက တဖျတ်ဖျတ်ဖြင့် လွန့်လူးလျက်ရှိသည်။ တက်သံက ကျယ်လောင်ခြင်းမရှိ။ တကျွီကျွီဖြင့်သာ ထွက်ပေါ်လျက်ရှိသည်။

ကံရာဇာ သတိထားမိသည်။လှေသည် မြစ်ကို ကန့်လန့် သွားနေသော်လည်း အရှိန်ဖြင့်ပြေးနေခြင်းပင်ဖြစ်သည်။ ဘက်အားကြောင့်မဟုတ်ပဲ သဗ္ဗာန်ကို ရှေ့ကကြိုးဖြင့်ဆွဲ ပြေးနေသလို လျင်မြန်စွာပြေးသွားနေခြင်းပင်ဖြစ်သည်။ဤမျှ တက် လျင်မြန်စွာဖြင့် ပြေးနေသည်မှာ အံ့အားသင့်ရောပဲ သည်။



www.burmeseclassic.com

www.burmeseclassic.com



လှေသမားသည် ခအ်တက်များကို မှန်မှန်လှော်ခတ်နေ သော်လည်း လှေက ပဥ္စလက်လှည့်စားမှုများ ပြုလုပ်နေသလား ဟုပင် ထင်မှတ်ရသည်။ လှေသမား၏ ကျွမ်းကျင်မှုကြောင့်လား ရေစီးကြောင်း၏ ထူးခြားသောပြောင်းလည်းမှုကြောင့်လား၊ တင် ဖက်ကမ်းဆီသို့ လျင်မြန်စွာဖြင့် ပြေးနေသည်ကတော့ အမှန်ပင်။

မကြာခင်အချိန်အတွင်းမှာပင် လှေသည် တစ်ဖက်ကမ်း ကို ဆိုက်မြိုက်စွာဖြင့် ရောက်သွားခဲ့လေ၏။ ရောင်နီပင် ပို့မ လာသေး။အမှောင်ထုက မပြယ်သေး။ ကံရာဇာကတော့ သည် မှာဘက်ကမ်းကို ရောက်လာ၍ ဆန္ဒပြည့်ဝခဲ့လေပြီ။

"ရောက်ပြီလေ မိတ်ဆွေ"

လှေသမားက သတိပေးလိုက်တော့မှ ကံရာဇာ အသိ ပြန်ဝင်လာခဲ့ရသည်။

* * * * *





## အခန်း (၂၀)

ကံရာဇာသည် လှေပေါ်မှ ခင်းလိုက်သည်။ သူ သတိပြု မိသွားသည်က ကုတို့ဆိပ်မဟုတ်ချေ။ ပန်းမောင် ပို့နေကျ ကုတို့ ဆိပ်မဟုတ်။ တစ်နေရာဖြစ်နေသည်။

ကမ်းပေါ်ကို ရောက်မှလှေပေါ်က လူကို လှည့်ကြည့် လိုက်သည်။ အမှောင်ကာလကရှိနေသေး၍ မျက်နှာကိုသဲကွဲစွာ မမြင်ရ။ ရှည်လျားသော ဆံပင်တစ်ချို့တစ်ဝက်က မျက်နှာကို ဖုံးလွှမ်းနေသည်။

မျက်နှာကိုမော်မထား၍ ကြောက်တတ်သူဆိုလျှင် သောင်းဆိုးရွားတစ်ကောင်ဟု ထင်သွားမှာအမှန်ပင်။

"မိတ်ဆွေ . . သွားတော့လေ. . ဘာကြည့်နေတာလဲ. .



www.burmeseclassic.com

www.burmeseclassic.com



အချိန်က တန်ဖိုးရှိတယ်. . မိတ်ဆွေလည်း အရေးကြီးတဲ့ကိစ္စကြောင့် သည်ကိုလာခဲ့ရတာမဟုတ်လား. . ဘာကိစ္စဖြစ်ဖြစ်ကိုယ်ကဦးနိုင်မှ တန်ကာကျမယ်. ."

ထိုသူသည် လေသံအေးအေးဖြင့် ပြောလိုက်သည်။ မိမိစိတ်အထင်ပဲလားမသိ။ သူ့ ပါးစပ်လှုပ်သည်ကို မမြင်ရ။ သူ့စကားကဆန်းသည်။ ကိုယ့်ကိစ္စကို သူပဲသိနေသလိုလို. . ။

"ကောင်းပါပြီ. . ခုလို ကူညီတာကျေးဇူးတင်ပါတယ် . . ခွင့်ပြုပါဦး. ."

ကံရာဇာသည် ထိုသူ့ကိုနှုတ်ဆက်ပြီး ကမ်းပေါ်ကို တက်လာခဲ့သည်။ နောက်ကို လှည့်ကြည့်လိုက်သောအခါ လှေကို မတွေ့ရတော့။ ချက်ချင်းလိုလို ပျောက်သွားသည်က အံ့အားသင့်စရာ။သူ ခေါ်ရမည့်သူဆီကို အဆောတလျင်ထွက်သွားခဲ့သလားမသိ။ လှော်တက်ခတ်သံ ၊ ရေသံကိုပင် မကြားလိုက်ရ။

ကံရာဇာသည် လက်နှိပ်ဓာတ်မီးကို အသုံးပြုကာ ပတ်ဝန်းကျင်အခြေအနေကို ကြည့်လိုက်သည်။ သူ ရောက်နေသည်က တောနှင့်အနီးဆုံးနေရာပဲဖြစ်သည်။

ကမ္ဘားအောက်ဖက်တွင် ချောင်း၏လက်တက်ကလေးတစ်ခုသည် ရှည်လျားကာ တောက်လျှောက်စီးဝင်လျက်ရှိသည်။ ချောင်းမကြီးမှ ဖယ်ကျဉ်ကာ ဝင်လာခဲ့ခြင်းပင်ဖြစ်သည်။ကံရာဇာ မသိလိုက်။ အမှုမဲ့အမှတ်မဲ့ နေတတ်သူမဟုတ်သော်လည်း ဤလက်တက်ကလေးအတိုင်း လှေက ဝင်လာခဲ့သည်ကို သူ ဘာ





ကြောင့် မသိရမှာလဲ။ သူ့ စိတ်ထဲမှာတော့ လှေသည် ချောင်းမကြီး၏ဘေးမှာ ကပ်လိုက်သည်ဟုပဲ ထင်မိသည်။

ထားတော့ . . ။ သွားနေကျ လာနေကျမဟုတ်သည့် နေကို သူ ရောက်နေရပြီ။ ဤတောထဲဝင်ပြီး ဆင်ဂူတောဆီကို ယ်လိုဆက်သွားရမှာလဲ. . ။

"သည်ရောက်လာပြီပဲ . . ဒါ မရောက်ရောက်အောင် က်သွားမယ်. ."

မိမိကိုယ်မိမိ ယုံကြည်ချက်အပြည့်နှင့် ထွက်လာခဲ့သည်။ ကျက်တက်စ ပြုလာပြီ။ အလင်းရောင်အနည်းငယ် သန်းလာ ည်။ တောထဲကို ဝင်သည့်လမ်းသည် မှုန်မှုန်ရေးရေး ထင်လာ ည်။ လက်နှိပ်ဓာတ်မီးကိုတော့ အသုံးပြုရသေးသည်။

အပြင်ကလင်းနေသော်လည်း တောထဲဝင်လိုက်သည်နှင့် ချင်းလိုလို ပြန်မှောင်သွားသည်။ လက်နှိပ်ဓာတ်မီးက အဖိုး လာခဲ့ပြန်သည်။ တောက်လျှောက်သာ ဝင်လာခဲ့ရသည်။ ဂူတောဆီကို မည်သို့သွားရမည်မသိ။

"ကွိ. . ကွိ. . ကွိ"

"ကူး . . ကူး. . ကူး"

အသံတစ်သံက သစ်ပင်ထက်မှ ထွက်ပေါ်လာသည်။ နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။

မျောက်တစ်ကောင်. . ။

သူ့ကို သွားတွေဖြဲကာ စိုက်ကြည့်နေသည်။ သို့နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သစ်ကိုင်းသို့ ခုန်ကူးသွားသည်။ ဓာတ်မီးဖြင့် ထိုးကာကြည့်လိုက်ပြန်သည်။ မျောက်သည် ထွက်မသွားသေး၍ ကံရာဇာကို လှည့်ကြည့်နေသည်။ ကံရာဇာက ဆက်မြှုပ်လိုက်သွားသည်။ ဤသို့ဖြင့် မျောက်ကသွားလိုက်၊ ကံရာဇာက လိုက်သွားလိုက်။

မျောက်သည် တစ်ကြိမ်တည်းမှာ ဟိုခုန်ကူး၊ သည်ခုန်ကူးဖြင့် ဆက်တိုက်ကူးမသွားပဲ သစ်ကိုင်းတက်မှာ နားလိုက်၊ ကံရာဇာကို စောင့်လိုက်၊ ခေါ်သွားလိုက်နှင့် ရှိနေလေရာ မျောက်၏ အမူအရာနှင့်လှုပ်ရှားမှုကိုကြည့်ပြီး သဘောပေါက်သွားခဲ့ရလေသည်။

"တော်တော် ထူးဆန်းတဲ့မျောက်ပဲ. . ငါ့ကို သူ့နောက်လိုက်စေချင်တဲ့သဘောပဲ. ."

ကံရာဇာသည် မျောက်ကို လက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ နောက်ကနေ လိုက်သွားသည်။ မျောက်ကလည်း ကံရာဇာကို စောင့်ပြီး ခေါ်သည်။ မူလတောကို ဖြတ်ကျော်ကာ ဆင်ဂူတောဆီကို ရောက်မှန်းမသိရောက်လာခဲ့လေသည်။

တစ်နေရာသို့ ရောက်သောအခါ မျောက်သည် သစ်ပင်ပေါ်မှဆင်းလာခဲ့သည်။ ကံရာဇာနှင့် နီးနီးကပ်ကပ် ဆယ်ပေအကွာလောက်မှနေ၍ ခုန်ဆွခုန်ဆွဖြင့် သွားနေသည်။ မျောက်ကတော့ လမ်းကိုမြင်သည်။ ကံရာဇာက လမ်းကိုမမြင်။ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကာသွားနေရသည်။ မြွေပါးကင်းပါး၊ အကောင်ဘလောင်များကိုလည်း ဂရုစိုက်ရသေးသည်။



တစ်နေရာကို ရောက်သောအခါ မျောက်သည် သစ်ပင်ကြီးတစ်ပင်ပေါ်ကို ပြေးတက်သွားပြီး သစ်ကိုင်းတွေ၊ သစ်ရွက်တွေကြားမှာ ပျောက်ကွယ်သွားခဲ့လေ၏။ ကံရာဇာသည် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်မည်ပြုလိုက်သေးသည်။

"အင်း . . မျောက်ကတော့ ပေါ်မလာတော့ဘူး . . သည်နေရာမှာ လမ်းဆုံးပြီထင်ပါရဲ့ . . အကြောင်းကတော့ ရှိနေပြီ"

ကံရာဇာသည် လက်နှိပ်ဓာတ်မီးကို မသုံးတော့။ ပတ်ဝန်းကျင်အခြေအနေကို ကြည့်လိုက်သည်။ အလင်းရောင်ပေါ်ထွက်လာပြီဖြစ်၍ တောထဲမှာ မှုံတိမှုံမွှား မြင်လာခဲ့ရသည်။ သစ်ရွက်ခြောက်များကို မနင်းမိစေရန် ကွေ့ကွင်းပြီးလျှောက်သွားသည်။ သစ်ပင်ကြီးတွေကို အကာအကွယ်ယူပြီး သွားသည်။

"ဖျောက်. . ဖျောက်"

"ဘုတ်"

သစ်ပင်ကြီးတစ်ပင်ထက်မှ သစ်ရွက်တွေကို ဖြတ်ပြီး ပြုတ်ကျလာသံ။ အရာဝတ္ထုတစ်ခုသည် သူ့ဘယ်ဘက်ပခုံးပေါ်သို့ ကျလာပြီးမှ အောက်သို့ပြုတ်ကျသွားခဲ့သည်။

မြွေတစ်ကောင်. .။ လက်မခန့်တုတ်ပြီး အရှည်တစ်လံခန့်ရှိမည်။ အခွေလိုက်ပြုတ်ကျပြီးမှ ကံရာဇာ၏ ညာဘက်လမ်းဆဲ့ချောကနဲဆို ထွက်ပြေးသွားသည်။

မြွေက အန္တရာယ်မပြု၍ ကံကောင်းသွားသည်။ ကံရာဇာ



www.burmeseclassic.com

www.burmeseclassic.com



သည် စိတ်ကူးတစ်ခုရသွားသည်။ မြွေသွားရာလမ်းဆီကို လိုက်သွားခဲ့လေ၏။ တော်တော်ကလေး သွားပြီးသောအခါ သူ့နားထဲမှာ လူသံလိုလို ကြားလိုက်ရသည်။ ခြေလှမ်းတွေက တုံ့သွားခဲ့ရသည်။ အသံထွက်ပေါ်လာရာဆီကို သေသေချာချာ နားစွင့်သည်။ စကားပြောသံများက အမှန်ပင်။

အသံထွက်ပေါ်လာရာဆီသို့ သတိထားပြီး လျှောက်သွားသည်။ ကံရာဇာသည် ခြေသံမကြားအောင်လည်း ကိုယ်ကို ဖော့ပြီး လျှောက်နိုင်သည်။ မည်သည့်ကိစ္စမဆို သူ့ကိုယ်သူယုံကြည်မှုအပြည့်နှင့်လုပ်သည်။

"ဟော့ကောင်တွေ . . ငါတို့ လုပ်ငန်းစတော့မယ် . . အချိန်ရောက်လာပြီကွ"

ပီသသော အသံတစ်သံက ထွက်ပေါ်လာသည်။ အသံသြဇာရှိသည်။ လူသာမာန်တို့၏ စိတ်ဓာတ်ကို လွှမ်းမိုးနိုင်သောအသံ။

ကံရာဇာသည် ရှေ့ကိုသတိနှင့်ပို၍တိုးကာ ကပ်သွားခဲ့သည်။ သစ်ပင်ကြီးတစ်ပင်ဆီကို ပြေးကပ်လိုက်ရပြန်သည်။ သူတွေ့လိုက်ရပါပြီ။

ကြီးမားသော သံပခြုပ်ကြီးတစ်ခု။ တစ်လက်မပတ်လည်ခန့် သံဇကာကွက်များရိုက်ထားသည့် သံပခြုပ်ကြီးထဲမှာ မလှုပ်ရှားဘဲ ငြိမ်သက်နေသော သတ္တဝါတစ်ကောင်ကို မြင်တွေ့လိုက်ရသည်။ ကြီးမားသော မြွေဟောက်ကြီးတစ်ကောင်ပင်ဖြစ်သည်။





မြွေဟောက်ကြီးသည် မလှုပ်မယှက်ပဲ ခွေလျှက်ရှိသည်။ မာန်ကျနေဟန်တူသည်။ စိတ်ဓာတ်ကျနေဟန်တူသည်။

ဝပည့်သုံးယောက်အနက် တစ်ယောက်က မီးညှပ်ကဲ့သို့သော သံညှပ်ကြီးတစ်ချောင်းကို ကိုင်ထားသည်။ ကျန်နှစ်ယောက်က မားရှည်နှစ်ချောင်းကို ကိုင်ထားသည်။

မြွေဆရာဦးဗေဒ သည် ပခြုပ်ထဲမှ မြွေကို စူးလက်သောမျက်လုံးများဖြင့် ကြည့်ကာ နှုတ်မှတလှုပ်လှုပ် တရွရွဖြင့် ရွတ်ဆိုလျှက်ရှိသည်။

မလှုပ်မယှက်ရှိနေသော မြွေဟောက်ကြီးသည် တဖြည်းဖြည်းနှင့် ခေါင်းထောင်လာခဲ့သည်။ ပါးပျဉ်းကိုတော့ မထောင်နိုင်ရှာတော့။ ဆရာဗေဒသည် မန္တာန်ကို အဆက်မပြတ်ရွတ်ဆိုလျှက်ရှိသည်။

မြွေဟောက်ကြီးမှာ နီကျင်ကျင်အဆင်းရှိသည်။ မာန်ကျနေသလို၊ အမိန့်ပေးခံရ၍ လိုက်နာနေရသလိုမျိုးဖြစ်နေသည်။ သူ့ခေါင်းသည် ထောင်မတ်လာသလို ကိုယ်လုံးသည်လည်း တဖြည်းဖြည်းနှင့် မတ်လာသည်။

ကံရာဇာသည် ဤကဲ့သို့သော မြွေနိုင်ဆရာမျိုးကို ယခုမှပဲ မြင်ဖူးတော့သည်။ အိပ်မက်အရမှန်ခဲ့လေပြီ။ သူတို့က မြွေကြီးကိုတစ်ခုခုလုပ်ကြတော့မည်ဖြစ်သည်။ မြွေဟောက်ကြီးသည် မြွေဆရာဗေဒ၏ ညှို့ဓာတ်ကို မိနေသည့်ပမာ ဘာမှမသိတော့။ မိမိဆန္ဒမပါပဲ လှုပ်ရှားနေသလို ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ပခြုပ်ထက်မှ ဓားကိုမိုးပြီး ပခြုပ်အဖုံးက ဖွင့်လိုက်သည်။

မြွေဟောက်ကြီး၏ခေါင်းက ပခြုပ်ထဲမှ ပြူပြီးထွက်လာ သည်နှင့် အားကောင်းသော ထိုယောကျ်ားက ကြီးမားသော သံ ညှပ်ကြီးကို ခေါင်းအောက်ထိုးသွင်းပြီး လက်နှစ်ဖက်ဖြင့် ညှပ် ထားလိုက်သည်။ မြွေဟောက်ကြီးမှာ မလှုပ်ရှားနိုင်တော့။ ခုန် တိုက်ခိုက်ဖို့ မကြိုးစား။ ငြိမ်ပြီးတော့ ခံနေသည်။

ထိုသူသည် သံညှပ်ကြီးကို ဆွဲချလိုက်လေရာ မြွေဟောက် ကြီး၏ကိုယ်လုံးကြီးမှာ ပခြုပ်ထဲမှ လျောကနဲဆိုပါလာပြီး မြေပြင် မှာ စင်းစင်းကြီးကျသွားသည်။ ကျန်တစ်ယောက်က မြွေဟောက် ကြီး၏ ခေါင်းအောက်နေရာကို ခြေထောက်ဖြင့် နင်းထားလိုက် သည်။ သံညှပ်ကြီးကို ကိုင်ထားသူက လွှတ်လိုက်သည်။

သံညှပ်ကိုင်ထားသူအပါအဝင် ကျန်တစ်ယောက်သည် မြွေဟောက်ကြီး၏ ကိုယ်လုံးကြီးကို ခြေထောက်များဖြင့် နင်းထား လိုက်ကြသည်။

မြွေဟောက်ကြီး၏ ကိုယ်ထည်များ သံပခြုပ်ထဲမှာကျန်ရှိ နေသေးသည်။

မြွေဆရာဗေဒသည် ပြဒါးရောင်လက်နေသော ဓားမြှောင် တစ်ချောင်းကိုကိုင်ကာ မြွေဟောက်ကြီး၏ အနားကို ရောက် လာသည်။ မြွေဟောက်ကြီး၏ ခေါင်းထက် အမောက်လိုလို အရာကို ဆွဲထုတ်မည်အပြုမှာ. .





"ဒိုင်း"

"အား"

ဆရာဗေဒ၏ လက်ထဲမှ ဓားမြှောင်သည် လွင့်သွားခဲ့ရ သည်။

"ဟင်. ."

မမျှော်လင့်မိသော အခြေအနေကြောင့် အားလုံးအံ့အား င့်သွားခဲ့ရသလို အထိတ်တလန့်လည်း ဖြစ်သွားခဲ့ကြရသည်။ ွေဟောက်ကြီးကို ခြေဖြင့်နင်းထားကြသူများသည် ယောင်ယမ်း ခြေကိုကြွလိုက်ကြသည်။ ကံရာဇာသည် သူတို့ဆီကို ခုန်ဝင် ာခဲ့သည်။

"ခင်ဗျားတို့ ရက်စက်လှချည်လားဟင် . . ဒါလောက် ာင် သွေးဆာနေကြသလား"

ရုတ်တရက်ရောက်လာသော လူတစ်ယောက်ကြောင့် အနှောင့်အယှက်ဖြစ်သွားခဲ့ကြရသည်။ ဒေါသလည်းဖြစ်သွား ကြသည်။

"မင်းက ဘယ်ကကောင်းလည်းကွ. . ငါတို့အလုပ်ကို ဖြစ်လို့ ဝင်ရှုပ်ရတာလဲ. ."

ဆရာဗေဒနှင့် သုံးယောက်သည် ကံရာဇာဆီကို ဒေါသ ီးဖြင့် ပြေးဝင်လာခဲ့ကြသည်။ ကံရာဇာက သူတို့ကို လက် ဖြင့် မတိုက်ခိုက်ပဲ ကိုယ်ခံပညာကို အသုံးပြုကာ တိုက်ခိုက် ည်။



www.burmeseclassic.com

ကံရာဇာသည် ကျွမ်းကျင်သော သိုင်းပညာရှင်လည်း ဖြ
၍ မျက်စိတစ်မှိတ် လျှပ်တပြက်အတွင်းမှာပင် လက်သီး
တံတောင် ၊ ခြေတိုက်ကွက် များသည် စကြာရဟတ်ပမာ လ
သွားခဲ့ကြသည်။

"ခွပ်"

"ဖုန်း"

"အင့်"

"အား"

အပွဲပွဲနွှဲလာခဲ့သည်မှာ ကြာပြီ။ မိမိကိုယ်ကို ယုံကြည်စိ
အပြည့်ထားသည်။ ဒုစရိုက်သမားများကို ဖမ်းရာ၌ အဖော်မ
တစ်ယောက်တည်းနှင့်ပြီးသည်။ ယခုလည်း . . .





www.burmeseclassic.com



## အခန်း (၂၁)

ယခုလည်း ထိုသူများသည် သစ်တောဥပဒေကို ချိုးဖောက်သူများ ၊ တောရိုင်းတိရစ္ဆာန်များကို ညှဉ်းပန်းနှိပ်စက်ပြီး သတ်ဖြတ်ကြသူများနှင့် ပက်ပင်းတိုးမိရလေပြီ။

ဆရာတပည့်လေးဦးစလုံး ကံရာဇာ၏လက်ချက်ဖြင့် အလဲလဲအပြိုပြို ဖြစ်သွားခဲ့ကြရသည်။

မြွေဟောက်ကြီးသည် လဲကျနေသူအားလုံးကို အမြီးရှည်ကြီးဖြင့် သိမ်းကျုံးပြီး ရိုက်ထည့်လိုက်သည်။

"ဘုန်း"

"အား. ."

မြွေဟောက်ကြီး၏ ခေါင်းပိုင်း (ကိုယ်အထက်ပိုင်း





သစ်ပင်တစ်ပင်ကို ရစ်ပတ်ထားပြီးမှ အမြီးပိုင်းဖြင့် အားယူကာလွှဲပြီး ပစ်ရိုက်လိုက်ခြင်းပင်ဖြစ်သည်။ အားလုံးကို သိမ်းကျုံးပြီး ရိုက်လိုက်သော်လည်း ဆရာဗေဒကို ပြင်းထန်စွာထိသဖြင့် ပါးစပ်ထဲမှ သွေးများပင်အံကျလာခဲ့ရသည်။

"တပည့်တို့ ပြေး . . ပြေးကြ. . မြွေကြီးက ငါတို့ကို သက်တုန့်ပြန်နိုင်ပြီ. . ငါလည်း ဘယ်လိုမှမတတ်နိုင်တော့ဘူး"

မြွေဆရာဗေဒမှာ ရင်ဘတ်ကို လက်ဖြင့် ဖိပြီးတော့ ပြောသည်။မန္တာန်လည်းမရွတ်နိုင်ကြတော့။ ဆရာပြောတော့ တပည့်တွေလည်း ပြေးကုန်ကြသည်။ မြွေဟောက်ကြီးသည် ဒေါသကြီးစွာဖြင့် ပါးစပ်ထဲမှရော ၊ နှာခေါင်းထဲကပါ အဆိပ်ငွေ့များကို ထုတ်ထုတ်ပစ်လိုက်သည်။

"ရှီး . . ရှီး"

"အား"

အဆိပ်ငွေ့ အမိခံရသူများသည် မျက်နှာကိုလက်ဝါးဖြင့် အုပ်ပြီးပြေးကြသည်။ ပြေးမိပြေးရာ ပြေးကြသည်။ ထိုနေရာ တွင် ကံရာဇာနှင့် မြွေဟောက်ကြီးသာ ကျန်ရစ်ခဲ့သည်။

သစ်ပင်ကို ရစ်ပတ်ထားသော မြွေဟောက်ကြီးသည် ကံရာဇာကို သေးငယ်သော မျက်လုံးများဖြင့် ငြိမ်သက်စွာ ကြည့်နေသည်။ခေါင်းကိုလည်း တဆတ်ဆတ်ဖြင့် ညိတ်နေသည်။ ထို့နောက် ပင်စည်ကို ပတ်ထားသည့် ကိုယ်လုံးကို လျှော့ကာ မြေပေါ်ကိုဆင်းသက်လာသည်။ ကံရာဇာ၏ အနားကို ဖြည်းဖြည်း

www.burmeseclassic.com



ဖြည်းတိုးကပ်လာလေသည်။

တစ်ပေလောက် အကွာအဝေးမှာ ရပ်တံ့လိုက်ပြီးနောက် ငြိမ်သက်စွာ ရှိနေသည်။ ကံရာဇာသည် မြွေဟောက်ကြီးကို မ ကြောက်မရွံ့ ကြည့်နေမိသည်။ စိတ်ထဲက အလိုလိုပင် ရင်းနှီး ကျွမ်းဝင်ခဲ့ဖူးသလို ခံစားနေရသည်။

"ခင်ဗျားကို ဒုက္ခပေးကြတဲ့သူတွေ မရှိကြတော့ပါဘူး . . စိတ်အေးချမ်းသာစွာနဲ့ နေပါတော့. . ကိုယ်လိုရာခရီးကိုသာ ဖြောင့်ဖြောင့်သွားပါ. . မသမာသူတွေကို သတိထားပြီး ရှောင် ရှားပါ. . "

ကံရာဇာက လူတစ်ယောက်ကို ပြောနေသလိုလို မိတ် ဆွေတစ်ယောက်ကို ပြောနေသလိုလို သတိပေးနေသည်။ မြွေ ဟောက်ကြီးသည် စူးလက်သောမျက်လုံးများဖြင့် ကံရာဇာ မလှုပ်မယှက်ကြည့်နေပြီးမှ ချာကနဲလှည့်ကာ ထွက်သွားခဲ့လေ သည်။

"ဝေါ. . ဝေါ. . ဝေါ. . "

တခဏအကြာတွင် တဝေါဝေါဖြင့် အသံများကိုကြားလိုက် ရသည်။ မြွေဟောက်ကြီး လျင်မြန်စွာထွက်ပြေးသွားရာလမ်း ပေါ်မှာ ထိုအသံများက ထွက်ပေါ်စမြဲ၊ တဝေါဝေါနှင့် အသံများ က တဖြည်းဖြည်းနှင့် ဝေးသွားခဲ့လေသည်။

× × × × × × × ×

ဤတောသည် ဆင်ဂူတောကြီးပင်ဖြစ်သည်။ သို့သော်



ကံရာဇာသည် ဤနေရာကို ယခုမှ ရောက်ဖူးခဲ့သည်။ မြွေဟောက်ကြီးနှင့် ပတ်သက်၍ ရောက်ဖူးခဲ့သော်လည်း သူ့ အတွက် နေရာသစ်တစ်ခုဖြစ်နေသည်။

"တောက ပဟေဠိ ဆန်တယ်. . မာယာများတယ်. . ချောက်က လမ်းပြသလိုလိုနဲ့ ငါ ဆိုက်ဆိုက်မြိုက်မြိုက်ရောက် လာခဲ့တာပဲ. .

မြွေဟောက်ကြီးကို ဟိုလူတွေဒုက္ခပေးမယ့်အချိန်နဲ့ ငါ ရောက်လာတာ အချိန်ကိုက်တိပဲ. . ဒါဟာ တိုက်ဆိုင်မှုပဲ လား. . မတော်တဆဖြစ်တာလား. .

ဟိုလူတွေလည်း ထွက်ပြေးသွားကုန်ကြပြီ. . မြွေဟောက် ကြီးက တိုက်ခိုက်လိုက်လို့ ဒဏ်ရာတွေလည်း ရသွားခဲ့ကြတယ် ထင်တို့ ကံတရားနဲ့ သူတို့ပဲလေ. . "

[မြွေဟောက်ကြီးကို တိုက်ခိုက်ခဲ့ကြသူများအနက် မြွေ ဆရာဦးဗေဒသည် သွေးအံပြီး သေဆုံးခဲ့သည်။ သူ၏တပည့် ...ယောက်အနက် တစ်ယောက်သည် ခန္ဓာကိုယ်အောက်ပိုင်း ...သွားပြီး သေသည်အထိ ပြန်မကောင်းတော့ပေ။ ကျန် နှစ် ...ယောက်ကတော့ မျက်မမြင်ဘဝဖြင့် သွေးပျက်ကာ ရူးသွားခဲ့ကြ သည်။ နောင်အခါ ထိုသတင်းကို ရွာအချို့မှ လူများ ကြား ကြရလေသည်။]

"ကွိ. . ကွိ. . ကွိ"

"ကူး . . ကူး. . ကူး"

www.burmeseclassic.com



သစ်ပင်ထက်မှ ထွက်ပေါ်လာသကြောင့် ကံရာဇာ ဆတ်ကနဲဆို မော့ကြည့်လိုက်သည်။ စောစောက မျောက်။ ကံရာဇာကိုကြည့်ပြီး တကူးကူး တကွိကွိဖြင့် လုပ်ပြနေသည်။ ထို့နောက် သစ်ကိုင်းတစ်ခုမှ တစ်ခုသို့ ခုန်ကူးသွားသည်။ တစ်နေရာသို့ ရောက်သောအခါ သစ်ကိုင်းထက်မှနေ၍ ကံရာဇာကို ကြည့်လိုက်ပြန်သည်။

"သည်မျောက် လုပ်ပြန်ပြီ . . စောစောကအတိုင်းပါလား . ."

အကြောင်းသိသွားပြီဖြစ်သော ကံရာဇာသည် မျောက်ကြီး၏နောက်က လိုက်သွားခဲ့လေသည်။

မျောက်ကြီးက သစ်ပင်ထက်မှ နေပြီး ကံရာဇာကို ကြည့်လိုက် ၊ သစ်ပင်တစ်ပင်ပြီးတစ်ပင် ကူးသွားလိုက်နှင့် ကံရာဇာကလည်း မျောက်ကြီးနောက်မှ တောက်လျှောက်လိုက်သွားသည်။ အတော်ကလေး သွားပြီးသောအခါ မျောက်ကြီးသည် သစ်ပင်မြင့်ကြီးတစ်ပင်ပေါ် သို့ တက်ပြေးသွားပြီး ပျောက်ကွယ်သွားခဲ့လေသည်။

"မျောက်ကြီး ငါ့ကို ထားခဲ့ပြီး ပျောက်သွားပြီ . . ဘာကြံရဦးမလဲ . ."

ကံရာဇာသည် ဘေးဘီပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။ ခပ်လှမ်းလှမ်းတွင် ကျောက်ဂူကြီးတစ်လုံး တွေ့လိုက်ရသည်။ ဂူ၏ ပတ်ဝန်းကျင်တွင် ပေသုံးဆယ်လောက်





အထိ မည်သည့်သစ်ပင်မှ မပေါက်ပဲ ပြောင်တလင်းကြီးဖြစ်နေသည်။ လှပသော ဂူတစ်လုံးဖြစ်သည်။

"ဂူတစ်လုံးပါလား . . တောရိုင်းတိရစ္ဆာန်တစ်ကောင်ကောင် နေတဲ့ ဂူများဖြစ်နေမလား . ."

ကံရာဇာသည် ဂူနားဆီကို သတိဖြင့်ချဉ်းကပ်သွားခဲ့သည်။ဂူထဲကို ကျောက်ခဲတုံးလေးများဖြင့် ပစ်ပေါက်ကြည့်သည်။ မည်သည့်သတ္တဝါမှ ထွက်မလာ ၊ တုန့်ပြန်မှုမရ။

"ဂူထဲမှာ တောရိုင်းသတ္တဝါမရှိတာတော့ ကျိန်းသေသွားပြီ ဒါလောက် သန့်ရှင်းတဲ့ဂူထဲမှာ ဘယ်လိုပုဂ္ဂိုလ်များနေထိုင်တာပါလိမ့် . ."

ဂူထဲကို အရဲစွန့်ပြီး ဝင်လိုက်သည်။ ရုတ်တရက် အေးမြသွားသော ခံစားမှုကိုရလိုက်သည်။ ဂူထဲမှာ အပြင်မှာထက်ပိုပြီးတော့ သပ်ယပ်သည်။မြေအိုး ၊ မြေခွက် ၊ သောက်ရေအိုးစသည့် လူ့အသုံးအဆောင်ပစ္စည်းများအပြင် ဝါးဖြင့်ပြုလုပ်ထားသော ကုတင်ကြီးတစ်လုံးကိုလည်း တွေ့လိုက်ရသည်။

"သည်ဂူထဲမှာ လူနေတာကိုး . . ကေန္တ-တရားကျင့်ကြံအားထုတ်တဲ့ သူတော်စင်တစ်ဦးဦးပဲ ထင်ပါရဲ့ . ."

ကံရာဇာ မှတ်ချက်ပေး၍မဆုံးမီမှာပင် မိမိ၏ကျောဘက်မှာ တစ်ယောက်ယောက်ရှိနေသည်ဟူသော အထင်ဖြင့် လှည့်ကြည့်လိုက်သည်။ တစ်ကိုယ်လုံး ပိတ်ဖြူစင်ကြယ်ဝတ်ထားသော အဖိုးအိုတစ်ဦး ၊ ပိတ်ဖြူခေါင်းပေါင်း ပေါင်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှည်လျားသော မုတ်ဆိတ်မွေးများက ဖြူဆွတ်နေကြသည်။ လည်ပင်းမှာလည်း ပုတီးကုံးကြီးတစ်ခုကို ဆွဲထားသည်။ တောင်ဝှေးကို မြေမှာထောက်ကာ ထောက်ကာဖြင့် ကံရာဇာဆီသို့ လျှောက်လာနေသည်။

"ပုဂ္ဂိုလ်လေးက သည်ကိုရောက်လာပြီကိုး . . မင်းကို ဘယ်သူက လမ်းပြခဲ့တာလဲ. ."

"မျောက်တစ်ကောင်က လမ်းပြခဲ့တာပါ အဘ"

"အေး. . မင်းကို သည်မျောက်ကလေး လမ်းပြခဲ့တာ နှစ်ခါ ရှိပြီမဟုတ်လား . . ပြီးတော့ မင်း သည်ဆင်ဂူတောကို ရောက်ဖို့အတွက် လှေသမားတစ်ဦးရဲ့အကူအညီကိုလည်း ရခဲ့သေးတယ်မဟုတ်လား. ."

"ဗျာ . . ဟုတ်ပါတယ်. . ဒါတွေအားလုံးကို အဘက သိနေတယ် ဟုတ်လား. ."

"သူ့အကြောင်းနဲ့သူပေါ့ကွယ်. . သတ္တဝါတစ်ဦးရဲ့ အသက်ကို ကယ်တင်ဖို့အတွက် ကံတရားက အထောက်အပံ့ပေးလိုက်တယ်လို့ပဲ သဘောထားပါ. . မင်းကလည်း တစ်ဖက်သားကို ကယ်တင်နိုင်တဲ့ အခြေအနေမျိုးရှိလို့ ခုလို သည်နေရာကို ရောက်လာခဲ့တာပဲလေ. ."

ရှင်းရှင်းလေး ပြောလိုက်သောစကားပင်။သို့သော် ကံရာဇာကတော့ မြင်သမျှ ကြားသမျှအားလုံးသည် ဆန်းကြယ်နေသည်။





"မင်းရဲ့ကိုယ်ထဲမှာ သတ္တဝါတွေကို သေစေတဲ့၊ ထိခိုက်နာကျင်အောင် ပြုလုပ်နိုင်စေတဲ့ လက်နက်ပါလာတယ် မဟုတ်လား. ."

"ပါပါတယ်. . ဒါပေမယ့် သည်လက်နက်ကို တာဝန်ဝတ္တရားအရ ကိုင်ရတာပါ. . ခုအချိန်အထိ သည်လက်နက်ကြောင့် သေသွားကြတဲ့ သူတွေဆိုတာ မရှိကြသေးပါဘူး . . ဒုစရိုက်သမား ၊ လူဆိုး ၊ သူခိုးဓားပြတွေကို ခြိမ်းခြောက်ရှုံ ကိုယ့်အတွက် အကာအကွယ်ထားရှုံလောက်ပါ. . သိပ်ပြီး ဆိုးသွမ်းတဲ့ သူတွေဆိုရင်တော့ ဒဏ်ရာရရုံလောက်ပဲ ပစ်ဖမ်းရပါတယ်. . သေစေလောက်အောင် ဘယ်တော့မှ အားမထုတ်ခဲ့ပါဘူး . ."

"အင်းပေါ့လေ. . ဒါကတော့ ပုဂ္ဂိုလ်လေးရဲ့ တာဝန်ဝတ္တရားပေကိုး . . သူ့ဆန်စား ရဲရပေတော့မှာပေါ့ . ."

အဖိုးအိုက ခေါင်းတညိတ်ညိတ်ဖြင့်ရှိနေသည်။ ကံရာဇာသည် အဖိုးအိုကိုကြည့်ရင်း မှတ်မိလာသည်။ ရှင်စောဝယ်ကို ခပ်လှမ်းလှမ်းက ခေါ်ခဲ့သော အဖိုးအိုပင်။

"မင်းက ငါ့မြေးနဲ့ပတ်သက်ပြီး ငါ့ကို မှတ်မိသွားပြီပေါ့ . . အေး . . မင်းဟာ ကံထူးလို့ တောထဲက စေတီတော်ကိုလည်း မြင်ရတယ်. . လူတွေ တွေ့နိုင်ခဲတဲ့ ဆင်ဂူကြီးကိုလည်း တွေ့ခဲ့ရတယ်. . တောထဲမှာလည်း အသက်အန္တရာယ်ဖြစ်စေလောက်တဲ့ အန္တရာယ်မျိုးလည်း မတွေ့ခဲ့ရဘူးလေ. ."



www.burmeseclassic.com

www.burmeseclassic.com



မိမိ တောထဲမှာ လမ်းမှားခဲ့စဉ်က ရှင်စောငယ်နဲ့ အမှတ်မထင်တွေ့ပြီး စေတီတော်ကို ပြန်တွေ့ခဲ့သည့်ဖြစ်ရပ်ကို ပြန်ပြီး သတိရလာခဲ့သည်။

"ကျွန်တော်သိချင်တာ တစ်ခုရှိပါတယ်. . သည်တောနက်ကြီးထဲမှာ အဘဲ့တို့မြေးအဖိုးက ဘယ်လိုအကြောင်းကြောင့် ရောက်နေကြတာလဲ . . အဘတို့ သည်မှာရှိနေကြတယ်ဆိုတာ ဘယ်သူမှလည်း မသိကြဘူး . . အဘတို့ကိုမြင်လည်း မမြင်ဖူးကြဘူး . . လူတွေကလည်း အဘတို့ရဲ့အကြောင်းကို ဘယ်သူမှ မပြောကြဘူးလေ. ."

"အင်း . . ပုဂ္ဂိုလ်လေးက ရာဇဝတ်ဘက်ဆိုင်ရာ အမှုထမ်းမို့လားမသိဘူး . . မေးခွန်းတွေက စေ့စပ်သေချာလှပါပေတယ်"

သူတော်စင်အဖိုးအိုက ကံရာဇာကို ပြုံးပြီးကြည့်ကာ ပြောလိုက်သည်။မိမိ၏ အလုပ်တာဝန်ဝတ္တရားကို သူက သိနေသည်ကိုက လူကဲခတ်ကောင်းနေပေလို့လား. . သို့မဟုတ် အမြင်အာရုံများရနေ၍လား. . ။

"ဒါကလည်း ပုဂ္ဂိုလ်လေးနဲ့ပတ်သက်ပြီး သိနိုင်တဲ့ အကြောင်းရှိလို့ သိတာပေါ့ကွယ်. . သိပ်ပြီး စဉ်းစားမနေပါနဲ့"

ကံရာဇာမှာ သူ့စိတ်ထဲက အတွေးကို သိနေသော သူတော်စင်ကြီးကို ကြည့်ပြီးမတွေးရဲသလောက် ဖြစ်သွားခဲ့ရလေ၏။

* * * * *





## အခန်း (၂၂)

"ကဲပါလေ. . ပုဂ္ဂိုလ်လေးလည်း ဆာလာရောပေါ့. . အဆာပြေကစ်ခုခု စားလိုက်ပါဦး"

အဖိုးအိုက ကံရာဇာကို ဂူထဲသို့ပြန်ခေါ်သွားသည်။ ဂူ၏ အတွင်းဘက်ကို အဖိုးအိုကဝင်သွားပြီး ဖီးကြမ်းငှက်ပျောသီး တစ်ဖီးကို ဆွဲယူလာသည်။ ကံရာဇာကို ပေးလိုက်လေသည်။

ကံရာဇာသည် ဟန်မဆောင်နိုင်တော့ပဲ သုံးလေးလုံး ဖြုတ် စားလိုက်သည်။ဗိုက်ထဲအစာရောက်သွား၍ အားအင်တွေက ပြန်ပြီးပြည့်ဖြိုးလာခဲ့ရသည်။

"ဟောဟို. . ဂူထောင့်မှာ သောက်ရေအိုးရှိတယ်ကွယ့်"

ဂူထောင့်တစ်နေရာမှာ သောက်ရေအိုးတစ်လုံးကို တွေ့လိုက်ရသည်။ ထိုနေရာသို့သွားပြီး တစ်ခွက်ခပ်သောက်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲအေးဆင်းသွားပြီး ဝါင်းထဲမှာလည်း ကြင်လင်သွားခဲ့လေသည်။

သူတော်စင်အဖိုးအို တစ်ဦးတည်းကိုသာ တွေ့ရပြီး ရှင်စောငယ်ကို မတွေ့ရသည့်အတွက် ဘယ်ဆီကိုများ သွားနေသလည်းဟု စဉ်းစားနေမိသည်။

"မြေးက သောက်ရေသွားခပ်တယ်ကွယ့် . . သူပဲ ငါ့ရဲ့ ဝေယျာဝစ္စတွေကို ဆောင်ရွက်ပေးနေရတာပေါ့ . ."

ကံရာဇာ ပြုံးမိသွားသည်။ သူက ရှင်စောငယ်၏ အကြောင်းကို တွေးမိလိုက်သည်နှင့် အဖိုးအိုက အဖြေပေးလိုက်သလိုဖြစ်သွားသည်။

"မင်းသိချင်တာကို ငါပြောပြမယ် . . ငါ့နာမည်က ဦးစိန္တာတဲ့ . . ငယ်စဉ်က မုဆိုးအလုပ်ကို လုပ်ခဲ့တယ် . . သားကောင်တွေကို ငါ့ရဲ့ရန်သူတွေလို သဘောထားပြီး တောထဲကိုဝင်နေစဉ် သတ်ဖြတ်နဲ့ အဲသည်အလုပ်မှာ ပျော်မွေ့နေခဲ့တယ်"

သည်အလုပ်ကို ငါ့ရဲ့မိဘတွေကလည်း သဘောမကျဘူး မုဆိုးအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုတာကို ငါ့ရဲ့ဇနီးလည်း မကြိုက်ဘူး . . ငါဟာ သည်အရပ်ကမဟုတ်ဘူး . . အထက်အရပ်က ရောက်လာတဲ့သူပဲဖြစ်တယ် . ."

"အဘဟာ အကြောင်းတစ်ခုခုကြောင့် မုဆိုးဘဝက ကျွတ်ခဲ့တာဆိုပါတော့"

"မှန်တယ် ပုဂ္ဂိုလ်လေး . . ဒါပေမယ့် အသက်လေးဆယ်





ကျော်မှ မုဆိုးဘဝက ကျွတ်လွတ်ခဲ့တာပါ . . ကျွတ်ခဲ့ပုံက သည်လိုပါ . . .

တစ်နေ့မှာ ငါဟာ ပြမြဝတ္တရားအတိုင်း သားကောင်တွေကို ဖမ်းဆီးသတ်ဖြတ်ဖို့ မနေနိုင်ပဲ တောထဲကို အမဲလိုက်ထွက်ခဲ့တယ် . . အဲသည်အချိန်မှာ သားကောင်တွေဟာ တောထဲမှာ ခါတိုင်းထက်ပိုပြီးတော့ ရှားပါးနေတယ် . ."

သူတော်စင်ကြီး ဦးစိန္တာ၏ အတိတ်ဘဝက ဇာတ်လမ်းကား . . .

× × × × × × × ×

ကိုစိန္တာသည်လေးနှင့်မြားကိုယူကာ ဝင်နေကြတောထဲကို ဝင်လာခဲ့သည်။သားကောင်ကိုရှာရင်း တဖြည်းဖြည်းနှင့်တောနက်ထဲကို ရောက်မှန်းမသိရောက်လာခဲ့သည်။

"သည်ကနေ့မှပဲ သားကောင်တွေကခါတိုင်းထက်ကို ပိုပြီးရှားနေပါလားကွ . . ဘယ်ရောက်ကုန်ကြပါလိမ့် . . ."

သားကောင်တစ်ကောင်တစ်လေကိုမှ ရှာမတွေ့၍ စိတ်တိုလာမိသည်။ဤသို့ဖြင့် မျက်စိကိုဖွင့်နားကိုစွင့်ပြီး ခရီးဆက်လာခဲ့ရာခပ်လှမ်းလှမ်းတွင် ဒရယ်တစ်ကောင်ကို ဘွားခနဲဆိုမြင်တွေ့လိုက်ရသည်။ကိုစိန္တာ၏ရင်ထဲ ထိတ်ကနဲဖြစ်ကာ ဝမ်းသာသွားခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပြီ . . ရှားရှားပါးပါးကောင် ပာန်ကျတာပဲ . . "

ကိုစိန္တာသည် လေးညို့မှာမြားကိုတင်ကာ ခြေသုံးလှမ်းတိုးပြီး မုဆိုးဒူးထောက်ထိုင်၍ သေသေချာချာချိန်သည် . . ထို့နောက် ညို့ကိုတအားဆွဲကာ မြားကိုလွှတ်လိုက်လေ၏။

". . ဝှစ် . . "

မြားသည်ဒရယ်၏လက်ပြင်နောက်ကို သေချာစွာသွားမှန်သည်။သို့သော် ဒရယ်သည်လဲကျမသွားပဲ ထွက်ပြေးသည်။

"တောက် . . ပြေးပြီ . . "

ကိုစိန္တာကလည်း မျက်ခြည်ပြတ်မခံပဲ နောက်မှတဟုန်ထိုးပြေးလိုက်သွားသည်။သွေးရှူးသွေးတန်းဖြင့် ခွန်အားကိုအကုန်သုံးကာ ထွက်ပြေးသွားသောဒရယ်သည် ကိုစိန္တာ၏မျက်စိအောက်မှာပင် ပျောက်ကွယ်သွားခဲ့လေ၏။

သေနိုင်လောက်သော မြားဒဏ်ရာဖြစ်၍ တစ်နေရာရာတွင် ဒရယ်သည် မုချလဲနေလောက်ပြီ မတွေ့တွေ့အောင်ရှာမည်ဟူသောဇောဖြင့် သဲကြီးမဲကြီးလိုက်ခဲ့လေရာ မကြာမီ ချုံကွယ်တစ်ခု၏နောက်မှာ လဲကျနေသော ဒရယ်ကိုမြင်တွေ့လိုက်ရသည်။

"တွေ့ပြီ . . သင်းမပြေးနိုင်တော့ဘူး . . "

ကိုစိန္တာသည် ဒရယ်မသေသေးလျှင် အပြတ်ရှင်းရန်ဓါးကိုကိုင်ပြီး ခြုံကွယ်နောက်ဆီသို့ပြေးအသွား . .

"ဟင် . . . "

ကိုစိန္တာတစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားသွားခဲ့ရသည်





အထိ ခံစားလိုက်ရသည်။လက်ထဲမှာ ကိုင်ထားသောဓားသည်လည်း လွှတ်ကျသွားခဲ့လေတော့၏။သူတွေ့လိုက်ရသည်ကား ဒရယ်မသည်မသေသေး။မြေပြင်မှာတစ်စောင်းလဲကျလျက်ရှိသည်။သူ့ဘေးမှာ မွေးကင်းစဒရယ်သားငယ်လေးတစ်ကောင် ဒရယ်မသည် မြားဆိပ်တက်ကာ သေအံ့မူးမူးဖြစ်နေသည့်တိုင် ခေါင်းကိုအနိုင်နိုင်ထောင်ကာ မိမိ၏မွေးကင်းစသားငယ်ကို လျှာဖြင့်လျက်ပေးလျက်ရှိသည်။

"အံလိုလေးလေး . . ငါပစ်ခဲ့မိတာ ဗိုက်ကြီးနဲ့မွေးဖွားကာနီးဒရယ်မဖြစ်နေပါရောလား . . "

ကိုစိန္တာသည် ယူကျုံးမရသောအသံဖြင့် အထိတ်တလန့်အော်မိလိုက်လေသည်။ဒရယ်မသည် တခဏအတွင်းမှာပင်တ် ကျိုးကျကာ သေဆုံးသွားခဲ့လေ၏။

"ဟင် . . ဒရယ်မလေး သေသွားပြီ . . . "

ငြိမ်သက်သွားသော ဒရယ်မလေး၊ ယက်ကန်ယက်ကန်နှင့်ပ်ရှားနေသော မွေးကင်းစဒရယ်သားလေး၊ ဤနှစ်ကောင်၏န့်ကျင်ဘက်အဖြစ်ကိုကြည့်ပြီး သူ ချွေးသီးချွေးပေါက်များကျခဲ့ရသည်။အကြီးအကျယ်တုန်လှုပ်ချောက်ချားသွားခဲ့ကာယ်ပေါ်မှ လေးနှင့်မြားထည့်ထားသော မြားကျည်တောက်ကိုပြီး ထိုနေရာမှ သွေးရှူးသွေးတန်းနှင့် ပြေးထွက်ခဲ့လေတော့သည်။

ကိုစိန္တာသည် အိမ်ကိုပြန်ရောက်လာခဲ့သည့်တိုင် သေဆုံး



www.burmeseclassic.com

www.burmeseclassic.com



နေသောဒရယ်မနှင့် လှုပ်ရှားနေသည့် မွေးကင်းစဒရယ်သားငယ်လေးကို မြင်ယောင်နေဆဲ၊ မျက်လုံးထဲမှမထွက်။ ထိုအဖြစ်အပျက်သည်သူ့ကို ရက်ပေါင်းများစွာခြောက်လှန့်နေခဲ့သည်။ လောကငရဲကို လက်ငင်းအကျခံရသည့်ပမာ စိတ်ခါတ်ချောက်ချားပြီးအလူးအလဲပင် ခံစားနေရသည်။ မိမိကိုယ်ကိုပင် ခွင့်မလွှတ်နိုင်ပဲ ရွံ့ရှာမုန်းတည်းနေခဲ့သည်။

"စိန္တာ. . စိန္တာ မင်းဟာလူမဆန်တဲ့ကောင်ပါလား. . ကိုယ့်ချင်းစာတရား မဲ့လွန်းလှချည်လား. . မင်းဟာငရဲကြီး ယက်ပြီး သွားမယ့်အကောင် သည်ဝဋ်ကြွေးတွေကိုမင်းဘဝနဲ့ ရင်းပြီး ပေးဆပ်ရဦးမယ်. . မင်းဘယ်တော့မှလူပြန်မဖြစ်တော့ ဘူး. . ."

ငရဲကို ခုမှတွေးပြီးကြောက်လာသည်။ သူပစ်ခတ်ဖမ်းဆီးခဲ့သည့် သားကောင်တွေ၊ သေဆုံးခဲ့ကြသည့်သားကောင်တွေ၊ မြားချက်မိပြီး မသေမရှင်ဖြစ်နေသည့် သနားစရာသတ္တဝါလေးတွေလို သူကိစ္စတုံးပေးခံရသည်များကို ပြန်ပြီးတော့မြင်တတ်လာခဲ့သည်။ အိပ်မက်ထဲမှာလည်း သားကောင်တို့၏သွေးသံရဲရဲ ခံစားနေကြသည်များကို မမြင်ချင်မှအဆုံး. .။

x x x x x x x x

အဲ့သည့်နောက်ပိုင်းမှာတော့ မုဆိုးအလုပ်ကိုစွန့်လွှတ်ပြီး





တရားဘဝနာတွေ ပွားများအားထုတ်ခဲ့တယ်။ ငါးပါးသီလကို မြဲမြံစွာ စောင့်ထိန်းခဲ့တယ်။ အရပ်တကာ နယ်တကာ ဂန္ဓာရီခရီးလှည့်လည်ပြီး သူတော်ကောင်းတွေရဲ့ကျင့်စဉ်ကိုပဲ ကျင့်ကြံအားထုတ်ခဲ့တယ်။

ဦးစိန္တာသည် သူ၏အဖြစ်အပျက်များကို ကံရာဇာအားပြန်ပြီးပြောပြခဲ့သည်။

"တစ်ကယ်တော့ ငါ့ဒီဘဝကကျွတ်လွတ်အောင် ဒရယ်မလေးက အသေခံပြီး ချွတ်ပေးခဲ့တာပဲကွယ်. . ."

"တချို့သူတော်ကောင်းအကျင့်တွေကို ကျင့်ကြံအားထုတ်နေကြတဲ့သူတွေဟာ အရင်ကအကျည်းတန်တဲ့ဘဝကို ပိုင်ဆိုင်ခဲ့ကြတယ်. . စင်းလုံးချော အပြစ်ကင်းစင်တဲ့သူတွေဟာ ရှားလှပါတယ်. . ဘဝမှာ ထင်သလိုဆိုးမိုက်ပေတေခဲ့ပြီးမှ အကျွတ်တရားတွေရ၊ နောင်တတွေရကြနဲ့ အဲ့သည့်တော့မှ လူဝတ်ကြောင်ကိုစွန့် သင်္ကန်းစည်းပြီး တောထဲတောင်ထဲမှာ ကျင့်ကြံအားထုတ်တွေလုပ်ကြနဲ့ သံသရာကြွေးမတင်စေဖို့ ကောင်းမှုကုသိုလ်တွေပြုလုပ်နေကြတာတွေ အများကြီးပါ. . တစ်ချို့လည်း ကိုယ့်အပြစ်တွေကိုဆေးကြောပြီး ပေါက်မြောက်အောင်မြင်သွားခဲ့သူမှတွေသည်းအများကြီးပါ. . ."

"သြော်. . အဘလည်း သည်လိုအဖြစ်အပျက်မျိုးတွေနဲ့ ရင်နှီးပြီးမှ ခုလိုဘဝမျိုးကို ရောက်ခဲ့တာကိုး. . ဒါနဲ့ ရှင်စော်ငယ် အဘရဲ့မြေးအရင်းလား. . ."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွယ်. . ငါ ဂန္ဓာရီခရီးလှည့်စဉ်က နယ်တစ်နယ်မှာ သူ့ကို ခိုကိုးရာမဲ့တဲ့ဘဝမျိုးနဲ့တွေ့ပြီး ခေါ်လာခဲ့ရတာပါ ခလေးမလေးရဲ့မိဘတွေကို သူပုန်တွေက သတ်သွားကြတယ်ကွယ်. ."

"သြော်. . ဖြစ်မှဖြစ်ရလေ အဘရယ်. ."

"မြေးမလေးက လိမ္မာပါတယ်. . ငါ့ကို သူ့ရဲ့ကျေးဇူးရှင်ဆိုပြီး အရွယ်နဲ့မလိုက်အောင် သိတတ်ရှာတယ်. . ဒါပေမယ့် ငါနဲ့အတူ တောထဲတောင်ထဲကို လျှောက်ပြီးလိုက်နေရတာ ခမျာလည်းပင်ပန်းတယ်. . ငါလည်း တရားဘာဝနာရှာမှီးတဲ့ကိစ္စအတွက် အနှောင့်အယှက်ဖြစ်စေတယ်. . ဒါပေမယ့် ဘာတတ်နိုင်မှာလည်းကွယ်. . ."

ထိုစဉ် ရှင်စောယယ်သည် တောတွင်းတစ်နေရာမှထွက်လာခဲ့သည်။ထို့ကြောင့် စကားကို လက်စသတ်လိုက်ရသည်။ သူမသည် တောထဲမှ ဆေးမြစ်များ၊ သစ်သီး၊သစ်ဥများကို ရှာဖွေကာ ခြင်းလေးတစ်လုံးထဲမှာ ထည့်ယူလာခဲ့သည်။

ထူးဆန်းသည်က ရှင်စောယယ်နှင့်အတူ မျောက်တစ်ကောင်လည်း ပါလာခဲ့သည်။ထိုမျောက်သည် ကံရာဇာကို မြွေကြီးနှင့်ဆုံတွေ့စေရန် လမ်းပြခဲ့သူ၊အဖိုးအိုထံသို့ ခေါ်ဆောင်လာခဲ့သည့်မျောက်ပင်. .

ရှင်စောယယ်သည် ကံရာဇာကို အမှတ်မထင်တွေ့လိုက်ရသောအခါ အံ့အားသင့်သွားခဲ့ရသည်။





"ဟင်. . အစ်ကို. . သည်ကို ဘယ်လိုရောက်လာတာလဲ. ."

"ကံတရားရဲ့ စေစားချက်ကြောင့် ရောက်လာခဲ့ရတယ်လို့ပဲ မှတ်ယူလိုက်ပါတော့ညီမရယ်. ."

ရှင်စောယယ်၏မျက်ဝန်းတွေသည် ကံရာဇာနှင့်ဆုံတွေ့လိုက်ရသောအခါ ပိုပြီးတော့ ရွှန်းလက်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"ကဲ . . ကဲ . . ငါမြေးတို့စကားပြောရစ်ကြဦး . . အဘ ကိစ္စလေးလုပ်လိုက်ဦးမယ် . ."

သူတော်စင်အဖိုးအို ဦးစိန္တာသည် တရားရှုမှတ်ရန် ဂူထ သို့ဝင်သွားခဲ့လေသည်။

"အစ်ကိုနဲ့ အခုလိုမမျှော်လင့်ပဲ ပြန်ပြီးတွေ့ရတာ အငယ် သိပ်ပြီး ဝမ်းသာတာပဲ . . သည်ဆင်ဂူတောကြီးမှာ ဝက်ဘာတာ ခုကို တည်ဆောက်ထားသလိုပဲအစ်ကို . . လူတစ်ယော ရောက်လာဖို့ကလည်းမလွယ်ဘူး . . ရောက်လာပြီးရင်လဲ ပြ ထွက်ဖို့ဆိုတာ ခက်ပြန်ရော . . သွားနေလာနေကြတဲ့မဟုတ် တိရစ္ဆာန်တောင်မှ မျက်စိလည်နေတတ်တယ် အစ်ကိုသည် ရောက်လာတာ ဘယ်လိုပဲဖြစ်ဖြစ် အငယ်ကတော့ဝမ်းသာလို့





ဆုံးနိုင်ဘူး . ."

"အစ်ကိုကလည်း အငယ့်လိုပါပဲ . . အဘဦးစိန္တာကတော့ သူ့အကြောင်းနဲ့ အငယ့်အကြောင်းကို ပြောပြခဲ့ပြီးပါပြီ"

"ဟင် . . ဟုတ်လား . . ဒါဆို အစ်ကိုက အငယ်နဲ့ပတ် သက်ပြီး သိပြီးလောက်ပြီပေါ့နော် . ."

"တစ်စိတ်တစ်ပိုင်းလောက်ပဲ အဘပြောခဲ့တာပါကွယ် . . အစ်ကိုကတော့ အငယ့်ကိုစာနာစိတ်ထားမိတယ် . . ကိုယ်ချင်း စာမိတယ် . ."

"ဘာတတ်နိုင်မှာလည်း အစ်ကိုရယ် . . အငယ့်အတိတ်ကံ က မကောင်းခဲ့လို့ ခုလိုမိမဲ့ဖမဲ့နဲ့ ဖြစ်နေရတာပေါ့ . . ခုအချိန်မှာ အဘကိုပဲ မှီခိုအားထားနေရတယ်လေ . . အဘသွားလေရာကို လျှောက်လိုက်နေရတာပေါ့ . . ဟဲ့ပါလေ အစ်ကို့ကို စိတ်ညစ်စ ရာတွေ မပြောတော့ပါဘူး . . အစ်ကို သက်သာသလိုသာနေပါ နော် . ."

ရှင်စောငယ်သည် ကြိမ်ခြင်းလေးကိုကိုင်ကာ ဂူဘက်ဆီကို ပြေးထွက်သွားခဲ့သည်။

ကံရာဇာသည် သစ်ပင်ကြီးတစ်ပင်အောက်မှာ ထိုင်ချ လိုက်သည်။သူ့တာဝန်က အဆုံးမသတ်သေး။မိုက်ခဲသုံးယောက် ကို လက်ရဖမ်းနိုင်ဖို့ကရှိသေးသည်။စဉ်းစားတွေးတောနေစဉ်မှာ သူတော်စင်ကြီးဦးစိန္တာကရောက်လာ၍ နေရာမှထကာ အရိုအ သေပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပုဂ္ဂိုလ်လေး. . ကိုယ့်ရဲ့တာဝန်ဝတ္တရားကြောင့် ခေါင်းခဲမနေပါနဲ့. . သူ့ဆန္ဒစားရဲမှုဆိုတဲ့ စကားလိုပဲပေါ့. . မိမိရဲ့တာဝန်ကိုတော့ ကျေပွန်အောင်ထမ်းဆောင်ရမှာပေါ့. . ကိုယ်က မင်းမှုထမ်းပေကိုး. . ပြန်ချင်ရင် အဘလမ်းပြလိုက်မယ်. . ဒါပေမယ့် မိမိရဲ့ တာဝန်ကိုထမ်းဆောင်တဲ့အခါမှာ တစ်ပါးသူရဲ့အသက်ကို အန္တရာယ်ဖြစ်စေတဲ့အထိ စိတ်ကို မာန်ပါမလုပ်မိစေဘို့ ထပ်ပြီးသတိပေးလိုက်ပါရစေကွာ. .

"ဟုတ်ကဲ့. . ကျွန်တော် သည် . ကိုင်းပဲ လိုက်နာဆောင်ရွက်ပါ့မယ်. ."

ထိုစဉ် ရှင်စောငယ်သည် သူတို့အနားကို ရောက်လာခဲ့လေ၏။

"အစ်ကို ပြန်တော့မယ်မဟုတ်လား. ."

"ဟုတ်တယ်. . အငယ်. . ဆင်ဂူတောကြီးဟာ ဝက်ဘာဆန်လွန်းလို့ ကမ်းယောက်တည်းသွားရင် မျက်စိလည်မှာ. . . အဘကလမ်းပြပေးမယ်လို့ ပြောတယ်. . ကံမကုန်ကြသေးရင်တော့ ပြန်ဆုံကြသေးတာပေါ့. ."

". . ဟုတ်ကဲ့. ."

ရှင်စောငယ်က မျက်နှာလေးငုံ့ပြီး မပွင့်တစ်ပွင့်လေးသံလေးဖြင့် ဟုတ်ကဲ့လိုက်သည်။သူမ၏ နုနယ်သောအသည်းနှလုံးက သံယောဇဉ်စကားပြောနေပြီ ဖြစ်သည်။

ဦးစိန္တာက ရှေ့မှဦးဆောင်ပြီးထွက်သွားခဲ့လေရာ ကံရာဇာ





နှင့်ရှင်စောငယ်တို့သည်လည်း နောက်မှလိုက်သွားခဲ့ကြလေသည်။

× × × × × × × ×

တစ်တောလုံး၊ တစ်တောင်လုံးသည် အပ်ကျသံပင်ကြားနိုင်လောက်သည့် အခြေအနေ၊တိတ်ဆိတ်ငြိမ်သက်လွန်းလှသည်၊ အသံဗလံများဆိတ်သုဉ်းခြင်းကြောင့် ပိုပြီးခြောက်ခြားစရာကောင်းနေသည်။

ဆင်ဂူတောကြီးထဲမှာ တဝဲလည်လည်ဖြင့် ရှိနေကြသူ သုံးယောက်။

မိုးမှောင် ၊ ဖိုးကင်း နှင့် တေဇော။ တောခြောက်ခံရပြီး တပြေးတည်းပြေးလာခဲ့ကြရာ ဆင်ဂူတောကြီးထဲမှာပဲ တဝဲလည် လည်ဖြစ်နေသည်။

"ဖူး. . ကံရာဇာဆိုတဲ့ကောင်နဲ့ ပက်ပင်းတိုးမိကြပြီး တောခြောက်ခံရတာနဲ့ ကံကောင်းလို့ လွတ်မြောက်လာရတယ်. . ခု တောထဲမှာ မျက်စိလည်နေကြရပြီ. ."

ဖိုးကင်းက ညည်းညူလိုက်သည်။ သူ၏နားရွက်ဖျားလေးသည် သွေးစက်စက်ကျလျက်ရှိသည်။ ကျည်ဖူးက ထိနမ်းသွား၍ နားရွက်အောက်ပိုင်းလေး ပြတ်ထွက်သွားခဲ့သည်။

"တောက် . . ငါတော့ လူစဉ်မမီဖြစ်ပါပြီကွာ. . ဟို စုံထောက်လက်ချက်ကြောင့် ခံလိုက်ရတယ်. . သည်ကောင့်ကို ငါ



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်မကြေဘူးကွာ. . "

"ဟား. . ဟား. . ဟား မင်းရဲ့ အဆောင်ရုပ်တုလေးက မင်းကို ကျည်လွဲအောင် မတတ်နိုင်ကော့ဘူးလားကွ. . ဟန်ခိုးသတ္တိတွေ ဘယ်ရောက်သွားသလဲ ဖိုးကင်း"

မိုးမှောင်သည် ဟားတိုက်ရယ်မောလိုက်ပြီး ဖိုးကင်းကို သရော်လိုက်သည်။အဆောင်နှင့်ပတ်သက်ပြီး ကြွားလုံးကြီးသော ဖိုးကင်းလည်း ငြိမ်ကုတ်သွားခဲ့ရသည်။

တေဇော၏ ညာလက်ဖဝါးသည်လည်း ဒဏ်ရာရထားသည်။ကံရာဇာက တေဇော၏ လက်ကို သေနတ်နှင့်ပစ်လိုက်သောကြောင့်ပင်။ ကျည်က သေနတ်ကိုထိမှန်ပြီး လွတ်ကျသွားခဲ့သည်။လက်ဝါးကို ကျည်ကရှပ်ပြီးမှန်သွားသည်။ ဒဏ်ရာကို လက်ကိုင်ပုဝါနှင့်စည်းနှောင်ထားရသည်။

"ကံရာဇာဟာ ငါတို့ သုံးယောက်ကို အမိဖမ်းဖို့လိုက်နေတာကွ. . သည်လူ့လက်ကလွတ်ဖို့ လွယ်ပါ့မလားမသိဘူး"

"မိုးမှောင် . . ဘာမှမပူနဲ့. . . ဟောသည် ငါ့ရဲ့ အဆောင်လေးက ငါတို့လွတ်မြောက်အောင် အကူအညီပေးလိမ့်မယ်"

"တော်စမ်းပါ ဖိုးကင်းရာ. . ငါ ပြောလိုက်ရင် မကောင်းပဲရှိရော့မယ်. . "

တေဇောသည် ဖိုးကင်းကို ငေါက်လိုက်ရာ အစွမ်းမပြနိုင်သော အဆောင်ကြောင့် ဖိုးကင်းအမြီးကုပ်သွားခဲ့ရသည်။

တိတ်ဆိတ်လွန်းမကတိတ်ဆိတ်နေသော တော၏အခြေ





အနေကို သူတို့မသိကြ။ ဤတောကြီးထဲမှာ မြွေဟောက်ကြီးတစ်ကောင်ကရှိနေပြီဖြစ်သည်။

ထို့ကြောင့် တစ်တောလုံးရှိ သားကောင်များမှာ ငြိမ်သက်လျှက်ရှိကြသည်။ မိုက်ခဲ သုံးယောက်တို့သည် သူတို့ကိုယ်သူတို့ မလုံခြုံသလို ခံစားနေကြရသည်။ အန္တရာယ်တစ်ခုခု ရောက်လာလိမ့်မည်ဟုလည်း ထင်နေကြသည်။

"ငါတို့ တစ်နေရာတည်းမှာ နေလို့မဖြစ်ဘူး. . . နေရာရွှေ့ကြမှဖြစ်မယ်. . သည့်တောထဲမှာလည်း သိပ်မနေချင်တော့ဘူး. . ထွက်ပေါက်ကို မတွေ့တွေ့အောင်ရှာပြီး လွတ်မြောက်အောင် ကြိုးစားမှဖြစ်တော့မယ်. . "

"မိုးမှောင် . . ငါတို့လည်း မင်းလိုပဲ ခံစားနေရတာပဲ. . တစ်နေရာတည်းမှာ နေမယ့်အစား ဖြစ်နိုင်ရာဖြစ် တောထဲအနှံ့လျှောက်သွားနေတာကမှ ကောင်းဦးမယ်"

တေဇောကလည်း တောထဲမှာ မနေလိုတော့။ ဖိုးကင်းက ထိုင်နေရာကထရပ်လိုက်ပြီး . .

"ကဲ. . ဒါဖြင့်သွားကြမယ်. . ငါက သာပြီးတော့ မနေချင်သေးတယ်. . "

သူတို့သုံးယောက်တွင် သေနတ်နှစ်လက်သာရှိတော့သည်။တေဇော၏သေနတ်ကတော့ ကျကျန်ရစ်ခဲ့ပြီဖြစ်သည်။

× × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



ကံရာဇာသည် အဖိုးအို ညွှန်ပြလိုက်သည့်လမ်းအတိုင်း လျှောက်လာခဲ့သည်။ သူ၏နှလုံးသားထဲမှာ ရှင်စောငယ်က စွဲထင်ပြီး ပါလာခဲ့သည်။ ဘာကြောင့် သည်လိုဖြစ်နေမှန်းမသိပါ။ သနားစရာကောင်းသော သူမ၏ဘဝကို စာနာမိသည်။ စိတ်က လွန်ကဲခြင်းဖြစ်ခဲ့ပြီလား မပြောတတ်ပါ။ သူ သည်လိုခံစားမှုမျိုး တစ်ခါမှမဖြစ်ဖူးခဲ့။ ရှင်စောငယ်နှင့် ပြန်ဆုံနိုင်ပါ့မလားဟုပင် တွေးကာ ပူမိသေးသည်။

အတွေးနှင့် လျှောက်လာခဲ့စဉ် တော၏တိတ်ဆိတ်ပုံကို သတိထားမိခဲ့သည်။

"သည်လိုတိတ်ဆိတ်ပုံက ထူးခြားတယ်. . ငှက်သံ တောကောင်ငယ်လေးတွေရဲ့ အသံတွေလည်း မကြားရတော့ဘူး . ."

ထိုထူးခြားချက်သည် သံသယဖြစ်လာစေခဲ့သည်။ အကြောင်းမရှိပဲ ပိုပြီးတော့ သတိထားမိလာခဲ့သည်။

ထိုအချိန်တွင်မိုးမှောင်တို့ကလည်း တောထဲလမ်းစရှာရင်း ထွက်အလာ သူတို့က ကံရာဇာကို တွေ့သွားခဲ့ကြလေသည်။

"ဟာ. . ဟိုမှာဟေ့ . . ကံရာဇာ"

"ဟုတ်တယ်ကွ. . သည်ကောင်နဲ့ ဆုံကြရပြန်ပြီ. . ငါတို့ကို ဒုက္ခပေးတဲ့ကောင် မှတ်လောက်သားလောက်အောင် ဆုံးမ ပစ်လိုက်ဦးမယ်. ."

"ဖိုးကင်း မလုပ်နဲ့. . ငါတို့ ရှောင်သွားတာအကောင်းဆုံး



မင်း ဘာအရှုံးထတာလဲ. ."

တေဇောက ဖိုးကင်းကို သတိပေးလိုက်သော်လည်း . .

"သည်လူက ငါတို့ကို ထောင်ထဲပို့မလား . . စက်တိုင်ပဲ ပို့မလား . . ကောင်းကျိုးပေးမှာတော့ မဟုတ်ဘူး. . တစ်ချိန်ချိန်မှာ သူ့လက်ထဲကို တစ်နည်းမဟုတ်တစ်နည်း ရောက်ရမယ့် အတူတူ အခုကတည်းက အပြတ်ရှင်းပစ်လိုက်တာ ကောင်းတယ်ကွ. ."

"အေး . . မင်းပြောတာလည်း ဟုတ်နေသလိုလိုပဲ . . သဘောပဲကွာ. ."

မိုးမှောင်ကလည်း သဘောတူလိုက်ပြီး သစ်ပင်တွေတစ်ပင်ပြီးတစ်ပင် ခုန်ကူးသွားကာ ပြေးကပ်လိုက်ကြသည်။ မိုးမှောင်က ကံရာဇာ၏နောက်ကို ရောက်သွားသည်။ တြိဂံပုံ ထောင့်ချိုးများယူကာ ကံရာဇာကို ဝိုင်းထားလိုက်ကြသည်။

လက်နက်မဲ့နေသော တေဇောသည် သစ်ကိုင်းတုတ်တုတ်ကြီးတစ်ချောင်းကို ကောက်ဆွဲလာကာ ကံရာဇာ၏ကျောဘက်မှနေ၍ တရွေ့ရွေ့ တိုးကပ်လာခဲ့သည်။

ကံရာဇာနှင့် လက်တစ်ကမ်းလောက်ပဲ ကွာတော့သည်။

"ခွီး. . ခွီး. . ခွီး"

ရုတ်တရက် ထွက်ပေါ်လာသော မျောက်တစ်ကောင်၏ အသံကြောင့် ကံရာဇာ ဆတ်ကနဲဆို နောက်ကိုလှည့်ကြည့်မိလိုက်သည်။ တေဇောသည် သစ်ကိုင်းကို လက်နှစ်ဖက်ဖြင့် ကိုင်



www.burmeseclassic.com

www.burmeseclassic.com



မြှောက်ကာ ကံရာဇာကို နောက်မှရိုက်ချလိုက်သည်။

"သေပေတော့"

သစ်ကိုင်းသည်အရှိန်ဖြင့်အောက်ကို ကျလာခဲ့လေရာ. .

✱ ✱ ✱ ✱ ✱





## အခန်း (၂၄)

ကံရာဇာသည် သူ့ကိုတိုက်ခိုက်ပြီဟု သိလိုက်သည်။ ခေါင်းကိုငုံ့ပြီး ရှောင်လိုက်သည်။ရိုက်ချက်က ပခုံးထက်မှ ကျော်ကာလွဲသွားသည်။

ညာခြေတစ်ကွက် ဆုတ်လိုက်သည်နှင့် တေဇောနှင့် မျက်နှာချင်းဆိုင်ပြီးသား။ သစ်ကိုင်း ကိုင်ထားသော တေဇော၏ လက်မောင်းကို ဘယ်လက်ဖြင့် ပုတ်ထုတ်လိုက်သည်။ တေဇော၏ လက်ကောက်ဝတ်ကို ဘယ်လက်ဝါးစောင်းနှင့်ပင် တစ်ဆက်တည်း ခုတ်ချလိုက်သည်။

"ဒုတ်"

"အား"

သစ်ကိုင်း လွတ်ကျသွားသည်။ ကံရာဇာ၏ ညာဝိုက်



www.burmeseclassic.com

www.burmeseclassic.com



လက်သီးချက်သည် တေဇော၏ မေးရိုးဆီကို ခပ်ဆတ်ဆတ် လေးဝင်သွားခဲ့သည်။

"ခွပ်"

လက်သီးချက်က ပြင်းထန်လှသည်။ တေဇော၏ခေါင်း လန်ထွက်သွားကာ မြေပြင်ပေါ်ကို မှောက်ခုံလဲကျသွားခဲ့ရသည်။

"ခွီး . . ခွီး"

မျောက်အော်သံက ထွက်ပေါ်လာပြန်သဖြင့် နောက်ကို ဆတ်ခနဲဆို လှည့်အကြည့် . .

"ဒိုင်း"

သေနတ်သံတစ်ချက်က ထွက်ပေါ်လာသည်။ ကံရာဇာ က သစ်ပင်တစ်ပင်ဆီကို ခုန်ကူးသွားခဲ့ရသည်။ ကျိုင်းအောက်မှ သေနတ်ကိုလည်း ထုတ်မိပြီးသား။

သစ်ပင်ထက်မှ မျောက်သည် သစ်ကိုင်းတွေတစ်ကိုင်းပြီး တစ်ကိုင်း ခိုလွဲသွားကာ အခြားသစ်ပင်ကြီးတစ်ပင်ပေါ်ကို ရောက်သွားခဲ့သည်။

"ခွီး . . ခွီး"

မျောက်က သစ်ကိုင်းထက်မှ အောက်ကိုငုံ့ကြည့်ပြီး တခွီး ခွီးနှင့်အော်ပြသည်။ ကံရာဇာက ထိုသစ်ပင်ကြီးအောက်ကို လှည့် ကြည့်လိုက်ရာ ဖိုးကင်း၏မျက်နှာတစ်ဝက်ကို သစ်ပင်အကွယ်မှာ တွေ့လိုက်ရသည်။

ကံရာဇာက သေနတ်ဖြင့်လှမ်းပစ်လိုက်သည်။





"ဒိုင်း"

ဖိုးကင်းက ချိန်ရွယ်ပြီးရှိသေးသည်။ ကံရာဇာက လက်ဦးသွား သည်။ကံရာဇာပစ်လိုက်သည့် ကျည်ဆံက ဖိုးကင်း၏မျက်နှာ နှင့် တစ်လက်မအကွာမှ ဖြတ်ထွက်သွားသည်။ သီသီလေး ကပ်ပြီး ပွတ်ထွက်သွားသောကြောင့် ဖိုးကင်း မျက်လုံးပြူးသွားခဲ့ရသည်။

မျောက်သည် သစ်ပင်တစ်ပင်ပြီးတစ်ပင် ခုန်ကူးသွားခဲ့ပြန် သည်။ ကညင်ပင်ကြီးပေါ်သို့ ရောက်သွားသောအခါ တခွီးခွီးနှင့် အော်ပြီး ကံရာဇာကို အချက်ပေးလိုက်ပြန်သည်။

"ခွီး . . ခွီး"

သစ်ပင်အောက်မှာ မိုးမှောင်။ ကံရာဇာဆီကို သေနတ် ဖြင့် ပစ်ထည့်လိုက်သည်။ ကံရာဇာကလည်း ပြန်အပစ်နှင့် တစ် ပြိုင်တည်းလိုလို ဖြစ်သွားခဲ့ရသည်။

"ဒိုင်း"

"ဒိုင်း"

မိုးမှောင်ပစ်လိုက်သည့် ကျည်က လွဲသွားသည်။မိုးမှောင် ၏ခေါင်းထက်မှ ဉော်နံ့ကထွက်လာသည်။ကျည်ဆံက သူ့ ဆံပင်များကို ပွတ်တိုက်လောင်ကျွမ်းသွားစေခဲ့သည်။ ကံရာဇာ ၏လက်အမှန်းအဆကိုသိလိုက်ရပြီး မိုးမှောင်မျက်လုံးပြူးသွားခဲ့ သည်။

မျောက်သည် သည်နေရာအထိ လိုက်လာပြီး ကံရာဇာ ကို အကူအညီပေးလျှက်ရှိသည်။ သူတော်စင်ကြီးဦးစိန္တာ ရွှေကျွး



www.burmeseclassic.com

www.burmeseclassic.com



မိုးမှော်၊ ဖိုးကာင်း နှင့် တေဇောတို့သည် ဇောကပ်နေကြ၍ မျောက်ကို သတိမမူမိကြ။ သုံးယောက်စလုံး မြေပြင်မှာ လိမ့်သွားကြပြီး သစ်ပင်ကြီးတစ်ပင်အောက်မှာ ဆုံလိုက်ကြသည်။ မိုးမှော်က . .

"သည်လူဟာ ငါတို့ကို စိတ်ဓာတ်ချောက်ချားအောင် တမင်လုပ်နေတာကွ . . ဉာဏ်နီဉာဏ်နက်များတဲ့လူ . . ငါတို့ကို မမိ မိအောင်ဖမ်းတော့မယ် . ."

"သူ့အဖမ်းကိုတော့ မခံဘူး . . ငါတို့ကသုံးယောက် . . သူက တစ်ယောက်ပဲ . . ဘာကြောက်စရာရှိသလည်းကွ"

ဖိုးကင်းက အဆောင်လက်ဖွဲ့ ဘီလူးရုပ်လေးကို ကိုင်ပြီး ပြောလိုက်သည်။

"အစောင့် ဘီလူးမင်းကြီးခင်ဗျား . . ကံရာဇာကို အနိုင်ရရှိဖို့အတွက် ပါဝင်တိုက်ခိုက်ပေးပါခင်ဗျား . ."

"အရေးထဲကွာ . . မင်းကလည်း သည်အသက်မရှိတဲ့ အရုပ်ကိုမှ တိုင်တည်နေရသေးတယ်"

"ဟော့ကောင် တေဇော . . မင်းပါးစပ်ပိတ်ထားစမ်း . . ငါ့အဆောင်က နှယ်နှယ်ရရမဟုတ်ဘူးကွ . . ဂူမှာနံတစ်ထောင်ရဲ့ လိပ်ပြာကိုသွင်းပြီး ချုပ်ထားတာ . . မင်း မယုံဘူးလား"

"မယုံဘူးကွာ . . သည်ဘီလူးရုပ်က မင်းရဲ့နားရွက်ပြတ်





မသွားအောင်တောင် ကယ်တင်နိုင်တာမှမဟုတ်တာ . . အလကားအရုပ် . . မင်းဆွဲထားရတာတောင် လည်ပင်းလေးသေးတယ် . ."

"အေး . . မင်း သည်လိုကြွပ်ကြွပ်ပြော . . ငါ့အစောင့်က မင်းကို ဒဏ်ခတ်လိမ့်မယ် . . အစောင့်တော်ကြီးခင်ဗျား . . တေဇောပြောတာကို ငွေမယူပါနဲ့ . . မလိမ်မိုး မလိမ်မာမို့ပါ ခွင့်လွှတ်လိုက်ပါ . ."

"လာလာသေးတယ်ကွာ . . ဟိုလူက ငါ့ကိုဆော်ထည့်လိုက်တာ ငါ နှစ်ခါတောင် သတိလစ်သွားတယ် . . အဲသည်အချိန်မှာ မင်းရဲ့အဆောင်က မကူညီပဲ သည်အတိုင်းကြည့်နေသလား ဖိုးကင်း . ."

"မင်းကမှ မယုံပဲကွာ . . သူကလည်း မယုံတဲ့သူကို ဘယ်ကူညီပါ့မလဲ . ."

"ဟော့ကောင်တွေ တော်ကြတော့ . . သေရေးရှင်ရေး ဖြစ်နေတဲ့အချိန်မှာ အငြင်းအခုန်လုပ်မနေကြနဲ့ . . သည်လူ့ကို ငါတို့သုံးယောက် တစ်ပြိုင်တည်းဝင်တိုက်ကြမယ် . . ဒါမှဖြစ်မယ်"

မိုးမှော်သည် သေနတ်ဇလုတ်ထဲကို ကျည်တောင့်တွေ ဆပ်ဖြည့်ကာ ပြောလိုက်သည်။ ထိုအခါကျမှ တေဇောတို့သည် မိမိတို့၏အခြေအနေကို သဘောပေါက်သွားခဲ့ကြရသည်။

× × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



တစ်တောလုံးတစ်တောင်လုံး တိတ်ဆိတ်လျှက်ရှိသည်။ ကံရာဇာကို ချောင်းမြောင်းကာ သစ်ပင်အကွယ်များမှ တစ်ပင်ပြီးတစ်ပင် ခုန်ကူးလာခဲ့ကြသည်။

သူတို့၏လှုပ်ရှားသံများမှအပ ကံရာဇာ၏လှုပ်ရှားသံကို မကြားကြရ။ကံရာဇာ ပျောက်နေသည်။သူတို့၏ နောက်ကျောကိုပင်မလုံတော့။ တစ်နေရာရာကများ ဝင်လာခဲ့မလားဟူ၍ ဂဏှာမငြိမ်သော မျက်လုံးတွေဖြင့် ကြည့်နေကြရသည်။

သို့သော် ကံရာဇာကတော့ သူတို့ကိုမြင်နေရသည်။ သစ်ပင်ပေါ်ကနေ ကြည့်နေသည်။ မိုက်ခဲသုံးယောက်ကတော့ သစ်ပင်ပေါ်ကို မော့မကြည့်ကြ။ ကံရာဇာသည် အောက်မှာပဲ ရှိနေသည်ဟုပဲ ထင်နေကြသည်။မျောက်လည်း ထိုနေရာမှ ပျောက်သွားခဲ့လေပြီ။

"ဝေါ. . ဝေါ. . ဝေါ"

ထိုစဉ် အသံတစ်သံက ထူးခြားစွာဖြင့် ထွက်ပေါ်လာခဲ့သည်။ တစ်တောလုံး တုန်ခါသွားခဲ့သည်။ တိတ်ဆိတ်ခြင်းကို ဖြိုခွင်းကာ ထွက်ပေါ်လာသော အသံများပင်ဖြစ်သည်။

"ဝေါ. . ဝေါ. . ဝေါ"

မိုက်ခဲသုံးယောက်သည် ထူးခြားစွာထွက်ပေါ်လာသော အသံကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ရသည်။

"ဘာသံလည်းကွ"

"အေး. . ဘာသံလည်းမသိဘူး. . ဟိုတစ်ခါလို တော





ခြောက်ခံရဦးမယ်ထင်တယ်. . "

"အဲဒါတွေကို ငါ ရင်မဆိုင်ရဲဘူးကွာ"

တစ်ယောက်တစ်ပေါက်စီ ပြောလာခဲ့ကြသည်။ သူတို့ ချောက်ချားစပြုလာခဲ့ကြပြီ။

"ဝေါ. . ဝေါ. . ဝေါ"

အသံသည် ပိုပြီးတော့နီးကပ်လာသည်။လျှင်တောလဲသံလိုလို ၊ အရာဝတ္ထုတစ်ခုခု ရွေ့လျားလာသံမျိုးပဲဖြစ်သည်။မိုက်ခဲသုံးယောက်သည် တစ်နေရာတည်းမှာစုကာ ရပ်နေကြပြီး လက်ထဲမှ သေနတ်များကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားကြသည်။

တေဇောက ဓားမြှောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ ကံရာဇာသည် သစ်ပင်ထက်မှနေ၍ ထူးခြားသော အသံကို နားစွင့်နေသည်။

"ဝေါ . . ဝေါ"

ရုတ်တရက် သစ်ပင်များကြားမှ တရှိန်ထိုးထွက်လာသော မြွေဟောက်ကြီးတစ်ကောင်။အကောင်ကြီးက ကြီးမားသလို ရှည်သွယ်လိုက်သည်မှာလည်း ပြောဘွယ်ရာမရှိတော့။ခေါင်းပိုင်းကသည်း စဉ့်အိုးငယ်တစ်လုံးလောက် ကြီးမားနေသည်။

ခေါင်းထိပ်မှာ အမောက်ငုပ်လို အဖုကြီးတစ်ခုကလည်း ရှိသည်။ မြွေဟောက်ကြီးသည် ခန္ဓာကိုယ်က နီစပ်စပ်ရှိသည်။

မိုက်ခဲသုံးယောက်သည် မြွေဟောက်ကြီးကို မမျှော်လင့်ပဲ

www.burmeseclassic.com



မြင်လိုက်ရသောအခါ မျက်လုံးတွေ ပြူးကျယ်သွားခဲ့ရသည်။ သူတို့တစ်သက်တာမှာ ဤမျှလောက်ကြီးမားသည့် မြွေဟောက်ကြီးမျိုးကို တစ်ခါမှ မမြင်ဖူးခဲ့ပါ။ခေါင်းမှာ အမောက်နှင့် မြွေဟောက်ကြီးကို မျက်ဝါးထင်ထင်တွေ့လိုက်ရသောအခါ ခေါင်းနားပန်းတွေ ကြီးသွားခဲ့ရသည်။

"ဘုရား . . ဘုရား . . ကြောက်စရာမြွေပေါက်ကြီးပါလား . ."

[ခေါင်းမှာ အကြိတ်ဖုလိုလို၊ အမောက်လိုလိုပါသည့် မြွေမျိုးသည် အမတေ (အမြုတေ)ရှိသည်ဟုဆိုကြသည်။ အမြုတေရှိသည့် မြွေသည် မြွေဟောက်များမှာသာရှိသည်ဟု ဆိုကြပါသည်။ (စာရေးသူ)]

လေကဲ့သို့ လျင်မြန်သောအဟုန်ဖြင့် ပြေးဝင်လာသော မြွေ ဟောက်ကြီးကို သူတို့ရှောင်တိမ်းချိန်မရလိုက်ပါ။

မြွေဟောက်ကြီးသည် မြေပြင်နှင့်လွတ်ကာ လေထဲသို့ ခုန်ပျံတက်လာပြီး သုံးယောက်စလုံးကို သူ၏ခေါင်းကြီးနှင့်ရှေ ကိုယ်ထည်နှင့်ပါ တိုက်ချသွားသည်။

"အား"

"အား"

မိုက်ခဲသုံးဦးစလုံး လွင့်ထွက်သွားခဲ့ကြသည်။ မိုးမှောင် သည် မြေပြင်ပေါ်မှာ ဒလိမ့်ခေါက်ကွေးဖြစ်သွားခဲ့ရပြီး ဒူးလောက် လျှက်သားဖြစ်သွားသည်။ ထိုအခါ လက်ထဲမှာ မြဲမြဲစွာဆုပ်ကိုင်



ထားသော သေနတ်ဖြင့်မြွေဟောက်ကြီးကို ပစ်တော့မည်အပြု မြွေဟောက်ကြီးက သူ၏ရှည်လျားသော အမြီးကြီးဖြင့် တအား လွှဲကာရိုက်ထုတ်လိုက်သည်။

"ဖျန်း"

"အား"

မိုးမှောင် မြေပြင်မှ မြောက်တက်သွားပြီး ခပ်ဝေးဝေးကို လွင့်ထွက်သွားသည်။ပေဇောကလည်း သတ္တိမသေးလှ။ လက်ထဲမှ ဓားမြှောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်ပြီး . .

"ဟေ့ကောင်တွေ . . သည်မြွေကြီးဟာ နှယ်နှယ်ရရ မြွေကြီးမဟုတ်ဘူးကွ . . ခေါင်းမှာ အမောက်လိုလိုဟာကြီးနဲ့ ထူးခြားတယ် . . သည်လိုမြွေမျိုးဟာခေါင်းထဲမှာ အမြုတေထည့်ထားတတ်တယ်လို့ပြောတယ် . . သည်မြွေကြီးကိုသတ်ပြီး အမြုတေကိုယူရမယ် . . အဲဒါကိုရရင် ငါတို့ ချမ်းသာပြီကွ . ."

"ဟေ . . ဟုတ်လား . . မင်းက ဘယ်ဆိုးလို့လဲ . . ဒါတွေ သည်းသိထားသားပဲ . . သည်လိုဆိုရင် ငါတို့ သည်မြွေကြီးကို အပြတ်ရှင်းလိုက်ကြရအောင်"

ဖိုးကင်းသည် သေနတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်ပြီး မြွေကြီးဆီကို ပစ်မည်အပြုမှာ . .

* * * * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

ဖိုးကာင်းက သေနတ်နှင့် မြွေကြီး၏ဦးခေါင်းကို ချိန်ပြီး ပစ်ရန်ကြိုးစားလိုက်သည်နှင့် ကံရာဇာက သစ်ပင်ပေါ်မှနေ၍ ဖိုးကာင်း၏ သေနတ်ကိုင်လက်ကို ပစ်ချလိုက်သည်။

"ဒိုင်း"

"အား"

ဖိုးကာင်း၏ လက်ထဲမှသေနတ်သည် လွင့်ထွက်သွားခဲ့ရသည်။သို့သော် သူတို့သည် လောဘဇောတိုက်နေကြလေပြီ။ မိုက်ခဲသုံးယောက်တို့သည် ငါးမရလျှင် ရေချိုးပြန်ကြမည်ဆိုသည့် လူစားမျိုးဖြစ်ကြသည်။ ကြုံတောင့်ကြုံခဲ အခွင့်အရေးကို လက်လွှတ်မခံချင်ကြ။ မြွေဟောက်ကြီးကိုသာ အသေသတ်ရန် ဒေါသ ရက်စက်ရမ်းကားမှုတွေ ပွားလျက်ရှိကြလေပြီ။





ဖိုးကာင်းက လွင့်ထွက်သွားသော သေနတ်ကို မြေပြင်မှာ တစ်ပတ်လိမ့်သွားပြီး ကောက်ယူလိုက်သည်။

သုံးယောက်စလုံး မြွေကြီးကို တိုက်ခိုက်ရန်ပြင်ဆင်နေကြလေပြီ။ မြွေဟောက်ကြီးသည် ခပ်လှမ်းလှမ်းမှာ ပါးပျဉ်းကြီးကို ထောင်ကာနှာတရှူးရှူးဖြင့်မှုတ်နေသည်။ ဒေါသထွက်နေသည်။ သူ့ကို မိုက်ခဲသုံးယောက်တို့က အသေသတ်ကြတော့မည်ကို မသိသေး။တစ်ကယ်တော့မြွေဟောက်ကြီးသည် သူ့ကိုကယ်တင်ခဲ့သော ကံရာဇာကို လာရောက်၍အကာအကွယ်ပေးခြင်းပင် ဖြစ်သည်။

မြွေဟောက်ကြီး ဒုက္ခရောက်တော့မည့်အခြေအနေကို ကံရာဇာ သိသွားခဲ့သည်။ထို့ကြောင့် သစ်ပင်ထက်မှ တန်းလန်းကျနေသော နွယ်ကြိုးတစ်ချောင်းကို ခိုလွဲကာ မိုက်ခဲသုံးယောက်ဆီကို အရှိန်ဖြင့် ရောက်လာခဲ့သည်။

"ဘုံး . ."

"ဖြောင်း. ."

အနားကို ရောက်သည်နှင့် ခြေအစုံကိုမြှောက်ကာ သုံးယောက်စလုံးကို ကန်ထည့်လိုက်သည်။ကျောဘက်မှ မထင်မှတ်သော တိုက်ခိုက်မှုကြောင့် မိုက်ခဲသုံးယောက် မှောက်လျက်သားကျသွားခဲ့ကြသည်။မြေပြင်ထက်မှာ ဒလိမ့်ခေါက်ကွေး ဖြစ်သွားခဲ့ကြသည်။

ဖိုးကာင်းက မြွေဟောက်ကြီး၏ရှေ့ကို ရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လဲနေရာမှချက်ချင်းထရပ်လိုက်သည်နှင့် ပါးမှုဦးလာ ် ခနေသော မြွေဟောက်ကြီး၏ မျက်နှာနှင့် မျက်နှာချင်းဆိုင်မိလျက်သား ဖြစ်သွားသည်။

"အမမလေး"

ဖိုးကင်း လန့်ပြီးအော်လိုက်သည်။ ခေါင်းထွက်နေသော မြွေဟောက်ကြီးသည် တရှူးရှူးတရှဲရှဲဖြင့် ရှိုနေလေပြီ။ ဖိုးကင်းကို ပေါက်သတ်ရန်စက္ကန့်ပိုင်းမျှ အလိုမှာ . .

"မလုပ်နဲ့ . . . သူ့ကို မလုပ်နဲ့ . . ."

ကံရာဇာက အော်ပြီးပြောလိုက်သည်။ ဖိုးကင်းကို ပေါက်တော့မည့်ဆဲဆဲ မြွေဟောက်ကြီးမှာ တုံ့သွားခဲ့ရသည်။ဖိုးကင်းမှာ တစ်ကိုယ်လုံး နတ်ကျသလို တုန်ရီလျက်ရှိကာ ချွေးတွေကလည်း ရွဲနစ်သွားသည်။ သူ အကြောက်လွန်လျက်ရှိနေလေပြီ။

မြွေကြီးသည် ဖိုးကင်း၏မျက်လုံးတွေကို စူးစိုက်ပြီး ကြည့်လိုက်သည်။ဖိုးကင်းကလည်း ကြောက်ကြောက်နှင့်ပြန်ပြီးတော့ ကြည့်နေသည်။ ထိုစဉ် မြွေဟောက်ကြီး၏ ရှည်လျားသော အမြီးကြီးသည် လေထဲမှာ ဝှေ့ယမ်းပြီးတော့ ဖိုးကင်းဆီကို ရောက်လာခဲ့သည်။

"ဝှီး"

"ဘုန်း"

"အား"

ဖိုးကင်း မြေပြင်မှ မြောက်တက်သွားပြီး လွင့်ထွက်သွား



ခဲ့ပြန်သည်။ ဖိုးမှောင်နှင့် တေဇောက ကံရာဇာ၏နောက်သို့ ချက်ချင်း ရောက် လာခဲ့ကြသည်။ ကံရာဇာကို မိုးမှောင်က သေနတ်ဖြင့် ပစ်ရန်ချိန်ရွယ်လိုက်သည်နှင့် . .

"ဝှီး"

"ဒုန်း"

"အား"

အုန်းသီးတစ်လုံးက မိုးမှ ်င်၏ခေါင်းပေါ်ကို အမှတ်မထင်ကျလာခဲ့သည်။ဦးစိန္တာ၏ မျောက်ကြီးက အုန်းပင်ပေါ်မှ ပစ်ချလိုက်ခြင်းပင်။

တေဇောသည် ကံရာဇာကို ဓါးဖြင့်ပြေးထိုးသည်။ ကံရာဇာက ရှောင်လိုက်ရာ ပွတ်ကာသီကာ လွဲသွားခဲ့သည်။ ဓါး ကိုင်လက်ကို ဘယ်လက်ဖြင့် ပုတ်ထုတ်လိုက်ပြီး တေဇော၏ လက်ကောက်ဝတ်ကို ညာလက်ဖဝါးဖြင့် ခုတ်ချလိုက်သည်။

"ဒုတ်"

"အား"

တေဇော၏လက်ထဲမှ ဓားလွတ်ကျသွားခဲ့သည်။သို့သော် တေဇောသည် ကံရာဇာကို ခုန်အုပ်လိုက်သည်။ နှစ်ယောက်စလုံး လုံးထွေးသွားခဲ့ကြသည်။တေဇောသည် ကံရာဇာကို အလွတ်မပေးပဲ ဖက်တွယ်ထားသည်။နှစ်ယောက်စလုံး တောင်ကုန်းပေါ်မှ တလိမ့်တုံးတစ်တုံး လိမ့်ချလိုက်သလို လိမ့်ဆင်းသွားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်း၏အောက်မှာ ချောက်ကြီးတစ်ခုက ဆီးပြီး ခံနေသည်။ကံရာဇာသည် အန္တရာယ်ကိုသိလိုက်သည်။ချောက်ကြီးထဲကို နှစ်ယောက်စလုံးထိုးပြီးတော့ ကျကြတော့မည်၊ ဖိုးကင်းသည် သူတို့နှစ်ယောက်၏ အခြေအနေကိုသိလိုက်ရသောအခါ မျက်လုံးပြူးသွားခဲ့ရသည်။

ကံရာဇာသည် တေဇောကို တံတောင်ဖြင့်တွတ်လိုက်သည်။

"အင့်"

တေဇောနာကျင်သွားပြီး ကံရာဇာကို ဖက်တွယ်ထားရာက လက်နှစ်ဖက်စလုံးကို လွှတ်မိလိုက်သည်။ပူးကပ်နေကြသူ နှစ်ယောက်ကိုယ်ချင်းကွာသွားခဲ့ကြသည်။ သို့သော် တောင်ကုန်းပါက လိမ့်ကျလာကြသည်။ အရှိန်ကို နှစ်ယောက်စလုံး မထိန်းနိုင်ကြတော့။ နက်ရှိုင်းလှသော ချောက်ကြီးထဲကို အသီးသီး ထိုးကျသွားခဲ့ကြလေတော့သည်။

"အား"

တေဇောသည် ခြေလွတ်လက်လွတ် ဖြစ်သွားကာ နက်ရှိုင်းလှသောချောက်ကြီးထဲကို ထိုးကျသွားသည်။ စနေသားတေဇောတစ်ယောက် သူ၏ကံကြမ္မာကို ကောင်းကောင်းသိသွားခဲ့ရသည်။ခဲတစ်လုံး ပစ်ချလိုက်သလို ချောက်ထဲသို့ တန်းပြီးကျသွားခဲ့ရသစည်။သူ့နောက်မှ တန်းပြီးလိုက်သွားသူက ကံရာဇာ ချောက်နှုတ်ခမ်းဘေးမှာ ကပ်ပြီးကျသွားခဲ့သည်ဖြစ်၍ ကံရာဇာ



သည် သစ်ပင်အချို့ကို ပွတ်တိုက်ပြီး ကျသွားခဲ့သည်။ သည်တစ်ခါတော့ သွားပြီဟု သူနားလည်လိုက်သည်။

ချောက်ထဲမှ ပင့်ပြီးတိုက်ခတ်လာသောလေက သူ့ကို ဆီးကြိုနေသည်။

ထိုစဉ် . .

ရှည်ရှည်မျောမျော အရာကြီးတစ်ခုသည် လေထဲမှာ အခွေလိုက် လွင့်မျောလာပြီး ကံရာဇာဆီသို့ ရောက်လာခဲ့သည်။ ထိုအရာကြီးသည် ကံရာဇာကို ရစ်ပတ်လိုက်လေတော့၏။ ကံရာဇာသည် အောက်ကို တရှိန်ထိုးကျနေခဲ့ရာမှ ရုတ်တရက် ရပ်တံ့သွားခဲ့ရသည်။လေထဲမှာ တန်းလန်းကြီးဖြစ်သွားခဲ့ရသည်။

သူ့ကိုရစ်ပတ်ထားသည်ကား မြွေဟောက်ကြီး၏အမြီးဖျားပိုင်းပင်ဖြစ်သည်။ မြွေဟောက်ကြီး၏ခန္ဓာကိုယ်အထက်ပိုင်း(ခေါင်းပိုင်း)သည် ချောက်နံရံမှာပေါက်နေသည့် သစ်ပင်၏ ပင်စည်ကို ရစ်ပတ်ထားသည်။တစ်ကယ်တော့ မြွေဟောက်ကြီးက ကံရာဇာ၏အသက်ကို ကယ်တင်လိုက်ခြင်းပင်။ တေဇောကတော့ ကံဆိုးသွားခဲ့သည်။ ကံရာဇာ စိတ်မကောင်းဖြစ်သွားခဲ့ရသည်။

ကံရာဇာသည် မြွေဟောက်ကြီး၏ ကိုယ်လုံးကို ဖက်တွယ်ကာ ချောက်နံရံကို ခြေကန်၍ တဖြည်းဖြည်းတက်လာခဲ့သည်။ ကြာမီ ချောက်နှုတ်ခမ်းပေါ်ကို ရောက်သွားခဲ့လေသည်။ မောဟိုက်နွမ်းနယ်သွားသော ကံရာဇာသည် မြေပြင်မှာ ကျောခင်းကာ



www.burmeseclassic.com

www.burmeseclassic.com



ပက်လက်လှန်ချလိုက်သည်။ လက်တစ်ဖက်က အရာတစ်ခုကို စမ်းမိလိုက်သည်။ တေဇောနှင့်လုံးထွေးခဲ့စဉ်က သူ ကျခဲ့သည့် သေနတ်။ သူ ပါးစပ်ကိုဟကာ အမောဖြေနေမိသည်။

မကြာမီ သူ့ဘေးနားမှာ ချိုးချိုးချွတ်ချွတ်အသံများကို ကြားလိုက်ရသည်။လှည့်ကြည့်လိုက်ရာ မြွေဟောက်ကြီးက မလှမ်းမကမ်းမှာရောက်နေသည်။ကြီးမားသော ခေါင်းကြီးကိုထောင်ကာ သူ့ကိုကြည့်နေသည်။

"ကျေးဇူးပါပဲဗျာ. . ခင်ဗျားသာ မကယ်ရင် ကျွန်တော် တော့ လူ့လောကကြီးထဲက စွန့်ခွာသွားရလောက်ပြီ. . "

ကံရာဇာသည် မြွေဟောက်ကြီးကို ကျေးဇူးတင်သော အကြည့်ဖြင့်ကြည့်ပြီး ပြောလိုက်သည်။ မြွေဟောက်ကြီးကတော့ ကံရာဇာပြောသည့်စကားကို နားလည်သလို ငြိမ်ပြီးတော့နားထောင်နေသည်။

"လူတစ်ချို့ဟာ မကောင်းကြဘူး . . လောဘရမ္မက်တွေ လွှမ်းကဲနေကြတယ်. . သူတစ်ပါးရဲ့အသက်တစ်ချောင်းကိုလည်း တန်ဖိုးထားရမှန်း မသိကြဘူး . . ခင်ဗျား အဲသည်လူတွေနဲ့ မဆုံဆည်းမိအောင် သတိထားပါ. . ဝေးနိုင်သမျှ ဝေးအောင် နေပါ. . "

မြွေဟောက်ကြီးကို ရင်းနှီးစွာဖြင့် ပြောနေမိသည်။ မြွေဟောက်ကြီး၏ခေါင်းသည် ယိမ်းထိုးကာ လှုပ်ရှားနေသည်။ ကံရာဇာ၏စကားကို အသိအမှတ်ပြုနေသလိုပင်။ ထို့နောက်





နေရာမှ လှည့်ထွက်သွားခဲ့လေတော့သည်။

"ဝေါ. . ဝေါ. . ဝေါ"

မြွေဟောက်ကြီးထွက်သွားရာ လမ်းတစ်လျှောက်တွင် တဝေါဝေါနှင့် အသံများထွက်ပေါ်သွားခဲ့သည်။ ကံရာဇာသည် ချက်ချင်း ထရပ်လိုက်ကာ မိုးမှောင်နှင့် ဖိုးကင်းတို့ကို ရှာဖွေလိုက်သည်။မတွေ့ရတော့။ ကြောက်လန့်ပြီး ထွက်ပြေးသွားခဲ့ကြလေပြီ။

သူတို့နှင့် ဇာတ်လမ်းကမပြတ်သေး။ဆင်ဂူတောကြီးထဲမှာ ဘယ်နေရာမဟုတ် ၊ တစ်နေရာမှာတော့ ကပ်ပြီးဆုံဆည်းနိုင်သည်။

သစ်ပင်ပေါ်မှာတော့ မျောက်က ကံရာဇာကိုငုံ့ကြည့်နေသည်။သူ့ကို လမ်းပြရန် အသင့်ဖြစ်နေသည်ကို ကံရာဇာနား လည်လိုက်သည်။

"ကဲ. . အကျိုးဆောင်လေးရေ. . ငါ သွားရမယ့်လမ်းကို ညွှန်ပါဦးကွာ. . "


ကံရာဇာက ပြောလိုက်သည်နှင့် မျောက်က ရှေ့ကထွက်သွားရာ ကံရာဇာလည်း လိုက်သွားခဲ့လေသည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၂၆)

မိုးမှောင်နှင့် ဖိုးကင်းတို့သည် တေဇောချောက်ကြီးထဲသို့ ကျသွားသည်ကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ကြရသည်။ မိုက်ခဲသုံးယောက်ဟု နာမည်ကြီးနေကြသူတွေထဲမှ တစ်ယောက်ကတော့ ပွဲသွားခဲ့လေပြီ။

မြွေကြီး၏ မမျှော်လင့်သော တိုက်ခိုက်မှုကို အကြောက်ကြီးကြောက်သွားခဲ့ကြပြီး ထိုနေရာမှ ပြေးထွက်လာခဲ့ကြသည်။ မရပ်မနား ပြေးမိပြေးရာ တောက်လျှောက်ကြီးကို ပြေးလာခဲ့ကြသည်။ တော်တော်ကလေးကြာတော့မှ အမောပြေစေရန် ရပ်နားလိုက်ကြသည်။

သစ်ပင်ကြီးတစ်ပင်အောက်မှာ ခြေပစ်လက်ပစ်ကို ဖြစ်သွားခဲ့ကြသည်။အမောဆို့သွားကြသည်။ ဟောဟဲ ဆိုက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"တေဇောကတော့ အခြေအနေမလှရှာဘူးကွာ.. သေမှာပါပဲ.."

မိုးမှောင်က မောနေသံကြီးနှင့် ပက်လက်လှန်ကာ ပြောလိုက်သည်။

"စနေသားတော့ သူနဲ့ပတ်သက်တဲ့သူမှန်သမျှ ကံမကောင်းကြဘူးလို့ထင်နေတာ.. ခုတော့ သူကိုယ်တိုင်လည်း ကံ ဆိုးမိုးမှောင်ကျပြီး သွားရှာပြီပေါ့ကွာ.. သနားစရာပါပဲ မိုးမှောင် ရာ.."

"ဘာတတ်နိုင်မလည်း ဖိုးကင်းရာ.. သည်ကောင်က လည်းအယူကိုသည်းပါတယ်.. ဒါလောက်ကြီး အစွဲအလမ်းထားဘို့မကောင်းဘူး.. တိုက်ဆိုင်မှုတွေကို သူ့ကြောင့်ဖြစ်တာလို့ ထင်နေတယ်.."

"ဟိုလူလည်း သူနဲ့အတူ ချောက်ထဲပါသွားတယ်ကွ.. သည်တစ်ခါတော့ ကံရာဇာလည်း ကံမထနိုင်တော့ဘူး.. သူ သင်္ချိုင်းသူရှာသွားပြီ... ခုလောက်ဆို အရိုးတခြား ၊ အသားတခြားနဲ့ တောခွေးတွေရဲ့ပွဲတော်တည်ဖို့ ဖြစ်သွားခဲ့ပြီပေါ့ကွာ"

ဖိုးကင်းသည် ကံရာဇာပါ ချောက်ကြီးထဲကို ကျသွားသည့်အတွက် ဝမ်းသာနေမိသည်။ စနေသား တေဇောနှင့်ပတ်သက်မိ၍ ကံရာဇာတစ်ယောက် ခုလို ကံဆိုးမိုးမှောင်ကျသွားခဲ့လေသလားဟု ထင်မိလိုက်သည်။

"ဘာပဲဖြစ်ဖြစ်.. ငါတို့ကတော့ ကံရာဇာရဲ့ လက်ထဲ





လွတ်သွားကြပြီ မိုးမှောင်.. သူ ငါတို့ကို လိုက်မဖမ်းနိုင်တော့ဘူး.."

"ပြောလို့မရသေးဘူး ဖိုးကင်း.. သည်လူက ဖွဲ့ကောင်းတယ်.. ငါတို့နောက်က တစ္ဆေဘဝနဲ့ လိုက်ချင်လိုက်လာမှာ"

"ဖွဟဲ့.. လွဲပါစေ ဖယ်ပါစေ.. မဖြစ်နိုင်တာတွေ မပြောနဲ့ မိုးမှောင်.. ငါ ကျောချမ်းလိုက်တာကွာ.."

ဖိုးကင်းသည် ပက်လက်လှန်နေရာမှ ဝေါက်ကနဲထ ထိုင်လိုက်ပြီး ပတ်ဝန်းကျင်ကို ဟိုသည်လိုက်ပြီး ကြည့်လိုက်သည်။ သူက တစ္ဆေ ၊ သရဲကြောက်တတ်သူဖြစ်သည်။

"မင်းနှယ်ကွာ.. လည်ပင်းက အဆောင်လက်ဖွဲ့ကိုလည်း သတိရပါဦးကွာ.. သူ့ခမျာ အားနာစရာ.. မင်းရဲ့ဘိုးလူးရုပ်က ကံရာဇာကို မောင်းထုတ်ပစ်မှာပါကွ.. ဟဲ.. ဟဲ"

"တော်.. တော်တော့ မိုးမှောင်.. မင်း ဆက်မပြောနဲ့တော့.. ငါ နားမထောင်ချင်တော့ဘူး.. မင်းပါးစပ် ပိတ်ထားရင်ကောင်းမယ်"

ဖိုးကင်း ဒေါသထွက်လာမှန်းသိ၍ မိုးမှောင်လည်း ထပ်မပြောတော့။

"သည်တောထဲကို ငါတို့ရောက်လာတာ တော်တော့်ကို မကောင်းတာပဲကွာ.. ထူးထူးဆန်းဆန်းတွေပဲ ကြုံတွေ့နေရတယ်.. ချောက်ချားစရာလည်းကောင်းတယ်.. မြန်မြန်ထွက်နိုင်ရင် ကောင်းမယ် မိုးမှောင်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေကွာ . . ငါလည်း မင်းလိုပဲပေါ့ . . . ခုတော့ ထွက်ပေါက်ကိုမတွေ့ပဲ တောနက်ထဲမှာပဲ ထဝဲလည်လည်နဲ့ ဖြစ်နေတယ် ဖိုးကင်း . . တောနှစ်ခု ပေါင်းထားတော့ ပိုပြီးတော့ မျက်စိလည်တာပေါ့ကွာ . ."

ထိုစဉ် ရုတ်တရက်မိုးအုံ့လာသည်။တစ်တောလုံး မှောင်ရီသန်းသွား၏။ ဖိုးကင်းက . .

"မိုးရွာတော့မယ် ထင်တယ်ကွ . ."

"အေး . . ဟုတ်တယ် . . မိုးရွာတော့မယ့်လက္ခဏာပဲ . . ငါ နေလို့မရချင်တော့ဘူးကွာ . . မားပြတိုက်ချင်လာတယ် ဖိုးကင်း . ."

"မင်းရဲ့ ရောဂါကလည်း တစ်မျိုးပဲ . . မိုးမှောင်လာတာနဲ့ မားပြတိုက်ချင်လာရော . . သည်တောသည်တောင်ထဲမှာ သစ်ပင်တွေပဲရှိတယ် . . သူတို့ကိုပဲ သွားတိုက်ကွာ"

"သစ်ပင်တွေကို တိုက်လို့ရမလားကွ . . အဲသည်တော့"

မိုးမှောင်သည် ဆတ်ကနဲဆို ဖိုးကင်းကို သေနတ်နှင့်ချိန်လိုက်သည်။

"ဟေ့ကောင် မိုးမှောင် . . မင်း ဒါဘာလုပ်တာလည်းကွ"

ဖိုးကင်း အံ့အားသင့်သွားသည်။မိုးမှောင်၏ အပြုအမူကြောင့်လန့်သွားခဲ့ရသည်။

"ဖိုးကင်း မင်းသေနတ် ငါ့ပေးစမ်း"

"ဘာအရှုးထတာလည်းကွ မိုးမှောင်"





"မားပြတိုက်တာလေ . . တိုက်စရာလူမရှိတော့ မင်းကိုပဲတိုက်ရမှာပဲ . . ပေးကွာ မြန်မြန်"

"ကဲ . . ရော့ကွာ . . ဒါလောက်တောင်ဖြစ်လှတာ . ."

ဖိုးကင်း ဆောင့်ကြီးအောင့်ကြီးနှင့် မိုးမှောင်၏လက်ထဲကို သေနတ် ထဲ့လိုက်သည်။

"အေး . . သည်လို လိမ္မာမှပေါ့ကွ"

မိုးမှောင်က ဖိုးကင်း၏သေနတ်ကိုယူပြီး ခါးကြားထဲ ထိုးထည့်လိုက်သည်။ဖိုးကင်းက စိတ်ပျက်လက်ပျက်နှင့် ပက်လက်လှန်ချလိုက်ပြန်သည်။

ထိုစဉ် မိုးက ဆိုင်းမဆင့်ဗုံမဆင့် ရွာချလာသည်။

"ဟ . . ရွာလာပြီ . ."

သူတို့ နေရာမှချက်ချင်းထပြေးကြသည်။ သစ်ပင်ကြီးတစ်ပင်အောက်မှာ ဝင်ပြီးမိုးခိုကြသည်။ သစ်ရွက်တွေ၊ သစ်ကိုင်းတွေ ကြားထဲမှ မိုးရေတွေက ကျလာသည်။ ထို့ကြောင့် နေရာမှ ပြေးကြရပြန်သည်။

ပြေးရင်း ဝဲဘက်မှာ ကျောက်ဂူလေးတစ်လုံးကို တွေ့လိုက် ကြရသည်။

"ဖိုးကင်း . . ဟိုမှာ ဂူလေးတစ်လုံးကွ . . မိုးလုံလေလုံပဲ သည်ကို ပြေးကြမယ် . ."

နှစ်ယောက်စလုံး မြင်တွေ့လိုက်ရသော ဂူလေးဆီကို သွားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူထဲကို ရောက်သွားသောအခါကျမှ လေဒဏ်မိုးဒဏ်က လွတ်သွားကြပြီး သက်သာရာရသွားခဲ့ကြလေသည်။

"တော်သေးရဲ့ကွာ.. နို့မို့ဆိုရင် ငါတို့တစ်ကိုယ်လုံး ကြွက်စုတ်လေးတွေ ဖြစ်ကုန်ကြတော့မယ်.."

တောတွင်း အတွေ့အကြုံကမရှိ။ တောထဲမှာ မိုးကရွာသည့်အတွက် အနေရအထိုင်ရခက်နေကြသည်။ မိုးမှောင်နှင့် ဖိုးကင်းတို့သည် ဂူထဲမှနေ၍ အပြင်ကိုလှမ်းကြည့်နေကြသည်။ မိုးတိတ်မှ သူတို့အပြင်ကိုထွက်ကြရတော့မည်။

ထိုစဉ် နှစ်ယောက်စလုံး၏ မျက်လုံးအစုံသည် ပြူးကျယ်သွားခဲ့ကြရသည်။ အကြောင်းမှာ ကံရာဇာသည် တောတွင်းတစ်နေရာက ထွက်လာသောကြောင့်ပင်။

"ဟင်.. သည်လူ ချောက်ထဲကိုကျသွားတာတောင် မသေ ပါလား မိုးမှောင်"

"အေးကွာ.. ဘယ်လိုဖြစ်သလည်းတော့ မသိဘူး.. တော်တော့်ကို အသက်ပြင်းပုံရတယ်.. ကြည့်စမ်း ..ငါတို့ နောက်ကို လိုက်လာနိုင်တယ် ဖိုးကင်း"

"တေဇောကကော .. သူ့ အခြေအနေက ဘယ်လိုရှိသ လည်းမသိဘူး မိုးမှောင်"

"ငါကတော့ မထင်တော့ပါဘူးကွာ.. သေလောက်ပြ တယ်.. ငါ သည်လူ့ကို အံ့အားသင့်နေတာကွ.. ကံရာဇာ ဟုတ်ရဲ့လား ဖိုးကင်း"



"မယုံမရှိနဲ့ မိုးမှောင် .. သည်လူမှ သည်လူအစစ်.. သည်လူမသေပဲ လိုက်လာနိုင်တာ ငါတော့ ဘယ်လိုမှမစဉ်းစား တတ်တော့ဘူးကွာ.."

ကံရာဇာသည် တောထဲကထွက်လာသည်။ ကံရာဇာနှင့် အတူလိုက်ပါလာသော သစ်ပင်ထက်မှ မျောက်သည် မိုးရေတွေ စိုရွှဲနေကာ တကျူးကျူးဖြင့်အော်ပြီး အချက်ပေးလိုက်သည်။

"အု.. အု.. ကျူး.. ကျူး ..ကျူး"

ကံရာဇာက မျောက်ကိုလှည့်ကြည့်လိုက်သောအခါ မျောက်က တစ်နေရာကို ယက်ညှိုးထိုးပြနေသည်။

ကံရာဇာ၏ မျက်လုံးအစုံသည် ဂူတစ်လုံးကို လှမ်း၍မြင် လိုက်ရလေရာ ၊ မိုးခိုနေကြသော မိုးမှောင်နှင့် ဖိုးကင်းတို့ကို မြင်သွားခဲ့လေသည်။

"ဟိုနှစ်ယောက်က ဂူထဲမှာ မိုးခိုနေကြတာကိုး.."

"မိုးမှောင် သည်လူ ငါတို့ကိုမြင်သွားပုံရတယ်ကွ.. သည် နေရာက အမြန်ဆုံးလစ်ကြမှဖြစ်တော့မယ်.."

"အေးကွ.. မိုးကလည်း မတိတ်တော့ဘူးကွာ.. ခက် တာပဲ"

မိုးမှောင်၏ ခါးကြားထဲမှ သေနတ်ကို ဖိုးကင်းက ဆတ် ကနဲဆို ဆွဲယူလိုက်သည်။

"ဖိုးကင်း .. မင်း ဒါဘာလုပ်တာလဲ"

"ငါ့သေနတ် ငါပြန်ယူတာပေါ့ကွ.. ဘာဖြစ်လို့လဲ.."



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူ ငါတို့နောက် ဆက်ပြီးမလိုက်နိုင်အောင် ရှင်းပစ်ရမယ်"

ဖိုးကင်းသည် မိုးမှောင်ကို ဒေါသဖြင့် ပြန်ပြောလိုက်ပြီး ကံရာဇာဆီကို သေနတ်ဖြင့်လှမ်းချိန်လိုက်သည်။

"ဟေ့ကောင်. . သည်ကနေပစ်လို့ ထိနိုင်မတဲ့လားကွ . . မင်းတော်တော် ရူးတဲ့ကောင်ပဲ. . အသာနေစမ်းပါကွာ. . သည် လူငါတို့ကို မြင် မမြင် မသေချာသေးပါဘူး"

ဖိုးကင်းသည် မိုးမှောင်ပြောတာမှန်၍ သေနတ်ဖြင့် ချိန်ထားရာမှ လက်ကိုပြန်ချလိုက်သည်။

တစ်ကယ်တော့ ကံရာဇာက သူတို့နှစ်ယောက်ကို မြင်ပြီးသားဖြစ်သည်။ မိုးခိုနေသလိုလိုနှင့် မမြင်ချင်ယောင်ဆောင်ကာ အခြေအနေကို စောင့်ကြည့်နေခြင်းပင်။

သစ်ပင်ပေါ်မှ မျောက်သည် ကံရာဇာကို တကူးကူးဖြင့် အသံပြုကာ အချက်ပေးလိုက်သည်။ ကံရာဇာက မော့ကြည့်လိုက်သောအခါ မျောက်က ကံရာဇာကို ငုံ့ကြည့်ပြီး သစ်ပင်တွေ တစ်ပင်ပြီးတစ်ပင် ကူးသွားခဲ့လေသည်။ နှုတ်ဆက်ကာ ထွက်သွားခဲ့ခြင်းပင်ဖြစ်သည်။

ထိုအချိန်တွင် . .

မိုးမှောင်သည် ဂူအတွင်းဘက်ကို အမှတ်မထင် ကြည့်လိုက်မိသည်။ပေနှစ်ဆယ်သာသာလောက်တွင် ဂူပေါက်တစ်ခုကို တွေ့လိုက်ရသည်။

"ဖိုးကင်း. . ဂူထဲမှာ အပေါက်တစ်ခုကွ. . တွေ့လား"



"အေး. . ဟုတ်တယ်ကွ. . သွားကြည့်ကြရအောင်"

နှစ်ယောက်သား အပြေးသွားကြည့်ကြရာ အတွင်းဘက်ကိုပေါက်သော လှိုဏ်လမ်းကြောင်းကြီးတစ်ခုကို တွေ့လိုက်ကြရသည်။

"ဟာ. . ဂူလှိုဏ်လမ်းကြောင်းကြီးပါလား . . ငါတို့ သည်အထဲမှာဝင်ပြီး ပုန်းနေကြရင်ကောင်းမယ်. . ဟိုလူက ငါတို့ ချွတ်တရက် ပျောက်သွားလို့ ဂူအပြင်ကို ထွက်သွားတယ်လို့ ထင်မှာပဲ. ."

"အေး. . ဟုတ်တယ်. . သည်လူ ငါတို့ကို တစ်နေရာမှာ သွားရှာဖို့ ထွက်သွားမှ သည်ဂူထဲက ပြန်ထွက်ကြတာပေါ့ ဖိုးကင်း"

သတိထားကြပြီး လှိုဏ်လမ်းကြောင်းအတိုင်း ဝင်လာခဲ့ကြလေ၏။ လမ်းကြောင်းက တဖြောင့်တည်းမသွား။ ကွေ့ကောက်နေသည်။မြေလိမ် မြွေကောက်သဖွယ်ဖြစ်နေသည်။ တစ်ဆင့်ချိုး ၊ နှစ်ဆင့်ချိုးတွေရှိသည်။ အန္တရာယ်တစ်ခုခု ရှိ မရှိ အမြင်နိုင်၍ သတိထားပြီး ဝင်လာခဲ့ရသည်။ သူတို့ သတိမထားမိသည်မှာ မြေပြင်သည် အဖုအထစ်မရှိပဲ ချောမွတ်နေခြင်းပင် ဖြစ်သည်။ ဂူနံရံအောက်ပိုင်းသည်လည်း နှစ်ပေလောက်အထိ ချောမွတ်ပြောင်လက်နေခြင်းပင်ဖြစ်သည်။

ထို့အပြင် ဂူလှိုဏ်ထဲမှာ လုံလောက်သောအလင်းရောင် ထွက်ပေမယ့် လမ်းကိုကောင်းစွာမြင်ကာ သွားနေနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူနရံက အလင်းရောင်တစ်မျိုးထွက်နေသည်ဟု ထင်ရသည်။ သို့မဟုတ် အခြားတစ်နေရာကလာသော အလင်းရောင်လည်း ဖြစ်နိုင်သည်။ သုံးရက်လ၏ အလင်းရောင်ပမာရှိနေသည်။

× × × × × × × ×

ကံရာဇာသည် မိုးမှောင်နဲ့ ဖိုးကင်းတို့ ဂူထဲကိုဝင်သွားကြပြီး ပြန်ထွက်မလာကြသည်ကို သိသွားခဲ့ရသည်။

"သည်လူတွေ ဂူထဲမှာတစ်ခုခုတော့ တွေ့နေကြပြီ"

ထို့ကြောင့် ဂူဆီသို့ ပြေးလာခဲ့သည်။သေနတ်ကို ထုတ်ချိန်ပြီး ဂူထဲကို သတိနှင့်ဝင်လိုက်သည်။ ထင်သည့်အတိုင်းပင် နှစ်ယောက်စလုံးကို မမြင်ရတော့။

ကံရာဇာက မျက်စိလျှင်သည်။ဂူအတွင်းနံရံမှ အပေါက်တစ်ပေါက်ကို လှမ်းမြင်လိုက်သည်။ မိုးမှောင်နှင့် ဖိုးကင်း လျှောက်သွားသော အကြောင်းရင်းကိုသိလိုက်သည်။

သတိထားပြီး ဂူ၏အနောက်ပေါက်ထဲကို ဝင်လာခဲ့သည်။ ရှည်လျားသော ဂူလိုဏ်လမ်းကြောင်းကြီးကို စတင်ပြီး တွေ့လိုက်ရသည်။ကံရာဇာ လျှောက်လာခဲ့စဉ်မှာ ချောမွတ်နေသော မြေပြင်နေအထားကို သတိပြုမိလိုက်သည်။ ဆောင့်ကြောင့်ထိုင်ကာလေ့လာလိုက်သည်။

"မြေပြင်ရော. . ဂူအောက်ခြေနံရံတွေကပါ ပြောင်လတ်






ချောမွတ်နေကြတယ်. . သဘာဝအတိုင်းဖြစ်နေတာတော့မဟုတ်ဘူး. . ရှည်လျားတဲ့သတ္တဝါတစ်ကောင်က ပွတ်တိုက်ပြီး သွားလာနေကြနေရာပဲဖြစ်ရမယ်. . "

မည်သည့်သတ္တဝါဖြစ်သည်ကို ချက်ချင်းသိရှိသွားခဲ့သည့်အခါကံရာဇာ၏မျက်လုံးတွေသည် စူးလက်တောက်ပြောင်လာခဲ့လေ၏။

* * * * *

www.burmeseclassic.com





## အခန်း (၂၇)

ကံရာဇာသည် မိုးမှောင်နှင့် ဖိုးကင်းတို့ဂူလိုဏ်လမ်းကြောင်းအတိုင်းတောက်လျှောက်ဝင်သွားကြသည်ကို သိသဖြင့်နောက်မှမျက်ခြေမပြတ် လိုက်သွားခဲ့သည်။

လင်းလက်နေသော ဂူနံရံကိုအမှတ်မထင် လက်နှင့်ထောက်မိလိုက်စဉ်သေးငယ်သော ဖလ်စေ့လိုအရာလေးတခုကပြုတ်ကျသွားခဲ့သည်။

ထိုအရာကိုကောက်ယူပြီးကြည့်လိုက်သောအခါ စိန်ပွင့်လေးတစ်ခုဖြစ်နေသည်ကို တွေ့လိုက်ရသည်။

"ဟင်. . စိန်ပါလား"

နောက်ထပ်တွေ့လိုတွေငြား လိုက်ဖြိုးကြည့်ရာ မြေသားနံရံထဲမှာစိန်တုံးလေးတွေ တော်တော်များများမြုပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အရောင်တလှက်လက်ဖြင့် ထွက်နေကြသည်။

လက်ညှိုးဖြင့်ကော်ပြီး ခွာကြည့်ရာ သူ့လက်ထဲကိုစိန်တုံး လေးတွေ သုံးလေးလုံးမက ရောက်လာကြသည်။

"တော်တော်ထူးဆန်းတာပဲ. . စိန်တွေကသည်ဂူထဲမှာ လာပြီးစုနေကြတယ် . . စိန်ထွက်တဲ့ဂူကြီးပဲ . တန်ဖိုးရှိတဲ့ဂူကြီး တစ်ခုဖြစ်နေပြီး. ."

ထို့နောက်ကံရာဇာသည် မိုက်ခဲနှစ်ယောက်တို့ကို မျက် ခြည်ပြတ်သွားမည်စိုး၍ ဆက်လိုက်သွားခဲ့သည်။ ဂူနံရံတွင် စိန်ပွင့် လေးတွေ မြုပ်နေကြသည်။ သူမရှာဖွေအားတော့ပါ။

ထိုအချိန်တွင် မိုးမှောင်နှင့်ဖိုးကင်းတို့သည် တစ်ဖက်ထွက် ပေါက်ကို တွေ့လိုတွေ့ငြား တောက်လျှောက်သွားနေကြရာ ကြာမီ စူးလက်သော အလင်းရောင်တစ်ခုကို တွေ့လိုက်ရသည်

"ဟိုမှာထွက်ပေါက်ဖြစ်မှာပဲ. . မြန်မြန်လာမိုးမှောင် . .

အလင်းရောင်ပေါ်ထွက်လာရာဆီကို အပြေးတစ်ပိုင်း ထွက်သွားခဲ့ကြသည်။

သို့သော် ထိုနေရာသို့ ရောက်သွားသည်နှင့် လူတစ် ပင်မမြင့်သော ထွက်ပေါက် ကျဉ်းကျဉ်းလေးတစ်ခု ဖြစ်နေသည် ကိုတွေ့လိုက်ရသည်။ ဖြစ်လိုရာဖြစ်ဆိုပြီး ထိုအပေါက်မှ ထွက် သွားခဲ့ကြလေသည်။

"ဟာ. . ငါတို့တောကြီးထဲကို ရောက်နေတာကွ. . ကြ စမ်းပါဦး. . အပေါ်ကိုဘယ်လိုတက်လို့ရမှာလဲ. . ဖိုးကင်း





"ခုမှပိုဆိုးတော့တာကွ. . ငါတို့ဂူလမ်းကြောင်းအတိုင်း လျှောက်လာခဲ့ကြတာ လမ်းကတဖြည်းဖြည်းနိမ့်လာပါတယ်လို့ ထင်နေတာ. . ခုတော့မတ်စောက်နေတဲ့ ချောက်ကြီးထဲကို ငါတို ရောက်နေကြတာကိုး. ."

မတ်စောက်နေသော ချောက်ကြီးပေါ်ကို ဘယ်လိုမှတွယ် ပြီးမတက်နိုင်ကြ. . ချောက်နံရံသည် သစ်ပင်မရှိ ခြေကုပ်စရာ မရှိသော မြေမာကြီးတစ်ခုဖြစ်နေသည်။

|အမှန်တွင် ယင်းနေရာသည် ချောက်ကြီးသက်သက်မ ဟုတ်၊ တွင်းနက်ကြီးသာဖြစ်သည်။ ပိန်ချင်းရွာသား ကိုပိန်ချင်း သည် ဤတွင်းကြီးထဲကို ကျခဲ့ခြင်းဖြစ်သည်။|

မိုးမှောင်နှင့်ဖိုးကင်းတို့သည် တွင်းနက်ကြီးထဲမှ အပေါ်ကို တက်ရန်အမျိုးမျိုးကြိုးစားသော်လည်းမရ၍. .

"နောက်ကြောင်း ပြန်လှည့်ရတော့မယ်ကွာ . . ပြဿနာပါပဲ. . ဟိုလူက ငါတို့ကိုတစ်နေရာကနေ ချောင်းချင် ချောင်းနေမှာကွ. ."

"ဘာတတ်နိုင်မှာလည်း ဖိုးကင်းရာ. . လူလူချင်းပဲ. . လာ မယ့်ဘေးပြေးတွေ့ကြတာပေါ့. . ကဲ. . မိုးလည်းတိတ်သွားပြီ. . လိုဏ်ထဲပြန်ဝင်ရအောင်"

|မုဆိုးလန်ဘားသည် တွင်းနက်ကြီးထဲကျနေစဉ် ပတ်ချာနီး ကျင်အခြေနေကို လှည့်ပတ်ပြီးမကြည့်ခဲ့။ တွင်းနက်ကြီး၏ တစ် ခုနေရာတွင် ထွက်ပေါက်တစ်ခု ရှိနေသည်ကို သူမသိခဲ့။ သိခဲ့လျှင်



www.burmeseclassic.com

www.burmeseclassic.com



ထိုထွက်ပေါက်ကိုအသုံးချကာ ထွက်သွားပေလိမ့်မည်။ မြွေ ဟောက်ကြီးနှင့်လည်း ဆုံတွေ့နိုင်လိမ့်မည်မဟုတ်ချေ။ |

မိုးမှောင်နှင့်ဖိုးကင်းတို့သည် မိမိတို့လာရာလမ်းအတိုင်း ပြန်ဝင်ကြမည်အပြုမှာ. . .

"မိုးလည်းတိတ်သွားပြီကွာ. . အလောတကြီးနဲ့ပြန်ဝင် စရာမလိုတော့ပါဘူး ကိုယ့်လူတို့ရာ. . အေးအေးဆေးဆေး ပေါ့. ."

အမှတ်မထင်ထွက်ပေါ်လာသော အသံတစ်သံကြောင့် သူတို့ဆက်ကနဲဆို တုန်လှုပ်သွားခဲ့ကြရသည်။ ခါးကြားမှာထိုး ထားကြသောခြောက်လုံးပြူးများကို ဆွဲထုတ်မည်ပြုလိုက်ကြစဉ်.

"မင်းတို့နည်းနည်းလေးမှ မလှုပ်လိုက်ကြနဲ့. . သည်တစ်ခါ တော့ ငါမညှာနိုင်တော့ဘူး. . မင်းတို့ခုချိန်အထိအသက်ရှင်နေ တာ ငါညှာနေလို့သာမှတ်. . မင်းတို့တော်လို့မဟုတ်ဘူး. . ငါ့အ ကြောင်းလည်း မင်းတို့ကြားဖူးပြီးကြရောပေါ့. . သိလည်းသိပြီး ကြရောပေါ့. . မင်းတို့လို ဒုစရိုက်သမားတွေရဲ့အသက်ကို ငါ အ ချိန်မရွေးထုတ်ယူလို့ရတယ်. ငါမလုပ်ချင်လို့သာပေါက္ကွာ. ."

ကံရာဇာသည် သူတို့နှစ်ယောက်စလုံးကို သေနတ်နှင့်ချိန် ထားသည်။ စုံထောက်အင်စပက်တာ ကံရာဇာသည် ရာဇဝတ် ကျူးလွန်သူများကို တစ်ကိုယ်တော် လိုက်လံဖမ်းဆီးတတ်သည့် သတ္တိခဲတစ်ဦးဖြစ်ကြောင်း အားလုံးကသိရှိပြီးသားပင်။

သူတို့နှစ်ယောက်လည်း သိထားကြ၍ ကံရာဇာကိုနှိုး





တည်းက ရှိန်နေကြသည်။ သို့သော် မိုက်ခဲနှစ်ယောက်က ဉာဏ် နီဉာဏ်နက်များကြသည်။ သူတို့ကောက်ကျစ် ယုတ်မာတတ် ကြောင်းကိုလည်း ကံရာဇာက သပြီးသား။

"မင်းတို့အထဲကတစ်ယောက်ကတော့ ပြုတ်သွားပြီ. . ငါ့ ကြောင့်တော့မဟုတ်ဘူး. . သူ့အကုသိုလ်ကံနဲ့သူသွားတာ. . မင်းတို့နှစ်ယောက်လည်း ဓါးပြတိုက်၊ လူသတ်၊ နဲ့ ဒုစရိုက်မှုပေါင်း စုံ ကျူးလွန်ခဲ့ကြတာများပြီ. . အကုသိုလ်အလုပ်တွေဒါလောက် လုပ်ခဲ့ကြမှတော့ တစ်နေ့ကျရင် ကိုယ်လည်း အကုသိုလ် ပြန်ပြီး ဝင်ကြမှာပဲ. . တူညီသောအကျိုးကိုပေးကြမှာပဲ. ."

"သည်တော့ တေဇောလို အသေမဆိုးရအောင် မင်းတို့ စောစောစီးစီး အဖမ်းခံကြပါ"

"ခင်ဗျားက ကျုပ်တို့ကို တရားဟောနေတာလား. . ကျုပ်တို့က အလွယ်တကူ အဖမ်းခံတတ်ကြတဲ့ လူတွေမဟုတ် ဘူး"

"ဖိုးကင်း . . မင်းကြောက်ကန်ကန်မနေနဲ့. . လူ ဆိုးသူဆိုးဆိုတာ ဘယ်တော့မှသိက္ခာမရှိဘူး. . မရှိတဲ့သိက္ခာကို ဆယ်မနေနဲ့. . မင်းတို့အေးအေးဆေးဆေး အဖမ်းခံကြ ပါ. . ငါကအေးအေးဆေးဆေးပြောလို့မှ မနာခံကြ ဘူးဆိုရင်တော့ ငါ့အဆိုးမဆိုနဲ့ . . ငါမင်းတို့အတွက် နောက်ထပ်အချိန်မပေးနိုင် ဘူး. . ကဲ. . လက်တွေကိုမြှောက်ထားလိုက်ကြစမ်း. ."

ကံရာဇာ၏သေနတ်က သူတို့၏နဖူးတည့်တည့်ဆီကို ဝေ့



www.burmeseclassic.com

www.burmeseclassic.com



ဝဲနေကြသည်။ မိုက်ခဲနှစ်ဦးက သူတို့၏လက်တွေကို ခါးကြားမှ သေနတ်တွေဆီ ရွှေ့လျားဖို့ကြံစည်ကြသည်။

"မင်းတို့ ဉာဏ်မများကြနဲ့.. ပြောတဲ့အတိုင်းလုပ်ကြ နော်.. မနာခံရင်တော့ ကိုယ့်အလောင်း ကိုယ်ထမ်းပြီး ပြန်ကြ ရလိမ့်မယ်.. ငါပွဲမကြမ်းချင်ဘူး"

ကံရာဇာ၏လေသံက ခြဇာအပြည့်၊ သူတို့မလုပ်ရဲကြ တော့။ လှုပ်ရှားလျှင်လည်း နဖူးမှာ ကျည်ဆံပေါက်ကလေးတွေ နှင့်မလှမပဖြစ်သွားနိုင်သည်။ ထို့ကြောင့် လက်တွေကိုခေါင်းပေါ် သို့ တင်လိုက်ကြရသည်။

ကံရာဇာသည် ပစ္စတိုသေနတ်ကို ချိန်လျက်သားဖြင့် သူတို့ဆီကို လျှောက်သွားသည်။ နှစ်ယောက်စလုံး၏ကျောဘက် မှ ဝင်ကာ လက်တွေကို ခေါင်းပေါ်မှဆွဲယူလိုက်ပြီး သူတို့ခါးကြား မှ သေနတ်တွေကို ဆွဲယူလိုက်လေ၏။

"ဂျောက်"

"ဂျောက်"

ထို့နောက် လက်ထိပ်ခတ်ပစ်လိုက်လေ၏။

"ကဲ.. မင်းတို့ လာရာလမ်းအတိုင်းပြန်ဝင်.. ဉာဏ် ဉာဏ်နက်တွေ ထပ်ပြီးတော့ထုတ်မယ်လို့မကြံကြနဲ့.. ငါ အချိန် ကုန် မခံနိုင်ဘူး.."

မိုးမှောင်နှင့်ဖိုးကင်းတို့သည် တစ်ယောက်မျက်နှာ တစ် ယောက် ကြည့်လိုက်ကြပြီး ရှေ့မှလျှောက်သွားခဲ့ကြသည်။





လိုဏ်ထဲကို ပြန်ဝင်ကြသည်။ ကံရာဇာက နောက်မှသေနတ်ဖြင့် ချိန်ကာ လိုက်ပါသွားလေ၏။

ဂူလမ်းကြောင်းအတိုင်း တော်တော်လေးကိုလျှောက်လာခဲ့ ကြသောအခါ တစ်ဆစ်ချိုးကွေ့၊ နှစ်ဆစ်ချိုးကွေ့များဆီသို့ရောက် လာခဲ့ကြသည်။ လက်ထိပ်ကို နှစ်ယောက်တွဲပြီး ခတ်ထားခဲ့သည် ဖြစ်ရာ ကွေ့တစ်ခုနားသို့ရောက်ခါနီးတွင် မိုးမှောင်သည် ဖိုးကင်း ၏ လက်ဖဝါးကို လက်ညှိုးဖြင့်ကုတ်ကာ အချက်ပေးလိုက်လေ ၏။ ဖိုးကင်းလည်း သဘောပေါက်သွားခဲ့ရပြီး နှစ်ယောက်အတူ ထွက်ပြေးလေတော့၏။

"ဟင်.. သည်ကောင်တွေပြေးပြီ.."

ကံရာဇာလည်း နောက်မှတစ်ဟုန်ထိုး ပြေးလိုက် သွား ခဲ့လေတော့၏။မြွေလိမ်မြွေကောက် လမ်းကြောင်းဖြစ်နေ၍ ပြေး နေသူနှစ်ယောက်မှာ ကွေ့ကောက်ပြီးပြေးကြရသည်။ကံရာဇာ ကလည်း နောက်ကနေတန်းပြီးတော့ လိုက်သွားသည်။

ဂူလိုဏ်ထဲမှာ ပြေးလွှားနေကြသူတွေ၏ ခြေသံတွေက ထွက်ပေါ်လျက်ရှိသည်။

"မြန်မြန်ပြေးဖိုးကင်း... ငါတို့ဂူအပြင်ကို မြန်မြန်ရောက်မှ ဖြစ်မယ်"

"ပြေးနေတာပဲကွ.. ဟိုလူကလည်းနေရာမှာ ရပ်ကြည့်ပြီး ကျန်ခဲ့မှာ မဟုတ်ဘူး.. တောက်လျှောက် လိုက်လာမှာပဲ.."

တစ်ဆစ်ချိုးကွေ့တစ်ခုကို သူတို့နှစ်ယောက်ဖြတ်အကျော်



www.burmeseclassic.com

www.burmeseclassic.com



မှာ ကံရာဇာက သေနတ်ဖြင့် ပစ်ထည့်လိုက်သည်။

"ဒိုင်း. ."

ဂူနံရံသည် ဖွာထွက်သွားသည်။ သူတို့နှစ်ယောက်စလုံး ဇတ်တွေ့ပုသွားခဲ့ကြသည်။ ကံရာဇာက ခြောက်ပစ်ပစ်လိုက်ခြင်း သာ၊ ကံရာဇာသည် သူတို့နှစ်ယောက်မျက်ခြေပြတ်သွားမည်စိုး၍ တောက်လျှောက်နောက်က ပြေးလိုက်သွားခဲ့သည်။

မိုးမှောင်နှင့် ဖိုးကင်းကတော့ သူတို့လွတ်မြောက်ဖို့အတွက် အသားကုန် ကြိုးစားကြမည် ဖြစ်သည်။ ဆက်ပြီးပြေးလာခဲ့ကြရင်း ကွေ့တစ်ခုသို့အရောက်တွင် . . .

"ဖုန်း. ."

"အား. ."

"အား. ."

နှစ်ယောက်စလုံး၏ ကိုယ်ပေါ်ကိုပြင်းထန်သော ရိုက်ချက်တစ်ခုက ကျရောက်လာပြီး လွင့်ထွက်သွားခဲ့ကြလေ၏။ ဂူနံရံနှင့် ပစ်ရိုက်မိသွားကြပြီး မြေပြင်ပေါ်ကို ဘိုင်းကနဲကျသွားခဲ့ကြသည်။







www.burmeseclassic.com

www.burmeseclassic.com



## အခန်း( ၂၉ )

မိုးမှောင်နှင့်ဖိုးကင်းတို့သည် နာကျင်ထိခိုက်သွားခဲ့ကြ၍ တော်တော်နှင့်ပြန်မထနိုင်ကြ၊ သူတို့ကိုယ်သူတို့ ဘာဖြစ်လို့ဖြစ်သွားမှန်းပင် မသိလိုက်ကြချေ။

"..ဖြိုး.."

ရုတ်တရက်ထွက်ပေါ်လာသောအသံတစ်ခုက ဂူထဲမှာ အရိပ်သဏ္ဍာန်နှင့်အတူ ယိမ်းထိုးလှုပ်ရှားလျက်ရှိသည်။ဂူနံရံမှာ ထင်ဟပ်နေသော အရိပ်သည် ထောင့်ကွေ့ချိုးတစ်ခုမှ ထွက်လာခဲ့လေရာ...

"..ဟင်.."

ကြီးမားသောမြွေဟောက်ကြီးတစ်ကောင်ဖြစ်နေသည်၊ ခေါင်းမှာအမောက်လိုလို အဖုကြီးတစ်ခုပါသော နီစပ်စပ်မြွေ



ဟောက်ကြီးကို သူတို့မြင်တွေ့လိုက်ရလေသည်။

"..ရှူး..ရှူး.."

မြွေဟောက်ကြီးသည် ဒေါသထွက်နေကာ တရှူးရှူးဖြင့် နှာမှုတ်လျက်ရှိသည်။ပါးစပ်ကြီးကိုလည်းဖြဲကာ တစ်ရှိုးရှိုးဖြင့်မြည်လျက် ရှိသည်။အခိုးအငွေ့များသည် ပါးစပ်ထဲမှရော၊ နှာခေါင်းထဲကပါ ထွက်လျက်ရှိသည်။အဆိပ်ခိုး၊အဆိပ်ငွေ့များပဲ ဖြစ်သည်။

ထိုအဆိပ်ခိုးများသာမိခဲ့လျှင် မျက်လုံးတွေလည်း ကန်းသွားနိုင်သည်။သတိလည်းလစ်သွားနိုင်သည်။

မိုးမှောင်နှင့်ဖိုးကင်းတို့သည် ရှေ့ကိုဆက်ပြီးမတိုးရဲကြတော့။မြွေဟောက်ကြီးကို ထိတ်လန့်စွာဖြင့်သာ ကြည့်နေကြသည်။မြွေဟောက်ကြီးက ရှေ့ကိုတစ်ဖြည်းဖြည်းနှင့် တိုးလာခဲ့သည်။ရှည်လျား၍ကြီးမားတုတ်ခိုင်သော ကိုယ်ထည်ကြီးကို ရွှေ့လျားပြီးလာနေသည်။မြွေကိုယ်ထည်အရှည်တစ်ဝက်ကျော်ကျော်သည် ဂူလိုဏ်၏ထောင့်ချိုးကွေ့ နောက်ပိုင်းမှာရှိနေသေးသည်။ မမြင်ရသေးပါ။

သူတို့နှစ်ဦးသည် ဧရာမကြီးမားသော မြွေဟောက်ကြီးနှင့် ဆပ်မံပြီး ရင်ဆိုင်လိုက်ကြရခြင်းပင်ဖြစ်ကြသည်။

မြွေဟောက်ကြီးက တရှိုးရှိုး၊တရှူးရှူးဖြင့် နှာမှုတ်ကာ၊ အသံထွက်ကာ ရှေ့ကိုတိုးလာလေလေ သူတို့က နောက်ကိုဆုတ်လာလေလေ၊ ဇောချွေးများလည်း ကိုယ်ပေါ်မှာရွှဲနစ်လျက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ကိုဆုတ်လာခဲ့ကြရင်း အရာတစ်ခုနှင့် မမျှော်လင့်ပဲ တိုက်မိကြသည်။

"အား. ."

နှစ်ယောက်သားလန့်ပြီး ခုန်မိလိုက်ကြသည်။နောက်မှာရပ်နေသော ကံရာဇာကို ဝင်တိုက်မိကြခြင်းပဲဖြစ်သည်။ကံရာဇာသည် အခြေအနေအားလုံးကိုမြင်တွေ့နေရသည်။မြွေဟောက်ကြီးနှင့်နောက်တစ်ကျော့ ဆုံတွေ့ရလိမ့်ဦးမည်ဟု မထင်မှတ်မိခဲ့ပါ။

တစ်ကယ်တော့ ဤနေရာသည် မြွေဟောက်ကြီးခိုလှုံနေသည့် ဂူလှိုဏ်ကြီးပဲမဟုတ်ပါလား။ဤစိန်တုံးများရှိနေသည့်ဂူကြီးကို မြွေဟောက်ကြီးက ပိုင်ဆိုင်သည်ပဲမဟုတ်ပါလား။

ကံရာဇာသည် သူတို့နှစ်ယောက်၏ဇက်ပိုးကို လက်ဝါးဖြင့် တဖြောင်းဖြောင်း ရိုက်ထည့်လိုက်သည်။

"မင်းတို့ ရှေ့ဆက်တိုးသွားကြလေကွာ. . ဘာဖြစ်လို့နောက်ပြန်ဆုတ်နေကြရတာလဲ. . သွားကြလေ. . မြန်မြန်"

"ကျ. . ကျွန်တော်တို့ မပြေးတော့ပါဘူး ဆရာ. . မြွေဟောက်ကြီးက ကျွန်တော်တို့ကို ဒုက္ခပေးလိမ့်မယ်"

မိုးမှောင်နှင့် ဖိုးကင်းတို့သည် တစ်ကိုယ်လုံးနတ်ကျသလိုတုန်လှုပ်နေကြသည်။ ကြောက်လွန်း၍ စကားလည်းမပီကြတော့. ."

"မင်းတို့ ဆက်ပြေးကြလည်း ဒုက္ခထပ်ရောက်ကြဦးမှာပဲ





သည်တော့ မဟုတ်မဟပ်တွေ မကြိုးစားကြပါနဲ့တော့ကွာ. . အေးအေးဆေးဆေးသာ အမိခံလိုက်ကြပါ. . ငါကလည်း မင်းတို့ တမလွန်အထိဆက်ပြေးကြဦးတော့ လိုက်နေဦးမှာပဲ. ."

"ယုံပါပြီ ဆရာကံရာဇာရယ်"

"ကဲ. . ကဲ သည်နှစ်ယောက် နောက်ထပ်ပြေးဘို့မကြံစည်ဝံ့ကြတော့ပါဘူးတဲ့ . . ခုလို ကူညီတာကျေးဇူးတင်ပါတယ် ကျေးဇူးပြုပြီးတော့ လမ်းဖယ်ေ းလိုက်ပါဗျာ. ."

ကံရာဇာက တောင်းပန်လိုက်သည်နှင့် မြွေဟောက်ကြီးသည် ပါးပျဉ်းကျသွားကာ ချက်ချင်းလှည့်ထွက်သွားခဲ့သည်။

"ဝေါ. . ဝေါ. . ဝေါ"

မြွေဟောက်ကြီး၏ကိုယ်ထည်ကြီး ရွေ့လျားသွားသည်မှာ မြန်လိုက်သည့်ဖြစ်ခြင်း။ ဂူထဲမှာ ပဲ့တင်ထပ်ကာ မြည်သံကြီးကကျန်ရစ်ခဲ့သည်။

ခဏကြာမှ အစွယ်ကျိုးသွားကြသော မိုက်ခဲနှစ်ယောက်တို့သည် လှုပ်ရှားဝံ့ရဲခဲ့ကြသည်။ဂူအပြင်သို့ရောက်အောင် ကြိုးစားပြီးထွက်လာခဲ့ကြသည်။

မကြာမီမှာပင် အလင်းရောင်ကို တွေ့လိုက်ကြရသည်။ ဂူပေါက်မှဝင်လာသော ပြင်ပအလင်းရောင်။ မိုးလည်းတိတ်ခဲ့ပြီ။ လေလည်းငြိမ်ခဲ့ပြီ. . .။

✱ ✱ ✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂၉)

ဂူအပြင်ကို ရောက်ကြသောအခါ မိုက်ခဲနှစ်ယောက်တို့သည် ခြေသုတ်ပုဆိုး မြေစွယ်ကျိုးဆိုသကဲ့သို့ ငြိမ်ကျသွားခဲ့ကြသည်။ နောက်ထပ်လည်း မလှုပ်ရှားရဲကြတော့။ သူတို့နှစ်ယောက်အတွက် ပြေးစရာမြေမရှိတော့သကဲ့သို့ဖြစ်သွားခဲ့ကြသည်။

ထူးဆန်းသောမြွေကြီးတစ်ကောင်၏ တိုက်ခိုက်မှုကြောင့်လည်း သူတို့ရှေ့ကို ဆက်ပြီးမတိုးဝံ့ကြတော့။

ကံရာဇာသည် သူတို့နှစ်ယောက်ကို ရှေ့ကသွားစေပြီး တောလမ်းအတိုင်း ခေါ်လာခဲ့သည်။ယခုတော့ ဝက်ဘာတော ကြီး၏ လမ်းတချို့ကို သူ ကောင်းစွာမှတ်မိသွားခဲ့လေပြီ။

မိုက်ခဲနှစ်ဦးတို့မှာ မြေဟောက်ကြီး၏ အန္တရာယ်ထပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျလာမှာကို စိုးရိမ်နေကြသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ဝဲယာကို ဂရုမပြုမိသောမျက်လုံးတွေဖြင့် ကြည့်ရင်း လိုက်ပါလာခဲ့သည်။

မကြာမီ..

တောနင်းပြီး လျှောက်လာကြသည့် ခြေသံများကို ကြားလိုက်ကြရသည်။ စကားသံတချို့သည် သူတို့ဆီကို လွင့်မျောလာခဲ့ကြသည်။

ထိုစဉ်..

တောတိုးပြီး လျှောက်လာကြသော လူတစ်စုကိုတွေ့လိုက်ကြရသည်။ ယူနီဖောင်းအပြည့်အစုံ ဝတ်ထားကြသော ရဲများနှင့် ကျေးရွာလူကြီးတချို့၊ ရွာသားများဖြစ်ကြသည်။ ကျေးရွာလူကြီးများထဲတွင် **ကန့်ပလူရွာသား ဦးကံမောင်** လည်းပါလေသည်။

ရှေ့ဆုံးမှလျှောက်လာနေသော သူသည် **ရာဇဝတ်အုပ်ကြီး ဦးကျော်လှ** ဖြစ်သည်။ကံရာဇာတို့ကို မြင်လိုက်ရသောအခါ

"ခဏ ရပ်လိုက်ကြဦး.."

သူက ပြောလိုက်သည်နှင့် အားလုံးက ရပ်တံ့သွားခဲ့ကြသည်။ကံရာဇာသည်လည်း သူတို့ကိုမြင်သွားခဲ့လေပြီ။

မိုက်ခဲနှစ်ယောက်မှာ ရဲများကိုမြင်လိုက်သည်နှင့် ဆက်လျှောက်ရတော့မလို၊ နေရာမှာပဲ ရပ်လိုက်ရတော့မလို ဖြစ်သွားခဲ့ကြရသည်။ ကံရာဇာက နှစ်ယောက်စလုံး၏ကျောပြင်ကို လက်





ဝါးဖြင့် တွန်းလွှတ်လိုက်တော့မှ ဆက်လျှောက်သွားခဲ့ကြသည်။

"ဘယ်လိုလည်း ရာဇဝတ်အုပ်ကြီး.. သည်တောထဲကို ရောက်လာခဲ့ကြတဲ့ အကြောင်းရင်းက.."

"အင်း..ကျုပ်တို့ကို သည်နေရာအထိရောက်အောင် လမ်းပြပြီးခေါ်လာတဲ့သူက မျောက်တစ်ကောင်ပဲ ကိုကံရာဇာ.. တစ်ကယ့်ကို ထူးခြားတဲ့မျောက်ပါပဲဗျာ.. ကျွန်တော်တို့ သည်ဘက်ကမ်းကို ရောက်လာတာနဲ့ သူက ကျွန်တော်တို့ကို အဆင်သင့်စောင့်နေတယ်လေ.."

"ခင်ဗျားတို့က ကျွန်တော့်ဆီ ရောက်လာတဲ့အကြောင်းရင်းက.."

"သည်လိုပါ ကိုကံရာဇာ.. ခုမနက်မှာပဲ ကျွန်တော်တို့ရဲ့ဌာနကို ပိတ်ဖြူစင်ကြယ်ဝတ်ထားတဲ့လူကြီးတစ်ယောက်က ရောက်လာပြီး .. "မောင်ရင်တို့ ဆင်ဂူတောထဲမှာ ကံရာဇာဆိုတဲ့ သူက စောင့်နေလိမ့်မယ်.. လူဆိုးတွေကိုလည်း ဖမ်းမိထား တယ်..မြန်မြန်သွားကြ"

လို့ပြောပြီး ချက်ချင်းထွက်သွားခဲ့တာပဲ.. အဲသည် လူကြီးကို အကျိုးအကြောင်းသိချင်လို့ လိုက်ရှာတာ ဘယ်မှာမှ မတွေ့ရတော့ဘူး ..အဲဒါနဲ့ ကျွန်တော်လည်း သူ့စကားကိုယုံပြီး သည် ဘက်ကမ်းကို ကူးလာခဲ့တယ်.."

ကံရာဇာ အံ့အားသင့်သွားခဲ့ရသည်။ ရဲဌာနသို့သွားရောက်ပြောဆိုသောသူသည် မည်သူများပါလိမ့်။ ကံရာဇာသည်



www.burmeseclassic.com

www.burmeseclassic.com



မိုးမှောင်နှင့် ဖိုးကင်းတို့ကို ယခုမှဖမ်းမိခြင်းပင်ဖြစ်သည်။ ထို ပုဂ္ဂိုလ်က မနက်ကတည်းက မည်သည့်အကြောင်းကြောင့် ကြို ပြီးပြောနိုင်ရသနည်း။ မျောက်ကလည်း ဆင်ဂူတော၏ မျက်စိ လည်စရာလမ်းများကို မမှားစေရန် လမ်းပြကာ ခေါ်ဆောင်လာ ခဲ့သည်။ ထူးခြားလှပေစွ။

သို့သော်. . .

ရာဇဝတ်အုပ် ဦးကျော်လှကို တစ်စုံတစ်ရာစကား ထပ်ပြီး မပြောတော့။ ကံရာဇာသည် အကြောင်းအရာတစ်ခုကို သဘော ပေါက်သွား၍ပင်။

ကျွန်တော်သူတို့သုံးယောက်ကို လက်ရဖမ်းဖို့ ရောက်လာ တယ်ဆိုတာ ရာဇဝတ်အုပ်ကြီးသိပြီးပြီပဲ. . ဒါပေမယ့် တစ် ယောက်ကတော့ သူ့တရား သူစီရင်သွားခဲ့ပြီ. . ဟောသည် မိုးမှောင်နဲ့ ဖိုးကင်းတို့ကိုတော့ မိလာတယ်. .

ကျွန်တော် ရန်ကုန်ကို ခေါ်မသွားမီ ခဏအပ်ထားပါရ စေ. သည်တရားခံတွေဟာ ရာဇဝင်လူဆိုးတွေမို့ အရေးကြီးပါ တယ်. ."

"စိတ်ချပါ ကိုကံရာဇာ. . ကျွန်တော် သူတို့ကို ရဲဌာနမှာ ခဏချုပ်ထားပါ့မယ်. . ကိုကံရာဇာ ဆက်ပြီးဆောင်ရွက်စရာ ရှိတာကို အေးအေးဆေးဆေးသာ ဆောင်ရွက်ပါ. ."

ကံရာဇာသည် မိုက်ခဲနှစ်ဦးကို ရာဇဝတ်အုပ် ဦးကျော်လှ ၏လက်ထဲသို့ အပ်လိုက်သည်။





ကန့်ပလူရွာသား ဦးကံမောင်သည် ကံရာဇာကို အံ့အား သင့်စွာဖြင့် ကြည့်လိုက်ပြီး . .

"လက်စသတ်တော့ မောင်ရင်လေးက ရာဇဝတ်ဘက်က ကိုး . . ကျုပ်ကို အမဲလိုက်မုဆိုးတစ်ယောက်လို့ ပြောခဲ့တာ ယုံ မိခဲ့တယ်. . ပိရိပါပေ့ဗျာ. . သည် ဒုစရိုက်သမားတွေ တောထဲ ကိုရောက်နေကြတာ ဘယ်သူမှ သတိမထားမိကြဘူး . . မောင် ရင်လေးက အမိဖမ်းနိုင်ခဲ့တာ တော်ပါပေ့ဗျာ. ."

ဦးကံမောင်က ကံရာဇာကို ထူးဆန်းအံ့ဩသလို ကြည့်ပြီး ချီးမွမ်းလိုက်သည်။

"ကျွန်တော်က တာဝန်အရ လျှို့ဝှက်ထားတာမို့ ခွင့်လွှတ် ပါအဘရာ. ."

"အေးပေါ့ကွယ်. . ဒါကတော့ မောင်ရင့်ရဲ့ တာဝန်ဝတ္တ ရားပေကိုး. ."

ကံရာဇာသည် ရွှန်ဆင်မီးခြစ်လေးကို ဦးကံမောင်အား ပေးလိုက်သည်။

"ကျွန်တော့်ရဲ့ လက်ဆောင်ပါ"

"ဟာ. . တန်ဖိုးရှိတဲ့ မီးခြစ်လေးကို လက်ဆောင်ပေးတာ တော်ရုံစေတနာမဟုတ်ဘူးကွယ့် . . သာဓု . . သာဓု. . သာဓု"

ဦးကံမောင်သည် ဝမ်းသာလှိုက်လှဲစွာဖြင့် ပြောလိုက်ပြီး မီးခြစ်လေးကို လက်ခံယူလိုက်လေ၏။ ရပ်ရွာလူကြီးတစ်ယောက် က . .



www.burmeseclassic.com

www.burmeseclassic.com



"သည်တောထဲမှာ မြွေဟောက်ကြီးတစ်ကောင် သွားလာနေတယ်. . ပိန်ချင်းရွာသား လန်ဘားလည်း မျက်စိကွယ်ခဲ့ရတယ်. . မြွေဆရာဗေဒလည်း သူ့တပည့်တွေနဲ့ ပြေးကြရပြီ. . လူတွေလည်း သည်မြွေဟောက်ကြီးအတွက် တောထဲမှာ မသွားရဲ၊ မလာရဲနဲ့ ဖြစ်ကုန်ကြပြီ. . မောင်ရင် တစ်ယောက်တည်းနေခဲ့လို့ ဖြစ်ပါ့မလား"

"ကိစ္စမရှိပါဘူး . . ကျွန်တော့်အတွက် မစိုးရိမ်ကြပါနဲ့"

ကံရာဇာက ဘိုတောင်းသောစကားကိုသာ ပြောလိုက်သည်။မြွေဟောက်ကြီးနှင့်ပတ်သက်သည့် အဖြစ်အပျက်တွေကို သူတို့ ဘာမှမသိကြ။

သို့သော်. .

မိုးမှောင်နှင့်ဖိုးကင်းတို့သည် မြွေဟောက်ကြီးနှင့် ရင်ဆိုင်ခဲ့ကြရ၍ တုန်လှုပ်ချောက်ချားသွားသော အမှုအရာများ တစ်ဖန်ဖြစ်ပေါ်လာခဲ့ကြရသည်။ ဖိုးကင်းက . .

"မြွေဟောက်ကြီး ဟုတ်လား. . သည်မြွေဟောက်ကြီးက လူတိုင်းကို ရန်မရှာတတ်ပါဘူးဗျာ. . ဟဲ. . ဟဲ. . ဟဲ"

ဟုဆိုကာ ရယ်မောပစ်လိုက်ပြီး . .

"ဟောသည် လက်ဖွဲ့လည်းအလကားပဲ. . သူ့ကို ယုံမိတာနဲ့ ဒုက္ခကောင်းကောင်းရောက်တော့တာပါပဲ. . "

ပြောပြီးသည်နှင့် လည်ပင်းမှာဆွဲထားသည့် လက်ဖွဲ့တို ဆွဲဖြုတ်ကာ လွှင့်ပစ်လိုက်လေ၏။ ဖိုးကင်း၏ စကားအဓိပ္ပါယ်





အပြည့်အစုံကို ကံရာဇာနှင့် မိုးမှောင်တို့မှလွဲ၍ မည်သူကမှ နားမလည်ကြ၊

"ကျွန်တော်တို့ကို မြန်မြန်ခေါ်သွားကြပါတော့ဗျာ. . သည်တောထဲမှာ ကြာကြာနေရင် သေသွားတာထက်တောင် ဆိုးဦးမယ်. . "

မိုးမှောင်သည် ကျောချမ်းသောအမှုအရာဖြင့် ပြောလိုက်သည်။

"ကဲ. . ကဲ ကိုကံရာဇာရေ သည်နှစ်ကောင်ကတော့ သိပ်ပြီးအကြောက်လွန်ကဲနေကြပြီ. . ခင်ဗျား လက်စွမ်းပြထားလို့ ထင်ပါရဲ့ဗျာ. . "

"ကျွန်တော် သူတို့ကို မနှိပ်စက်ခဲ့ပါဘူးဗျာ. . သည်လို နှိပ်စက်ရမှာကိုလည်း ဝါသနာမပါပါဘူး . . ဘတပြန် ကျားတပြန်တော့ ရှိခဲ့ပါရဲ့ . . သူတို့နှစ်ယောက် ဘာကိုကြောက်နေကြသလည်းဆိုတာ ဟိုကျမှ မေးကြည့်ကြပေါ့ဗျာ. . "

ရာဇဝတ်အုပ်ကြီး ဦးကျော်လှသည် ခေါင်းတစ်ချက်ညိတ်လိုက်ကာ ကံရာဇာကိုနှုတ်ဆက်ပြီး တရားခံများကို ခေါ်သွားခဲ့လေ၏။

"သွားပြီ ပုဂ္ဂိုလ်လေးရေ. . အချိန်ရရင် ကန့်ပလူရွာကိုလည်း ဝင်လာခဲ့ဦးနော်"

ဦးကံမောင်ကပါကံရာဇာကို နှုတ်ဆက်သွားခဲ့သေးသည်။ ကံရာဇာသည် မြွေဂူကြီးထဲမှ စိန်များအကြောင်းကို ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



မှ သက်ဆိုင်ရာကိုတင်ပြမည်ဟု ဆုံးဖြတ်လိုက်သည်။တိုင်းပြည်အတွက် အထောက်အပံ့ပြုနိုင်သည်။မိုက်ခဲနှစ်ယောက်ကတော့ စိန်ဂူကြီးနှင့်ပတ်သက်ပြီး သိမသွားခဲ့ကြပေ။

* * * * *







www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

အားလုံး သူ့အနားမှာမရှိကြတော့။ ဝန်းကျင်သည် တိတ်ဆိတ်မှုများဖြင့် ကြီးစိုးပြီးကျန်ရစ်ခဲ့သည်။ကံရာဇာသည် မရည်ရွယ်ပဲ သည်တောထဲမှာ ဆက်လက်ပြီး ကျန်ရစ်ခဲ့သည်ကို မိမိကိုယ်မိမိ မစဉ်းစားတတ်။

တောသည် မိမိကို ညှို့ယူနေဆဲပင်ဖြစ်သည်။ ကံရာဇာသည် နောက်ကြောင်းကို ပြန်ပြီးလှည့်လိုက်သည်။ခြေလှမ်းများသည် စိတ်အာရုံနောက်ကို လိုက်ပါသွားသည်။

မြွေဟောက်ကြီး ခိုအောင်းခဲ့သည့် ဂူကြီးနှင့် တဖြည်းဖြည်းဝေးခဲ့သည်။

ဆင်ဂူကြီးကို သူလှမ်းပြီး မြင်လိုက်ရသည်။သည်ဂူကြီး မည်သူမှ မတွေ့နိုင်။ ကံကောင်း၍ တွေ့ခဲ့သော သူသည်သာ





ဆင်ဂူကြီး၏အကြောင်းကို ပြန်ပြောနိုင်ကြသည်ဟု ရှေးလူကြီးသူမများက ပြောဖူးခဲ့ကြသည်။ယခုတော့ ကံရာဇာက ဤဆင်ဂူကြီးကို နှစ်ကြိမ်တိတိရောက်ခဲ့ရလေပြီ။ ဂူထဲမှ ကျောက်ဆင်ရုပ်ကြီးသည်လည်း ဂူဝဘက်ကို မျက်နှာမူကာ ရပ်လျက်ရှိသည်။ ဘစ်ကယ့်သက်ရှိ ဆင်တစ်ကောင်အလားရှိနေသည်။

ဆင်ဂူတောမှ ကျောက်ဆင်ကြီးနှင့်ပတ်သက်ပြီး ပြောခဲ့ကြသည့် စကားများသည် ယခုတော့ မိမိကိုယ်တိုင် မြင်တွေ့နေရကာ ကိုယ်တွေ့ဖြစ်နေရလေပြီ။

ထိုစဉ် . . .

ခြေသံများကြား၍ နောက်ကိုလှည့်ကြည့်လိုက်ရာ ရှင်စောငယ်ကို တွေ့လိုက်ရသည်။ ကံရာဇာဆီကို အပြေးတစ်ပိုင်းဖြင့် လာနေသည်။

"အငယ် . ."

"အစ်ကို . ."

ရှင်စောငယ်သည် ကံရာဇာ၏ရင်ခွင်ထဲကို တိုးဝင်မတတ်ဖြစ်သွားပြီးမှ ကိုယ်ရှိန်သပ်ကာ နီးကပ်စွာဖြင့် ရပ်နေလိုက်သည်။ အပြေးလာခဲ့ရသဖြင့် မောပန်းနေကာ ရင်အမြွာသည် အတက်အကျမြန်ဆန်လွန်းနေသည်။

"အစ်ကို့ကို မီပါတော့မလားလို့ အပြေးလိုက်လာခဲ့ရတာ . ."

"ကိုယ့်တာဝန် ပြီးဆုံးသွားပြီလေ . . ပြန်တော့မလို့ပေါ့

www.burmeseclassic.com



အငယ်ရဲ့"

"အစ်ကို"

"ပြောလေ အငယ်"

"အငယ် ဘဘနဲ့တောထဲမှာ လျှောက်လိုက်နေရတာ သူ့ရဲ့တရားအလုပ်အတွက် အနှောင့်အယှက်ပိုပြီး ဖြစ်စေတယ် အစ်ကို. . ပြီးတော့ အငယ်လည်း တောထဲမှာမနေချင်ဘူး"

"အဲသည်တော့. ."

"ဖြစ်နိုင်မယ်ဆိုရင် အစ်ကိုပြန်တဲ့အခါ အငယ့်ကိုပါ ခေါ်သွားပါလားဟင်. . ငြင်းမယ်လို့ စိတ်မကူးပါနဲ့အစ်ကိုရယ်. . အငယ်လိုက်ပါရစေနော်. . ."

ကံရာဇာ သက်ပြင်းချမိလိုက်သည်။

"ဘာဖြစ်လို့ သက်ပြင်းချရတာလည်း အစ်ကို. . အငယ့်ကို မခေါ်ချင်လို့လားဟင်"

"မဟုတ်ပါဘူးကွယ်. . ခေါ်ချင်ပါတယ်. . အဘက အငယ့်ကို ခေါ်သွားဖို့ခွင့်ပြုပါ့မလားလို့ပါ"

"ခွင့်ပြုပါတယ် ပုဂ္ဂိုလ်လေး . . မင်းသာ မြေးကိုတာဝန်ယူစောင့်ရှောက်ပြီး ခေါ်သွားမယ်ဆိုရင်တော့ ဝမ်းသာစရာပေါ့ကွယ်. . ခွင့်မပြုနိုင်စရာမရှိပါဘူး. ."

သူတော်စင်ကြီး ဦးစိန္တာသည် သူတို့ဆီကိုရောက်လာပြီး အားရစွာပြောလိုက်လေ၏။

"ငါက မင်းရဲ့အတွင်းစိတ်ကို စစ်ကြောပြီး ယုံကြည်စိတ်



ချခဲ့ပြီ ခုလိုစကားပြောရတာပါကွယ်. . ကလေးစကားပြောရရင် မင်းတို့နှစ်ယောက်ရဲ့သံယောဇဉ်ကို ငါက သိပြီးသားပါ. . နောက်တစ်ချက်က ငါဟာတစ်ယောက်တည်း ဂန္ဓာရီခရီးလှည့်ပြီး တောတွေ ၊ တောင်တွေမှာ ဆိတ်ငြိမ်စွာ တရားအားထုတ်ချင်တယ်. . သည်ကလေးမလေးဟာ ငါ့နောက်က တကောက်ကောက်နဲ့ လျှောက်ပြီးလိုက်နေရတာ ပင်ပန်းလှပါတယ်. ."

"ကျွန်တော် သဘောပေါက်ပါပြီ အဘ. . အဘရဲ့ ရည်ရွယ်ချက်ပေါက်မြောက်အောင် ကျွန်တော် ကူညီပါ့မယ်. . အဘထင်တဲ့အတိုင်းလည်း အငယ့်ကို နှစ်သက်နေမိတာမှန်ပါတယ်"

"ဒါလည်း ရေစက်ကြောင့်ပေါ့ကွယ်. . မင်းတို့နှစ်ယောက်ရဲ့ ဖူးစာဟာ သည်ဆင်ဂူတောထဲမှာ ကြုံဖန်ပြီး လာဆုံရတာပဲလေ. ."

ကံရာဇာနှင့် ရှင်စောငယ်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးမိကြလေသည်။

"ဒါနဲ့ ကျွန်တော်သိချင်တာလေးတွေရှိလို့ မေးပါရစေ"

"မေးပါလေ . . ငါသိတာဆိုရင် ဖြေပါ့မယ်. ."

"ဟောဟိုဂူထဲက ကျောက်ဆင်ကြီးဟာ လပြည့်နေ့တိုင်းမှာ တစ်ကယ့်ဆင်ကြီးအသွင်နဲ့ တစ်ကယ်ပဲ အပြင်ကိုထွက်သလား အဘ"

"သည်ကျောက်ဆင်ကြီးဟာ ရှေးလူတွေက အကြောင်းတစ်ခုခုရှိလို့ ထုလုပ်ထားခဲ့တာလား. . သဘာဝအလျောက် ဖြစ်

www.burmeseclassic.com



နေတာလားတော့ မပြောတတ်ဘူးပေါ့ကွယ်. . အချိုးအစား တော့ တကယ့်ကျတယ်. . ရှေးလူကြီးသူမတွေက သည်ကျောက်ဆင်ကြီးဟာ လပြည့်ညတိုင်းမှာ ဂူအပြင်ကိုထွက်တယ်လို့ အံ့ဆိုရှိခဲ့ဖူးကြတယ်တဲ့ . . အဘတို့ကတော့ မမြင်မိပါဘူး

အဲ. . ထူးဆန်းတာက တစ်ခါတစ်ရံမှာတော့ ပေါ်တော်မူစေတီတော်ဘက်မှာ ဆင်ခြေရာတစ်ချို့ကို တွေ့ရတတ်တယ်လေ. .

"သည်တောထဲမှာ ဆင်မနေပါဘူး . . သည်ဘက်ကို ရောက်လာတဲ့ သစ်ဆွဲဆင်တစ်ကောင်ကောင်ရဲ့ ခြေရာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

ကံရာဇာသည်လည်း ရှင်စောငယ်နှင့်အတူ ဆင်ခြေရာကိုတွေ့ဖူးခဲ့သည်။သို့သော် တခဏအကြာမှာ ဆင်ခြေရာများသည် ပျောက်ကွယ်သွားခဲ့သည်မဟုတ်ပါလား။လေတိုက်၍ သဲများဖုံးလွှမ်းသွားသောကြောင့် ဖြစ်မည်ဟု ထိုစဉ်က ယူဆမိခဲ့သည်။

မည်သို့ပင်ဆိုစေ ဆင်ဂူတောကြီးကတော့ အံ့ဩစရာကောင်းပြီး ဝက်ဘာဆန်လှသည်။မည်သို့ပင်ဆိုစေ ဝက်ဘာဆန်လှသော ဤတောကြီးထဲက အမြန်ဆုံးထွက်ကြရမည်မှာ ခုလွဲတော့။ကံရာဇာတစ်ယောက် မြွေဟောက်ကြီးဆီကို စိတ်ဘရောက်နေခဲ့ပြန်သည်။ ဤမြွေဟောက်ကြီးသည်လည်း သူ့အတွက် လွန်စွာမှထူးခြားခဲ့သည်။အံ့ဩစရာကောင်းလှသည်။





ဘဝတစ်သက်တာမှာ မေ့နိုင်လောက်အောင်ပင် အမှတ်တရ ရှိနေပါဦးမည်။

သူတို့ ဤနေတာမှထွက်ကြရန် လျှောက်လာခဲ့ကြစဉ် တောထဲသို့ အပြေးအလွှားနှင့် ရောက်လာကြသော လူတစ်စုကို တွေ့လိုက်ကြရသည်။

"သည်မြွေဟောက်ကြီးဟာ ဆင်ဂူတောတစ်နေရာရာမှာ ရှိမှာပဲကွ. . သူနေတဲ့တွင်းကြီးဆီ ကို ငါတို့သွားပြီးရှာကြမယ်"

"အေး. . ဟုတ်တယ်. . ဒီမတောပါတဲ့မြွေကြီးလို့ ပြောကြတယ်. . ဟိုဆရာတပည့်တွေကတော့ မြွေဟောက်ကြီး တိုက်ခိုက်လို့ ပြေးကုန်ကြပြီ. . ငါတို့ လူအားများများနဲ့ဝင်ပြီး ဖမ်းရင် ဘာခံနိုင်မှာလဲ. ."

"အေး. . ဟုတ်တယ်. . သူ့ခေါင်းထဲက အမဲတေကို ငါတို့ရအောင်ယူကြမယ်. ."

တစ်ယောက်တစ်ပေါက်နှင့် ပြောပြီးလာသဖြင့် လာခဲ့ကြလေရာ ရှေ့မှာရပ်နေသော သူတော်စင်ကြီးဦးစိန္တာကို တွေ့သွားခဲ့ကြသည်။

"ဟင်. . သည်တောထဲမှာ တရားကျင့်ကြံအားထုတ်နေတဲ့ အဘဦးစိန္တာပါလား"

"ဩ. . မင်းတို့က ငါ့ကိုသိနေကြသကိုး"

"အစကတော့ မသိပါဘူးအဘ. . ခုတလောမှ အဘနဲ့ပတ်သက်ပြီး သိလာခဲ့ကြရတာပါ. . သည်တောထဲမှာ တရား



www.burmeseclassic.com

www.burmeseclassic.com



အားထုတ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရှိနေတယ်လို့ ပြောသံ မကြာခဏကြားနေကြရတာ ခုမှပဲ တွေ့ဖူးတော့ပါခင်ဗျာ"

"အေး. . ငါဟာ သည်တောသည်တောင်အတွက်တင် မဟုတ်ဘူး. . သတ္တဝါတွေ အားလုံးအပေါ်မှာ မေတ္တာ ချစ်ခင်ခြင်း၊ ကရုဏာ ကြင်နာသနားခြင်း၊ မုဒိတာ ဝမ်းမြောက်ခြင်း၊ ဥပေက္ခာ လစ်လျူပြုနိုင်ခြင်း အစရှိတဲ့ ဗြဟ္မဝိုရ်ကရား လေးပါးနဲ့ အညီ ကျင့်ကြံအားထုတ်နေတာပါ. .

မင်းတို့ သတ်ဖြတ်မယ်ဆိုတဲ့ မြွေကြီးကိုလည်း ငါဟာ အားလုံးသော သတ္တဝါတွေထဲမှာအပါအဝင် မေတ္တာပို့ခဲ့တယ်. . သည်မြွေဟောက်ကြီးဟာ ထူးခြားတဲ့မြွေဟောက်ကြီးဖြစ်လို့ မင်းတို့က သတ်ဖြတ်ချင်တဲ့စိတ်တွေ ဖြစ်လာကြတာ မေတ္တာမဲ့တဲ့ သဘောသက်ရောက်ခဲ့တယ်. .

သူ့မှာ အမတေရှိတယ်ပဲလား. . ဒါမှမဟုတ် ရှိတယ်လို့ ထင်နေကြတယ်ပဲလား . . သူ့ကိုသတ်ဖြတ်ပြီးမှ သည်ပစ္စည်းကို ရရင် ဒါ ပါဏာတိပါတာဆိုတဲ့ အပြစ်ကိုကျူးလွန်လိုက်တာပဲ"

"သည်မြွေဟောက်ကြီးဟာ ပိန်ချင်းရွာသား လန်ဘားကို မျက်စိကွယ်အောင် လုပ်ခဲ့တယ်အဘ. ."

"အေး. . လန်ဘားဆိုတဲ့လူကလည်း သူ့အသက်ကို ကယ်ခဲ့တဲ့ မြွေကြီးရဲ့ကျေးဇူးကိုမှ မထောက်ပဲကိုး. . ကျေးစွပ် ခဲ့လေတော့ အဟိတ်တိရစ္ဆာန်ဖြစ်တဲ့ မြွေကြီးရဲ့တုန့်ပြန်မှုကို ခံရ မှာပဲ. . မြွေဟောက်ကြီးကို ဘယ်သူမှမစော်ကားခဲ့ရင် သူက



လည်း ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူးကွယ်. . လူတောင်မှ ကိုယ့်ကိုထိရင် ဒေါသနဲ့တုန့်ပြန်တတ်ကြသေးတာပဲ. . အဟိတ် တိရစ္ဆာန်ဆိုတာ ဦးချိုရှိသူက ဦးချိုအားကိုးနဲ့တိုက်ခိုက်မယ်. . အစွယ်ရှိတဲ့သူက အစွယ်အားကိုးနဲ့ တိုက်ခိုက်မယ်. . အဆိပ် ရှိတဲ့သတ္တဝါက အဆိပ်အားကိုးနဲ့တိုက်ခိုက်ကြမှာ မမှတာပါပဲ သူ့အပေါ်မှာ မေတ္တာထားရင် သူကလည်း ပြန်ပြီးမေတ္တာထား မှာပဲ. . မင်းတို့ မြွေဟောက်ကြီး အပေါ်မှာ မေတ္တာမပျက်ကြပါ နဲ့. . . အကြောင်းမဲ့ကြီး မသတ်ကြပါနဲ့လို့ တောင်းပန်ပါ တယ်. ."

ဦးစိန္တာက အေးဆေးစွာ တရားချသည်။ လူငါးစုသည် ငိုင်ကျသွားခဲ့ကြလေသည်။

"ကျွန်တော်တို့ မှားခဲ့ပါတယ် အဘ . . မြွေဟောက်ကြီး အပေါ်မှာ မေတ္တာမပျက်တော့ပါဘူး . . မေတ္တာထားပြီး မေတ္တာ ပို့နေပါတော့မယ်. ."

ထို့နောက် သူတော်စင်ကြီး ဦးစိန္တာကို ထိုင်ပြီးကန်တော့ ကြလေသည်။

"သာဓု. . သာဓု. . သာဓု"

လူတစ်စုသည် အမြင်မှန်ရကာ ပြန်သွားခဲ့ကြလေတော့ ၏။

✹ ✹ ✹ ✹ ✹

www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၃၁)

မြွေဖမ်းကြမည့်သူများ ထွက်သွားကြသောအခါ သစ်ပင်ကြီးတစ်ပင်၏အကွယ်မှာရှိနေကြသော ကံရာဇာနှင့်ရှင်စောငယ်တို့သည် ထွက်လာခဲ့ကြသည်။ထိုသူများက သူတော်စင်ကြီးဦးစိန္တာ နားချလိုက်၍ ကျေကျေနပ်နပ်ဖြင့် ထွက်သွားခဲ့ကြသည်။

သို့သော် ခပ်လှမ်းလှမ်းမှာရှိသည့် ကျောက်ဆင်ဂူကြီးကို အဘယ်ကြောင့် မတွေ့သွားခဲ့ကြပါသလဲ။ ထူးဆန်းလှပေစွ။

"ကဲ. . မင်းတို့နှစ်ယောက်လည်း သည်နေရာက ထွက်ခွာသင့်ပြီကွယ်. . ငါလည်း ဝေယျာဝစ္စလေးတွေ ဆောင်ရွက်စရာရှိသေးတယ်"

ဦးစိန္တာသည် သူတို့ကိုနှင်နေပြီဖြစ်သည်။သံယောဇဉ်လည်းဖြတ်နိုင်ဘို့ ကြိုးစားနေဟန်တူပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ သွားကြပါတော့မယ်အဘ. . အငယ့်အတွက်တော့ စိတ်ချပါ. . ကျွန်တော် တစ်သက်လုံးတာဝန်ယူပြီး စောင့်ရှောက်သွားပါ့မယ်. . "

သူတော်စင်ကြီး ဦးစိန္တာကို ထိုင်ပြီးကန်တော့ကြသည်။

"သာဓုကွယ်. . သာဓု. . သာဓု. . သွားလေရာ ခလုတ်ခထိ ဆူးမညိပဲ အခက်အခဲမှန်သမျှ ကျော်လွှားနိုင်ကြပါစေ"

ဦးစိန္တာသည် တိုတောင်းသော ဆုကိုသာပေးသည်။ ကံရာဇာ ပြုံးမိသည်။တာဝန်ဝတ္တရား ထမ်းဆောင်ဖို့လာရင်း ချစ်သူကို ရှာတွေ့ကာ မမျှော်လင့်ပဲ ဘဝခရီးဖော်အဖြစ် လက်တွဲရတော့မည့် မိမိ၏ကံတရားသည် ဆန်းကြယ်လှပေစွ။

မကြာမီ စေတီတော်အနီးကို သူတို့ရောက်လာခဲ့ကြသည်။

"မင်းတို့ဖူးထိုက်လို့ ဖူးခွင့်ရတဲ့ ပေါ်တော်မူစေတီတော်ကို ဖူးလိုက်ကြပါဦးကွယ်"

ဤပေါ်တော်မူ စေတီတော်ကို စောစောကလူတွေ မြင်တွေ့မသွားခဲ့ကြ။ ထူးဆန်းလှသည်။ စေတီတော်သည် တစ်ကာယ်ဖူးထိုက်သူကိုမှ ဖူးခွင့်ရစေသည်လား။ဇောနှင့်လျှောက်လာခဲ့ကြသောသူတို့သည်ပဲ မြေကြီးကို လောဘမောဟတွေဖုံးလွှမ်းပြီး မမြင်နိုင်ကာ ကျော်သွားခဲ့သည်လား မပြောတတ်ပါ။

ကံရာဇာနှင့် ရှင်စောငယ်တို့ စေတီတော်ကို ဖူးမြော်လျှက်ရှိကြစဉ် . . .

"ဝေါ. . ဝေါ. . ဝေါ"





အသံကြီးတစ်သံက တစ်တောလုံး သိမ့်သိမ့်တုန်သွားသည်အထိ ပေါ်ထွက်လာခဲ့သည်။ စီစီအုံနေကြသော ကျေးငှက်သံများသည်လည်း ရုတ်တရက် တိတ်ဆိတ်သွားခဲ့ကြသည်။

သုံးယောက်စလုံးသည် အသံထွက်ပေါ်လာရာဆီကို နားစွင့်လိုက်ကြသည်။

"ဝေါ. . ဝေါ. . ဝေါ"

အသံသည် ဝေးနေရာက ပိုပြီးတော့နီးကပ်လာခဲ့သည်။ သူတို့ဖြတ်လာခဲ့သည့် ကျောဘက်မှ ထွက်ပေါ်လာခဲ့ခြင်းပင်ဖြစ်သည်။

တခဏအကြာတွင် သစ်ပင်ကြီးငယ်၏ ကြားတွေမှာ ကွေ့ကောက်ပြီး လျင်မြန်စွာလာနေသော မြွေဟောက်ကြီးကို တွေ့လိုက်ကြရလေတော့သည်။မြွေဟောက်ကြီးသည် သူတို့နှင့် ပေ လေးဆယ်လောက်အကွာတွင် ကိုယ်ရှိန်ကိုတုံ့လိုက်သည်။

ခေါင်းကိုထောင်မတ်ကာ ကံရာဇာတို့ကို စူးစိုက်ပြီးတော့ ကြည့်နေသည်။

"အဘ. . သည်မြွေဟောက်ကြီးက ကျွန်တော်တို့နောက်ကို လိုက်လာခဲ့တာပဲ. . "

"သံယောဇဉ်ပေါ့ကွယ်. . မင်းက သူ့အသက်ကိုကယ် သူက မင်းရဲ့အသက်ကိုကယ်. . အပြန်အလှန်ကျေးဇူးပြုသွားကြလေတော့ အဟိတ်တိရစ္ဆာန်ဖြစ်ပေမယ့်လည်း ကျေးဇူးတရားကို သိတတ်တယ်. . တချို့လူဟွေက ကျေးဇူးကန်းတော်ကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်. . သည်မြွေကြီးနဲ့မင်းဟာ ဘဝတစ်ခုမှာ ပတ်သက်ခဲ့ဖူးကြလိမ့်မယ်. . "

သူတော်စင်ကြီးဦးစိန္တာက အေးဆေးစွာပြောလိုက်လေရာ အံ့အားသင့်သွားခဲ့ရသည်။ သည်အဖြစ်အပျက်တွေကို ဦးစိန္တာက ဘယ်လိုသိခဲ့ပါသလဲ. . ။

ကံရာဇာသည် မြွေဟောက်ကြီးဆီကို လျှောက်သွားခဲ့သည်။ပြီးတော့ မြွေဟောက်ကြီးရှေ့မှာ ထိုင်လိုက်သည်။ မြွေဟောက်ကြီးသည် ခေါင်းကိုထောင်မတ်ကာ စူးလက်သောမျက်လုံးအစုံဖြင့် ကံရာဇာကိုစိုက်ကြည့်နေသည်။

"ကျွန်တော်တို့နောက်ကို ခင်ဗျားလိုက်ခဲ့တာကိုး. . သည်နေရာဟာ ခင်ဗျားအတွက် အန္တရာယ်ရှိတယ်. . လူတွေဟာ ခင်ဗျားကို သတ်ဖြတ်ဖို့ ကြိုးစားနေကြတယ်. . အမြတ်ထုတ်ဖို့ ကြံစည်နေကြတယ်. . သည်တောထဲမှာ ခင်ဗျားမနေသင့်တော့ဘူး"

မြွေဟောက်ကြီး၏ ကိုယ်အထက်ပိုင်းသည် အနည်းငယ်ယိမ်းထိုးသွားခဲ့သည်။

"ကျွန်တော်က ခင်ဗျားအတွက် စိုးရိမ်လို့ပြောတာပါ. . လူ ၊ သတ္တဝါတွေဟာ သံသရာအဆက်ဆက် ၊ ဘဝအဆက်ဆက်ကို ဖြတ်သန်းလာခဲ့ကြတယ်. . ဘဝပေါင်းများမှာစွာကျင်လည်ခဲ့ကြတယ်. . ခင်ဗျားနဲ့ကျွန်တော်ဟာ ဘဝတစ်ခုမှာ သွေးသား ညီအစ်ကိုတော်စပ်ခဲ့ဖူးမှာပါ. . ခုဘဝမှာ ခင်ဗျား အဟိတ်





တိရစ္ဆာန်ဖြစ်နေပေမယ့် ကောင်းမှုကုသိုလ်ကံ အကျိုးဆက်လေးပါလာခဲ့ရင် မြင့်မြတ်တဲ့ဘဝကိုရောက်ရဦးမှာပါ. . ကျွန်တော်လည်း ဆုတောင်းပေးပါ့မယ်. . "

ကံရာဇာက ထိုသို့ပြောလိုက်လေရာ မြွေဟောက်ကြီး၏ စူးလက်သောမျက်လုံးတွေသည် စိုစွတ်လာသည်။ မျက်ရည်များကလည်း စီးကျလာခဲ့လေသည်။ထို့နောက် ကံရာဇာ၏အနားကို ပို၍တိုးကပ်လာခဲ့သည်။ မြွေဟောက်ကြီး၏ နှုတ်ခမ်းက ကံရာဇာ၏နဖူးပြင်ကို ထိနမ်းလိုက်လေသည်။

ထို့နောက် နောက်ကိုတဖြည်းဖြည်း ဆုတ်သွားပြီး ကံရာဇာကို တစ်ဖန်ကြည့်နေပြန်သည်။ ကံရာဇာသည် မြွေဟောက်ကြီးအပေါ်မှာ အလိုလိုသနားကြင်နာစိတ်ဖြစ်ပေါ်သွားခဲ့သည်။ မိမိ၏သွေးသားရင်းချာအတွက် ခံစားရသလိုမျိုး ဖြစ်သွားခဲ့ရသည်။ ခေါင်းထဲမှာ မူးမိုက်ဝေသလိုဖြစ်ခဲ့ကာ တဒင်္ဂအာရုံတွင် မြွေဟောက်ကြီး၏မျက်နှာကို လူတစ်ယောက်၏ မျက်နှာအသွင်မြင်ယောင်သွားမိသည်။

အိပ်မက်ထဲမှာတွေ့ခဲ့ရသူ၏ မျက်နှာနှင့်တထေရာတည်းပင်ဖြစ်သည်။ထို့နောက် ပြန်ပြီးပျောက်ကွယ်သွားခဲ့လေသည်။

အာရုံလွဲမှားမှုကြောင့် စိတ်ဖောက်ပြန်ယောင်ယမ်းလှုပ်ရှားကာ မိမိဖာသာ တွေးပြီး ထင်ယောင်ခြင်းလည်းဖြစ်နိုင်ပါသည်။

မြွေဟောက်ကြီးသည် သူ၏ရှည်လျားကြီးမားသော ခန္ဓာကိုယ်ကြီးကို လိမ်ကာကောက်ကာ ၊ တွန့်ကာလွှေးကာဖြင့်

www.burmeseclassic.com

www.burmeseclassic.com



နောက်ကို တဖြည်းဖြည်းဆုတ်သွားခဲ့သည်။ခပ်ဝေးဝေးကို ရောက်မှ ချာကနဲလှည့်ထွက်သွားခဲ့သည်။

မြွေဟောက်ကြီးသည် အားလုံး၏မြင်ကွင်းထဲမှ ပျောက်ကွယ်သွားခဲ့သည်။ သို့သော် တဝေါဝေါဖြင့် မြည်သံများက ပြန်လည်ပြီးထွက်ပေါ်လာခဲ့ပြန်သည်။ခပ်ဝေးဝေးကို ရောက်သွားသည်အထိ ကြားနေရပြီးမှ ဝေးသထက်ဝေးသွားသောအခါ ပျောက်ကွယ်သွားခဲ့လေသည်။

ကံရာဇာသည် ထိုနေရာတွင် အတန်ကြာရပ်နေပြီးမှ လျှောက်လာခဲ့သည်။ သူတော်စင်ကြီးဦးစိန္တာနှင့် ရှင်စောငယ်တို့သည် ကံရာဇာနှင့်မြွေဟောက်ကြီးတို့၏ သံယောဇဉ်ကို အံ့အားသင့်စွာဖြင့် ကြည့်နေခဲ့ကြသည်။

"အစ်ကို ... မြွေဟောက်ကြီးက သည်တောထဲမှာမနေတော့ပဲ တစ်ကယ်ထွက်သွားတော့မှာလားဗျာ"

"လာမယ့်ဘေးကို သူကိုယ်တိုင်လည်း ကြိုပြီးမြင်နိုင်ပါလိမ့်မယ်. . ဒါကြောင့်မို့ သည်တောထဲကနေ အပြီးတိုင်ထွက်သွားလိမ့်မယ်လို့ ထင်ပါတယ် အငယ်. ."

ထိုအခါ သူတော်စင်ကြီးဦးစိန္တာက . .

"နောက်ဆိုရင် သည်ဆင်ဂူတောကြီးထဲမှာ ထူးခြားမြွေဟောက်ကြီးရဲ့သတင်းကို ဘယ်တော့မှကြားရတော့မှာ မဟုတ်ဘူး. . သူဟာ လွတ်ရာကျွတ်ရာကို ထွက်သွားတော့မယ်. . အမြဲတစ်နေရာမှာ ဂူအောင်းပြီး သူ့ရဲ့ဇာတ်ကို အပြီးအပိုင်



မြှုပ်နှံသွားတော့မယ်. .

ဘုရားပျက်၊ ကျောင်းပျက်တွေမှာ သူတတ်နိုင်သလောက် ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ပြီး ဘဝကူးကောင်းအောင် ဆောင်ရွက်ပေတော့မယ်လို့ ထင်ပါတယ်ကွယ်. ."

"သမီးတို့လည်း အဲသည်အတိုင်းပဲဖြစ်ပါစေလို့ ဆုတောင်းမိပါတယ်. ."

မကြာမီ တောစပ်နားသို့ ရောက်လာခဲ့သည်။

"ကဲ. . ကဲ. . မင်းတို့အချိန်ရှိတုန်း သွားကြပေတော့. . ရှေ့ဆက်ပြီး ဘာမဆိုအားလုံးအဆင်ပြေကြမှာပါ. . အဘအတတ်နိုင်ဆုံးမှာလိုက်ချင်တာကတော့ သူတော်ကောင်းတရားကို များများအားထုတ်ကြပါ. . သူယုတ်မာကိုရှောင်. . လူလိမ္မာနဲ့ပေါင်းသင်းကြပါ. . မကောင်းတာမှန်သမျှ ဘာမှမလုပ်ကြပါနဲ့. . ."

"ကျွန်တော်တို့ အဘရဲ့စကားကို မလွှဲမသွေလိုက်နာပါ့မယ်. ."

"သမီးလည်း ရင်ထဲမှာစွဲနေအောင် မှတ်ထားပါ့မယ်"

ဦးစိန္တာသည် သံယောဇဉ်ကိုတိကနဲ ဖြတ်ချလိုက်ကာ ချက် ချင်းလှည့်ထွက်သွားသည်။

ရှင်စောငယ်ကတော့ သူ မှီခိုအားထားခဲ့ရသော မိဘသဖွယ် ခင်တွယ်ခဲ့ရသူတစ်ယောက်နှင့် မမျှော်လင့်ဘဲ ခွဲခွာခဲ့ရသည့်အတွက်ကြေကွဲသွားမိသည်။ တစ်ချက် ရှိုက်ငိုမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကံရာဇာက ရှင်စောငယ်၏ ပခုံးလေးကို ဆုပ်ကိုင်လိုက်ပြီး . .

"လာပါ အငယ်ရယ်. . ကိုယ်တို့က သာမာန်ပုထုဇဉ်တွေပဲ . . သံသရာက လွတ်မြောက်ရာလွတ်မြောက်ကြောင်းကို ရှာဖွေနေတဲ့ အဘအတွက် ဦးစားပေးရမယ်လေ. . သူ ကောင်းကောင်းတရားကျင့်ကြံအားထုတ်နိုင်ဘို့ အလိုက်သိပေးရမှာပေ့ါ"

"အငယ်နားလည်ပါတယ် အစ်ကိုရယ်. . တစ်ကယ့်ကောင်းကြိုးနဲ့ ခုလိုခွဲခွာခဲ့ရတဲ့အတွက် ဝမ်းနည်းစိတ်မကောင်းဖြစ်တာပါ. ."

ရေဆိပ်ဆီကို ရောက်လာခဲ့ကြသည်။ ကုတို့သမားပန်းမောင်ကို လှေနှင့်အတူလှမ်းမြင်လိုက်ရသည်။ ပန်းမောင်သည် သူတို့နှစ်ယောက်ကို အံ့အားသင့်စွာဖြင့် ကြည့်နေသည်။

ကံရာဇာနှင့် ရှင်စောငယ်တို့သည် လက်တွဲကာ ခပ်သွက်သွက်ခြေလှမ်းများဖြင့် လျှောက်သွားခဲ့ကြလေသည်။

* * * * *

ပို၍ကောင်းအောင်
ကြိုးစားပါဦးမည်
မင်းစက္ကု

ဝန်ခံချက်

သုသုက ၏ (၂၀၀၂၊ ဒီဇင်ဘာ၊ သူရဇ္ဇမဂ္ဂဇင်း) (သစ္စာရှိသော မြွေတစ်ကောင်နှင့် သစ္စာမဲ့သောလူတစ်ယောက်) ဝတ္ထုတိုလေးကို ကြိုက်နှစ်သက်သဖြင့် ကျောရိုးပြုကာ မှီငြမ်းပါသည်။

စာရေးသူ
မင်းစက္ကု




www.burmeseclassic.com